

www.burmeseclassic.com
ဖြစ်ရပ်မှန်
မဂ္ဂဇင်း
No.140
JUNE
2014
BURMESE CLASSIC
ရွှေဆိုင် စတိုးဆိုင်တွေကို
ဆက်တိုက်ခိုးမှုကျူးလွန်တဲ့သူခိုးကို
ပြည်သူလူထုပူးပေါင်းပါဝင်ပြီး
ရဲလုပ်ငန်းဖြင့် ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန်
COVER
STORY

www.burmeseclassic.com

NO.140 JUNE 2014

တာဝန်ခံအယ်ဒီတာ
[illegible]
အယ်ဒီတာ
[illegible]
[illegible]
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
[illegible]
[illegible]

စုံထောက်ကဗျာ

မောင်တည်အေး၊ ဒွေးကြည်(စလင်း)၊ ကိုရွှေရင်အေး၊ ဆောင်းသစ်နိုင်

စုံထောက်ရင်ခုန်သံ

ဗဟိုမောင်မိုးဆွေ၊ ရည်မွန်သင်း၊ လမင်းသစ္စာ၊ ဝင်းယုမောင်၊ မင်းပုံချို
နွေငြိမ်းချမ်း(အနန်းပင်မြေ)၊ ကျော်နေနိုင်(ကျောက်ထပ်)၊ ညီမိုးဆွေ

ကာတွန်း

မောင်မောင်ညွှက်၊ အောင်အောင်ထွေး၊ မြေရှိုင်း၊ M အောင်ရှိန်၊
ကိုငယ်၊ ဒစ်ဂျစ်တယ်၊ ဖွဲ့နေ၊ ပေါက်ကျိုင်း

BURMESE CLASSIC

အတိုဆုံးစုံထောက်ဝတ္ထု
ကိုကြီးသိန်း(ချောက်)၊ ခင်မောင်မြင့်(ရွှေဆယ်မြေ)၊
ပိုက်မင်းဝေ၊ ခက်လှိုင်းကျော်


စုံထောက်သုတ

၂၉။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) — ဥပဒေစုံထောက်
၃၂။ မောင်ညာဏ်စိန် — လူအများကထည့်ဝင်ထားသည့် စုဆောင်းငွေများကို ပြန်မပေးသည့် ပြဿနာ
၃၅။ ထွန်းအောင်လှိုင် — ဥပဒေဗဟုသုတပျိုးခင်း
၃၇။ လှမိုး(ပညာရေး) — နိုင်ငံတကာဂန္ထဝင်မှုခင်းများ

နိုင်ငံတကာစုံထောက်
၂၇။ မောင်သစ်နေ
နိုင်ငံတကာစုံထောက်

စုံထောက်ဒိုင်ယာရီ
၁၂၀။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ

စုံထောက်အနုပညာ
၁၄၆။ စန္ဒီမြင့်မိုရ်
ဆရာမမိချမ်းဝေနှင့် တွေ့ဆုံခြင်း

စုံထောက်အလှအပ
၁၄၀။ ငြိမ်းချမ်းအောင်
ထားထက်ထက်နှင့်ခဏတာ
၁၄၄။ စုဝေနှင်း
အရှေ့တိုင်းအနှိပ်ပညာဖြင့် ရောဂါကုသနည်း




www.burmeseclassic.com

## over Story

**စုံထောက်မောင်ရေခဲ**

ပါးနပ်သောတရားလိုနှင့် Community Policing

ဝတ္ထု

**မြသိန်း**

ငမိုးအဖွဲ့ကို ဒေါ့ချမှုန်းခဲ့စဉ်က

**ဘသက်ဆွေ**

အချစ်နွံတွင် နစ်သူများ

**ရဲနွယ်မောင်(သုံးဆယ်)**

အမှောင်၏အလွန်

**မင်းမဟာကျော်ခေါင်**

သံမဏိဖော်လူနှင့်လက်တစ်လုံးခြား

**ခြူးရဲသန့်**

ကျေးလက်စုံထောက်မောင်တောကျော်နှင့်

အသွားမတော်တစ်လှမ်း

**မောင်လူသစ်**

ချစ်ခဲ့ဖူးတဲ့အမှန်ပါ

**လေးမောင်**

ခိုင်မနှင့်တွေ့ဆုံခြင်း

(ထူးထူးခြားခြားမှုဆိုးမများ)

**နေစိုးသော်**

လေးဂဏန်းနဲ့လူ

**မောင်လွင်ပြင်**

အမေမွေးတာ

တစ်ခါတည်းပါဗျာ

**မောင်မြင့်မား(ပိုလ်ကလေး)**

ရွှေပုပ္ပါးတူသိုက်ကို

တူးခဲ့စဉ်က

**လူရှိန်အောင်**

ဘောဘီပေါ်

**သီဟ်းသန်းအောင်**

နောင်တအဆုံး ဘဝပျက်သုဉ်း

**မောင်ဆွေ(တောင်ငူ)**

ကျွဲတရားစီရင်ခန်း

ထောက်ပဒါသ

ဝဝ။ **ပီဝေ** သက်ရှည်ကျန်းမာရယ်စရာ

ကြမ္မာစုံထောက်

၇၈။ **ဇင်ယော်နီ** တစ်လတာကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com

# 2014 JUNE



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်


**ထုတ်ဝေသူ**
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြဲ-၀၃၈၃၂)

**အုပ်ချုပ်ရေးမှူး**
ဒေါ်စန်းစန်းဌေး(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မဂ္ဂဇင်းတိုက်တည်နေရာ**
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၇၉၅၂၈

အုပ်ရေ – ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

**ဖြန့်ချိရေး**
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်–၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးကျင်ရင်(မြဲ-၀၅၄၁၇)၊
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း၊
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း – ၂၂၉၅၆၁









www.burmeseclassic.com

www.burmeseclassic.com



## ပုခန်းကြီး

ရှင်မတောင်ကျောပြင်မှာ
သောက်တော်ဘူးနဲ့ မက်မက်စက်စက်
ကိုကြီးကျော် နှစ်မြိုက်အိပ်မောလို့။

မြို့ရိုးဟောင်းနဲ့
ဝင်းမနားတံခါးက
သမိုင်းစာမျက်နှာကို လှစ်ပြ။

ထင်ရှားကျော်ကြားတဲ့
စည်သူ့ရှင်ဘုရား
သရက္ခာန်ရုပ်ပွားတော်
ရွှေညီမင်တောရ
သုံးဆင့်လည်ပေါ်ကျောင်းတော်ကြီး
အရှင်ဇမ္ဗူဒီကာဓဇ
မင်းကြီးဦးရန်ဝေး
သမိုင်းတွေနွေးတယ်။

ဪ ...ပုခန်းကြီး
'ရှားပင်ပေါ် ဂုံနွယ်ရစ် တက်ပေါက်တဲ့အရပ်'တဲ့
စကားတွေ ဆင့်ကမ်းသယ်ဆောင်
ဂုဏ်ရှိ ဂုဏ်ပြောင်လို့။ ။

**မောင်တည်အေး**

(ရေစကြို၊ ပခုက္ကူ နေခဲ့ရသော ကာလများသို့)

www.burmeseclassic.com

www.burmeseclassic.com



မိုးပင့်

အသွားဝါရောဂါ ရနေတဲ့နွေ
သူ ရေငတ်နေပြီ
ယပ်တောင်လေး တဖြတ်ဖြတ်ခပ်ပေးတာနဲ့
သူ ..
အပူမသက်သာဘူး
သူ့အတွက်
'ရေတစ်အိုး မိုးတစ်ပေါက်'
ချိုးသောက်ဖို့အတွက်
"ဗျို့ .. မုတ်သုန်
ရင်အုံကို
ဖုံတီး"။ ။

ဌေးကြည်(စလင်း)

www.burmeseclassic.com

www.burmeseclassic.com




# ချစ်သူတို့လျှောက်သော
# လမ်းကလေး

အဖွားမြန်ကြတာပေါ့
သက်သောင့်သက်သာရထားစီးကြတာပေါ့ကွာ
ဘူတာရုံအရောက်
(လာပါကွာ တစ်လှမ်းခြင်း)
ချစ်သူတို့လျှောက်သော လမ်းကလေး။

ဤခရီးနီးသလား
နှိုင်းယှဉ်စရာမရှိသေး
နေမဝင် အရောက်ပြန်ဖို့ရာ
ငါတို့ကို ခြောက်လှန့်နေသောတာရွေး။

ကိုယ့်နေရာ ကိုယ်ဆုံးဖြတ်ကြစို့
အလုံဘူတာရုံဟာ ပြဇာတ်တစ်ပုဒ်ကို တင်ဆက်နေ
ဒီနေ့ ပြဇာတ်နာမည်က
'ပစ္စုပ္ပန်နှင့်အတူလာပြီး ပစ္စုပ္ပန်နှင့်အတူပြန်သောဧည့်သည်'တဲ့
အရာရာတိုင်းဟာ သူ့အကြောင်းနှင့်သူဖြစ်တည်
ကိုယ့်အပူမပါလည်း သူ့ဘာသာသူဖြစ်တည်
ပြဇာတ်ကို အတူခံစားကြရင်း
ရစ်ဘီးကကြိုးတွေကို ဖြတ်ပစ်လိုက်ကြ
မသေချာမှုဆိုတာလည်း သေချာမှုတစ်ခုပါပဲ
အသက်နဲ့ခန္ဓာခွဲနေသရွေ့
နောက်ကျသွားပြီဆိုတာ သေချာသလား။

'မတက်နိုင်တော့ဘူးကွာ' ဆိုတဲ့စကားကို
လေထဲ လွှတ်ချလိုက်တော့
ခဏတာအတွင်း ရိုင်းထဲလင်းသွား
ငါတို့စီးမယ့်ရထားက
သွားနှင့်တာကြာပြီ
အနာဂတ်ဆိုတာ ပစ္စုပ္ပန်တို့
တရွေ့ရွေ့ရပ်တည်နေသော အရာ။ ။



ကိုရွှေရင်အေး

www.burmeseclassic.com

www.burmeseclassic.com

## ကြယ်ရောင်မဲ့ နေ့ရွှဲများ

ကလေးအတွေးက
အဝေးကြီးသွားတယ်
အတိတ်တိုင်းက မြက်ခင်းမစိမ်းနိုင်ဘူး။

အရွယ်ငယ်
အထီးကျန် လေအရိုင်းတွေနဲ့
ညနေတိုင်းမှာ .. ရှင်သန်တယ်
ငယ်ငယ်က ကျွန်တော်မငိုဘူး
ကာကွယ်ဆေး ထိုးတဲ့နေ့က
အမေ,မရှိဘူး
အပ်ကောက်ဝင်သွားတဲ့လက်
ရင်ဘယ်ဘက်ခြမ်းမှာ
ဒဏ်ရာမရှိဘဲ နာတယ်
ကြယ်မစုံထမင်းဝိုင်း
ကောင်းကင်ဟာ ကျွန်တော်တို့အတွက်တော့ မှောင်တယ်အမေ
နွေးထွေးမှုမဲ့ညတွေနဲ့
အိပ်ရာဝင်ပုံပြင်တွေ မရှိခဲ့
လူမမယ်လေးယောက်က
တိတ်တဆိတ်ကြွေကျခဲ့ရုံ
ကြယ်ဝေးညတွေ ငေးခဲ့ရတယ်။

ဆောင်းသမိုင်

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





## သမုဒယဆည်းဆာ

အလှအပဆိုတာ
ကျွန်မဘဝရဲ့ ကျိုန်စာများလား။

ဖွန်းခရင်းပုလင်းနှင့်ဖန်ခွက်
သံစဥ်ဖြန့်ကြက်
တွန့်တက်နေတဲ့ စားပွဲခင်းလေးရေ။

သစ္စာတရားတွေကလည်း ဒေါင်ဒေါင်ဒင်ဒင်
မပီမပြင်ရေအလျဥ်စီးမျော
အရိုးပြောတဲ့ မန်ကျည်းစေ့ဘောက ရွက်ကြွေမလေး
လေလာလှုပ်ခတ်သံကို မခံစားတတ်ပေမဲ့
မရပ်မနား ငါးရစ်တက်ဆူဆူညံ
ကျွန်မရဲ့ ထမင်းအိုးပွက်သံတွေပေါ့။

ဝေမလား ကြွေမလား နေမလား
လေပုလွေစကားတွေမပြောချင်ပေမဲ့
တစ်ရံတစ်နားဘဝအမောတွေ ဖြေလျှော့ရင်း
သံယောဇဥ်လေးတွေ ခလုတ်တိုက်မိခဲ့
ဆောင်းတစ်လှည့်နွေတစ်လှည့် သမုဒ်ယနယ်ချဲ့
နှုတ်ခမ်းမရှဲ့ပါနဲ့ရှင်ရယ်
ကန်တော့ပါရဲ့ ...
ပွန်းပဲ့သွားတာမှ မဟုတ်ဘဲလေ။ ။

ထယို - မောင်မိုးဆွေ



www.burmeseclassic.com

www.burmeseclassic.com



## ချဉ်ခြင်းက ချစ်ကြည်ခြင်းလို့ပဲ ဆိုကြပါစို့...

ရှေ့ဆက်မယ့် ဇာတ်ဝင်ခန်းတွေမှာ
ရင်အုံထဲ နွေးနွေးထွေးထွေးနေကြည့်ချင်တယ်
ချက်ချင်းတော့ စကားက ချိုလိမ့်မယ်မထင်ဘူး
ဖွင့်ချပစ်လိုက်ဖို့က
မှားနေကျ လူ့အဖွဲ့အစည်းထဲက စကားနဲ့ဆိုလည်း
ခါးမယ်/ခါးတယ်။

ခြား/တား ထားတဲ့စည်းက ဘဝတစ်ခုလုံးကို
ကမ္ဘာနဲ့ဝေးစေတယ်။

ဝပ်ကျင်းထဲ ပြုံကျလာတဲ့ ငှဲကွက်မှုတွေအပေါ်
မှော်ဝင်ရင်း မျက်နှာသစ် ချိုကျတစ်နဲ့ နစ်နေတာကြာပြီ
ဒီကြားထဲ အဝေးချစ် ချဉ်ခြင်းက ရင်ချို
ရင်ချိုလို့ လာလာနေပြန်တော့ ခက်ခဲ့/ခက်ရဲ့။

ညီမလေးရေ ..
ဘဝကို တစ်ယောက်တည်း မတွေးခေါ်ချင်တော့ဘူး
အချစ်နဲ့လွဲရင် ကမ္ဘာနဲ့လွဲမယ်
ချစ်ကြည်ခြင်းကို ငါချစ်တယ်
ငြိမ်းချမ်းရေးကို ငါချစ်တယ်
ဘဝစာတွေကို ငါချစ်တယ်
ငါ့ပြည်သူကို ငါချစ်တယ်
ငါ့အနာဂတ်ကိုတော့ ငါ ..
ညီမလေးကရော။ ။



ရည်မွန်သင်း



www.burmeseclassic.com

www.burmeseclassic.com



## အနှစ်မဲ့ဦးခေါင်းများ

အဆင်မပြေရင်
ကိုယ်ကျင့်တရားကို ထိုးကျွေးဖို့
အဆင်သင့်ဖြစ်နေတတ်တဲ့
အတွေးအခေါ်ကြွမ်းတွေများလာတယ်။

အရှက်တရားနဲ့ပတ်သက်ရင်
အသက်သာ စတေးခံမယ်ဆိုတဲ့
သံမဏိစိတ်ဓာတ်တွေလည်း အရည်ပျော်လို့။

ထမင်းတစ်လုတ်အတွက်
လက်တစ်လုံးခြား လှည့်ဖြားရမလား
တစ်နပ်စားဉာဏ်တွေ မှိုလိုပွင့်။

သေချာတဲ့ အရှိတရားကို
မသေချာတဲ့ အိပ်မက်တွေနဲ့ဖလှယ်
မျှော်လင့်ချက်မင်လယ်မှာ တုံးလုံးပက်လက်မျောနေသူတွေ ဒုနဲ့ဒေး။

မနက်ဖြန်ဆိုတာ တူမောရိုးပေါ့လို့
အပေါ်ယံသဘောရိုးလောက်သာသိတဲ့
အနာဂတ်ပျောက်နေသူတွေ တွေ့တွေ့နေရ။

ထစ်ခနဲဆို
တုတ်ဆွဲဓားဆွဲ
ကွဲသူကွဲ၊ လဲသူလဲ
ခန္တီစနည်းပါး
ဆင်ခြင်တုံတရားတွေ ကျပျောက်လို့။



အပြောအဆို
အပြုအမူ
လူကြီးမသိ လူငယ်မသိ
မိဘမသိ ဆရာမသိ
အနာသိပေမဲ့ ဆေးမရှိ
တတိတိလှိုက်စား
ဂါရဝတရားတွေ အနာယဉ်းနေပြီ။

ခေတ်လား စနစ်လား
ဘယ်သူ့ကို အပြစ်ရှာလက်ညှိုးထိုးမလဲ
အရင်းစစ် အမြစ်မြေကတဲ့
အနှစ်တွေမဲ့နေတဲ့ ဦးခေါင်း
ကိုယ့်အကြောင်း
ကိုယ်အသိဆုံးပဲမဟုတ်လား။

**လမင်းသစ္စာ**



www.burmeseclassic.com

www.burmeseclassic.com



# ပျံ့ကျဈေး

အရက်အလွန်
ကြက်တွန်သံရော လူသံနှော
တသောသောညံ။

လာပါယူပါ တစာစာ
ဘာညာ ဘာညာအာပလာ
မှသာဝါဒါ။

လူရေစီးကြောင်း
ထောင်းထောင်းထ
ဝမ်းတစ်ထွာအတွက် ရှန်းကန်ကြ။

ခတ်ကြိုးပေါ်မှာ
ကျီးကန်းတွေက အား ‥ အား ‥ အား။

ရေမြောင်းထဲမှာ
ပလတ်စတစ်တွေက အုပ်စိုး
အထုတ်အပိုးတွေက ရယ်ပြ။

လူမွဲတွေနေတဲ့ လမ်းကြားဈေး
ခွေးလေခွေးလွင့်တွေနဲ့အတူ
ဝယ်သူဝယ် ရောင်းသူရောင်း
သောင်းပြောင်းထွေလာ စားရာတွေ။

ကာလာတင်ထားတဲ့ စားစရာများ
ဝက်သား၊ ကြက်၊ အမဲ၊ ဆိတ်၊ ငါး
ဘာစားမလဲ သွေးသံရဲရဲ။

လူရေစီးကြောင်းထဲမှာ
လေထုထဲမှာ
ကျီးကန်းသံတွေ မာန်ဖီသံတွေ
ညီစို့စို့ အနံ့တွေ
ညီစို့စို့ အသံတွေနဲ့ ‥
ကျုပ်တို့ ရပ်ကွက်ထဲမှာ
ဘယ်လောက်ထိ ဆုပ်ကိုင်ထားဦးမှာလဲ။

ကဲ ‥
ဒီကိစ္စ ဘယ်သူနဲ့ဆိုင်သလဲ
ဘယ်သူတွေပိုင်သလဲ
ဘယ်သူတွေနိုင်မှာလဲ။

ကျုပ်တို့တော့
အသက်ရှူမဝတော့တာ
အမှန်ပဲ။



ဝင်းယုမောင်



www.burmeseclassic.com

www.burmeseclassic.com





## ဘဝအမောပြေ

ဥသြသံရပ်တန့်လို့
ရာသီပြောင်းချိန်မှာ ဘဝရဲ့အမောတွေ
မျက်ရည်တွေ တနင့်တပိုးနဲ့
ထမ်းပျောက်နေခဲ့။

အမောတွေပြေစေဖို့အတွက်
နှစ်ပေါင်း ၃၀ ကျော်လွန်ခဲ့ပြီ။

ဟိုး ...ခပ်ငယ်ငယ်ကလေးဘဝတုန်းဆီက
မေ့မရခဲ့တဲ့ အမောတွေနဲ့
မွေးကင်းစရင်ခွင်မဲ့ ငှက်ကလေးတစ်ကောင်လို
အကြိမ်ကြိမ်ဆာလောင်ခြင်း ငတ်မွတ်နေခဲ့ရတဲ့
ဘဝရဲ့အမောတွေ။

အခုတော့
မိဘတစ်ယောက်ရဲ့ အမောတွေ
မျိုးဆက်သစ်ကလေးငယ်အပေါ် ကြွေကျလို့
မျက်ရည်တောင်မဝဲနိုင်တဲ့
ခွန်အားနဲ့အမောတွေ
ဘဝအတွက် အမောပြေဖြစ်မယ်ဆိုရင် ကျေနပ်ပြီ။

**နွေငြိမ်းချမ်း(အနန်းပင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com





## တစ်ခေတ်တစ်ယောက်တစ်လမ်း

မနက်လင်းတာနဲ့ အာရုံတွေကို စက်နှိုးသလိုမျိုးနှိုးရ
ညနေရောက်တာနဲ့ တစ်နေ့တာဖြုတ်သန်းမှုကိုပါဆယ်ထုပ်သလို ထုပ်ရ
ဘဝဆိုတာ ဘဝပါပဲ
ရှိမှု မရှိမှု ကြည့်မှု မကြည့်မှု သိမှု မသိမှု
ကိုယ်လိုရာ ဒိုင်မာခြင်းများစွာနဲ့
ရေချိန်မညီတဲ့ ပြပွဲတွေအထဲ ကိုယ်တိုင်ပြသခံခဲ့ရ
လက်မှတ်မဲ့ သာယာမှုများစွာထဲ ကြွေးတကော်တဲ့မေတ္တာ
ကျောင်းခန်းအတွင်းမှာ ကျောင်းဆရာတွေ ရင်နာခဲ့ကြ
မရွေးချယ်ဖြစ်တဲ့အခါ ဈေးဆစ်ဝယ်စရာမလိုပါဘူး
တိုက်စားခံရတဲ့ ဝေါဟာရ ပါးပါးလျှီးဖြတ်ခံရတဲ့မာန
ထွန်ယက်ခါနီးတိုင်း ပစ္စည်းတွေ အသစ်လဲခဲ့ရတယ်
ဈေးဖြတ်တဲ့လူတွေ မတ်တပ်ထထရပ်တာကို ပြောချင်တာ။ ။

**ကျော်နေနိုင်(ကျောက်ထပ်)**



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်မှာ နံရံကြီးတွေရှိတယ်

ရေညှိကွက်ထဲကို
ငုံ့ကြည့်မိတယ်
အော်သံတွေရှာတွေ့ခဲ့
ရှူစိတ်ကနေတာပဲ
လက်တောက်ဝတ်ကို ဓားနဲ့လှီးပြီး
သွန်ချပေးလိုက်တယ်
ငေါက်ခနဲ သွေးကြောတစ်ချောင်းထောင်ထွက်လာ
ကြမ်းပြင်ပေါ်က ကျောက်ပြားများ
အကြမ်းအချော။

ခေါင်းကို တိုင်နဲ့ဆောင့်လိုက်၊
လေအေးပေးစက်ထဲကို ငုံ့ကြည့်တယ်
ငါ့မှာ ပြတင်းပေါက်မရှိဘူး။

ကလေးလေးတွေကို ပေးပါ
လူကြီးတွေ ပြန်ယူသွားပေးပါ
စပီကာကို အသံကုန်တင်ပြီး
မိုက်ကရိုဖုန်းထဲ ငိုချလိုက်တယ်။

ငါနားလည်ပါတယ်
အဘိဓာန်တစ်အုပ်ကို မီးတင်ရှို့ရင်း
ကော်ဖီဆိုတာ
မင်းကို အတတ်နိုင်ဆုံးညင်ညင်သာသာသတ်မယ့်အဆိပ်
ကျေးဇူးတင်ပါတယ်
ဒါကမ္ဘာ

စာရွက်အလွတ်တွေထဲကို
လက်သည်းတွေညှပ်ထည့်လိုက်ပြီး
မှတ်သုန်တောတွေရှိရာ
တောင်တန်းများ။



အကြောအချင်တွေက
ငါ့ကိုဆောင့်ဆောင့်ဆွဲ
ပုရွက်ဆိတ်တွေပဲ မြင်နေတယ်
လမ်းပေါ်မှာပက်ကြားအက်များ
မျက်ရည်များ
ပိုက်ဆံအနံ့များ
ကျုံ့ကျသွား
ငါ ..
ရေချိုးခန်းထဲမှာ ..။

ညီမိုးဆွေ



www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းတော်ရာအလွမ်း

ဒီအရပ်မှာ ကဲ့ရဲ့သဂြိုဟ်ဆဲရေးပြစ်တင်
ဒီအရပ်မှာ ရိုက်ပုတ်စော်ကား ဆင်းရဲငြိုငြင်
ဒီအရပ်မှာ သုတ်သင်သတ်ဖြတ် ရှိုင်းစိုင်းယုတ်မာ
ဒါပေမဲ့ ..
မဟာပုဏ္ဏရောက်အောင်သွားခဲ့တယ်။

ဒီအရပ်မှာ ဖလံတောက ကရေကရာတွေမရှိတော့
ဒီအရပ်မှာ ဝဲဒေါင့်က ပေါက်ပေါက်တွေမမြင်တော့
ဒီအရပ်မှာ မင်းဖံမုန့်လုံးတွေ ဘုရားတင်တာမတွေ့တော့
ဒီအရပ်မှာ အထင်ကရ ဇာတ်ရုံကြီးတွေမပါတော့
ဒါပေမဲ့ ..
ငါရောက်အောင်သွားခဲ့တယ်။



အမွေလုကြလို့ အဆီးမသီးပေမဲ့
အရိပ်က ထာဝရ အေးမြနေဆဲ
ဂေဟာစနစ် ချို့ယွင်းလို့ ငါးတွေမလာလည်း
ငါတို့ ငါးစာကျွေးလို့
ပရိဘောဂသာသနာလည်း ဆက်လက်ထွန်းကားလို့
ငါလည်း မဟာပုဏ္ဏနှလုံးသားကို ပူဇော်ရင်း ခြေလှမ်းတို့
ပြီးတော့ .. မယ်နီးဘုရားမှာ ချစ်သူလာမလားစောင့်လို့
ဝါဆိုမိုးတွေ ဖြိုင်ဖြိုင်ကျရင်း ကျောင်းတော်ရာသွားဖို့ ရင်ခွေးလို့။

ဒါကြောင့် ..
ငါရောက်အောင် သွားခဲ့တယ်
တစ်နှစ်တစ်ခေါက် အရောက်လာခဲ့မယ်ကျောင်းတော်ရာ
စောင့်နေ ..။ ။


မင်းပုံရိ



www.burmeseclassic.com

www.burmeseclassic.com





## ဦးအေးမောင်ရာပြည့်

**အမှတ်တရစာစုများ**

ဆရာကြီးဦးအေးမောင် ရာပြည့်အမှတ်တရစာစုများ စာအုပ်တွင် ဆရာကြီးအောင်သင်း၊ ဟံသာဝတီဦးဝင်းတင်၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်မောင်ဝင်း(သချာ)၊ ဦးအေးချို(မဟာဝိဇ္ဇာ)၊ ကြည်နိုင်၊ မြင့်ရှိ၊ ဒေါက်တာအောင်ကြီး၊ ဗွေးဝေ၊ လှတိုး(စိတ်ပညာ)၊ ဗွေးကြည်၊ ခင်သန်းစိန်၊ ဖိုးကျော့၊ ဦးဓမ္မစာရာဘိဝံသ၊ တိုးထက် စသည့် စာရေးဆရာ/ဆရာမကြီးများ၏ အမှတ်တရစာစု ၁၅ ပုဒ်ပါဝင်သည်။

ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---




## ကြင်ဦးလှ (ရဲမှူး ကျင်ယုနိုင် - ငြိမ်း)

**ပြစ်မှုဆိုင်ရာမှုခင်းများနှင့်ပတ်သက်၍**
**ရှာဖွေခြင်းဆိုင်ရာ သိမှတ်စရာအချက် ၁၀၀**

ရဲတပ်ဖွဲ့ဝင်များနှင့် ဥပဒေဗဟုသုတရှာဖွေလိုသူ စာဖတ်သူများအတွက် အသိပညာပေးစာအုပ်ကလေးဖြစ်သည်။ စာရေးသူ ကြင်ဦးလှ (ရဲမှူး ကျင်ယုနိုင်-ငြိမ်း)သည် ရဲမှူးအဖြစ် အသက်ပြည့်အငြိမ်းစားယူသည်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ရဲလုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ ရင့်ကျက်သူပီပီ ယခု ပြစ်မှုဆိုင်ရာမှုခင်းများနှင့်ပတ်သက်၍ ရှာဖွေခြင်းဆိုင်ရာ သိမှတ်စရာ အချက် ၁၀၀ စာအုပ်ကို ထုတ်ဝေခြင်းဖြစ်သည်။ ဤစာအုပ်ကလေးကိုဖတ်ခြင်းဖြင့် ရှောင်ရန်/ဆောင်ရန်အချက်များကို ဗဟုသုတအဖြစ် ရရှိမည်ဖြစ်သည်။ ခုနစ်စင်ကြယ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com




သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆောင်းပါးများ

## လေနဲ့ထိန်းညှိလို့မရတဲ့ သဘာဝပတ်ဝန်းကျင်

လေနှင့်ထိန်းညှိလို့မရတဲ့ သဘာဝပတ်ဝန်းကျင်စာအုပ်မှာ စာရေးသူ ဒေါက်တာခင်မောင်ညို၊ မောင်ထွန်းလွင်(မိုးလေဝသ)၊ ဒေဝီသန့်စင်၊ စောဦးမြင့်၊ မင်းချစ်နိုင် စသည့် ကလောင်စုံပါဝင်ရေးသားထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးတည်သည့် ဆောင်းပါးများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။

လမင်းသစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

## ကျော်မင်းသော်

### သဘာဝအလှအပနှင့် ကျန်းမာရေးဆိုင်ရာ မှတ်စုမှတ်ရာများ




ဆရာကျော်မင်းသော်၏ အပျိုစင်တို့သိစေဖို့ရာ သဘာဝအလှအပနှင့် ကျန်းမာရေးဆိုင်ရာ မှတ်စုမှတ်ရာများစာအုပ်ထဲတွင် အလှအပဆိုင်ရာနည်းလမ်းများ၊ အိမ်တွင်းမှုဆိုင်ရာနည်းလမ်းများ၊ ချက်ပြုတ်ရေးဆိုင်ရာနည်းလမ်းများ စသည့် အပျိုစင်တို့ သိသင့်သိထိုက်သော သိမှတ်ဖွယ်ရာများ စုံလင်စွာပါဝင်သည်။

ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။


www.burmeseclassic.com

www.burmeseclassic.com




မောင်သစ်နေ

# နိုင်ငံတကာစုံထောက်

## သားသမီးများကို စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်သောမိဘများ ထောင်ဒဏ် ၁၀ နှစ် ကျခံနိုင်ဖွယ်ရှိ



ကိုယ်မွေးသော သားသမီးများကို မေတ္တာတရား ကရုဏာတရားကင်းမဲ့စွာ ပစ်ပယ်ထားလျှင် ထောင်ဒဏ် ၁၀ နှစ် ကျခံရမည်ဖြစ်သည်။

ထိုကိစ္စအား ဗြိတိန်ဘုရင်မကြီး၏ ဖွန့်လမိန့်ခွန်းတွင် ထည့်သွင်းပြောကြားပြီး ဖြစ်သည်။ လက်ရှိ အင်္ဂလန်နိုင်ငံဥပဒေတွင် ကလေးများအား ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုကိုသာ အကာအကွယ်ပြုထားသည်ဟု ဆိုသည်။ ယခု အသစ်အဆိုပြုထားသော ဥပဒေတွင် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအားလုံး ပါဝင်ကြောင်းသိရသည်။

## မူးယစ်ဆေးဝါးသုံးစွဲသူ လေယာဉ်ပေါ်မတက်ရ



အမေရိကန်နိုင်ငံ Channel 4 ၏ အချက်အပြုတ်အစီအစဉ် The Taste USA တင်ဆက်သူ အသက် ၅၄ နှစ်အရွယ် နီဂဲလာလောဆန်အား အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိဂ်သို့ ထွက်ခွာသည့် လေယာဉ်ပေါ်သို့မတက်ရန် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဟီးသရိုးလေဆိပ်အာဏာပိုင် များက တားမြစ်ခဲ့သည်ဟု သိရသည်။

နီဂယ်သည် တရားရင်ဆိုင်မှုတစ်ခုတွင် ကိုကင်းသုံးစွဲခဲ့ကြောင်း ဝန်ခံထားခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံတွင် ဇန်နဝါရီလမှစ၍ထုတ်ပြန်ခဲ့သော ဥပဒေအရ မူးယစ်ဆေးဝါးဖြင့် တရားစွဲခံရသော နိုင်ငံခြားသားများအား ပြည်ဝင်ခွင့်ပိတ်ပင်ရန် ဆုံးဖြတ်ထားခြင်းကြောင့် ဖြစ်သည်။


www.burmeseclassic.com


www.burmeseclassic.com

## မုဒိမ်းမှုအကြိမ်ကြိမ်ကျူးလွန်သူ အိန္ဒိယတရားရုံးက သေဒဏ်ချမှတ်

ဧပြီလ ၄ ရက်နေ့က အုပ်စုဖွဲ့မုဒိမ်းမှုနှစ်ကြိမ်ကျူးလွန်ကြောင်း ဝန်ခံခဲ့သူ အိန္ဒိယအမျိုးသားသုံးဦးကို တရားရုံးက သေဒဏ်ချမှတ်လိုက်သည်။

တရားခံ(၃)ဦးဖြစ်သည့် မိုဟာမက်ဆာလင်အန်ဆာရီ၊ အသက် ၂၈ နှစ်၊ ဗီဂျေပိုဟန်ဂျာဒက်၊ အသက် ၁၉ နှစ်နှင့် မိုဟာမက်ကာဆင်ဟာမီရှိတ်၊ အသက် ၂၁ နှစ်တို့ ဖြစ်သည်။

အိန္ဒိယအစိုးရသည် မုဒိမ်းမှုကျူးလွန်သူများကို သေဒဏ်နှင့် အခြားပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်နိုင်ရန် ဥပဒေကို ယမန်နှစ်က ပြင်ဆင်ခဲ့သည်။



## အစ္စလာမ္မစ် ၅၂၉ ဦးကို အီဂျစ်တရားရုံးက သေဒဏ်ချမှတ်




အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီထောက်ခံသူများနှင့် ဘရားသားဟုဒ်ပါတီဝင်များအပါအဝင် လူပေါင်း ၇၀၀ ခန့်ကို အီဂျစ်တရားရုံးတွင် စစ်ဆေးခဲ့ပြီးနောက် လူပေါင်း ၅၂၉ ဦ အား သေဒဏ်ပေးခဲ့သည်။

ဤသို့ အစုလိုက်အပြုံလိုက် သေ ဒဏ်ပေးမှုမှာ ခေတ်သစ်သမိုင်းတွ အကြီးမားဆုံးဖြစ်ပြီး လူ့အခွင့်အရေ သမားများ၊ အမေရိကန်နှင့် ဥရော နိုင်ငံများက စနစ်တကျ စစ်ဆေးမှုမပြ ဘဲ ဆုံးဖြစ်ခဲ့ခြင်းဖြစ်၍ ရှုတ်ချခဲ့ကြ သည်။ သမ္မတဟောင်းမော်စီကိုလည် အမှုသုံးမှုဖြင့် သီးခြားတရားစွဲဆို ကြောင်း သိရသည်။

မောင်သစ်နေ

www.burmeseclassic.com






# ဥပဒေစုံထောက်

ဦးအာကာ
၊ တရားလွှတ်တော်ရှေ့နေ ၊

ပုဒ်မ ၂၀၁ ဟာ မှုရင်းပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးရမယ့် ပုဒ်မမဟုတ်ဘူး။ မှုရင်းပြစ်မှုကျူးလွန်သူအား ဥပဒေအရခံရမည့်ပြစ်ဒဏ်မှ အကာအကွယ်ပေးရန်အတွက် သက်သေခံပစ္စည်းဖျောက်ဖျက်သူ အခြားသူတစ်ဦးတစ်ယောက်ကို ပြစ်ဒဏ်စီရင်ရန် ပြဋ္ဌာန်းထားတဲ့ ပုဒ်မဖြစ်ပါတယ်…



www.burmeseclassic.com

ဆရာရှင့်

သမီးဟာ အထက်တန်းရှေ့နေတစ်ဦးဖြစ်ပါတယ်။ ပြစ်မှုများကို အဓိကလိုက်နေပြီး တရားမမှုများကိုလည်း အသင့်အတင့်လိုက်ပါ ဆောင်ရွက်နေပါတယ်။ သမီးသိချင်တာတစ်ခုက ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)ရဲ့ ပုဒ်မ ၂၀၁ မှာ ပြစ်မှုကျူးလွန်သူကို ကာကွယ်ရန်အလို့ငှာ သက်သေခံပစ္စည်းဖျောက်ဖျက်မှုနှင့် ပေးရမည့်ပြစ်ဒဏ်ကို သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

သမီးသိချင်တာက သက်သေခံပစ္စည်း ဖျောက်ဖျက်တာဟာ ကာယကံရှင်ကိုယ်တိုင် ဖျောက်ဖျက်တာကို ဆိုလိုတာလား။ ကာယကံရှင်(ပြစ်မှုကျူးလွန်သူ)ကို အကာအကွယ်ပေးရန်အတွက် အခြားသူတစ်ဦးတစ်ယောက်က ဖျောက်ဖျက်ပစ်လိုက်တာကို ဆိုလိုတာလား ရှင်းရှင်းလင်းလင်းသိချင်ပါတယ် ဆရာ။

အေးကလျာဖြိုးဝေ (အထက်တန်းရှေ့နေ)

မအေးကလျာဖြိုးဝေသို့

မအေးကလျာဖြိုးဝေအနေနဲ့ တစ်ဖက်ကလည်း ရှေ့နေလိုက်ရင်း တစ်ဖက်ကလည်း မရှင်းလင်းတဲ့အချက်တွေကို ခုလို မေးမြန်းတာ ဆွေးနွေးတာကောင်းပါတယ်။ မအေးကလျာဖြိုးဝေက ရှေ့နေတစ်ယောက်ဖြစ်နေတာမို့ စီရင်ထုံးအကိုးအကားတွေနဲ့ ဖြေလိုက်ရင် သမီးရဲ့အလုပ်တွေမှာ အမှုတွေမှာလည်း အထောက်အပံ့ဖြစ်မယ်လို့ ယူဆပါတယ်။

ဖတ်သင့်တဲ့ စီရင်ထုံးတစ်ခုကတော့ ဝေလင်း(ခ)နိုင်နိုင်ဦး(ခ)ရန်နိုင်လင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဦးစန်းဝေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဝေလင်း(ခ)နိုင်နိုင်ဦး(ခ)ရန်နိုင်လင်း (၂၀၀၂-ခုနှစ်၊ မ. တ. စ စာ-၁၁၂) ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ၏ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ပြစ်မှုကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ထိုပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသောသက်သေခံတစ်ခုခုကို ဖျောက်ဖျက်စေလျှင် သို့တည်းမဟုတ် ထိုအကြံမျိုးဖြင့်ပင် ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟု မိမိသိသော သို့တည်းမဟုတ် ယုံကြည်သော သတင်းကိုပေးလျှင်"

"ယင်းပြဋ္ဌာန်းချက်သည် ပြစ်မှုကျူးလွန်ခြင်းကို အားပေးသည့်အနေဖြင့် ပြစ်မှုကျူးလွန်သူအား အကာအကွယ်ပေးခြင်းအား ပြစ်ဒဏ်စီရင်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း ထင်ရှားသည်။ တစ်နည်းအားဖြင့် ပြစ်မှုကျူးလွန်သူကို အကာအကွယ်ပေးရန်အတွက် သက်သေခံပစ္စည်းအား ဖျောက်ဖျက်သူကို ပြစ်ဒဏ်စီရင်ရန်ဖြစ်သဖြင့် မူရင်းပြစ်မှုကျူးလွန်သူနှင့် သက်ဆိုင်ခြင်းမရှိကြောင်းမှာ မြင်သာသည်။ မောင်ကျော်ဖိုးနှင့်အစိုးရ(အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ ၃၁၆) အမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ သည် အဓိကအားဖြင့် ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖျောက်ဖျက်သူကိုသာ ရည်ရွယ်ကြောင်း၊ ပြစ်မှုကျူးလွန်သူကို မရည်ရွယ်ကြောင်းဖြင့် ဆုံးဖြတ်ထားသည်။ ဦးလာဘ(ခ)ဦးရွှေကြိုင်ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၇၉၊ မတစ စာ ၁၃၀ အမှုတွင် ထိုအတိုင်းပင် ထပ်မံဆုံးဖြတ်သည်"

"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ အရ ပြစ်မှုသည် ပြစ်မှုကျူးလွန်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ကြောင်း သိလျက်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် သက်သေခံတစ်ခုခုကို ဖျောက်ဖျက်သူအား ပြစ်ဒဏ်စီရင်ရန်ဖြစ်သည်။ မူရင်းပြစ်မှုကျူးလွန်သူကို ၎င်းကျူးလွန်သည့်ပြစ်မှုအပြင် သက်သေခံတစ်ခုခုကို ဖျောက်ဖျက်ခြင်းအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်း မပြုနိုင်ပေ"

အထက်ပါ စီရင်ကောက်နုတ်ချက်တွေကို ဖတ်လိုက်ရင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ (သက်သေခံပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဖျက်မှု)အတွက် စီရင်ထုံး(၃)ခုကို တစ်ပြိုင်တည်း သမီးအနေဖြင့် လေ့လာသိရှိသွားနိုင်တယ်။

ဆိုလိုတာကတော့ ပုဒ်မ ၂၀၁ ဟာ မူရင်းပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးရမယ့်ပုဒ်မ မဟုတ်ဘူး။ မူရင်းပြစ်မှုကျူးလွန်သူအား ဥပဒေအရခံရမည့်ပြစ်ဒဏ်မှ အကာအကွယ်ပေးရန်အတွက် သက်သေခံပစ္စည်းဖျောက်ဖျက်သူ အခြားသူတစ်ဦးတစ်ယောက်ကို ပြစ်ဒဏ်စီရင်ရန် ပြဋ္ဌာန်းထားတဲ့ ပုဒ်မဖြစ်ပါတယ်။

ကဲ .. ဒီလောက်ဆိုရင် သမီးအေးကလျာဖြိုးဝေ အနေနဲ့ သဘောပေါက်လောက်ပြီ ထင်ပါတယ်။

---

ဆရာခင်ဗျာ

၃၀ - ၁ - ၂၀၁၄ နေ့ထုတ် The Daily Eleven သတင်းစာကို ဖတ်ကြည့်လိုက်တဲ့အခါ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒူချီးရားတန်အနောက်ရွာမီးလောင်မှုအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ အရ အမှုဖွင့်အရေးယူထားသည့်သတင်း၊ မြောက်ဥက္ကလာပမြို့နယ် တရားရုံး မီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး ပုဒ်မ ၂၈၅ တို့အရ အရေးယူထားတဲ့သတင်းတို့ကို ဖတ်ရှုရပါတယ်။ မီးလောင်တဲ့သတင်းချင်း တူပေမယ့် ပုဒ်မမတူတဲ့အတွက် ဒီပုဒ်မ ၂ ခုဟာ ဘယ်လိုကွာခြားတယ်ဆိုတာ သိချင်ပါတယ်။ ဥပဒေစာတိုက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

စာဖတ်ပရိသတ်တစ်ဦး (ပုဇွန်တောင်)

## စာဖတ်ပရိသတ်တစ်ဦးသို့

တူမောင်မေးတာ မှန်ပါတယ်။ မီးလောင်တာချင်းတူပေမဲ့ မီးလောင်ရခြင်းရဲ့ အကြောင်းရင်းခြင်းက မတူကြဘူးလို့ သက်ဆိုင်ရာက ယူဆပါလိမ့်မယ်။ မောင်တောမြို့နယ်က သတင်းမှာက မိမိအိမ်ကို မိမိမီးရှို့ပြီး ထွက်ပြေးတိမ်းရှောင်နေသူတစ်ယောက်ရှိတယ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူများရဲ့ ပြောကြားချက်အရ သိရတယ်။ မြောက်ဥက္ကလာပမြို့နယ် တရားရုံးမီးလာင်မှုမှာတော့ ဝါယာကြိုးအပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်တယ်လို့ သိရတယ်။ အရပ်စကားနဲ့ပြောရရင်တော့ တစ်မှုက ရှို့မီးလို့ သံသယရှိလို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ နဲ့ အမှုဖွင့်ရခြင်းဖြစ်ပါတယ်။ နောက်တစ်မှုကတော့ ပေါ့ဆမီးလို့ ယူဆလို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ နဲ့ အမှုဖွင့်ထားခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ရခိုင်ပြည်နယ်၊ မိတ္ထီလာ၊ ပဲခူးအနောက်ခြမ်းက မီးလောင်မှုတွေနဲ့ ယခု မောင်တောခရိုင်အတွင်းမှာ ဖြစ်ခဲ့တဲ့ မီးလောင်မှုဟာ သဘောချင်းတူနေတယ်။

ပုဒ်မ ၂၈၅ က မီးနှင့် သို့မဟုတ် မီးလောင်လွယ်သောအရာဝတ္ထုနှင့် စပ်လျဉ်း၍ ပေါ့လျော့မှုဖြစ်ပြီး ပြစ်ဒဏ်ကတော့ ၃ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။

ပုဒ်မ ၄၃၆ ကတော့ အိမ် အစရှိသည်တို့ကို ဖျက်ဆီးရန် ကြံရွယ်၍ မီးဖြင့် သို့တည်းမဟုတ် ပေါက်ကွဲတတ်သောအရာဖြင့် အကျိုးဖျက်ဆီးမှုဖြစ်တယ်။ ပြစ်မှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ တစ်ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။ ပေါ့ဆမီးထက် ရှို့မီးကပိုပြီး အပြစ်ကြီးကြောင်း ထင်ရှားပါတယ်။


ဒီသတင်းတွေကို ဖတ်ရှုပြီး သင်ခန်းစာရယူကြဖို့ လိုပါတယ်။ နွေရာသီရောက်လာပြီမို့လို့ ပေါ့ဆမီးပဲဖြစ်ဖြစ်၊ ရှို့မီးပဲဖြစ်ဖြစ်၊ ဘာမီးမှမလောင်ဖို့လိုပါတယ်။ မီးဘေးရှောင် မလောင်ခင်တားဆိုတဲ့ ဆောင်ပုဒ်ကို လိုက်နာကြဖို့လိုတယ်။ သူခိုးခိုးရင် ကျန်နိုင်သေးကယ်။ မီးလောင်ရင်တော့ မိသားစုတွေရဲ့ စီးပွားရေးအားလုံးပြောင်သွားနိုင်၊ ဆုံးရှုံးသွားနိုင်တာကို သင်ခန်းစာယူသင့်ကြပါတယ်။ နွေရာသီရောက်ပြီမို့ မီးသတိပြုကြပါစို့။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့သောအခြေအနေတွင်
စုမဲလုပ်ငန်းဖျက်သိမ်းပါက
စုမဲထည့်ဝင်သူအစုရှင်များအား
၎င်းတို့ ထိခိုက်နစ်နာမှုမရှိစေရန်
ထိုက်သင့်သည့်ငွေများ
ပြန်ထုတ်ပေးရန်
တာဝန်ရှိပေသည်။
ထိုသို့ထုတ်ပေးခြင်းမပြုဘဲ
မိမိလက်ဝယ်တွင် ငွေများ
ဆက်လက်ထားရှိခြင်းသည်ပင်
မိမိပစ္စည်းအဖြစ်ပြောင်းလဲ၍
အလွဲသုံးစားပြုရာလည်း
ရောက်ပေသည်

# မောင်ဉာဏ်စိန်

## လူအများက ထည့်ဝင်ထားသည့် စုဆောင်းငွေများကို ပြန်မပေးသည့်ပြဿနာ


www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်အတွင်း၌လည်းကောင်း၊ ဈေးအတွင်း၌လည်းကောင်း၊ မိတ်ဆွေအချင်းချင်း၊ ဝန်ထမ်းအချင်းချင်း စုဆောင်းငွေများကို စုဆောင်းသည့် အလေ့အထရှိကြသည်။ ဤကဲ့သို့ စုဆောင်းကြပြီး တစ်လတစ်ကြိမ်စသည်ဖြင့် မဲဖောက်ကာ အလှည့်ကျရယူလေ့ရှိကြသည်။ ဤကဲ့သို့ စုဆောင်းကြရာတွင် ထောင်ဂဏန်း၊ သောင်းဂဏန်းမှ သိန်းဂဏန်းအထိ ရှိကြသည်။ မိမိတို့အချင်းချင်းမှ တစ်ဦးတစ်ယောက်က စုမဲဒိုင်အဖြစ် တာဝန်ယူလေ့ရှိကြသည်။

မကြာမကြာ ကြုံတွေ့ရသော ပြဿနာတစ်ရပ်မှာ စုမဲဒိုင်သည် စုဆောင်းငွေများကို ကိုယ်ကျိုးသုံးစွဲသည့် ပြဿနာဖြစ်သည်။ ဤကဲ့သို့ ကိုယ်ကျိုးသုံးစွဲကြသဖြင့် စုဆောင်းထားသူများကို အလှည့်ကျသော်လည်း ပြန်၍ မပေးနိုင်တော့ပေ။ ဤတွင် တရားဥပဒေအရ အရေးယူရန် ပြဿနာပေါ်ပေါက်လာတော့သည်။ တရားမကြောင်းလော၊ ပြစ်မှုကြောင်းလော စသည်ဖြင့် ဥပဒေရေးရာပြဿနာပေါ်ပေါက်လာတော့သည်။ ဤတွင် ကရင်ပြည်နယ်အတွင်း၌ လွန်ခဲ့သော ၁၀ နှစ်အတွင်းက ပေါ်ပေါက်ခဲ့ဖူးသော ပြဿနာတစ်ရပ်ကို တင်ပြလိုပေသည်။

မြဝတီမြို့နယ်တရားရုံး ပြစ်မှုကြီးမှုအမှတ် ၃၆၄/၂၀၀၃ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ တရားခံမခိုင်(ခ)မြင့်မြင့်ခိုင်အပေါ် စွဲဆိုသောအမှုတွင် မြို့နယ်တရားရုံးက တရားခံအား ၂၇-၈-၂၀၀၄ နေ့တွင် အပြီးအပြတ်လွှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက ကျေနပ်မှုမရှိ၍ တရားရုံးချုပ်သို့ အယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုအကြောင်းအရာအကျဉ်းချုပ်မှာ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်ရွှေအေးသည် ၂၀၀၂ ခုနှစ်၊ ဧပြီလခန့်မှစ၍ ၎င်းအပါအဝင် ၃၅ ဦး ပါဝင်ပြီး တစ်ဦးလျှင် တစ်လ ၃၀၀၀၀ ကျပ်စီဖြင့် မခိုင်ထံတွင် စုမဲထည့်ဝင်ကြကြောင်း၊ လေလံစုငွေထုတ်ပေးခြင်းကို တစ်လလျှင် လူတစ်ဦးကို (၁၀) သိန်း (၅)သောင်းစီဖြင့် အရင်းအနှီးရရှိရန် ရည်ရွယ်၍ ငွေစုခြင်းဖြစ်ကြောင်း ၄-၆-၂၀၀၃ ရက်နေ့ မတိုင်မီအထိ မခိုင်သည် ငွေစုသူ ၃၅ ဦးအနက် ၁၄ ဦးအထိ စုငွေထုတ်ပေးပြီးနောက် လေလံမဲကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်းပြောကာ ကျန်အစုဝင် ၂၁ ဦးတို့အား စုငွေ ဆက်လက်၍ ထုတ်မပေးတော့သဖြင့် စုငွေများအားလုံးကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုသူ မခိုင်အပေါ် ဥပဒေအရ အရေးယူပေးရန် ဒေါ်ရွှေအေးက တရားလိုပြုလုပ်၍ တိုင်တန်းသောအမှုဖြစ်သည်။

တရားရုံးချုပ်တွင် အယူခံတရားလို၏ရှေ့နေ အယူခံတရားခံ၏ ရှေ့နေတို့၏ လျှောက်လဲချက်ကို ကြားနာခဲ့သည်။ ထိုသို့ကြားနာပြီးနောက် တရားရုံးချုပ်က အောက်ပါအတိုင်း သုံးသပ်ခဲ့သည်။

''မူလရုံးအမှုတွဲကို လေ့လာရာတွင် အယူခံတရားခံသည် စုမဲဝင်သည့် အစုရှင် ၃၅ ဦးထံမှ လစဉ် တစ်ဦးလျှင် စုစုပေါင်း (၁၀)သိန်း (၅)သောင်းကျပ်ကို ပထမလတွင် မိမိရယူပြီး နောက်လများတွင် အလှည့်ကျရရှိသူများအား ၁၄ ကြိမ်အထိ ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ ၁၄ ဦးထုတ်ယူပြီးဖြစ်၍ ၂၁ ဦး ကျန်ရှိနေသေးကြောင်း ပေါ်ပေါက်သည်။ မထုတ်ယူရသေးသည့် အစုရှင်များသည် ၁၄ ဝ
စာ မိမိထည့်ဝင်ငွေများကို ပြန်သည်



www.burmeseclassic.com



ထုတ်ပေးရန်တောင်းဆိုရာတွင် အယူခံတရားခံက ထုတ်မပေးနိုင်သေး၍ ယခုအမှုပေါ်ပေါက်ရခြင်းဖြစ်သည်။

ထိုသို့မပေးနိုင်ခြင်းကြောင့် အယူခံတရားခံအပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုကျူးလွန်ခြင်း ရှိ/မရှိ သုံးသပ်ရန်လိုပေသည်။ အယူခံတရားခံသည် စုမဲဒိုင်အဖြစ် ဆောင်ရွက်ပြီး ၎င်းပြုလုပ်ထားသော စုမဲစာချုပ်စည်းကမ်းကို စုမဲထည့်ဝင်သူများက ယုံကြည်၍ လစဉ်စုမဲငွေများ ထည့်ဝင်ကြခြင်းဖြစ်သည်။ စုမဲဒိုင်ဆောင်ရွက်သူတစ်ဦးအနေဖြင့် အစုဝင်တစ်ဦးဦးက နှုတ်ထွက်လျှင်ဖြစ်စေ၊ စုမဲအလှည့်ကျထုတ်ယူခွင့်ရသည့်အခါဖြစ်စေ၊ စုငွေများကို ထုတ်ပေးနိုင်ရမည့်တာဝန်ရှိပေသည်။ အစုဝင်များ၏ ယုံကြည်အပ်နှံမှုရရှိထားသူဖြစ်၍ ၎င်းတို့ယုံကြည်အပ်နှံသည့်အတိုင်း ဆောင်ရွက်ပေးရန် တာဝန်ရှိပေသည်။ ထိုသို့ ယုံကြည်အပ်နှံခံရသည့်အတိုင်း ဆောင်ရွက်ခြင်းမပြုဘဲဖြစ်စေ၊ ဆောင်ရွက်ရန်ပျက်ကွက်လျှင်ဖြစ်စေ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ရာ ရောက်ပေသည်''

ယခုအမှုတွင် အယူခံတရားခံသည် မိမိတာဝန်ယူထားသည့် စုမဲငွေလက်ခံခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းကို ပြီးဆုံးသည်အထိ ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ငန်းဖျက်သိမ်းကာ ကျန်အစုရှင်များအား ထည့်ဝင်ပြီး အစုငွေကို ပြန်လည်ထုတ်ပေးခြင်းမပြုခြင်းကြောင့် မူလရုံးတရားလိုအပါအဝင် အစုရှင် ၂၀ ဦးမှာ နစ်နာဆုံးရှုံးလျက်ရှိနေပေသည်။ ၎င်း၏ ထွက်ချက်တင်ပြချက်အရ ၎င်းထံတွင် အစုငွေလက်ကျန် ၆ သိန်း ၃ သောင်းရှိနေသေးကြောင်း ပေါ်ပေါက်သည်။ ၎င်းအနေဖြင့် ပထမဆုံးစုငွေထုတ်ယူခွင့်ရယူသူ စုမဲဒိုင်ဆောင်ရွက်သူအဖြစ် ငွေ ၁၀ သိန်း ၅ သောင်း ထုတ်ယူရရှိပြီးလည်းဖြစ်သည်။ ဤကဲ့သို့သောအခြေအနေတွင် စုမဲလုပ်ငန်းဖျက်သိမ်းပါက စုမဲထည့်ဝင်သူအစုရှင်များအား ၎င်းတို့ ထိခိုက်နစ်နာမှုမရှိစေရန် ထိုက်သင့်သည့်ငွေများပြန်ထုတ်ပေးရန် တာဝန်ရှိပေသည်။ ထိုသို့ထုတ်ပေးခြင်းမပြုဘဲ မိမိလက်ဝယ်တွင် ငွေများ ဆက်လက်ထားရှိခြင်းသည်ပင်မိမိပစ္စည်းအဖြစ်ပြောင်းလဲ၍ အလွဲသုံးစားပြုရာလည်းရောက်ပေသည်''

''အယူခံတရားခံသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရာရောက်သဖြင့် ပုဒ်မ ၄၀၆ အရ ပြစ်မှုကို ကျူးလွန်ရာရောက်ပေသည်။ မူလရုံးက တရားလိုနှင့်တရားခံအကြား အစုငွေကိစ္စနှင့်ပတ်သက်၍ အငြင်းပွားကြခြင်းဖြစ်ကြောင်း၊ တရားခံက ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း၊ တစ်လလျှင်တစ်ဦးကျပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ညှိနှိုင်းချက်အရ ၎င်းအနေဖြင့် အလွဲသုံးစားမှုပြုရာမရောက်ကြောင်း သုံးသပ်ပြီး အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းသည် ကျန်သောအစုငွေထည့်ဝင်သူများ၏ ဆုံးရှုံးမှုကို လျစ်လျူရှုရာရောက်သဖြင့် ယင်းအမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ယင်းအမိန့်အား ပြင်ဆင်တည့်မတ်ပေးရန်လိုမည်ဖြစ်သည်''

အထက်ပါအတိုင်း သုံးသပ်ပြီးနောက် တရားရုံးချုပ်က အယူခံမှုကို ခွင့်ပြုခဲ့သည်။ မူလမြို့နယ်တရားရုံးက တရားခံမခိုင်(ခ)မြင့်မြင့်ခိုင်အား အပြီးအပြတ်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်ကို တွေ့ရှိရပေသည်။ ယင်းအယူခံမှုအားလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မခိုင်(ခ)မြင့်မြင့်ခိုင် (၂၀၀၅ ခုနှစ်၊ မ.တ.စ စာ ၅၈) အဖြစ် စီရင်ထုံးပြုခဲ့ကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ဉာဏစိန်

www.burmeseclassic.com






ထွန်းအောင်ကျိုင်

# ဥပဒေဗဟုသုတပျိုးခင်း

တရားစီရင်ရေးတွင် တရားသူကြီးသည် ခုံရုံး၏ဘုရင် (King of the Beach) ဖြစ်ပါသည်။ တရားလို၊ တရားခံများ၊ ဥပဒေအရာရှိ၊ တရားလိုရှေ့နေ၊ တရားခံရှေ့နေ၊ နှစ်ဖက်သက်သေများ အမှုအကြောင်းအရာကို တိကျမှန်ကန်စွာ ဆုံးဖြတ်သော တရားသူကြီးဟူ၍ ရှိပါသည်။

ဥပဒေအရာရှိ၊ နှစ်ဘက်ရှေ့နေများမှာ တရားရုံးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါသော်လည်း အမှုတစ်ခုဆုံးဖြတ်စီရင်ရာတွင် တရားသူကြီးသာ အရေးကြီးဆုံးဖြစ်ပါသည်။ သက်သေများကို အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းတို့ကို သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီသာ ပြုလုပ်ရပါသည်။

တစ်ဖက်ရှေ့နေမှ ဥပဒေမဲ့မေးသောမေးခွန်းများကို အခြားတစ်ဖက်မှ ကန့်ကွက်လာလျှင် တရားသူကြီးမှ မှန်ကန်တည့်မတ်စွာဆုံးဖြတ်ရပါသည်။ အကယ်၍ ဥပဒေမဲ့မေးမြန်းရသော မေးခွန်းကို အခြားတစ်ဖက်မှမသိ၍ဖြစ်စေ၊ အခြားအကြောင်းတစ်မျိုးကြောင့် မကန့်ကွက်လျှင် အမှုစစ်တရားသူကြီးက ဥပဒေပြင်ပမေးသည့် မေးခွန်းကို တားမြစ်ပေးရပါသည်။

ပြစ်မှုဆိုင်ရာအမှုများတွင် ဖြစ်စေ၊ တရားမမှုများတွင်ဖြစ်စေ နှစ်ဖက်သက်သေများကို အမှုစစ်တရားသူကြီးက ပယ်နိုင်ခွင့်မရှိပါ။ နှစ်ဖက်အမှုသည်များ၏ ဆန္ဒအရသာဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလို(သို့)တရားခံက ပယ်လိုက်သော သက်သေသည် အမှုအကြောင်းအရာအတွက် အရေးကြီးသော သက်သေဖြစ်ပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၀အရ ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးနိုင်ပါသည်။ အခြားသက်သေစာရင်းတွင် မပါဝင်သူတစ်ဦးကိုလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးခွင့်ရှိပါသည်။

အမှုတွင် အရေးပါသော စာရွက်စာတမ်းသက်သေခံချက်များကို ရှေ့နေများက မတင်သွင်းခဲ့ပါက တင်သွင်းရန်နှိုးဆော်ရပါသည်။ အထက်တွင်ဖော်ပြခဲ့သောဥပဒေပြဋ္ဌာန်းချက်အရဆိုပါက တရားသူကြီးတွင် အမှုတစ်ခုလုံးအတွက် များစွာတာဝန်ရှိပါသည်။ တရားရုံးသို့ရောက်ရှိသော အမှုများတွင် နာကျင်မှုများမှာ အတော်အတန်များလှပါသည်။ လူနှစ်ဦး(သို့)လူအများ ခိုက်ရန်ဖြစ်ပွား၍ရရှိသော ဒဏ်ရာပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆ ယာဉ်တိုက်မှုကြောင့်ဖြစ်ပွားသော ဒဏ်ရာပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇၊ ၃၃၈။ ပြည်သူ့ဝန်ထမ်းအား တာဝန်ထမ်းဆောင်စဉ်အတွင်း နာကျင်မှုကျူးလွန်မှု(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၂၊ ၃၃၃)တို့မှာ နာကျင်မှုနှင့်ပတ်သက်သောပုဒ်မများဖြစ်ပါသည်။

နာကျင်မှုကို ထပ်မံ၍ သရုပ်ခွဲရပါလျှင် သာမန်နာကျင်မှုနှင့် အပြင်းအထန်နာကျင်မှုဟူ၍ နှစ်မျိုးခွဲခြားပြန်ပါသည်။ သာမန်နာကျင်မှုဆိုသည်မှာ မပြင်းထန်သောဒဏ်ရာဟု ယေဘူယျယူဆနိုင်ပါသည်။ အပြင်းအထန်ဒဏ်ရာဖြစ်မဖြစ်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀ ပါ အင်္ဂါရပ်များနှင့် တိုင်းတာရပါသည်။ ယင်းတို့မှာ

(က) လူကို သင်းကွပ်ခြင်း

(ခ) လူ၏ နားတစ်ဖက်ကို အမြဲမကြားအောင်ပြုခြင်း (သို့)မျက်စိတစ်ဖက်အမြဲမမြင်အောင်ပြုခြင်း။

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ကျိုးပဲ့အောင်ဖျက်ဆီးခြင်း။

(ဃ) ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု၏ အင်အားကို ချို့တဲ့အောင် ဖျက်ဆီးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(င) အရိုး(သို့) သွားကိုကျိုးပဲ့အောင်ဖြစ်စေ၊ တိမ်းလွဲအောင်ဖြစ်စေ ပြုလုပ်ခြင်း။

(စ) ဦးခေါင်း(သို့)ရုပ်ဆင်းအင်္ဂါ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင် ပြုခြင်း။

(ဆ) ရက်ပေါင်း ၂၀ အတွင်း ဆေးရုံတွင် တက်ရောက်ကုသခြင်း (သို့) ထိုရက် ၂၀ အတွင်း လုပ်ဆောင်မြဲအလုပ်ကို မလုပ်နိုင်အောင်ဖြစ်ခြင်း။

တို့ ဖြစ်ပါသည်။ ယင်းအချက်များနှင့် ညီညွတ်ခဲ့ပါလျှင် အပြင်းအထန်နာကျင်မှုမြောက်ပါသည်။ အထက်ပါအချက်များအနက် အချက် (၁)ခုနှင့် အကြုံးဝင်လျှင် အပြင်းအထန် နာကျင်မှုမြောက်ပါသည်။

တရားသူကြီးသည် ဆေးပညာကျွမ်းကျင်သူမဟုတ်သဖြင့် သက်ဆိုင်ရာဆေးပညာရှင် ဆရာဝန်ကို ခေါ်ယူစစ်ဆေးရပါသည်။ သက်သေခံအက်ဥပဒေပုဒ်မ ၄၅ အရ ပါရဂူ၊ ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်သည် သက်သေခံဝင်ပါသည်။ ဤသို့ဆိုပါက ဆရာဝန်၏ ဆေးစာတွင် သာမန်ဒဏ်ရာ၊ ပြင်းထန်ဒဏ်ရာဟု ခွဲခြားဖော်ပြ၍ ယင်းကျွမ်းကျင်သူပညာရှင်မှ သတ်မှတ်သည့်အတိုင်း တရားရုံးက သတ်မှတ်သည်ဟု ယူဆရန်ဖြစ်ပါသည်။ တရားရုံးများလက်စွဲအပုဒ် ၆၂၅ အရ လူနာရရှိသောဒဏ်ရာကို အမျိုးအစားခွဲခြားရန်မှာ ဆရာဝန်၏တာဝန်မဟုတ်၊ တရားရုံးတာဝန်သာဖြစ်ပါသည်ဟု ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်အေးလွင် ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၄၇ တွင် ဆရာဝန်က နားထင်ရိုးပြန်ဆက်မည်၊ မဆက်မည်ဆိုသည့် ထွက်ချက်မှာ ထင်မြင်ချက်သာဖြစ်ပါသည်။ အမေးရှိ၍ အဖြေရှိသည်ဆိုသောသဘောမျှသာဖြစ်သည်။ တရားခံ၏ ဓားချက်ကြောင့် ဓားခုတ်ခံရသူ၏ နားထင်ရိုးကျိုးခြင်း၊ အက်ကွဲခြင်း၊ ပြတ်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀ သတ္တမအပိုဒ်အရ အပြင်းအထန်နာကျင်မှုကျူးလွန်ခဲ့သည်မှာ အကျုံးဝင်ပြီးဖြစ်သည်ဟု ဆုံးဖြစ်ပြီးဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

ဤဆောင်းပါးကို အဆုံးမသတ်ခင် ကိုယ်တွေ့စစ်ဆေးခဲ့သော မှုခင်းတစ်ခု တင်ပြချင်ပါသည်။ မိတ္ထီလာမြို့နယ်တရားရုံးတွင် ဒုတိယမြို့နယ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃၊ ၂၉၄(ခ)၊ ၅၀၆ အပြန်အလှန်စွဲဆိုသော အမှုနှစ်မှု စစ်ဆေးရပါသည်။ ဈေးရောင်းသော အမျိုးသမီးအချင်းချင်း ရန်ဖြစ်ကြပါသည်။

တရားရုံးလုပ်ငန်းစဉ်အတိုင်း ဆရာဝန်အား တရားလိုပြသက်သေအဖြစ် ခေါ်ယူစစ်ဆေးရပါသည်။ လူနာမှာ မိတ္ထီလာပြည်သူ့ဆေးရုံဆေးစာအရ သာမန်ဒဏ်ရာဖြစ်သော်လည်း မန္တလေးဆေးရုံကြီးတွင် ကုသမှုခံယူလိုသည်ဆိုကာ သွားရောက်ပြသခဲ့ပါသည်။ ဆရာဝန်က မန္တလေးဆေးရုံကြီးမှ ဆေးစာကိုထွက်ဆိုရာ၌ ဦးခေါင်းခွံရှိ လေးပုံတစ်ပုံ (၂၅ စင်တီမီတာ)အရိုးပဲ့သည်ဟု ထွက်ဆိုသည်။ တရားစွဲအဖွဲ့အစည်းက တရားစွဲဆိုတင်ပို့စဉ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃ အရ စွဲတင်ခဲ့ပါသည်။ တရားရုံးတွင် စစ်ဆေးသည့်အခါ မန္တလေးဆေးရုံကြီးဆေးစာအရ အပြင်းအထန်ဒဏ်ရာဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀ ၁ အင်္ဂါရပ်အရ အရိုးကျိုးပဲ့အောင် တိမ်းလွဲအောင် ဖြစ်စေ၊ ဖြစ်ခဲ့ပါက အပြင်းအထန်ဒဏ်ရာဖြစ်ပါသည်။ တရားခံ ရှေ့နေမှ တရားစွဲဆိုစဉ်က ပြစ်မှုဆိုင် ရာဥပဒေပုဒ်မ ၃၂၃ ဖြစ်ပြီး ဆရာဝန် ဆေးစာမှာလည်း သာမန်ဒဏ်ရာဖြစ် ပါသည်ဟု ဆင်ခြေပေးသည်။


စာရေးသူက ပုဂ္ဂိုလ်ရေးရင်းနှီး သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂ နှင့် အထက်တွင်ဖော်ပြခဲ့သည့် ပြည် ထောင်စုနှင့် မောင်အေးလွင်စီရင်ထုံး ကို ပြသရာ ၎င်းလက်ခံသွားခဲ့ပါသည် ထိုစွဲချက်ကို ၎င်းအနေဖြင့် ခရိုင်တရား ရုံးသို့ အယူခံတက်မည်ဆိုသော်လည် စာရေးသူရှင်းပြရာ ၎င်းနားလည်သွား ပြီး အယူခံမတက်တော့ပါ။

သို့ဖြစ်၍ နစ်နာသူတွင် ရရှိသော ဒဏ်ရာအမျိုးအစားကို ခွဲခြားရ တာဝန်မှာ အမှုစစ်တရားသူကြီး၏ တာဝန်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ထွန်းအောင်လှိ

www.burmeseclassic.com





လှမိုး ပညာရေး

# နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ



www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး (၂၅)နှစ်ခန့်ကြာသောအခါ (သို့) တိတိကျကျပြောရမည်ဆိုလျှင် ၁၉၆၃ ခုနှစ် နှစ်ဦးပိုင်းတွင် အင်္ဂလန်နိုင်ငံ ဘုရင်မကြီး၏ အစိုးရအဖွဲ့နှင့် အစဉ်အလာကြီးမားခဲ့သော အင်္ဂလန်နိုင်ငံ နိုင်ငံရေးလောကကြီးအား သွက်သွက်ခါအောင် တုန်လှုပ်ခဲ့သော ဂန္တဝင်မှုခင်းကြီးတစ်မှု ဖြစ်ခဲ့ပါသည်။ ထိုမှုခင်းကြီးမှာ ဗြိတိသျှဘုရင်မကြီး၏ အစိုးအရအဖွဲ့ဝင် ဝန်ကြီးတစ်ပါးနှင့် ကိုယ်ဟန်ပြမယ် ခရစ္စတင်ကီလားတို့၏ တရားခွင်ရောက် မှုခင်းကြီးဖြစ်ပါ၏။

ထိုစဉ်က ကျွန်တော်တို့မြန်မာနိုင်ငံမှ မြန်မာဘာသာနှင့်ထုတ်ဝေသော သတင်းစာကြီးများ၊ အင်္ဂလိပ်ဘာသာနှင့်ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ၎င်းနိုင်ငံတကာမှထုတ်ဝေသော သတင်းစာများ၊ သတင်းမဂ္ဂဇင်းများတွင် ထိုဂန္တဝင်မှုခင်းကြီး၏ သတင်းကို ဓာတ်ပုံသာဓကများနှင့် ဝေဝေဆာဆာ ဖော်ပြခဲ့ကြ၏။ အသံလွှင့်ဌာနများကလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ခဲ့ကြသည်။ ထိုကာလက သံကန့်လန့်ကာနိုင်ငံဟု ကင်ပွန်းတပ်ခံရသော ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ယခု-ရုရှား)မှထုတ်ဝေသော ပရာပဒါသတင်းစာနှင့် အက်(စ်)ဗက်ရှား သတင်းစာကြီးများကလည်း အထက်ဖော်ပြပါ ဂန္တဝင်မှုခင်းကြီးသတင်းကို နိုက်နိုက်ချွတ်ချွတ် အသေးစိတ်ဖော်ပြခဲ့သည်။ မှုခင်းစာရေးဆရာများအဖို့ ရေးကွက်များရရှိသွားကြရကာ ထိုတရားခွင်ရောက် မှုခင်းသတင်းကို အခြေခံ၍ စာအုပ်များရေးသားထုတ်ဝေခဲ့ကြရာ သောက်သောက်လဲ ရောင်းချခဲ့ရ ၏။

ထိုဂန္တဝင်မှုခင်းကြီးကြောင့် အမှုကို ကျူးလွန်သူဝန်ကြီးမှာ ဗြိတိသျှဘုရင်မကြီးအစိုးရအဖွဲ့မှ နှုတ်ထွက်ခဲ့ရသည်။ ထိုကာလက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ထင်ပေါ်ကျော်ကြား လူသိများခဲ့သော ဗြိတိသျှအစိုးရဝန်ကြီးချုပ် မက္ကမီလန်မှာ ရာထူးမှနှုတ်ထွက်ပေးခဲ့ရ၏။ အစဉ်အလာကြီးမားခဲ့သော ဗြိတိသျှကွန်စာဗေးတစ်ပါတီကြီး၏ ခေါင်းဆောင်မှုအပြောင်းအလဲ ဖြစ်ခဲ့ရ၏။ ထိုဂန္တဝင်မှုခင်းကြီးကြောင့် အင်္ဂလန်နိုင်ငံတွင် တစ်ဆယ့်နှစ်နှစ်တိတိ အာဏာရထားသော ကွန်ဆာဗေးတစ်ပါတီမှာ လူထု၏ယုံကြည်မှု လျော့ပါးလာခဲ့ရာ၊ ၁၉၆၄ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ရှုံးနိမ့်ရမည့် အခြေအနေ ဆိုက်ရောက်ခဲ့၏။ ဤမှုခင်းကြီးတွင် အဓိကဇာတ်ပို့တရားခံတစ်ဦးဟုဆိုသော နာမည်ကျော် အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာစတီဖင်ဝါ့(ဒ်)မှာ နည်းလမ်းအမျိုးမျိုးနှင့် ထိုအမှုအခင်းကြီး မဖြစ်ပွားရအောင် ကြိုးစားခဲ့သော်လည်း မရခဲ့ဘဲ တရားခွင်ရောက်ရသည့်အခြေအနေကြောင့် အိပ်ဆေးအလွန်အကျွံသောက်၍ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့၏။

ထို အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသော အတင်းအဖျင်းက စခဲ့သော ဂန္တဝင်မှုခင်းကြီးကြောင်း တစ်ချိန်က နေမဝင်သော ဗြိတိသျှအင်ပါယာကြီးကို တည်ဆောက်ခဲ့သော ဗြိတိသျှလူကြီးလူကောင်းများ(Gentleman)မှာ မျက်နှာမဖော်ပြလောက်အောင် မဟာအရှက်တော်ကွဲခဲ့ရ၏။ ထိုဂန္တဝင်မှုခင်းကြီးအကြောင်း ဓာတ်ပုံအထောက်အထားသာဓကများနှင့် ဖော်ပြခဲ့သော တနင်္ဂနွေရုပ်စုံသတင်းစာ၊ ဒေးလီးတယ်လီဂရက်(ဖ်)သတင်းစာ၊ ဒေးလီမိုင်ရာ သတင်းစာ၊ တစ်ဘစ်(စ်)သတင်းစုံဂျာနယ်တို့မှာ ကမ္ဘာ့မီဒီယာလောကတွင် ဟိုးဟိုးကျော်ခဲ့ရသည်။ ထိုဂန္တဝင်မှုခင်းကြီးတွင် ဇာတ်ဆောင်များအဖြစ် ပါဝင်သူများမှာ အထက်ဖော်ပြပါ အရိုးအထူးကုဆရာဝန်ကြီး စတီဖင်ဝါ့(ဒ်)၊ ဆိုဗီယက်(ရုရှား)သံရုံးမှ ဒုတိယစစ်သံမှူး အိုင်ဗင်နော့၊ ကိုယ်ဟန်ပြမယ် ခရစ္စတင်းကီလာ၊ ဗြိတိသျှအစိုးရ စစ်ဝန်ကြီး ဂျွန်ပရိုဖူမိုနှင့် လော(ဒ်)အက်စတာတို့ဖြစ်၏။ ဤတရားခံများအနက် အဓိကဇာတ်ပို့တရားခံတစ်ဦးဖြစ်သော ကိုယ်ဟန်ပြမယ် ခရစ္စတင်းကီလာအကြောင်း အနည်းငယ်ရေးသားဖော်ပြရမည်ဖြစ်၏။ သူပြောကိုယ်ပြော ရှေးသူဟောင်းတို့၏ အဆိုအမိန့်ဖြစ်သော မိန်းမဖျက်၍ ပြည်ကြီးပျက်ကိန်းကြုံသည် ဆိုသည်မှာ စာရွက်ပေါ်တွင်သာ ရှိခဲ့သည်မဟုတ်၊ အမှန်တကယ်ဖြစ်ခဲ့သည်ဟု ယခုဂန္တဝင်အမှုကြီးက သက်

www.burmeseclassic.com



သေပြခဲ့ပါသည်။ တရားလို တရားခံဆိုသူများကလည်း ဝန်ခံခဲ့ကြသဖြင့် ယခုဂဏ္ဍဝင်မှုခင်းကြီးမှာ စာရေးဆရာများစိတ်ကူးဉာဏ် ကွန့်မြူးရေးသားခဲ့သောဖြစ်ရပ်များထက် ဆန်းကြယ်လှပါသည်။ လူကြီးလူကောင်းဆိုသော ဗြိတိသျှအမျိုးသားများ၏ လိင်ဖောက်ပြန်မှုမှာ ဆန်းကြယ်သည်ကို ကမ္ဘာ့လူထုအလယ်သို့ ဖြည်ပြရသဖြင့် ရှက်ဖွယ်လိလိ ဖြစ်ခဲ့ရသည်သာမက နိုင်ငံရေးအခြေအနေရှုပ်ထွေးကာ ပျားရည်တစ်ခွက်ကြောင့် ပြည်ပျက်ကိန်းဆိုက်ခဲ့ရသည်။

ကိုယ်ဟန်ပြမယ် ခရစ္စတင်းကီလာ၏ဘဝမှာ အမှောင်ထဲက စခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ သူ သုံးလသမီးအရွယ်တွင် သူ့မိဘနှစ်ပါးမှာ အကြောင်းကြောင်းကြောင့် လမ်းခွဲခဲ့ကြ၏။ သုံးလသမီးအရွယ်တွင် ခရစ္စတင်းကီလာ၏မိခင်သည် နောက်အိမ်ထောင်ပြုခဲ့ပြန်သည်။ ဤသည်မှာပင် ခရစ္စတင်းကီလာအား သန်းခေါင်ထက်နက်သောအမှောင်အတွင်း ကျရောက်ခဲ့ရခြင်းဖြစ်၏။ ကျောင်းကောင်းကောင်းမနေခဲ့ရသည်သာမက ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းမှထွက်ခဲ့ရပြီး လမ်းပေါ်သို့ ရောက်ခဲ့ရသည်။ သူ့ဝမ်းသူကျောင်းရေးအတွက် ဘဝမျိုးစုံကျင်လည်ခဲ့ရ၏။ သူ့တွင် သာမန်မိန်းကလေးများထက် ထူးချွန်သောအရည်အချင်းရှိ၏။ ထိုအရည်အချင်းမှာ ဆန့်ကျင်ဘက်လိင်များအား စွဲလမ်းစေသာ သူ့အလှဖြစ်သည်။ ညှို့ခံမယ်ဘဝတွင် ခရစ္စတင်းကီလာသည် လူကြီးလူကောင်းဆိုသူ ကြောင်သူတော်များအကြောင်း ကောင်းကောင်းသိခွင့်ရခဲ့သည်။ လောကကြီးတွင် အထင်ကြီးစရာ လူကြီးလူကောင်းဆိုသူ ရှိကောင်းရှိပါမည်။ သို့သော် လက်ဆစ်ချိုး၍ ရေတွက်ရနိုင်မည်ဟု မှတ်ယူထားသည်။ သူ့ဘဝတွင် သူတို့ကိုယ်သူတို့ ဖေဖေကြီးဟု အခေါ်ခံပြီး သူ့အား သမီးဟု ခေါ်လေ့ရှိသော ဖွက်ထွက်သည့်တောင်ပို့ဟု ဆိုရမည့် လူကြီးလူကောင်းများလည်း တွေ့ရသည်။

သူ ဘဝပေါင်းစုံခဲ့ရာမှ ကိုယ်ဟန်ပြမယ်ဘဝ ရောက်လာခဲ့သည်။ ကပွဲရုံတွင် အမှတ်မထင် အရိုးကုဆရာဝန်ကြီး စတီဖင်ဝါ(ဒ်)နှင့် ဆုံရ၏။ စတီဖင်တွင် စွဲမက်စရာကောင်းသော မျက်လုံးပြာရှိပြီး မိန်းမတို့၏နှလုံးသားအား ဆွဲဆောင်နိုင်သော ပျော့ပြောင်းသည့်အသံသြဇာရှိသည်။ သူနှင့် တစ်ခါတွေ့ဖူးသည်နှင့် သူ့အပေါ်အား တပ်မက်စွဲမက်သည့် မိန်းမမျိုးများ ဒုနဲ့ဒေးရှိခဲ့၏။ ခရစ္စတင်းကီလာအဖို့ သူတစ်ခါတည်း စတီဖင်ကိုတွေ့ရုံနှင့် အဘယ့်ကြောင့် တမ်းတမ်းစွဲဖြစ်ရသည်ကိုမူ ပြောမပြနိုင်ခဲ့။ ထိုနေ့မှစ၍ ခရစ္စတင်းကီလာသည် ဒေါက်တာစတီဖင်ဝါ(ဒ်)နှင့် မကြာခဏ တွေ့ဆုံခဲ့ကြ၏။ သို့ဖြစ်ရာမှ သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် နားလည်သည့်မိတ်ဆွေများ ဖြစ်လာကြသည်။ ဒေါက်တာစတီဖင်က လွမ်းမောတသဖွယ် ခရစ္စတင်း၏ဘဝကို ကရုဏာသက်ဟန်ရှိသည်ဟု ခရစ္စတင်းက မှတ်ယူထား၏။

ဒေါက်တာစတီဖင်ဝါ(ဒ်)သည် ခရစ္စတင်းကီလာအား သူနှင့်ခင်မင်သော အခြားအမျိုးသားမိတ်ဆွေများနှင့် ဆက်သွယ်ပေးခဲ့၏။ ထိုအမျိုးသားမိတ်ဆွေများမှာ လန်ဒန်မြို့တော် လူဂုဏ်တန်လောကမှ နာမည်ကျော်ကြားလူသိများသူများ ဖြစ်ကြသည်။ ထိုအမျိုးသားမိတ်ဆွေများအနက် အထူးခြားဆုံးပုဂ္ဂိုလ်မှာ ဗြိတိသျှဘုရင်မကြီး၏ ကွန်ဆာဗေးတစ်အစိုးရအဖွဲ့ဝင် စစ်ဝန်ကြီး ပရိုဖျူမိုဆိုသူဖြစ်၏။ ပရိုဖျူမိုမှာ ထိပ်တန်းကွန်ဆာဗေးတစ်ပါတီဝင် ဖြစ်သည်သာမက ထိုကာလက ဝန်ကြီးချုပ်မက္ကမီလန်၏ လက်ရုံးဖြစ်၏။ စကားပြောကောင်းသူ ဆက်ဆံရေးသိမ်မွေ့သူဖြစ်ရာ အင်္ဂလန်နိုင်ငံ၏ နိုင်ငံရေးအကဲခတ်သူများကမူ အလားအလာကောင်းသော တက်သစ်စခေါင်းဆောင်တစ်ဦး၏ အရည်အချင်းပြည့်သူဟု မှတ်ယူထားကြသည်။ အင်္ဂလန်နိုင်ငံတွင် အတိုက်အခံအမတ်များနှင့် စကားအပြိုင်အဆိုင် ပြောသည့်နေရာများတွင် စစ်ဝန်ကြီးပရိုဖျူမိုမှာ အောင်မြင်ပေါက်ရောက်သူ ဖြစ်သည်ဟုလည်း အများကယူဆထားကြ၏။ ပရိုဖျူမိုမှာ ထိုကာလက အသက်လေးဆယ့်ခြောက်နှစ်သာရှိရာ ရှေ့အလားအလာကောင်းသူဖြစ်သည်ဟု အများကမြင်ကြသည်မှာ ဘာဆန်းသလဲဟု ဆိုရမည် ဖြစ်၏။ သူ့ဇနီးဖြစ်သူ ဗလာရီမှာလည်း ချောမောလှပသော သတင်းကြီးသည့် ရုပ်ရှင်မင်းသမီးတစ်ယောက်ဖြစ်သည်။ နာမည်ကျော်စာရေးဆရာကြီး ချားလ်ဒစ်ကင်၏ "The Great Expectation" မျှော်တလင့်လင့်ဝတ္ထုကြီးကို ရိုက်ကူးသော ရုပ်ရှင်ကားကြီးတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သည်ဖြစ်၏။ လူထုအများကမူ သူတို့



www.burmeseclassic.com

ဖနီးမောင်နှံသည် လိုက်ဖက်ညီသော ဖနီးမောင်နှံဟု မြင်ထားကြ၏။

စစ်ဝန်ကြီးပရိုဖူမိုနှင့် ကိုယ်ဟန်ပြမယ်ခရစ္စတင်းကီလာတို့ လျှို့ဝှက်စွာ တိတ်တိတ်ပုန်း တွေ့ဆုံနေကြသည်ကို သူ့ဇနီးဗလာရီကလည်းမသိ။ ပရိုဖူမိုကလည်း သူနှင့်ခရစ္စတင်းကီလာ လျှို့ဝှက်စွာတွေ့ဆုံရာတွင် ခရစ္စတင်းကီလာသည် မည်သည့်အခါမှ ဗြိတိသျှအစိုးရ၏ လျှို့ဝှက်ချက်များကို မေးခြင်းမပြုဟု နောင်အခါ တရားခွင်တွင် ထုတ်ဖော်ပြောခဲ့သည်။

ထိုကာလက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အမေရိကန်ပြည်ထောင်စုခေါင်းသော အနောက်ဥရောပအုပ်စုဝင်နိုင်ငံများနှင့် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ယနေ့ရုရှား)ခေါင်းဆောင်သော အရှေ့ဥရောပတိုက်နိုင်ငံများသည် စစ်အေးတိုက်ပွဲ ဖြစ်ပွားနေသည့်အချိန်ဖြစ်၏။ အမေရိကန်ပြည်ထောင်စုမှ စီအိုင်အေထောက်လှမ်းရေးအဖွဲ့၊ အင်္ဂလန်နိုင်ငံမှ အမှတ်(၆)အထူးထောက်လှမ်းရေးအဖွဲ့၊ ပြင်သစ်နိုင်ငံမှ နူဇင်ဗျူရိုခေါ် ထောက်လှမ်းရေးအဖွဲ့၊ အမှတ်(၂) ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ရုရှား)မှ ကေဂျီဘီထောက်လှမ်းရေးအဖွဲ့နှင့် အရှေ့ဥရောပနိုင်ငံများ(ဆိုဗီယက်)အုပ်စုဝင် နိုင်ငံများမှ အထူးထောက်လှမ်းရေးအဖွဲ့များသည် အပြိုင်အဆိုင် သူ့အနိုင်ကိုယ်အနိုင် ကြဲနေကြသည့်အချိန် ဖြစ်၏။

မိမိတို့နိုင်ငံအသီးသီးမှ နိုင်ငံအတွက် အထူးအရေးကြီးသော ပုဂ္ဂိုလ်များကို နည်းလမ်းအမျိုးမျိုးနှင့် စောင့်ကြည့်နေသည့်အချိန် ဖြစ်သည်။ ထိုအချိန်တွင် ဤဆောင်းပါးအထက်တစ်နေရာတွင် ဖော်ပြခဲ့သော အင်္ဂလန်ဘုရင်မကြီးအစိုးအရအဖွဲ့မှ စစ်ဝန်ကြီးပရိုဖူမိုသည် ကိုယ်ဟန်ပြမယ်ခရစ္စတင်းနှင့် တိတ်တဆိတ်တွဲနေသည်ဟု သတင်းရသဖြင့် ဗြိတိသျှအထူးထောက်လှမ်းရေးအဖွဲ့(၆)မှ စောင့်ကြည့်ခဲ့သည်။ ထို့အတူ လန်ဒန်မြို့ဖလိလမ်းရှိ သတင်းစာတိုက်ကြီးများမှ အထူးသတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များသည် ဗြိတိသျှဘုရင်မကြီး၏ အစိုးရအဖွဲ့မှ စစ်ဝန်ကြီးပရိုဖူမိုကို တိတ်တဆိတ်မျက်ခြည်မပြတ် စောင့်ကြည့်ကြသည်။ ပရိုဖူမိုကလည်း ပါးနပ်သည်။ လူထုထူတွင် ကိုယ်ဟန်ပြမယ်နှင့် တွဲထွက်မလာ။ သို့သော် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော လော့ဒ်အက်စတာ၏ စံအိမ်တွင် မကြာခဏတွေ့ဆုံကြသည်။ ထိုတွေ့ဆုံပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူမှာ အရိုးအထူးကုဆရာဝန်ကြီး စတီဖင်ဝါဒ်ဖြစ်၏။ ထိုအိမ်သို့ မကြာခဏ ဝင်ရောက်နေသော အခြားဧည့်သည်တစ်ယောက်မှာ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ရုရှား) သံရုံးမှ ဒုတိယစစ်သံမှူး အိုင်ဗင်နော့ဖြစ်၏။

အိုင်ဗင်နော့မှာလည်း ခရစ္စတင်းကီလာနှင့်အတူ တွဲနေသူဖြစ်သည်။ သူတို့နှစ်ယောက်သည် ဗြိတိသျှအစိုးရစစ်ဝန်ကြီးပရိုဖူမိုအလစ်တွင် တွေ့ကြခြင်းဖြစ်၏။ အိုင်ဗင်နော့ကလည်း ခရစ္စတင်းကီလာ၏အချစ်ကို ရအောင်ကြိုးစားသည်။ ဤဖြစ်ရပ်များကို စောင့်ကြည့်နေကြသော ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ အမှတ်(၆)မှ အဖွဲ့ဝင်များက ရိပ်မိလာသည်။ အထူးသဖြင့် အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာစတီဖင်ဝါ(ဒ်)သည် ခရစ္စတင်းကီလာအား ဗြိတိသျှစစ်ဝန်ကြီးပရိုဖူမိုထံမှ လျှို့ဝှက်သတင်းများကို နှိုက်ယူ၍ ဒေါက်တာဝါ(ဒ်)မှတစ်ဆင့် ဆိုဗီယက်သံရုံးမှ ဒုတိယစစ်သံမှူး အိုင်ဗင်နော့အား ပေးပို့နေသည်ဟု မှတ်ယူထားသည်။ ဤအရှုပ်တော်ပုံကြီး ဖြစ်နေသည့်အချိန်မှာ ကမ္ဘာ့နိုင်ငံရေးအခြေအနေများမှာလည်း တစ်နေ့တစ်ခြား တင်းမာလာသည်။ ထိုကာလက ဂျာမနီနိုင်ငံမှာ ဆိုဗီယက်အစိုးရသြဇာသက်ရောက်သော အရှေ့ဂျာမနီနိုင်ငံနှင့် နောက်အုပ်စုသြဇာခံ အနောက်ဂျာမနီနိုင်ငံတို့၏ ဆက်ဆံရေး တင်းမာလာသည်။ ဤသို့အတွင်း အနောက်ဂျာမနီနိုင်ငံသို့ ဗြိတိသျှအစိုးရသည် အနုမြူလျှို့ဝှက်ချက်များကိုပေးရန် စီစဉ်သည်ဟူသော ကောလာဟလသတင်းများလည်း ထွက်လာသည်။

စစ်ဝန်ကြီးပရိုဖူမိုသည် ဗြိတိသျှ အစိုးရ၏ ထိပ်တန်းလျှို့ဝှက်ချက်များ ကို ကိုယ်ဟန်ပြမယ်မှတစ်ဆင့် ဒေါက် တာဝါ(ဒ်)ထံ ပေးပို့သည်ဟူသော ကော တိုးသတင်းများ ထွက်လာသည်။ ထို သတင်းမှာ ဗြိတိသျှပါလီမန်အတွင်း ရိုက်ခတ်လာသည်။ ဒေါက်တာဝါ(ဒ်)နှ ခရစ္စတင်းကီလာတို့မွေ့ခဲ့သော မီးသည် သမိုင်းအစဉ်အလာကြီးမားခဲ့သော ဗြိ တိသျှပါလီမာန်သို့ ရိုက်ခတ်လာခဲ့သည် ဤဂယက်တွင် နာမည်ကျော် အရိုးအ ဆရာဝန်ကြီးစတီဖင်ဝါ(ဒ်)မှာ ဓားစာ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရသည်။ အမှိုက်ကစခဲ့သော မီးသည် တစ်ငွေ့ငွေ့လောင်လာခဲ့ပြီ ဖြစ်၏။ စစ်ဝန်ကြီးပရိုဖူမိုနှင့် ကိုယ်ဟန်ပြမယ်တို့ မော်တော်ကားနှင့် လော့ဒ်အက်စတာစ်အိမ်မှ ထွက်လာသည်။ ဓာတ်ပုံကို လျှို့ဝှက်စွာစောင့်ဆိုင်းနေသော ဓာတ်ပုံသတင်းထောက်တစ်ဦးက ရိုက်ယူခဲ့နိုင်ခဲ့သည်။ ထိုဓာတ်ပုံကို လန်ဒန်ထုတ် သတင်းစာကြီးများက ဖော်ပြခဲ့ရာမှ မိုးမီးလောင်ခဲ့တော့၏။

ဗြိတိသျှအစိုးရသည် ဓားစာခံအရိုးကုဆရာဝန်ကြီး စတီဖင်ဝါ(ဒ်)အား ပြည့်တန်ဆာများမွေးသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီး၍ တရားစွဲခဲ့တော့၏။ ထိုသတင်းမှာလည်း အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ထုတ်ဝေသော သတင်းစာများ၊ သတင်းမဂ္ဂဇင်းများ၊ အသံလွှင့်သတင်းထုတ်ပြန်ချက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြသည်။ စတီဖင်ဝါ(ဒ်)၏အမှုအား ရုံးတင်စစ်ဆေးသောအခါ လာရောက်နားထောင်သည့် ပရိသတ်မှာ ပွဲလမ်းသဘင်တမျှ စည်ကားလှသည်။ သတင်းသမားများ၊ အတင်းအဖျင်းရေးလိုကြသည့် စာရေးဆရာများအဖို့ ပွဲကြီးပွဲကောင်းဖြစ်၏။ အစိုးရသက်သေများအဖြစ် ပါဝင်အစစ်ဆေးခံရသူများမှာ လန်ဒန်မြို့မှ ကိုယ်ဟန်ပြမယ်များ၊ အပြာမယ်များဖြစ်ကြရာ ဒေါက်တာစတီဖင်ဝါ(ဒ်)မှာ တစ်ဖက်တစ်လမ်းမှ မကောင်းမှုနှင့် အသက်မွေးသည်ဟု စွပ်စွဲကြ၏။

အကယ်၍ ဒေါက်တာစတီဖင်ဝါဒ်အား ရုံးတော်က အပြစ်ရှိသည်ဟု ဆုံးဖြတ်လျှင် ထောင်ဒဏ်(၂၅)နှစ်ခံရမည်ဖြစ်၏။ သူ့အသက်အရွယ်တွင်(၂၅)နှစ်ထောင်ဒဏ်ကျခံရမည်ဆိုလျှင် သူအသက်အရွယ်ကြီးမှ ထောင်မှထွက်ရမည်ဖြစ်သည်။ အမှန်အားဖြင့် ဒေါက်တာဝါ(ဒ်)မှာ အင်္ဂလန်နိုင်ငံ၏ ဂုဏ်ကြီးရှင်မျက်နှာကြီးလောကကို ပျော်တော်ဆက်ခဲ့ရသူ ဖြစ်၏။ ဤလောကမှ ပုဂ္ဂိုလ်အများသည် သူဒုက္ခတွေ့သောအခါ သူ့ကို ကယ်တင်ပေးလိမ့်မည်ဟု မျှော်လင့်ထား၏။ သို့သော် သူမျှော်လင့်ထားသလို ဖြစ်မလာ။ သူ့အား ဖေးမမည့်လူမရှိ။ သို့ဖြစ်၍ သူ့အား စီရင်ချက်ချမည့် နောက်ဆုံးနေ့တွင် အိပ်ဆေးအလွန်အကျွံသောက်၍ အဆုံးစီရင်သွားခဲ့သည်။

ဤသို့ အမှုအခင်းကြီးဖြစ်ပွားနေစဉ် လန်ဒန်မြို့ ဆိုဗီယက်သံရုံးမှ ဒုတိယစစ်သံမှူး အိုင်ဗင်နော့သည် ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ(ရုရှား) မော်စကိုသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့တော့၏။ ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီမှ ထုတ်ပယ်၍ စိတ်ရောဂါကုဆေးရုံသို့ ပို့လိုက်သည်ဟူသော သတင်းများလည်း ထွက်လာ၏။

ခရစ္စတင်းကီလာ၏ အရှုပ်တော်ပုံသည် ဒေါက်တာစတီဖင်ဝါ(ဒ်)သေဆုံးခြင်း၊ အိုင်ဗင်နော့ အင်္ဂလန်မှထွက်ပြေးတိမ်းရှောင်သွားခြင်း၊ ဗြိတိသျှဘုရင်မကြီး၏ အစိုးရဝန်ကြီးရာထူးမှ နုတ်ထွက်သွားခြင်း၊ ကွန်ဆာဗေးတစ်၏ ခေါင်းဆောင်မှုအပြောင်းအလဲ ဖြစ်ခြင်း၊ ဗြိတိသျှဘုရင်မကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် မက်ကမီလန် ရာထူးမှနုတ်ထွက်သွားရခြင်းတို့ဖြင့် နိဂုံးချုပ်မသွားခဲ့။ ထိုအမှုအခင်းကြီး၏ ရိုက်ခတ်မှုဂယက်သည်အရှိန်မသေခဲ့။ ခရစ္စတင်းကီလာ၏ဘဝဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကူးမည်ဟူသော သတင်းများလည်း ထွက်ပေါ်လာသည်။

သတင်းစာကြီးအချို့ကလည်း ခရစ္စတင်းကီလာနှင့် တွေ့ဆုံမေးမြန်းခန်း သတင်းဆောင်းပါးရှည်ကြီးကို ထည့်သွင်းဖော်ပြခဲ့ပြီး ဗြိတိသျှအစိုးရသည် တရားသူကြီးလော့ဒင်နင်အား ပရိုဖူမိုအစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ရသည့်အရေးအခင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးပြီး အစီအရင်ခံစာတင်ပြရန် တာဝန်ပေးခဲ့သည်။ တရားသူကြီးလော့ဒင်နင်ကလည်း စနစ်တကျ စုံစမ်းလေ့လာမှုများပြုကာ စာလုံးရေ(၆၀၀၀၀)ရှိသော အစီရင်ခံစာ ရေးသားပြုစု၍ တင်သွင်းခဲ့သည်။ ထိုအစီအရင်ခံစာအား စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရသည်ဟု ဆိုကြပါကြောင်း။


လှမိုး(ပညာရေး)

ကျမ်းကိုး – Scandal !

By - Colin Wilson.



www.burmeseclassic.com



www.burmeseclassic.com


အခန်း(၁)

ပေးထားသောခေါင်းစဉ် (Title) ကို ရှင်းပြချင်ပါသည်။ ပါးနပ်ခြင်းမှာ အရိပ်အခြေသိမြင်လွယ်ခြင်း၊ လည်လည်ပတ်ပတ်ရှိခြင်းပင်ဖြစ်ပါသည်။ တရားလိုဆိုသည်မှာ တရားစွဲဆိုသူ တစ်နည်း အမှုတိုင်ကြားသူဖြစ်ပါသည်။ Community Policing မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သုံးနှုန်းသောစကားစုဖြစ်ပါသည်၊ ဆိုလိုရင်းမှာ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ဟု ညွှန်းပြုပါသည်။ ပါးနပ်သောတရားလိုနှင့် ပြည်သူလူထုပူးပေါင်းပါဝင်သောရဲလုပ်ငန်းစနစ်ကြောင့် ပြစ်မှုကျူးလွန်သူ (တရားခံ)ကို ဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် ယခုရေးသီမည့် ဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းကို အထက်ပါခေါင်းစဉ် (Title) ဖြင့် ဖွင့်ဆိုရပါသည်။

ဖွင့်ဆိုထားသော ခေါင်းစဉ်တွင် အားသာချက်များရှိပါသည်။ တရားလို အနေဖြင့် အခင်းမဖြစ်မီကသာ မိမိနေထိုင်ရာအဆောက်အဦးအတွက် (SAFETY FIRST) (လုံခြုံမှုသည် အဓိက) ဟု သိမြင်တွေးတောသင့်သည်။ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်မှုတွင် ရောဂါဖြစ်မှ ဆေးကုသခြင်းထက် ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းက ပို၍ ထိရောက်ပါသည်။ ကာကွယ်ခြင်းကိုမပြုဘဲ ရောဂါဖြစ်မှ ဆေးကုသရလျှင် ဝေဒနာခံစားရသူအတွက် အချိန်ကုန်လူပန်း၍ ငွေကုန်ကြေးကျဖြစ်မည်။ ရောဂါပျောက်လျှင် တော်သေး၏။ ရောဂါမပျောက်လျှင် အသက်ဆုံးရှုံးသည်အထိ ဒုက္ခဖြစ်တတ်သည်။

မြန်မာစကားတွင် 'လွယ်လျှင် သူကြွယ်ပင် လက်ဆော့တတ်သည်' ဟု ဆိုပါသည်။ ထို့ကြောင့် မိမိဥစ္စာပစ္စည်းမဆုံးရှုံးမနစ်နာစေရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစေချင်သည်။ ယခုအမှုတွင် တရားလို၏ သတိလက်လွတ်မှုကြောင့် ဆုံးရှုံးမှုအနည်းအများရှိပါသည်။ ဤအမှုတွင် တရားလို၏ အကင်းပါးမှုကို သိရှိနိုင်သလို၊ တရားလို၏ အားနည်းချက်နှင့် သတိလက်လွတ်ဖြစ်မှုတို့ကို သိမြင်ကြပါမည်။ မည်သည့်နေရာတွင် တရားလိုဘက်မှအားနည်းခဲ့သည်။ သတိမချပ်မိသည်တို့ကို သင်ခန်းစာယူ၍ သတိရှိစေရန် ထောက်ရှုပြပါမည်။ ဖြစ်ပြီး ပျက်ပြီးမှ အကောင်းပကတိဖြစ်မလာသလို ယခုအမှုတွင်လည်း အရှုံးထဲကအမြတ်၊ အဆိုးထဲမှ အကောင်းဟူ၍သာ ဆိုလိုက်ရပါတော့သည်။

အခန်း(၂)

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ပန်းခင်း(၁)လမ်းတွင် ရွှေစင်ထက် ရွှေပန်းထိမ်နှင့် ရတနာရွှေဆိုင်ရှိသည်။ ရွှေဆိုင်ပိုင်ရှင်မှာ ဦးဝင်းတင့်နှင့် ဒေါ်ခင်ခင်ထွေးတို့ဖြစ်သည်။ အဆောက်အဦးမှာ နှစ်ထပ်တိုက်ဖြစ်၍ အောက်ထပ်လက်ယာဘက်တွင် ရွှေဆိုင်နှင့်လက်ဝဲဘက်တွင် ဆိုင်ကယ်အသုံးအဆောင်အပိုပစ္စည်းအရောင်းဆိုင်ဖွင့်

**မိမိ၏ပေါ့ဆမှုကြောင့်**
**ကာယကံရှင်ကိုဖြစ်စေ၊**
**တခြားတစ်ဦး**
**တစ်ယောက်ကိုဖြစ်စေ**
**ထိခိုက်နစ်နာဆုံးရှုံးမှုများ**
**မဖြစ်စေလိုပါ။**
**ဆိုခဲ့ပြီးသည့်အတိုင်း**
**လွယ်လျှင်**
**သူကြွယ်ပင်**
**လက်ဆော့တတ်သည်မို့**
**အခက်အခဲ**
**အတားအဆီးများ**
**ထားရှိစေချင်ပါသည်**
**...**


www.burmeseclassic.com

www.burmeseclassic.com


ထားသည်။ အပေါ်ထပ်တွင် မိသားစု ဧည့်ခန်းနှင့် အိပ်ခန်းများ ရှိသည်။ အပေါ်ထပ်မျက်နှာစာတွင် စတီးသံပန်းဖြင့် ဝရံတာရှိသည်။ ထိုဝရံတာကို ဝင်ထွက်ရန် တံခါးမကြီးတစ်ပေါက်နှင့် ပြတင်းပေါက်များပါရှိသည်။ ထိုတံခါးပေါက်များမှာ မှန်တံခါးများဖြစ်သည်။ အပေါ်ထပ်သို့တက်လျှင် နေအိမ်အောက်ထပ် အတွင်းလှေခါးမှတက်ရသည်။ နေအိမ်အောက်ထပ်ရွှေဆိုင်နှင့် စတိုးဆိုင်တို့ကို အတွင်းမှသစ်သားတံခါးနှင့် သံဘာဂျာတံခါးနှစ်ဆင့်ရှိသည်။ နေအိမ်ရှေ့ ရွှေဆိုင်ဘက်ခြမ်းအမိုးတံစက်မြိတ်စပ်တွင် သံပိုက်လုံးများဖြင့် ခိုင်ခန့်သောနှစ်ယောက်စီးဒါန်းစင်တစ်ခုရှိသည်။ ထိုဒါန်းစင်သည် နေအိမ်အောက်ထပ်သွပ်မိုးတံစက်မြိတ်သို့ ထိလုနီးပါးရှိသည်။ ဤသည်မှာ ရွှေစင်ထက်ရတနာရွှေဆိုင်၏ မြင်ကွင်းပင်ဖြစ်ပါသည်။

တစ်နေ့ ၁၈-၈-၂၀၁၃ မနက်ပိုင်းတွင်ဖြစ်သည်။ ဒေါ်ခင်ခင်ထွေးသည် အိပ်ရာမှထပြီး အိပ်ခန်းမှအထွက်တွင် အပေါ်ထပ်ဝရံတာသို့ထွက်သော တံခါးမကြီးမှာ ပွင့်ဟနေသည်ကို တွေ့သည်။ ယမန်နေ့ညက သေချာစွာပိတ်ထားပါလျက် တံခါးမကြီးပွင့်နေခြင်းကိုတွေ့၍ ဝရံတာတွင် အိမ်သားတစ်ဦးတစ်ယောက် ရှိ/မရှိ သွားကြည့်သည်။ မည်သူကိုမျှမတွေ့။ တံခါးမကြီး၏ သစ်သားဘောင်တွင်လည်း ပွန်းပဲ့ရာများတွေ့၏။ ထို့ကြောင့် ဒေါ်ခင်ခင်ထွေးမှာ အိမ်အပေါ်ထပ်မှ အောက်ထပ်ရွှေဆိုင်ကောင်တာသို့ ဆင်းလာသည်။ ရွှေဆိုင်ကောင်တာအံဆွဲမှာလည်း ပျက်စီးနေပြီး အံဆွဲအတွင်းထားရှိသော အပေါင်ခံရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေသည်ကို တွေ့သည်။ မိသားစုနှင့်အတူ ပျောက်ဆုံးသောရွှေထည်ပစ္စည်းများကို စစ်ဆေးကြည့်ရာ အပေါင်ခံထားသော လက်ဝတ်ရတနာရွှေထည်ပစ္စည်း ကာလတန်ဖိုး ကျပ်သိန်း ၃၁၀ ကျော်ဖြစ်သည်။ ထို့ကြောင့် ဒေါ်ခင်ခင်ထွေးမှ ပျဉ်းမနားရဲစခန်းသို့ အကြောင်းကြားခဲ့ပါသည်။

အခင်းဖြစ်ပွားရာသို့ ပျဉ်းမနား၊ မြို့မရဲစခန်းမှ တာဝန်ရှိသူများ ရောက်ရှိခဲ့သည်။ အခင်းဖြစ်နေအိမ်၏ ရှေ့မှ မြင်တွေ့ရသော အနေအထားမှာ အထက်တွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။ အိမ်အောက်ထပ်ရှိ ရွှေဆိုင်ကောင်တာသို့ဝင်ကြည့်ရာ ကောင်တာအံဆွဲများပျက်စီးနေသည်။ ထိုမှတဆင့် အပေါ်ထပ်သို့တက်ကြည့်သည်။ အပေါ်ထပ်ဝရံတာသို့ထွက်သော တံခါးမကြီးမှာ ပွင့်ဟနေသည်ကိုတွေ့သည်။ တံခါးမကြီး၏ သစ်သားဘောင်တွင်လည်း ဒဏ်ရာများတွေ့သည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူသည် ဝရံတာမှ တံခါးမကြီးကို ကလန့်၍ ဝင်လာခြင်းဖြစ်မည်။ အပေါ်ထပ် အိမ်ရှေ့ဝရံတာမှ ပြစ်မှုကျူးလွန်သူလာရာလမ်းကြောင်းကို ကြည့်ရှုသုံးသပ်ကြည့်သည်။ အိမ်အောက်ထပ် သွပ်မိုး၏ တံစက်မြိတ်အောက်တွင် သံပိုက်လုံးဖြင့် ခိုင်ခန့်သောဒါန်းကို တွေ့သည်။ ထိုဒါန်း၏ ပိုက်လုံးတန်းများမှ အောက်ထပ်ခေါင်မိုးပေါ်သို့ အခက်အခဲမရှိ လွယ်လင့်တကူ တက်၍ရသည်။ ထိုခေါင်မိုးပေါ်မှ ဝရံတာသို့ အသာအယာပင် ကျော်တက်နိုင်သည်။ ဝရံတာပေါ်ရောက်သည့်အခါ အဝင်အထွက်တံခါးမကြီးကို မာကြောသောအရာဖြင့် ကလန့်၍ အပေါ်ထပ်သို့ဝင်နိုင်သည်။ အပေါ်ထပ်မှတဆင့် အတွင်းလှေခါးအတိုင်း အောက်ထပ်သို့ဆင်း၍ ရွှေကောင်တာအံဆွဲကိုဖျက်ကာ လက်ဝတ်ပစ္စည်းများ ရယူသွားခြင်းဖြစ်နိုင်သည်။

နေအိမ်အောက်ထပ်မှာ တံခါးနှစ်ထပ်ဖြစ်၍ ခိုင်လုံစွာရှိသည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူသည် လွယ်ကူစွာဝင်၍ရရှိခဲ့သော လာရာလမ်းမှ ပြန်ထွက်ခွာသွားဖွယ်ရှိသည်။ ဤနေရာတွင် နေအိမ်အောက်ထပ်တံစက်မြိတ်အောက်၌ ဒါန်းစင်သာမရှိခဲ့ပါလျှင် အောက်ထပ်သွပ်မိုးပေါ်သို့တက်ရောက်ရန် မလွယ်ကူပါ။ ပြစ်မှုကျူးလွန်သူကို ဝရံတာသို့ တွန်းတင်ပို့ဆောင်ပေးသော အထောက်အကူပစ္စည်းမှာ ခိုင်ခန့်သော သံပိုက်လုံးဒါန်းပင်ဖြစ်သည်။ ထို့ပြင် ဝရံတာတံခါးမကြီးနှင့် ပြတင်းတံခါးတို့တွင် သစ်သားဘောင်နှင့် မှန်တံခါးတို့၏ အတွင်းဘက်၌ ခိုင်ခန့်သောသံပန်းသံတံခါးအလျင်းမရှိ။ ပြတင်း၌ အကာအရံ သံပန်းနှင့်တံခါးမကြီး၌ သော့ခတ်ထားသော သံပန်းသံတံခါးရှိခဲ့ပါလျှင် ပြစ်မှုကျူးလွန်သူသည် အတွင်းသို့ မဝင်နိုင်ဘဲ လာရာလမ်းမှ ပြန်လှည့်သွားဖွယ်ရှိပါသည်။

ယခုမှ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ကို သတိလက်လွတ်ဖြစ်ခဲ့မှုကြောင့် နစ်နာဆုံးရှုံးသူမှာ ကာယကံရှင်ပင်ဖြစ်ပါသည်။ ဤကဲ့သို့သော ဖြစ်စဉ်မျိုးကို သတိချပ်စေလို၍ ဖွင့်ဆိုပြ

www.burmeseclassic.com




သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ အခိုးခံရသည့် ရွှေဆိုင်နှင့် သူခိုးတက်ရာလမ်းကြောင်းအား ပြသထားစဉ်

ခြင်းဖြစ်ပါသည်။ မိမိ၏ပေါ့ဆမှုကြောင့် ကာယကံရှင်ကိုဖြစ်စေ၊ တခြားတစ်ဦးတစ်ယောက်ကိုဖြစ်စေ ထိခိုက်နစ်နာဆုံးရှုံးမှုများမဖြစ်စေလိုပါ။ ဆိုခဲ့ပြီးသည့်အတိုင်း လွယ်လျှင် သူကြွယ်ပင်လက်ဆော့တတ်သည်မို့ အခက်အခဲအတားအဆီးများ ထားရှိစေချင်ပါသည်။

ရွှေစင်ထက်ရတနာရွှေဆိုင်မှ လက်ဝတ်ပစ္စည်းများ ပျောက်ဆုံးခိုးယူခံရမှုကို ပျဉ်းမနားမြို့မရဲစခန်း(ပ)၄၉၇/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်စုံစမ်းခဲ့ပါသည်။

အခန်း(၃)

ရွှေစင်ထက်ရတနာရွှေဆိုင်မှ ရွှေထည်ပစ္စည်းများခိုးယူခံရပြီးနောက် ၃ လခန့်အကြာတွင်ဖြစ်သည်။ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း(၁)ရပ်ကွက်တွင် စတိုးဆိုင်တစ်ခုရှိသည်။ ထိုစတိုးဆိုင်ပိုင်ရှင်မှာ ဦးကျင်လှဖြစ်သည်။ တစ်နေ့ ၁၀-၁၁-၂၀၁၃ မနက်ပိုင်းတွင် ဦးကျင်လှသည် အိပ်ရာမှထစဉ် နေအိမ်ခြေရင်းဘက် ပြတင်းပေါက်တစ်ပေါက်မှာ ပွင့်ဟနေသည်ကို တွေ့သည်။ အဆိုပါ ပြတင်းသို့သွားကြည့်ရာ တံခါးကျည်းဘောင်နှင့်တံခါးရွက်ကသစ်သားတို့မှာ ပွန်းပဲ့ရာများကို တွေ့သည်။ နေအိမ်တံခါးမကြီးကိုဖွင့်၍ စတိုးဆိုင်အား ကြည့်ရှုရာ စတိုးဆိုင်တံခါးမကြီးမှာလည်း ပွန်းမဲ့၍ ပွင့်ဟနေသည်ကို တွေ့သည်။ ဖြစ်စဉ်ကိုကြည့်၍ ဦးကျင်လှက ယမန်နေ့ညက သူခိုးဝင်လေပြီဟု ယုံကြည်မိသည်။ ထို့ကြောင့် ဦးကျင်လှကိုယ်တိုင် နေအိမ်နှင့်စတိုးဆိုင်ရှိ ပစ္စည်းများကို စစ်ဆေးကြည့်သည်။

နေအိမ်အတွင်းရှိ ရှီးကော့စ်အံဆွဲအတွင်းမှ ရွှေနားကပ်နစ်ရံ၊ ညည့်ခန်းစားပွဲတွင်တင်ထားသော ဆင်းကတ်ပါအိုင်ဖုန်းတစ်လုံး၊ ဆင်းကတ်မပါဟာဝေးဖုန်းတစ်လုံးနှင့် ဆွစ်ဇာလန်နိုင်ငံလုပ် ကျားဝတ်လက်ပတ်နာရီတစ်လုံးတို့ ပျောက်ဆုံးနေသည်။ ပျောက်ဆုံးနေသောပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၁၁ သိန်းကျော်ခန့်ဖြစ်သည်။ ထို့ကြောင့် ဦးကျင်လှက အခင်းဖြစ်ပွားမှုကို ပျဉ်းမနားမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ပါသည်။

ရဲစခန်းမှတာဝန်ရှိသူများ ရောက်ရှိလာသည်။ ဦးကျင်လှကိုယ်တိုင် ဦး

www.burmeseclassic.com


ဆောင်၍ ဖြစ်စဉ်နှင့်တွေ့ရှိချက်ကို ရဲအရာရှိများအား ရှင်းပြသည်။ ဦးကျင်လှ၏ စတိုးဆိုင်အဝင် သစ်သားတံခါးနှင့် အိမ်အနောက်ဘက် ပြတင်းတံခါးတို့၏ ဖွင့်စည်းပုံကလည်း ရွှေစင်ထက်ရတနာရွှေဆိုင်အပေါ်ထပ်ကဲ့သို့ သံပန်းသံတံခါးမရှိ။ ကျူးလွန်ပုံကျူးလွန်နည်းကလည်း ရွှေဆိုင်ကဲ့သို့ ထပ်တူကျသည်။ ဒါကိုကြည့်လျှင် ရွှေဆိုင်ကို ခိုးယူသူနှင့် စတိုးဆိုင်ကို ခိုးယူသူတို့မှာ တစ်ဦးတစ်ယောက်တည်း ဖြစ်နိုင်ခြေရှိသည်။ ဦးကျင်လှ၏အမှုကို ပျဉ်းမနားမြို့မရဲစခန်း (ပ)၇၃၆/၂၀၁၃ ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်စုံစမ်းခဲ့ပါသည်။

အမှုမှ တရားလိုဦးကျင်လှ၏ စတိုးဆိုင်မှ ပစ္စည်းခိုးယူခံရပြီး ၁၀ ရက်ခန့်အကြာ ၁၉-၁၁-၂၀၁၃ တွင်ဖြစ်ပါသည်။ ထိုနေ့ ညနေ ၆ နာရီခွဲခန့်တွင် ဦးကျင်လှ၏ ခိုးယူခံရသော လက်ကိုင်ဖုန်း အမှတ် ၀၉ ၅၁၇ ... သို့ တယ်လီဖုန်းဝင်လာပါသည်။ လက်ကိုင်ဖုန်း၏ ဖန်သားမျက်နှာပြင်ပေါ်တွင် ဦးကျင်လှမသိသော မရင်းနှီးသော ဖုန်းနံပါတ်ကို မြင်တွေ့နေရသည်။ သို့သော် ဖုန်းခေါ်သူကိုလေးစားသောအားဖြင့် ဦးကျင်လှက ဖုန်းကိုဖွင့်၍ တစ်ဘက်ဖုန်းခေါ်သူကို အကြောင်းပြန်သည်။ ထိုအခါ တစ်ဖက်ဖုန်းခေါ်သူက ..

"ကျော်နိုင်လား .. ဟိုတစ်နေ့က အဲဒီဖုန်းနံပါတ်နဲ့ ကျွန်တော့်ဆီ ဖုန်းခေါ်ထားလို့ပါ"

ဟု ပြောဆိုပါသည်။ တစ်ဘက်ဖုန်းခေါ်သူ၏ စကားသံကြောင့် ဦးကျင်လှစဉ်းစားရခြေပြီ။ ယခု ဦးကျင်လှကိုင်တွယ်ပြောဆိုနေသော ၀၉ ၅၁၇ ... ဖုန်းသည် လွန်ခဲ့သော ၁၀ ရက်ခန့်က ခိုးယူခံခဲ့ရသော ဆင်းကတ်ပါ အိုင်ဖုန်းဖြစ်သည်။ ထိုဖုန်းကို အခင်းဖြစ်ပြီး ၁၀ ရက်ခန့်အကြာ ဆင်းကတ်အပျောက်အားပိတ်၍ ဆင်းကတ်အသစ်ကို လျှောက်ထားခဲ့သည်။

ယနေ့ ၁၉-၁၁-၂၀၁၃ မနက်ပိုင်းတွင် ဆင်းကတ်အသစ်ဖြင့် မူရင်းဖုန်းနံပါတ် ၀၉ ၅၁၇ ... ကို ဆက်သွယ်ရေးမှ ဖွင့်လှစ်ပေးခဲ့သည်။ တစ်ဖက်လူ၏ ပြောစကားအရ တစ်နေ့က မိမိ၏ ဖုန်းနံပါတ်ဖြင့် ကျော်နိုင်ဆိုသူမှ ဖုန်းခေါ်ကြောင်းဆိုလာသည်။ ထိုသူပြောသည့်နေ့က ဦးကျင်လှမှာ ဆင်းကတ်အသစ်မလျှောက်ရသေးပါ။ ဒါကိုကြည့်လျှင် ကျော်နိုင်သူဆိုသူမှာ မိမိခိုးယူခံခဲ့ရသော ၀၉ ၅၁၇ ... ဖုန်းဖြင့် ဆင်းကတ်မပိတ်မီ ထိုသူကို ဆက်သွယ်ခြင်းဖြစ်မည်။ ဒါဖြင့် ကျော်နိုင်ဆိုတာ ဘယ်သူလဲ၊ ယခုဖုန်းဆက်သူမှာ ဘယ်သူလဲဟု အတွေးများ ရုတ်ချည်းပေါ်လာခဲ့သူ ဦးကျင်လှက ..

"ဩော် .. ကျော်နိုင် အပြင်ခဏသွားတယ်ဗျ။ ဖုန်းက ကျွန်တော့်ဆီမှာ ထားသွားလို့ပါ။ ပြန်လာရင် ဘယ်သူဆက်တယ်လို့ ပြောပေးရမလဲ"

ဟု ပါးနပ်သော တရားလိုက ဤသို့ သွေးတိုးစမ်းလိုက်ပါသည်။ တစ်ဘက်လူ ခေါ်ဆိုသော ဖုန်းနံပါတ်က ဦးကျင်လှဖုန်း၏ Call Logo ရှိ Received Calls တွင် အချိန်နှင့်တကွ မှတ်တမ်းတင်ရှိပြီးဖြစ်သည်။ သို့သော် ဖုန်းခေါ်သူမှာ မည်သည့်အရပ်က မည်သူဖြစ်ကြောင်းနှင့် လိုအပ်ပါက မိမိအမှုအတွက် အထောက်အကူဖြစ်ရန် ဦးကျင်လှက အထက်ပါစကားဖြင့် မေးမြန်းပါသည်။ ထိုအခါ တစ်ဘက်လူက ..

"ကျွန်တော် မိတ္ထီလာက ဦးသိန်းထွန်းပါ။ ကျော်နိုင် ကျွန်တော့်ဆီ လာမယ်ဆိုပြီး မလာလို့ ဖုန်းဆက်ကြည့်တာပါ"

အမည်နှင့်မြို့က ဟုတ်ပါပြီ။ မိတ္ထီလာမြို့ဆိုတာက အကျယ်ကြီး။ ဦးသိန်းထွန်းဆိုသော အမည်နာမကလည်း မြောက်များစွာရှိကြပါမည်။ ရေရာသေချာဖို့အတွက် ပါးနပ်သော တရားလို ဦးကျင်လှက ..

"ကျွန်တော်လည်း မိတ္ထီလာသားပါ။ ဦးသိန်းထွန်းက ဘယ်အရပ်ထဲကလဲ"

"ကျွန်တော် မကျီးစုရွာကပါ"

မိတ္ထီလာမြို့ မကျီးစုရွာမှ ဦးသိန်းထွန်းဟု ဦးကျင်လှ ခေါင်းထဲရိုက်ထည့်ထားလိုက်ပါသည်။ ထို့နောက် ဦးကျင်လှ၏ နောက်ဆုံးစကားက ..

"ဟုတ်ကဲ့ .. ကျော်နိုင်လာရင် ကျွန်တော် ပြောပြလိုက်ပါ့မယ်"

## အခန်း(၄)

"ဟုတ်ကဲ့ .. ပြောပါခင်ဗျ"

ဦးကျင်လှလည်း ချက်ချင်းဆိုသလို ပျဉ်းမနားရဲစခန်းသို့ ပြေး၏။ ရဲစခန်းတွင် အမှုစစ်အရာရှိ(အိုင်အို)ဖြစ်သူနှင့်တွေ့သည်။ မိမိဖုန်းသို့ ဆက်သွယ်လာသော ဦးသိန်းထွန်းနှင့် ကျော်နိုင်ဆိုသူ၏ အကြောင်းကို ရှင်းပြသည်။ မိမိကလည်း တစ်ဖက်မှ ဖုန်းဆက်လာ

www.burmeseclassic.com



ကို အကြောင်းပြန်သည့်စကားကို
ည်း ပြည့်စုံစွာရှင်းပြသည်။ တစ်ဖက်
ဦးသိန်းထွန်းဆိုသူ ဆက်သွယ်သည့်
၉ ၅၁၃ ... ဖုန်းနံပါတ်ကိုလည်း မိမိ
က်ကိုင်ဖုန်းမှ ဖွင့်ပြသည်။

ဦးကျင်လှ၏ စကားကို အိုင်အို
သူမှ အထပ်ထပ်အခါခါ စဉ်းစား
သပ်ကြည့်သည်။ ကျော်ခိုင်ဆိုသူမှာ
ကျင်လှ၏ လက်ကိုင်ဖုန်းကို ခိုးယူ
သွားသူဖြစ်ခြေမည်။ ထိုဖုန်း၏ ဆင်း
တ်ကို မပိတ်သိမ်းမီက ကျော်ခိုင်
ည် ခိုးယူသွားသော ဖုန်းကို ပေးထား
သော သင်္ကေတများဖြင့် နံပါတ်ဖော်၍ အသုံးပြုနေမည်။ ဖော်ထုတ်ရရှိခဲ့သော ဦးကျင်လှ၏ ဖုန်းနံပါတ် ၀၉ ၅၁၇ ... ကို ခင်မင်ရင်းနှီးသူများအား အသိပေးထားဖွယ်ရှိသည်။ ဆင်းကတ်အသစ် ရိုက်ထည့်ပြီးနောက် ဦးသိန်းထွန်းက ကျော်ခိုင်ပေးသော ဖုန်းနံပါတ်ကို ဆက်သွယ်ရာ မူလဖုန်းပိုင်ရှင်တရားလိုဦးကျင်လှနှင့် တည့်တည့်တိုးမိခြင်းဖြစ်သည်။ မည်သို့ရှိစေ ကျော်ခိုင်သည် ဦးကျင်လှ၏ ခိုးယူခံရသောဖုန်းနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသည်။

ဒါကို အဖြေသိဖို့က ဖုန်းဆက်လာသူ ဦးသိန်းထွန်းအပေါ် အခြေပြုသည်။ ထို့ကြောင့် အိုင်အိုဖြစ်သူက ဦးသိန်းထွန်းဆက်သွယ်သော ၀၉ ၅၁၃ .. ဖုန်းကို ခေါ်ကြည့်သည်။ တစ်ဘက်မှ ဖုန်းကိုင်သူက အထက်ပါ စကားဖြင့် အကြောင်းပြန်သည်။ အသံရှင်မှာ အမျိုးသားဖြစ်၍ ဖုန်းခေါ်သူ အမှုစစ်အရာရှိ(အိုင်အို)က ..

"ဦးသိန်းထွန်းလားဗျ"

"မဟုတ်ပါဘူး .. ကျွန်တော် ဦးသန်းဌေးပါ"

"ဪ .. ဦးသိန်းထွန်းက အဲဒီ ဖုန်းနံပါတ်နဲ့ ကျွန်တော့်ဆီ ခေါ်ထားလို့ပါ။ ကျွန်တော် သူနဲ့ပြောချင်ပါတယ်"

"ညနေကတော့ ကျွန်တော့်ဖုန်းနဲ့ သူ့အပြင်ကို ဖုန်းခေါ်ပါတယ်။ အခု သူ မကျီးစုကို ပြန်သွားပြီဗျ"


"ဦးသန်းဌေးဖုန်းက မကျီးစုက မဟုတ်ဘူးလား"

"မဟုတ်ပါဘူး။ မိတ္ထီလာပြည် သာယာရပ်ထဲကပါ"

"ဦးသိန်းထွန်းကို ဆက်သွယ်လို့ရမယ့် ဖုန်းမရှိဘူးလား"

"ကိုသိန်းထွန်းမှာ ဖုန်းမရှိဘူးဗျ။ သူ့ကိုဆက်သွယ်နိုင်တဲ့ဖုန်းလည်း ကျွန်တော်မသိဘူး။ ကိုသိန်းထွန်းနဲ့တွေ့ရင် ဘယ်သူဆက်တယ်လို့ ပြောပေး ရမလဲ"

"ကျော်ခိုင်ရဲ့သူငယ်ချင်း မောင်နိုင်ဆက်တယ်လို့ ပြောပေးပါ"



မိတ္ထီလာမြို့၊ မကျီးစုရွာမှ ဦးသိန်းထွန်းက ပြည်သာယာရပ်နေ ဦးသန်း ဌေးဖုန်း ၀၉ ၅၁၃ .. ဖြင့် ပျဉ်းမနားမြို့ ဦးကျင်လှဖုန်း ၀၉ ၅၁၇ .. သို့ ကျော်ခိုင်ဆိုသူအကြောင်း ဆက်သွယ်ပြောဆိုမှုများကတယ်လီဖုန်းနှစ်လုံး၏ ခေါ်ဆိုလက်ခံထားရှိမှု Received Calls တွင် မှတ်တမ်းတင်ရှိနေပါသည်။



www.burmeseclassic.com

ရွှေရောင်းရွှေဝယ် အပေါင်ခံသောသူများအတွက် အသိပေးချင်ပါသည်။ မိမိထံမှ ရွှေလာဝယ်သူအား ခိုင်လုံသော အထောက်အထားစစ်မေးရန် လုံးဝ(လုံးဝ)မလိုပါ။ သို့သော် မိမိထံသို့ ရွှေလာရောင်းသူ ပေါင်နှံသူများကိုမူ သတိကြီးစွာဖြင့် စိစစ်ဖို့လိုပါသည်။

---

"ကျွန်တော်တို့ မိတ္ထီလာကို လိုက်သွားရင် ဦးကျင်လှအမှုအတွက် တစ်စွန်းတစ်စထွက်လာနိုင်မယ်လို့ ထင်တယ်ဗျ"

အိုင်အို၏ စကားကို တရားလို ဦးကျင်လှက ..

"ဒါဆို ဒီညပဲ မိတ္ထီလာတက်ကြတာပေါ့"

ဤသို့ဖြင့် အမှုစစ်အရာရှိနှင့် တရားလိုတို့ ပျဉ်းမနားမှ မိတ္ထီလာသို့ တက်ခဲ့ကြသည်။ မိတ္ထီလာရောက်တော့ အချိန်လွန်နေပြီဖြစ်၍ မြို့ပေါ်၌ ညအိပ်ကြသည်။ နောက်တစ်နေ့တွင် မိတ္ထီလာမှ မကျီးစုရွာသို့ ဆက်ကြသည်။ ပါးစပ်ပါရွာရောက်၊ မေးပါများ စကားရ ဆိုသလို မကျီးစုရွာတွင် ဦးသိန်းထွန်းကို တွေ့သည်။ အရပ်သားအသွင်ယူထားသူ အိုင်အိုက ..

"ကျွန်တော် ကျော်ခိုင်ရဲ့သူငယ်ချင်း မောင်နိုင်ပါ။ ဦးသိန်းထွန်း ကျော်ခိုင်နဲ့ရင်းနှီးသလား"

ဟု ဖွင့်ဆိုပါသည်။ ဒီတော့ ဦးသိန်းထွန်းက ..

"ရင်းနှီးတာပေါ့ဗျာ။ ကျုပ်ဆီက ဆိုင်ကယ်ငှားသွားပြီး ခုထိ ပေါ်မလာဘူး။ မနေ့တစ်နေ့ကပဲ သူပေးထားတဲ့ ဖုန်းကိုဆက်တော့ အပြင်သွားတယ်လို့ ပြောတယ်ဗျ"

"ကျော်ခိုင် ဖုန်းနံပါတ်က ဘယ်လောက်လဲ"

"ဝ၉ ၅၁၇ ..ပါ။ ခင်ဗျားတို့က ဘာရှိလို့တုန်း"

"ဒီကောင် ကျွန်တော့်ဆီက ငွေ သုံးသိန်းလောက် ဘတ်သွားလို့ဗျ။ အဲဒါ လာတောင်းတာ"

အခန်း(၅)

"ကျော်ခိုင့်အနေနဲ့ ဆရာတို့ငွေ သုံးသိန်းကို ပြန်ပေးနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုတလော ဒီကောင့်ဆီမှာ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ ပြိုးပြိုးပြောင်ပြောင်ဖြစ်နေတယ်။ ဘယ်က ခွင်တည့်လာသလဲတော့ ကျွန်တော်မသိဘူးဗျ"

အသွင်သဏ္ဍာန်ကို ဖျောက်၍ အမြင်မှန်အဆင့်အတန်းဖြင့် အိုင်အို နှင့်တရားလိုတို့က မိတ္ထီလာရဲစခန်းသ[illegible] ဝင်ရောက်ခဲ့ကြသည်။ ရဲစခန်းမှူးအာ[illegible] အမှုဖြစ်စဉ် အကျိုးအကြောင်းနှင့် ကွ[illegible] ဆက်ရရှိမှုကိုရှင်းပြကြသည်။ ထို့နော[illegible] မကျီးစုရွာနေ ဦးသိန်းထွန်းအား အပ[illegible] ရဲစခန်းသို့ခေါ်ယူ၍ ကျော်ခိုင်၏ အက[illegible] အကြောင်းကို တရားဝင်မေးမြန်း[illegible] ၏။ ဦးသိန်းထွန်းကလည်း အသွင်[illegible] သရုပ်ဆောင်မှုကို အမှန်တကယ်[illegible] ၍ ငွေရေးကြေးရေးကိစ္စကို အထက်[illegible] စကားဖြင့် ထွက်ဆိုပြသလို ကျော်ခိုင[illegible] အခြေအနေကိုလည်း ဖွင့်ဆိုပြသည်[illegible]

"ကျော်ခိုင်မှာ ပြိုးပြိုးပြော[illegible] ပြောင်မြင်ရတယ်ဆိုတော့ ဘယ်[illegible] အဝတ်အထည် အဆင်တန်ဆာ[illegible] တွေ့မိလို့လဲ"

အမှုစစ်အရာရှိ၏ အမေးကို [illegible] သိန်းထွန်းက ..

"အဝတ်အထည်က သစ်သ[illegible] လွင်လွင်၊ ဟမ်းဖုန်းတစ်လုံးနဲ့ တန်[illegible] ကြီးတဲ့ နာရီတစ်လုံးလည်း ဝတ်ဆ[illegible] ထားပါတယ်။ ပြီးတော့ ရွှေထည်ပစ္စည်[illegible] တွေ ပေါင်နှံထားတဲ့ ဘောက်ချာအ[illegible] ကိုလည်း ဦးသန်းဌေးဆီမှာ အပ်ထ[illegible] တယ်လို့ ကြားသိရပါတယ်"

"ဦးသန်းဌေးဆိုတာက မိတ္ထီလ[illegible] ပြည်သာယာထဲက မဟုတ်လား"

"ဟုတ်ပါတယ်"

"ပြီးခဲ့တဲ့နှစ်ရက်သုံးရက်လော[illegible] က ကျော်ခိုင်ပေးထားတဲ့ဖုန်းနံပါ[illegible] ဝ၉ ၅၁၇ ...ကို ခင်ဗျားကိုယ်တိ[illegible] ဦးသန်းဌေးဖုန်းနဲ့ လှမ်းခေါ်တ[illegible] မဟုတ်လား"

"ဟုတ်ပါတယ်"

အမှုစစ်အရာရှိ[illegible] အနီးတွ[illegible]



www.burmeseclassic.com

တွေ့ရှိနေသူ တရားလို ဦးကျော်လှ၏ ဖုန်းကို တောင်းယူလိုက်၏။ ထို့နောက် နေ့က ဦးသိန်းထွန်း ခေါ်ဆိုထား သော ဦးသန်းဌွေး၏ ဖုန်းနံပါတ် ၀၉ ၃ ... ကို ဖွင့်ပြသည်။ ထို့နောက် လက်ကိုင်ဖုန်းကို ဦးသိန်းထွန်းသို့ ကမ်း ပြီး အမှုစစ်အရာရှိက ..

"အဲဒါ ဦးသန်းဌွေးရဲ့ ဖုန်းနံပါတ် ဟုတ်လား"

ၐ ၐ ၐ

"ဟုတ်ပါတယ် .. ကျွန်တော့် နံပါတ်ပါ"

ဦးသိန်းထွန်းကဏ္ဍကို ခဏရပ်၍ အစအနထွက်လာသော ခေါ် သည့် အမှုစစ်အဖွဲ့ရှေ့သို့ ရောက်ရှိ သူ ဦးသန်းဌွေးအား တရားလို ဦး ကျော်လှ၏ဖုန်းတွင် အဝင်ခေါ်ဆိုမှု ကိုမှီ၍ ဦးသိန်းထွန်းကဲ့သို့ ပြသ ၏ လက်ကိုင်ဖုန်းတွင် ထင်ဟတ် နေသော ဖုန်းနံပါတ်ကိုကြည့် အထက်ပါစကားဖြင့် အဖြေပေး သည်။

"ဒါဆိုဗျာ .. အခု ကျွန်တော်တို့ ထဲမှာရှိတဲ့ ဟောဒီဖုန်းနံပါတ် ၀၉ ... ကို ဘယ်နေ့က ဘယ်သူခေါ် ဆိုတာ ခင်ဗျားဖုန်းမှာ ရှာကြည့် ပါ"

အိုင်အိုဖြစ်သူ၏ အမေးကို ဦး ဌွေးက သူ၏ဖုန်းတွင် ရှာကြည့်နေ ၁၉-၁၁-၂၀၁၃ ရက်နေ့ ညနေ ချိန်ခွဲခန့်တွင် ၀၉ ၅၁၇ .. နံပါတ် ခေါ်ဆိုထားကြောင်း မှတ်တမ်းကို သည်။ ယနေ့ဆိုလျှင် ဦးသန်းဌွေး ဦးကျော်လှဖုန်း ဆက်သွယ်ထား မှာ ၂၄ နာရီပင်မပြည့်သေး။ ကောင်းစွာမှတ်မိနေသော ဦးသန်းဌွေး က ..

"ဒါ .. မနေ့က ညနေဘက် ဦး သိန်းထွန်းခေါ်ဆိုထားတဲ့ ဖုန်းပါ"

"ဟုတ်ပါတယ်။ ဦးသိန်းထွန်းက အဲဒီဖုန်းကို ကျော်ခိုင့်လက်ထဲမှာရှိ တယ်အထင်နဲ့ လှမ်းခေါ်တာပါ"

ဤမျှဆိုလျှင် ဦးသိန်းထွန်း၊ ဦး သန်းဌွေးနှင့် ကျော်ခိုင်တို့ သုံးပွင့်ဆိုင် ဆက်စပ်နေခဲ့ပြီ။ သို့သော် ကျော်ခိုင် ကား ဘယ်သောင်တွင် တင်နေသည် မသိ။ မျက်ကွယ်ဖြစ်နေသူကို ခဏ ထား၍ မျက်မြင်ရှိနေသူ ဦးသန်းဌွေး အား ကျော်ခိုင်အပ်ထားသော ရွှေ အပေါင်ခံဘောက်ချာများကို မေးကြည့် သည်။ ဒီတော့ဦးသန်းဌွေးက ကျော်ခိုင် ထံမှ အကြွေးငွေ ၇ သိန်းရစရာရှိ၍ ငွေတောင်းရာ ကျော်ခိုင်မှ ကြွေးမဆပ် နိုင်သေးသဖြင့် ရွှေများအပေါင်ထား သော ဘောက်ချာ(၅)စောင်ကို အပေါင် အပ်ထားကြောင်းပြော၏။ ထိုဘောက် ချာ ၅ စောင်ကို အမှုစစ်အရာရှိမှ တောင်းသည်။ ဒီတော့ ဦးသန်းဌွေးက ..

"ကျွန်တော်ရဖို့ရှိတဲ့ ငွေ ၇ သိန်း က ဘယ်လိုလုပ်မှာလဲ"

"အဲဒါကတော့ ကျော်ခိုင်နဲ့တွေ့ တဲ့အခါတောင်းကြည့်ပါ။ အခု လတ် တလော ခင်ဗျားလက်ထဲမှာရှိနေတဲ့ ဘောက်ချာတွေဟာ ခင်ဗျားအတွက် အန္တရာယ်ရှိပါတယ်"

"ဘာဖြစ်လို့လဲဗျ"

"ကျော်ခိုင်ဟာ လူကောင်းမ ဟုတ်ဘူးဆိုတာ ခင်ဗျားအသိဆုံးပါ။ ဘောက်ချာထဲက အပေါင်ခံရွှေတွေဟာ သူ့ကိုယ်ပိုင်ပစ္စည်းတော့ လုံးဝမဖြစ်နိုင် ဘူး။ တစ်နေရာရာက လုလာ ခိုးလာ တိုက်လာတဲ့ ပစ္စည်းတွေဖြစ်နေရင် ခင်ဗျားလည်း ဥပဒေနဲ့မလွတ်ကင်း တော့ဘူးပေါ့"

အမှုစစ်အရာရှိဖြစ်သူ၏ ပါးနပ်မှုကြောင့် ဦးသန်းဌွေးက ကျော်ခိုင်ပေး အပ်ထားသော ရွှေပေါင်ခံဘောက်ချာ ၅ စောင်ကို ပေးအပ်ခဲ့သည်။ အမှုစစ် ဖြစ်သူက ဘောက်ချာတစ်စောင်ခြင်းစီ ကို စိစစ်ကြည့်သည်။ ဘောက်ချာ ၅ စောင်တွင် အပေါင်ခံရွှေထည်ပစ္စည်း တန်ဖိုး သိန်း ၄၀ ခန့် ဖော်ပြထား သည်။ အပေါင်ဆိုင်၏ တန်ဖိုးသတ် မှတ်ချက်သည် ကာလပေါက်ဈေးမ ဟုတ်။ ကာလပေါက်ဈေးဆိုလျှင် ထို ထက်မက ရှိမည်ဖြစ်ပေသည်။

အခန်း(၆)

"ဒီ လှုပ်စစ်ဝင်းထဲမှာ ကျော်ခိုင် နဲ့ မျိုးအောင်ဆိုတာ ရှိသလား"

ဦးသန်းဌွေးပေးအပ်သော ရွှေ အပေါင်လက်မှတ်များတွင် ပစ္စည်းပေါင် နှံသူအဖြစ် ကျော်ခိုင်(EPC)၊ မျိုးအောင် (EPC) ဟု ဖော်ပြပါရှိသည်။ ဒီတော့ မိတ္ထီလာမြို့ လှျပ်စစ် (EPC) ဝင်းသို့ သွားကြသည်။ လှျပ်စစ်ရုံး (EPC) ဝင်း တွင် အပေါင်လက်မှတ်အမည်ပေါက် သူနှစ်ဦး၏ နာမည်ကို မေးမြန်းကြည့် သည်။ ဒီတော့ ..

"ကျော်ခိုင်ဆိုတာတော့ မကြား ဖူးဘူးဗျ။ မျိုးအောင်ကတော့ ဟိုရှေ့က လိုင်းခန်းမှာနေပါတယ်"

ဟု သိသူက ညွှန်ပြသည်။ မျိုး အောင်နေထိုင်ရာ လိုင်းခန်းသို့ ထွက် လာ၏။ မျိုးအောင်ကို အိမ်တွင်တွေ့

www.burmeseclassic.com

သည်။ အတူပါ ကျော်ခိုင်ကို သိကျွမ်းသူက မျိုးအောင်သည် ကျော်ခိုင်မဟုတ်ကြောင်း တီးတိုးပြောဆိုသည်။ ဒါဖြင့် မျိုးအောင်နှင့်ကျော်ခိုင် မည်ကဲ့သို့ ပတ်သက်သနည်း။ အဖြေရှာဖို့လိုလာသည်။ ဒါကြောင့် ..

"မင်း ကျော်ခိုင်ကို သိသလား"

"ဟုတ်ကဲ့ .. သိပါတယ်"

"သူက ဒီလျှပ်စစ်ဝင်းထဲမှာ နေတာမဟုတ်ဘူးလား"

"အမြဲနေတာ မဟုတ်ဘူးဗျ။ တစ်ခါတစ်ရံမှ ဒီဝင်းထဲက သူ့မွေးစားအမေဆီ လာတာပါ"

"သူ အမြဲနေတာက ဝမ်းတွင်းဘက်ကလို့ ပြောပါတယ်။ သူ့မွေးစားအမေဆီလာရင်း ကျွန်တော်နဲ့ သိကျွမ်းခဲ့တာပါ"

မျိုးအောင်၏ ဆောင်မမှုကြောင့် လျှပ်စစ်ဝင်းနေ ကျော်ခိုင်၏ မွေးစားမိခင်ထံ ရောက်ရှိခဲ့သည်။ မွေးစားမိခင်ဖြစ်သူအား ကျော်ခိုင်အပ်နှံထားသော ပစ္စည်းပစ္စယနှင့် ကျော်ခိုင့်အကြောင်း မေးကြည့်သည်။ မွေးစားမိခင်မှ ကျော်ခိုင်ရောက်မလာသည်မှာ တစ်ပတ် ၁၀ ရက်ခန့်ရှိပြီဖြစ်ကြောင်း၊ မိမိထံတွင်လည်း ကျော်ခိုင် မည်သည့်ပစ္စည်းကိုမျှ အပ်နှံမထားကြောင်း၊ ကျော်ခိုင်မှာ ဝမ်းတွင်းမြို့နယ်၊ တောင်ပုလုကျေးရွာတွင် မိဘရင်းများဖြစ်သော ဦးအောင်သောင်း၊ ဇနီး ဒေါ်မရီတို့နှင့် အတူနေကြောင်း ပြောပြပါသည်။

ထို့နောက် မျိုးအောင်နှင့်အတူ သူနေထိုင်ရာ နေအိမ်သို့ ထွက်လာခဲ့သည်။ မျိုးအောင်၏အိမ်တွင် သူ၏ အမည်ပါ အပေါင်လက်မှတ်ဖြင့် ရွှေလက်ကောက် ၅ ကွင်းကို ငွေ ၆ သိန်းကျပ်ဖြင့် ပေါင်နှံခြင်း ရှိ/မရှိ မေးမြန်းကြည့်သည်။ ဒီတော့ မျိုးအောင်က ..

"ဆရာရယ် .. ကျွန်တော့်မှာ ရွှေဆိုလို့ မူးလို့ရှူစရာတောင် မရှိပါဘူး"

မျိုးအောင်၏ စကားအရ ကျော်ခိုင်သည် အဆိုပါရွှေများကို ခင်မင်ရင်းနှီးသူ မျိုးအောင်အမည်ဖြင့် ပေါ
ထားခြင်းဖြစ်မည်။ ဒါကလည်း ကေ
ခိုင်ကို ရမိသည့်အခါ အဖြူအမ
ကွဲပြားသွားမည်ဖြစ်သည်။ အကပ
များ ကျော်ခိုင်သည် မိမိအမည်
မဟုတ်ဘဲ တခြားတစ်ဦးတစ်ယော
၏အမည်ဖြင့် ပေါင်နှံရောင်းချခဲ့ပါ



**အမှုမှ သဲလွန်စနှင့် သက်သေခံပစ္စည်းအချို့က ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်။ သို့သော် ဖြစ်မှုကျူးလွန်သူမှာ မည်သည့်အရပ်တွင် ပုန်းရှောင်နေပြီနည်း ..**



www.burmeseclassic.com

www.burmeseclassic.com


အပေါင်ခံသော ဝယ်ယူသောသူများတွင် အားနည်းမှုနှင့်အတူ ဆုံးရှုံးမှုလည်းဖြစ်တတ်ပါသည်။

ရွှေရောင်းရွှေဝယ် အပေါင်ခံသောသူများအတွက် အသိပေးချင်ပါသည်။ မိမိထံမှ ရွှေလာဝယ်သူအား ခိုင်လုံသော အထောက်အထားစစ်မေးရန် လုံးဝ(လုံးဝ)မလိုပါ။ သို့သော် မိမိထံသို့ ရွှေလာရောင်းသူ ပေါင်နှံသူများကိုမူ သတိကြီးစွာဖြင့် စိစစ်ဖို့လိုပါသည်။ အထူးသဖြင့် အပေါင်လက်မှတ်ပေါ်တွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ပေါင်နှံသူ၏ ထိုးမြဲလက်မှတ်နှင့်လက်မလက်မပုံစံတို့ကိုပါ နှိပ်ယူထားသင့်သည်။ ပစ္စည်းလာပေါင်သောသူ၏ မှတ်ပုံတင်ကိုလည်း တောင်းယူ၍ တိုက်ဆိုင်စစ်ဆေးကြည့်သင့်သည်။ အပေါင်ခံသူအနေဖြင့် ပစ္စည်းလာပေါင်သူကို သံသယရှိပါက လက်မခံခြင်းသည် မိမိအတွက် စိတ်အချရဆုံးဖြစ်သည်။ ဤသို့မဟုတ်ဘဲ လာပေါင်သူကိုအလွယ်တကူ အပေါင်လွယ်လိုက်လျှင် အပေါင်ခံသူအတွက် နစ်နာဆုံးရှုံးမှုရှိတတ်ပါသည်။ ထို့ကြောင့် အချို့သော ရတနာရွှေဆိုင်များသည် ပစ္စည်းအပေါင်မခံသည့်အပြင် ရွှေထည်ပစ္စည်းလာရောင်းသည်ကိုပင် ''ပြင်ပရွှေမဝယ်ပါ'' ဟု ကြော်ငြာတင်ကာကွယ်တားဆီးမှု ပြုထားကြသည်။

သက်ဝမကင်းသူ ကျော်နိုင်နေထိုင်ရာ ဝမ်းတွင်းမြို့နယ်၊ တောင်ပုလုရွာသို့ လျှို့ဝှက်စုံစမ်းကြည့်ရာ ကျော်နိုင်၏ မိဘနှစ်ပါးနှင့် မိသားစုသာ ရွာတွင်ရှိသည်။ ကျော်နိုင်ကား ရွာနှင့်နေအိမ်တွင် မရှိကြောင်း သိရသည်။ ကျော်နိုင်ပေါင်နှံခဲ့သော ရတနာရောင်းဝယ်ရေးဆိုင်သို့ ဦးတည်ခဲ့ကြသည်။ ကျော်နိုင်ပေါင်နှံ၍ ဦးသန်းဌေးထံ အပ်နှံထားသော ရွှေအပေါင်ပြေစာ ၅ ရွက်ကို ဆိုင်ရှင်ဖြစ်သူအား ပြသသည်။ ဆိုင်ရှင်ဖြစ်သူက ဟုတ်မှန်ကြောင်းနှင့် ထိုပစ္စည်းများ လက်ဝယ်ရှိကြောင်း ပြောသည်။ ထိုပစ္စည်းများကို ကြည့်ရှုလိုကြောင်းပြောရာ ဆိုင်ရှင်က အပေါင်ခံဘောက်ချာ ၅ စောင်ပါ ရွှေထည်ပစ္စည်းများကို ထုတ်ပြသည်။ ထိုပစ္စည်းများထဲတွင် တရားလိုဦးကျင်လှအမှုမှ ပါဆုံးသွားသော ရွှေနားကပ်နှစ်ရံအား ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပါ။ သို့သော် ၁၈–၈–၂၀၁၃ ရက်နေ့က ခိုးယူခံခဲ့ရသော ရွှေစင်ထက်ရတနာရွှေဆိုင်မှ အပေါင်ခံ ရွှေထည်ပစ္စည်းအချို့အဝက်များဖြစ်နေသည်ကို တွေ့ရသည်။

ယခု မိတ္ထီလာမြို့တွင် စုံစမ်းတွေ့ရှိခဲ့သော ဖြစ်စဉ်ကိုကြည့်လျှင် ကျော်နိုင်သည် ပျဉ်းမနားမြို့တွင် ဖြစ်ပွားခဲ့သော တရားလို ဒေါ်ခင်ခင်ဌွေး(ရွှေစင်ထက်ရတနာရွှေဆိုင်)နှင့် တရားလို ဦးကျင်လှ(စတိုးဆိုင်)တို့အား ဝင်ရောက်ခိုးယူခဲ့သော သူခိုးပင်ဖြစ်သည်။ အမှုမှ သဲလွန်စနှင့် သက်သေခံပစ္စည်းအချို့က ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်။ သို့သော် ဖြစ်မှုကျူးလွန်သူမှာ မည်သည့်အရပ်တွင် ပုန်းရှောင်နေပြီနည်း။ ထို့ကြောင့် ကျော်နိုင်၏ ပုံသဏ္ဌာန်အသေးစိတ်ကို ရေးမှတ်ရသည်။

ကျော်နိုင်သည် အသက် ၃၀ ဝန်းကျင်ခန့်၊ အသားညို၊ အရပ်ရှည်၊ ကိုယ်လုံးတောင့်၊ မျက်ခုံးကောင်း၊ နှာတံပေါ် စသည့် ပုံသဏ္ဌာန်ရှိသည်။ ဂျင်းဘောင်းဘီအမြဲဝတ်လေ့ရှိပြီး ဘေးလွယ်အိတ်ကို အမြဲဆောင်လေ့ရှိသည်။ အပျော်အပါးနှင့် အသောက်အစား ဝါသနာပါသည်။ ကွမ်းအမြဲစားလေ့ရှိသည်။ အထူးခြားဆုံးသော လက္ခဏာမှာ ကျော်နိုင်၏ဝဲဘက်ခြေသလုံး ကြွက်သားတွင် လူရိုင်းခေါင်းပုံ၊ ဆေးမှင်ကြောင်ရုပ် ရေးထိုးထားကြောင်း မှတ်သားသိရှိခဲ့ရသည်။ ဤသို့ဖြင့် ပျဉ်းမနားရဲစခန်းမှ အမှုစစ်အဖွဲ့လည်း ရှေ့သို့ဆက်မတက်နိုင်ဘဲ အောင်မြင်စွာဖြင့် နောက်ဆုတ်ခဲ့ကြရပါသည်။

## အခန်း(၇)

''ဟုတ်ကဲ့ အမိန့်ရှိပါ၊ ပျဉ်းမနားမြို့မရဲစခန်းက တာဝန်မှူးပါ''

တစ်နေ့ ၂၅–၁၁–၂၀၁၃ မနက်စောစော ၃ နာရီခန့်တွင်ဖြစ်သည်။ ရဲစခန်းရှိ တယ်လီဖုန်းမြည်သံကြောင့် တာဝန်မှူးကျသူမှ အထက်ပါစကားဖြင့် ဖြေကြားပါသည်။ ထို့နောက် တစ်ဖက်ဖုန်းခေါ်သူက ..

''ကျွန်တော် ဝင်းကမ္ဘာစတိုးဆိုင်ကပါ။ ကျွန်တော်တို့ စတိုးဆိုင်ထဲကို ခိုးဝင်လာတဲ့ မသင်္ကာသူတစ်ဦးကို ကျွန်တော်တို့ ဝိုင်းဝန်းဖမ်းဆီးထားပါတယ်။ အဲဒါ ရဲစခန်းက လိုအပ်သလို စစ်မေးနိုင်ဖို့ ကျွန်တော်အကြောင်းကြားတာပါ''

''ဩော် .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ ကျွန်တော်တို့ အခုပဲ လာခဲ့ပါမယ်''

မိတ္ထီလာမှ ပျဉ်းမနားသို့ ပြန်ရောက်ပြီးနောက်တစ်ရက်တွင် အမောင်အိုင်အိုမှာ ရဲစခန်းတာဝန်မှူးကျသည်။ နံနက်စောစောသတင်းစကားကြောင့်


www.burmeseclassic.com

www.burmeseclassic.com



**အတတ်ပညာမရှိသလို အလုပ်အကိုင်ကလည်း မည်မည်ရရမရှိ။ ဒါတွင်မကအသောက် အစား၊ အပျော်အပါးနှင့် လောင်းကစားက မက်မောတတ်သည်။ အတတ်ပညာမရှိသော်လည်း ခိုးစားဖို့ အသိပညာတော့ရှိသည်။ ဒါကြောင့် လစ်လျှင်လစ်သလို ခိုးစားတတ်သော တစ်ကိုယ်တော်သူခိုးတစ်ယောက်ဖြစ်သည်...**

အခင်းဖြစ်ပွားရာအရပ်သို့ ပြေးရပြန်သည်။ ဝင်းကမ္ဘာစတိုးဆိုင်သို့ရောက်ရှိရာ အသက် ၃၀ ဝန်းကျင်ခန့်ရှိ သန်သန်မာမာလူရွယ်တစ်ယောက်ကို ပတ်ဝန်းကျင်ရှိ လူအချို့က ဝိုင်းဝန်းဖမ်းဆီးထိန်းသိမ်းထား၏။ ထို့နောက် ထိန်းသိမ်းထားသူ လူတစ်စုမှ သက်ာမကင်းသူ အမျိုးသားကို ရဲစခန်းမှ တာဝန်ကျသူများထံ အပ်ပေးခဲ့သည်။

ရဲစခန်းတာဝန်ရှိသူမှ သက်ာမကင်းသူကို ဖမ်းဆီးချုပ်နှောင်ပြီး ထိုသူ၏ ခန္ဓာကိုယ်အား အများရှေ့တွင် ရှာဖွေစစ်ဆေးကြသည်။ ထိုသူ့ထံတွင် ဘေးလွယ်အိတ်တစ်လုံး၊ ထိုအိတ်အတွင်းမှ ကျောက်လှည့်နှစ်ချောင်းနှင့် ခါးပတ်တပ်ထားသော ဘောင်းဘီရှည်တစ်ထည်တို့ကို တွေ့သည်။ ထို့နောက် တာဝန်ကျ ရဲအဖွဲ့ဝင်များက ညဥ့်အချိန် သက်ာမကင်းကျူးကျော်ဝင်ရောက်သူကို ရဲစခန်းသို့ ခေါ်ယူသွားခဲ့ကြသည်။

ရဲစခန်းအရောက်တွင် အမှုစစ်အရာရှိ(အိုင်အို)မှ သက်ာမကင်းသူကို စစ်မေးသည်။ ထိုသူ၏ အမည်မှာ ကျော်ခိုင်(ခေါ်)မျိုးအောင်၊ အသက် ၂၈ ဖြစ်၍ ပညာအရည်အချင်းမှာ မိမိအမည်ကို ရေးတတ်ရုံကလွဲ၍ အလုပ်အကိုင် အတည်တကျရှိသူမဟုတ်ဘဲ ကြုံရာကျဘန်း လုပ်ကိုင်စားသူဖြစ်သည်။ ထိုသူ၏ နေရပ်လိပ်စာမှာ ဝမ်းတွင်းမြို့နယ်၊ တောင်ပုလုကျေးရွာမှ ဖြစ်သည်။ ဤမျှဆိုလျှင် ပြည်သူတစ်စု၏ ဝိုင်းဝန်းဖမ်းဆီးခဲ့သော ကျော်ခိုင်(ခေါ်)မျိုးအောင်သည် ပျဉ်းမနားမြို့ ဒေါ်ခင်ခင်ထွေး၏ ရွှေစင်ထက်ရတနာရွှေဆိုင်နှင့် ဦးကျင်လှနေအိမ်တို့အား ဝင်ရောက်ခိုးယူခဲ့သူဟု သံသယရှိဖွယ်ပင်ဖြစ်ပါသည်။ သံသယကို အမှန်ပြဖို့ လိုအပ်ခဲ့ချေပြီ။

ကျော်ခိုင်(ခ)မျိုးအောင်၏ ပုံသဏ္ဌာန်သည် မိတ္တီလာတွင် မေးမြန်းမှတ်ယူခဲ့သော အသွင်သဏ္ဌာန်နှင့် တစ်ထပ်တည်းကျသည်။ ဘေးလွယ်အိတ်နှင့် အသင့်ဝတ်ဆင်ရန် ဘောင်းဘီရှည်မှာလည်း ကျော်ခိုင်၏ အလေ့အကျင့်ပင်ဖြစ်သည်။ ဝင်ရောက်ခိုးယူခံရသောနေအိမ်များကိုလည်း ကျောက်လှည့်ကို အသုံးပြု၍ ပြစ်မှုကျူးလွန်သွားသည်။ အသေချာဆုံးဖြစ်ရန် ကျော်ခိုင်ဝတ်ဆင်ထားသော လုံချည်ကို ခါးတောင်းကျိုက်ခိုင်းလိုက်သည်။ ထိုအခါ ကျော်ခိုင်(ခ)မျိုးအောင်၏ ဘယ်ဘက်ခြေသလုံးရှိ လူရိုင်းခေါင်းပုံဆေးမှင်ကြောင်ရုပ်က အမှန်ဖြစ်ကြောင်း အဖြစ်မှန်ကို ထောက်ရှုပြနေပါသည်။

ထို့နောက် အမောင်အိုင်အိုသည် မိမိရှေ့တွင်ရပ်တည်နေသော ကျော်ခိုင်(ခ)မျိုးအောင်အား ရှေ့တည့်တည့်မှ တစ်ကိုယ်လုံးပုံ ခန္ဓာကိုယ်အထက်ပိုင်း အနီးကပ်ပုံနှင့် ဘယ်ဘက်ခြေသလုံးမှ လူရိုင်းခေါင်းဆေးမှင်ကြောင်ပုံတို့အား မိမိ၏ လက်ကိုင်ဖုန်းဖြင့် အသေးစိတ်ဓာတ်ပုံရိုက်ယူသည်။ ထို့နောက် လက်ကိုင်ဖုန်းရှိ နံပါတ်အချို့ကိုနှိပ်၍ ဖုန်းစပီကာကိုပါ ဖွင့်ထားသည်။ တစ်ဖက်ဖုန်းကို ချိတ်ဆက်မိသောအခါ ..

"မိတ္ထီလာက ဦးသန်းဌေးလား"

"ဟုတ်ပါတယ် ခင်ဗျ"

"ကျွန်တော် ပျဉ်းမနားရဲစခန်းကပါ"

"သြော် .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ သိပါတယ် ခင်ဗျ။ ဟိုတလောက ကျွန်တော်နဲ့ မကျီးစုက ဦးသိန်းထွန်းတို့ဆီလာတဲ့ ရဲအရာရှိမဟုတ်လား"

"ဟုတ်ပါတယ်၊ ဦးသန်းဌေးဖုန်းက အင်တာနက်ချိတ်ထားလား"

"ဟုတ်ကဲ့ ချိတ်ထားပါတယ်"

www.burmeseclassic.com


"အဲဒါဆို ကျွန်တော့်ဖုန်းကနေ ခင်ဗျားဖုန်း(စ်)ဘုတ်ပေါ်ကို ဓာတ်ပုံတင်ပေးလိုက်မယ်။ အဲဒီဓာတ်ပုံဟာ ဘယ်သူလဲဆိုတာ ပြောပေးပါလား"

ဟု ဆက်သွယ်ပြောဆိုခဲ့သည်။ ထို့နောက် ရိုက်သွင်းထားသော ကျော်ခိုင်(ခ)မျိုးအောင်၏ ဓာတ်ပုံကို မိတ္ထီလာမြို့နေ ဦးသန်းဌေးထံသို့ အင်တာနက် Viber မှ ပေးပို့ခဲ့ပါသည်။ ချက်ချင်းဆိုသလို ဦးသန်းဌေးက ..

"အဲဒီဓာတ်ပုံဟာ ကျော်ခိုင်ပါ။ ဆရာတို့ သူ့ကို ဖမ်းမိထားပြီလား"

အမှုစစ်အရာရှိ၏ စားပွဲပေါ်ရှိ ဆက်ကိုင်ဖုန်းမှ စပီကာသံကြောင့် အတူရှိနေသူ ကျော်ခိုင်လည်း ကြားသိနေပါသည်။ တိကျမှန်ကန်သော အဖြေဆိုဖို့နှင့် မျက်စိရှေ့တွင်ရှိနေသော ပြစ်မှုကျူးလွန်သူ ငြင်းကွယ်မရဖို့အတွက် အိုင်အိုဖြစ်သူက ..

"ခင်ဗျားဆီက ငွေ ၇ သိန်းချေးပြီး ပြန်မဆပ်နိုင်သေးလို့ ရွှေပေါင်ထားတဲ့ ဘောက်ချာ ၅ စောင်ပေးထားတဲ့ ကျော်ခိုင်ဆိုတာ သေချာပါတယ်နော်"

အခန်း(ဂ)

"ဟုတ်ပါတယ် ခင်ဗျ၊ မှန်ပါတယ်"

အမှုစစ်အရာရှိ၏ စားပွဲရှေ့တွင် ရောက်ရှိနေသော ကျော်ခိုင်(ခ)မျိုးအောင်မှာ အိုင်အိုဖြစ်သူ၏ တိကျသေချာသော လုပ်ဆောင်မှုတို့ကို ကိုယ်တိုင်မြင်တွေ့ကြားသိနေပါ၏။ ပျဉ်းမနားမြို့ပေါ်တွင် ခိုးယူခံခဲ့ရသော ရွှေစင်ဆက်ရတနာရွှေဆိုင်နှင့် ဦးကျင်လှတိုးဆိုင်တို့အား ဝင်ရောက်ခိုးယူသူမှာ ကျော်ခိုင်(ခ)မျိုးအောင်မှလွဲ၍ တခြားမရှိချေပြီ။ ထို့ကြောင့် အိုင်အိုဖြစ်သူက သွယ်ဝိုက်မနေဘဲ ထိုအမှုများကို ကျူးလွန်သူမှာ ကျော်ခိုင်(ခ)မျိုးအောင်ဖြစ်ကြောင်း တည့်တည့်မတ်မတ်ပင် စွပ်စွဲပြောဆို မေးမြန်းပါသည်။ ရှောင်တိမ်းလှည့်ပတ်၍ မရနိုင်သော အခြေအနေကို ရိပ်စားမိသူ ကျော်ခိုင်(ခ)မျိုးအောင်က ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို အထက်ပါစကားဖြင့် ဝန်ခံထွက်ဆိုခဲ့ပါသည်။

"ဒါဆိုရင်လည်းကွာ .. မင်းကျူးလွန်ခဲ့တဲ့ ခိုးမှုတွေနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ပြောပြစမ်းကွာ"

အိုင်အိုဖြစ်သူ၏ အမေးကို ကျော်ခိုင်က ..

"ဟုတ်ကဲ့ ကျွန်တော်ပြောပြပါ့မယ်"

ဟု ဆို၍ သူကိုယ်တိုင် ကျူးလွန်ခဲ့သော ခိုးမှုများကို အောက်ပါအတိုင်း ဖွင့်ဆိုခြဲခဲ့ပါသည်။

ကျော်ခိုင်(ခ)မျိုးအောင်သည် အသက် ၂၈ နှစ်ရှိပြီဖြစ်၍ လူပျိုလူလွတ်တစ်ဦးဖြစ်သည်။ အတန်းပညာသင်ကြားခဲ့ခြင်းမရှိ၍ သူ့အမည်ကို ရေးတတ်ရုံမျှသာ ရှိသည်။ အတတ်ပညာမရှိသလို အလုပ်အကိုင်ကလည်း မည်မည်ရရမရှိ။ ဒါတွင်မကအသောက်အစား၊ အပျော်အပါးနှင့် လောင်းကစားက မက်မောတတ်သည်။ အတတ်ပညာမရှိသော်လည်း ခိုးစားဖို့ အသိပညာတော့ရှိသည်။ ဒါကြောင့် လစ်လျှင်လစ်သလို ခိုးစားတတ်သော တစ်ကိုယ်တော်သူခိုးတစ်ယောက်ဖြစ်သည်။

ကျော်ခိုင်(ခ)မျိုးအောင်သည် ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလခန့်က ပျဉ်းမနားမြို့၊ ပေါင်းလောင်းရပ်ရှိ နေအိမ်တစ်အိမ်ရှေ့တွင် သော့တန်းလန်းဖြင့်ရပ်ထားသော ဆိုင်ကယ်တစ်စီးကို တွေ့သည်။ သူခိုးကပဲ အကင်းပါး၍လား၊ ဆိုင်ကယ်ပိုင်ရှင်ကပဲ ညံ့လို့လားမသိ။ ထိုဆိုင်ကယ်ကို ကျော်ခိုင်က မောင်းနှင်ခိုးယူသွားသည်။ လွယ်လျှင်သူကြွယ်ပင် လက်ဆော့တတ်သော်လည်း ရာဇဝတ်ဘေးပြေးမလွတ် ဆိုစကားကြောင့် သူခိုးကျော်ခိုင်နှင့် သက်သေခံဆိုင်ကယ်ကို ဖမ်းဆီးရမိခဲ့သည်။ ထိုအမှုဖြင့် ကျော်ခိုင်(ခ)မျိုးအောင်မှာ အလုပ်ကြမ်းနှင့်ထောင်ဒဏ်တစ်နှစ် ကျခံခဲ့ရသည်။ ရမည်းသင်းအကျဉ်းထောင်မှ လွတ်ရက်စေ့၍ ထောင်မှ လွတ်လာသော်လည်း ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသလို ကျည်တောက်စွပ်ထားစဉ်သာ ဖြောင့်နေသော်လည်း ကျည်တောက်ချွတ်လိုက်သောကျော်ခိုင်မှာ မူလသဘာဝအတိုင်း ကောက်မြဲပင်ဖြစ်ပါပေသည်။

ထို့ကြောင့် ကျော်ခိုင်(ခ)မျိုးအောင်သည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် မနက်စောစောတွင် မိတ္ထီလာမြို့မှ ပျဉ်းမနားမြို့သို့ အဝေးပြေးကားဖြင့် ဆင်းလာခဲ့သည်။ ညနေ ၃/၄ နာရီခန့်တွင် ပျဉ်းမနားမြို့သို့ ရောက်သည်။ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်တွင် သူ့လုပ်ငန်းအတွက် နေအိမ်များကို လိုက်၍ လေ့လာကြည့်ရှုသည်။ ဝင်လမ်းထွက်လမ်း ချောမွေ့သော၊ အရံအတားမရှိသော နေအိမ်ကို ဦးစားပေးရွေးခြယ်သည်။ ထိုစဉ် ရွှေစင်ထက်ရတနာရွှေဆိုင်ကို တွေ့မြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်၏ အောက်ထပ်မှာအရံအတား ခိုင်ခန့်၍ ဝင်ရောက်ဖို့ မလွယ်ကူပါ။ သို့သော် ဆိုင်၏ အပေါ်ထပ် ရှေ့ဝရန်တာကိုမူ နေအိမ်ရှေ့ ဒါန်းစင်မှတဆင့် လွယ်ကူစွာဆင်းတက်၍ရကြောင်း တွေ့ရသည်။ နေအိမ်အပေါ်ထပ် ဝရန်တာရှိ ဝင်ထွက်တံခါးနှင့် ပြတင်းမှာလည်း သစ်သားကျည်းဘောင်မှန်တံခါးဖြစ်၍ အရံအတား သံပန်းတံခါးမရှိခြင်းကို တွေ့မြင်သိရှိသွားသည်။

ထို့ကြောင့် ထိုနေ့ ညဉ့်နက်သန်းခေါင်ကျော်၍ နောက်တစ်နေ့အကူးတွင် ကျော်ခိုင်သည် လေ့လာထားသော ရွှေစင်ထက်ရတနာရွှေဆိုင်ရှေ့သို့ ရောက်သည်။ နေအိမ်ရှေ့ဒါန်းစင်ပေါ်မှ ဝရန်တာသို့ လွယ်လင့်တကူ တက်ရောက်ခဲ့သည်။ ဝရန်တာမှ အပေါ်ထပ်အိမ်မကြီးသို့ဝင်သော တံခါးမကြီးကို အသင့်ပါလာသော ကျောက်လှည့်ဖြင့် ကလန့်ဖွင့်သည်။ တံခါးမကြီးပွင့်သွားသောအခါ အတွင်းသို့ဝင်သည်။ ထို့နောက် အပေါ်ထပ်မှ အတွင်းလှေခါးအတိုင်း ရွှေကောင်တာရှိရာအောက်ထပ်သို့ ခြေသံလုံလုံဖြင့် ဆင်းသည်။ ရွှေကောင်တာအရောက်တွင် အံဆွဲကို ကျောက်လှည့်ဖြင့် ကလန့်ဖွင့်သည်။ အံဆွဲပွင့်သွားသောအခါ အတွင်းမှ ရွှေထည်လက်ဝတ်ပစ္စည်းများကို အသင့်ပါလာသော ဘေးလွယ်အိတ်ဖြင့် ထည့်ယူခဲ့သည်။ ထို့နောက် လာရာလမ်းအတိုင်း နေအိမ်အောက်ထပ်မှ အပေါ်ထပ်သို့တက်၍ ဝရန်တာမှ အောက်သို့ လွယ်ကူစွာပင် ဆင်းသက်သွားခဲ့ သည်။ ထိုနေ့နံနက် အာရုဏ်တက်ခ် တွင် သူခိုးကျော်ခိုင်(ခ)မျိုးအောင်သ ခိုးရာပါပစ္စည်းများနှင့်အတူ ပျဉ်းမန အဝေးပြေးဂိတ်မှ မိတ္ထီလာမြို့သို့ ထွ လာခဲ့ပါသည်။

လက်ကြောတင်းစွာဖြင့် နဖူး ချွေး ခြေမကျအောင် သမ္မာအာ အလုပ်ကို လုပ်မစား။ လွယ်လွယ် လွယ်လွယ်သုံး လွယ်လွယ်ဖြုန်းခဲ့သ ခိုးယူရရှိခဲ့သော ရွှေထည်ပစ္စည်းအ ကိုပေါင်နှံရောင်းချ၍ အသောက်အ အပျော်မယားနှင့် လောင်းကစားဘ

---


ပြစ်မှုကျူးလွန်သူမှ စတိုးဆိုင်တွင်း
ဝင်ရောက်ခဲ့ပုံနှင့်
ပစ္စည်းများ မခိုးယူမီ
ရှာခဲ့မှုန်စားနေပုံအား
ပြန်လည်သရုပ်ပြစဉ်



www.burmeseclassic.com

www.burmeseclassic.com





ပြစ်မှုကျူးလွန်သူ တရားခံမှ စတိုးဆိုင်တွင်း ဝင်ရောက်ပြစ်မှုကျူးလွန်ပုံအား ပြန်လည်သရုပ်ပြစဉ်

ကို သုံးဖြုန်းခဲ့သဖြင့် မိမိထံတွင် ရွှေတစ်ရွေးသားနှင့် ငွေတစ်ပြားပင်မရှိကြောင်း ပြစ်မှုကျူးလွန်သူ ကျော်ခိုင်(ခ)မျိုးအောင်မှ ဝန်ခံထွက်ဆိုခဲ့ပါသည်။

အခန်း(၉)

ရွှေစင်ထက်ရတနာရွှေဆိုင်ကို ဝင်ရောက်ခိုးယူပြီးနောက် သုံးလခန့်အကြာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ ညနေပိုင်းတွင် ကျော်ခိုင်(ခ)မျိုးအောင်သည် ပျဉ်းမနားမြို့သို့ ရောက်ရှိခဲ့သည်။ အချိန်မကျသေး၍ ပေါင်းလောင်းရပ်ကွက်အတွင်း လိုက်လံကြည့်ရှုလေ့လာနေ၏။ ထို့နောက် မှောင်ရိပျိုးစမှ ည ၁၁ နာရီအထိ လူသူပြတ်သော တစ်နေရာတွင်ခိုအောင်းနေသည်။ အချိန်ကျသည့်အခါ ခိုအောင်းနေရာမှ လေ့လာကြည့်ရှုထားသော ပေါင်းလောင်း(၁)ရပ်ကွက်၊ ဒေါနလမ်းရှိ အိမ်ဆိုင်တစ်ခုသို့ ထွက်လာခဲ့သည်။ ထိုအိမ်ဆိုင်မှာ ဦးကျင်လှ၏ အိမ်ဆိုင်ဖြစ်သည်။

ဝင်းခတ်ထားသော အုတ်တံတိုင်းကို ကျော်ခွတက်၍ ခြံဝင်းအတွင်းသို့ ဝင်သည်။ ထို့နောက် အိမ်ရှေ့တွင်ရှိနေသော ဈေးဆိုင်သို့သွား၏။ ဈေးဆိုင်တံခါးအား အသင့်ပါလာသောကျောက်လှည့်ဖြင့် ကလန့်၍ ဆိုင်အတွင်းသို့ ဝင်သည်။ ဈေးဆိုင်အတွင်း အဖိုးတန်ပစ္စည်းများကို ရှာဖွေကြည့်သည်။ သူခိုးအတွက် အသုံးမတည့်သည့် ပစ္စည်းများကိုသာ တွေ့သည်။ ရင်ပူနေသောသူခိုးက ဈေးဆိုင်အတွင်းရှိ ရေခဲသေတ္တာထဲမှ ရေခဲမုန့်ဘူးများကိုထုတ်၍ စားသောက်ခဲ့သည်။ ရင်အေးသွားသောအခါ နေအိမ်ခြေရင်းဘက်သို့ လျှောက်သွားခဲ့သည်။ အိမ်ခြေရင်းဘက်ရှိ ပြတင်းတံခါးကို ကျောက်လှည့်ဖြင့် ထိုးကလန့်ပြီး ပြတင်းတံခါးကိုဖွင့်သည်။ ပြတင်းတံခါးတွင် သံပန်းအရံအတားမရှိသောကြောင့် ကျော်ခိုင်သည် ထိုပြတင်းပေါက်မှ နေအိမ်အတွင်းသို့ လွယ်ကူစွာပင် ဝင်ရောက်ခဲ့သည်။

နေအိမ်ဧည့်ခန်းအတွင်း ရှိုးကေ့စ်အတွင်းမှ ရွှေနားကပ်နှစ်ရံ၊ ဧည့်ခန်းစားပွဲပေါ်ရှိ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ဧည့်ခန်းအတွင်းရှိ ပစ္စည်းတင်စင်ပေါ်မှ အမျိုးသားပတ်နာရီတစ်လုံးတို့ကို အသင့်ပါလာသော ဘေးလွယ်အိတ်တွင်ထည့်ယူကာ လာရာလမ်းအတိုင်း ပြန်ထွက်သွားခဲ့ပါသည်။ ခိုးယူခဲ့သော လက်ကိုင်ဖုန်းနှစ်လုံးအနက် တစ်လုံးမှာ ဆက်သွယ်ပြောဆို၍မရသော လက်ကိုင်ဖုန်းကို ဈေးဆိုင်ရှေ့ရှိ ထိုင်ခုံပေါ်တွင် တင်ထားခဲ့သည်။ ထို့နောက် ဘောဂသီရိကားဝင်းသို့သွား၍ မနက်

www.burmeseclassic.com

www.burmeseclassic.com


လူလစ်၍
အချိန်သင့်သော်လည်း
ခက်ခက်ခဲခဲဖြင့်
မလွယ်ကူသော
နည်းလမ်းကို
သူခိုးမစဉ်းစားပါ။
ယခုအမှုတွင်
ခိုးသူသည်
လုံးဝစာတတ်ပေတတ်
မဟုတ်ပါ။
သို့သော်
သူခိုးပညာတွင်တော့
ကျွမ်းကျင်ပါသည်
...

၅ နာရီထွက်သောကားဖြင့် မိတ္ထီလာသို့ ပြန်လာခဲ့ကြောင်း ထွက်ဆိုပြသည်။

"အဲဒီအိမ်က မင်းခိုးယူသွားတဲ့ နားကပ်နှစ်ရံက ဘယ်မှာလဲ"

"မိတ္ထီလာမှာ ပေါင်ထားပါတယ်"

"လက်ပတ်နာရီကကော"

"ကျွန်တော်တည်းခိုတဲ့ တည်းခိုခန်းအိပ်ခန်းမှာရှိပါတယ်"

"မင်းယူသွားတဲ့ ဟာဝေးလက်ကိုင်ဖုန်းကကော ဘယ်မှာလဲ"

"သုံးမရတော့လို့ မကျီးစုရွာအထွက် ချုံတောထဲကို လွှင့်ပစ်လိုက်ပါတယ်"

အဝေးကို အသာထား၍ အနီးတွင်ရှိနေသော သက်သေခံပစ္စည်း လက်ပတ်နာရီကို ရယူဖို့လိုပါသည်။ ထို့ကြောင့် တရားခံကျော်နိုင်(ခ)မျိုးအောင်နှင့်အတူ သူတည်းခိုခဲ့သော တည်းခိုခန်းသို့ သွားသည်။ တည်းခိုခန်း အခန်းအမှတ်(၁၄)တွင် တရားလိုဦးကျင်လှ၏ခိုးရာပါနာရီကို သိမ်းဆည်းရမိခဲ့သည်။ ထို့နောက် တရားခံကျော်နိုင်(ခ)မျိုးအောင်ကို ရပ်ကွက်မှ ဝိုင်းဝန်းဖမ်းဆီးခဲ့ပုံကို ဆက်မေးကြည့်သည်။

၂၄-၁၁-၂၀၁၃ ရက်နေ့က ကျော်နိုင်သည် ပျဉ်းမနားမြို့သို့ရောက်ရှိခဲ့ပြီး ရွှေချည်ရပ်ကွက်ရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုနေသည်။ ၂၄ ရက်နေ့ တစ်ညအိပ်ပြီး နောက်တစ်နေ့ ၂၅ ရက်နေ့ ညဥ့်နက်အလွန် ၂၆-၁၁-၂၀၁၃ မနက် ၁ နာရီတွင် သူ၏စောရ(သူခိုး)လုပ်ငန်းစဖို့ တည်းခိုခန်းမှ အပြင်သို့ထွက်လာခဲ့သည်။ ဝင်းကမ္ဘာစတိုးဆိုင်အား ပစ္စည်းခိုးယူရန် ဝင်ရောက်စဉ် ဆိုင်ရှင်နှင့်ပတ်ဝန်းကျင်မှ တွေ့မြင်သိရှိသွား၍ မိမိအား ဝိုင်းဝန်း ဖမ်းဆီးကြပြီး ယခု ရဲစခန်းသို့ရောက် ရှိခဲ့ပုံကို ထွက်ဆိုပြခဲ့ပါသည်။

"မင်းကိုယ်တိုင် လက်ဝတ်ပစ္စည်း တွေကို ပေါင်နှံရောင်းချခဲ့တဲ့ နေရာ ဆိုင်တွေကို မင်းမှတ်မိတယ်နော်"

"ဟုတ်ကဲ့ ..မှတ်မိပါတယ် ဆရာ၊ ဆရာတို့သိမ်းထားတဲ့ အပေါင် လက်မှတ်တွေမှာလည်း ဆိုင်နာမည်နဲ့ လိပ်စာတွေပါပါတယ်"

ဤသို့ဖြင့် တရားခံကျော်နိုင်(ခ) မျိုးအောင်ကိုပါ ခေါ်ယူ၍ မိတ္ထီလာနှင့် ရမည်းသင်းမြို့များသို့ ထွက်ခဲ့ကြပါ သည်။ အမှုမှ သက်သေခံရွှေထည် ပစ္စည်းများကို ဝယ်ယူပေါင်နှံထားသော သူများထံမှ ကောက်သင်းကောက်သလို တစ်စေ့ချင်း တစ်စချင်း ကောက်ယူ ပါသည်။ သို့သော် အကြောင်းကြောင်း ကြောင့် အလေအလွင့်ဖြစ်ခဲ့မှုများ လည်း ရှိခဲ့ပါသည်။ ဤသည်မှာ ပြစ် ကျူးလွန်သူ ငမိုက်သား ကျော်နိုင်(ခ) မျိုးအောင်မှပေးသော ဒုက္ခတရားက တရားလိုနှင့် သက်သေခံပစ္စည်းလက် ဝယ်ရှိသူတို့မှ ခါးစည်းခံရခြင်းပင်ဖြစ် ပါသည်။ ထို့အတူ တရားလိုဦးကျင်လှ ၏ လက်ကိုင်ဖုန်း ဝ၉ ၅၁၇ ..၆ ပစ်ရာ မကျီးစုရွာအထွက် ချုံတော တွင် ဟာဝေးဖုန်းအခွံအား ရှာဖွေ သည်။ ထိုနေရာမှာ မီးရှို့တောရှင်းထား ၍ ဖုန်းအခွံမှာလည်း ရှာဖွေမရ ရှိခဲ့ သည်။

စုံစမ်းပေါ်ပေါက်၍ ရရှိသမျှသော သက်သေခံပစ္စည်းများကို ဒေ အညီ သိမ်းယူ၍ မူလဌာန ပျဉ်းမနား

www.burmeseclassic.com



မြို့သို့စုနှံခဲ့ကြသည်။ ပျဉ်းမနားအရောက်တွင် အခင်းဖြစ်နေရာ၌ တရားခံကျော်နိုင်(ခ)မျိုးအောင်အား ပြစ်မှုကျူးလွန်ပုံကို သရုပ်ပြစေခဲ့ပါသည်။ ပြစ်မှုကျူးလွန်သူတရားခံကျော်နိုင်(ခ)မျိုးအောင်၏ ဝန်ခံထွက်ဆိုမှု၊ သက်သေခံအထောက်အထားများ ခိုင်လုံမှုတို့တွင် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ရပါတော့သည်။

အခန်း(၁၀)

ဤအမှုတွင် ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်း(Motive)နှင့် ပြစ်မှုဖြစ်ပွားရခြင်းအကြောင်းရင်း (Cause of crime) တို့ကို သုံးသပ်ကြည့်စေချင်ပါသည်။ တရားခံဖြစ်သူ၏ ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်းမှာ ရှင်းပါသည်။ သူ၏ စားဝတ်နေရေး၊ သောက်အစား၊ အသုံးအဖြုန်း၊ ပျော်အပါးနှင့် လောင်းကစားမှုတို့အတွက် ခိုးစားဖို့ ဝန်မလေးပါ။ သူ့ထုပ် သူ့အကျင့် စရိုက်ကို သူလုပ်တာ သဘာဝပင်ဖြစ်ပါသည်။ သူခိုးကခိုးဖို့အတွက် လေ့လာကြိစည်ရာ လွယ်သော လစ်သောနေရာနှင့် အချိန်ကို ရွေးချယ်တတ်ပါသည်။ လူရှိ၍ အချိန်သင့်သော်လည်း ခက်ခဲခဲဖြင့် မလွယ်ကူသောနည်းလမ်းကို သူခိုးမစဉ်းစားပါ။ ယခုအမှုတွင် သူသည် လုံးဝ စာတတ်ပေတတ်မဟုတ်ပါ။ သို့သော် သူခိုးပညာတွင်တော့ ကျွမ်းကျင်ပါသည်။ လစ်သောအချိန်တွင် လွယ်သောအိမ်ကို ကျောက်ခဲတစ်ချောင်းဖြင့် ဝင်ရောက်ခိုးယူသွားခြင်းမှာ သာဓကပင်ဖြစ်ပါသည်။

ပြစ်မှုဖြစ်ပွားရခြင်းအကြောင်းရင်း (Cause of crime) ကို လေ့လာကြည့်ပါမည်။ ဒါကလည်း တရားခံဖြစ်သူ၏ ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်း (Motive) နှင့် ဆက်စပ်နေပါသည်။ ဤဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်း၏ အဖွင့်တွင် လုံခြုံမှုသည်အဓိက (SAFETY FIRST) ဆိုသော သတိပေးစကားဖြင့် အသိပေးထားပါသည်။ လုံခြုံမှုအားနည်းသော၊ လွယ်ကူသောနေရာဒေသများကို လစ်သောလပ်သောအချိန်တွင် သူခိုးက အလစ်သုတ်မှာဖြစ်ပါသည်။ ယခုအမှုတွင် တရားလိုများ၏ သတိလက်လွတ်မှုကြောင့် အရံအတားမရှိသော ပြတင်းနှင့်တံခါးမကြီးတို့မှ သူခိုးက လွယ်ကူစွာပင် ဝင်ထွက်နိုင်ခဲ့ပါသည်။ ခဲရာခဲဆစ်မရှိဘဲ လွယ်လင့်တကူဖြစ်နေသော အခြေအနေက ပြစ်မှုကျူးလွန်မည့်သူကို မျက်စပစ်ပြသလို ရှိနေပါသည်။ ဒါကိုအတုယူ၍ ပျက်စီးဆုံးရှုံးမှုမရှိရလေအောင် သတိဆောင်စေချင်ပါသည်။



သို့သော် ဤအမှုတွင် အရှုံးထဲမှ အမြတ်ဟု ဆိုချင်ပါသည်။ ပြစ်မှုကျူးလွန်ခံရပြီးသော်လည်း တရားလိုဖြစ်သူသည် လျစ်လျူရှုမထား။ မိမိဖုန်းသို့ သက်ာမကင်းသူ၏ ဖုန်းခေါ်ဆိုမှုကို ရုတ်ချည်းပင် စဉ်းစားသုံးသပ်၍ လှည့်ကွက်စဉ်လိုက်သည်။ ထို့ကြောင့် ပြစ်မှု၏ လမ်းစကို စတင်တွေ့ရှိခဲ့သည်။ ခြေရာတွေ့သော်လည်း သတ္တဝါကတောတိုးနေပြန်သည်။ တောတိုးနေသော သတ္တဝါကို ပတ်ဝန်းကျင်ပြည်သူလူထုက အရှင်လတ်လတ်ဖိုင်းဝန်းဖမ်းဆီးပေးနိုင်ခဲ့သည်။ အခင်းဖြစ်ပွားပြီးနောက် နစ်နာဆုံးရှုံးမှုများ ရှိခဲ့သော်လည်း တာဝန်သိ၊ တာဝန်ရှိသူများ၏ ပူးပေါင်းပါဝင်မှုကို **"ပါးနပ်သောတရားလိုနှင့် Community Policing"** ဟု ကမ္ပည်းပြုအပ်ပါကြောင်း ..။

စုံထောက်မောင်ရေချဲ

ညွှန်းဆွဲ - ဤဖြစ်ရပ်မှန်မှုခင်းကို ရေးသိနိုင်ရန် ကူညီခဲ့ကြပါသော နေပြည်တော်၊ ပျဉ်းမနားမြို့မရဲစခန်းမှ အမှုစစ်အရာရှိများ၊ မှုခင်းသတင်းထောက်စွန်ရဲ(နေပြည်တော်)နှင့် လင်းယုန်(အောင်ပန်း)တို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




# ပြူစိန်း

## မိုးအာမွဲ့ကို ချေမှုန်းခဲ့စဉ်က


www.burmeseclassic.com

www.burmeseclassic.com



ာဂလိကျေးရွာ ...။

ထိုရွာသည် တောင်ငူမြို့၏အရှေ့ တ် မိုင်သုံးဆယ်ကျော်အကွာရှိ ာင်ပေါ်ရွာကြီးတစ်ရွာဖြစ်သည်။

ကွမ်းသီးအများအပြားထွက်သော ား ဒူးရင်းသီး၊ ငှက်ပျောသီးများလည်း ာက်၏။

လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ် ျော်က ကျွန်ုပ်သည် ထိုရွာကြီးနှင့် ပတ်ဝန်းကျင်၌ နေထိုင်ကြသူများ၏ သက်အိုးအိမ်စည်းစိမ် လုံခြုံရေးအ က် အထက်အမိန့်အရ တာဝန်ထမ်း ာင်ခဲ့ရပါသည်။

ယခုဖြစ်ရပ်မှာ ဘောဂလိကြီး၌ န်ုပ် လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် ာင်းကျန်းသူငမိုးအဖွဲ့ကို ချေမှုန်း က်သည့်ဖြစ်ရပ်ဖြစ်သည်။

ထိုစဉ်က ဘောဂလိကြီးမှာ နက်ရောင်နယ်မြေဖြစ်၏။

ကျွန်ုပ်သည် ရှိသမျှအင်အားဖြင့် ရွာပတ်ဝန်းကျင်သို့လှည့်၍ နယ်မြေရှင်းလင်းခြင်း၊ ရန်သူ့သတင်းကို မပြတ်ထောက်လှမ်းခြင်းတို့ကို နေ့မအား ညမနား ဆောင်ရွက်ရသည်။

ဘောဂလိကြီးတစ်ဝိုက် လှုပ်ရှားနေသော သောင်းကျန်းသူငမိုးအဖွဲ့၏ အင်အားမှာ နှစ်ဆယ်ကျော် သုံးဆယ်ခန့်သာ ရှိ၏။

တစ်နေ့တွင် ဘောဂလိကြီးရွာ၏ တောင်ဘက် ဆယ်မိုင်ခန့်အကွာ ရေသိုးကျေးရွာမှ ရွာသားတစ်ယောက်ဖြစ်သော ဦးဂွယ်မူက –

“မိုလ်ကြီး ... ငမိုးတို့တစ်တွေ ဘောဂလိကြီးကိုဝင်တိုက်ဖို့ လူစုနေတယ် ...”

ဟု သတင်းပေးပါသည်။

ဦးဂွယ်မူမှာ ကွမ်းသီးခြံ၊ ဒူးရင်းသီးခြံ၊ ငှက်ပျောသီးခြံ ပိုင်ရှင်တစ်ယောက်ဖြစ်၏။

ကျွန်ုပ်သည် ရေသိုးကလေးရွာသို့ လှည့်လည်သွားရင်း သူနှင့်ခင်မင်သွားပါသည်။

သူသည် ဘောဂလိကြီးတွင်လည်း အိမ်ပိုင်တစ်အိမ်ရှိ၏။

“ငမိုးက ကျုပ်ဆီက ဆက်ကြေးတောင်းလေ့ရှိတယ်ဗျ ...”

ဟု သူသည် ကျွန်ုပ်အား နှစ်ကိုယ်ကြားပြောပါသည်။

ထိုသတင်းရချိန်မှာ ဘောဂလိကြီးကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများ၌ ကွမ်းသီးပေါ်ချိန်ဖြစ်၍ ရွာသားများ ငွေရွှင်နေချိန်ဖြစ်သည်။

ဦးဂွယ်မူထံမှ ရသောသတင်းကြောင့် ကျွန်ုပ်သည် လုံခြုံရေးကို ရှေးကထက် ပိုဂရုစိုက်ရပါသည်။ အထူးသဖြင့် ညဘက်တွင် ရွာပြင်ထွက်၍ ကင်းပုန်းဝပ်ခြင်း၊ လှည့်ကင်း၊ တိုက်ကင်းထွက်ခြင်းတို့ကို ပြုလုပ်ရပါသည်။

**လမိုက်ည ဖြစ်သော်လည်း ကြယ်ရောင်များ၏ အကူအညီဖြင့် သူတို့ကို တွေ့ရသည်။ ညောင်ပင်အောက်ရှိ သူတို့အင်အားမှာ နှစ်ဆယ်ခန့်ရှိပြီး သူတို့သည် ...**



www.burmeseclassic.com

ငမိုးတို့အဖွဲ့ ဝင်တိုက်မည့် သတင်း ရထားကြောင်းကို ဘောဂလိကြီးရှိ ရဲစခန်းမှူးဦးမောင်မြင့်ကိုလည်း အသိပေးထားရသည်။

"'ဦးမြင့် ... ခင်ဗျားစခန်းကို လုံခြုံရေးတိုးမြှင့်ထားဗျာ ...၊ စခန်းခြံစည်းရိုးတွေကိုလည်း ခိုင်ခိုင်ခန့်ခန့်လုပ်ထား ..."

ဟု သတိပေးထားလိုက်သည်။

ရဲစခန်းဝင်းမှာ ရွာ၏အနောက်ပိုင်း၌ရှိပြီး အနောက်အရပ်မှလာသော ကားလမ်းနှင့် မြောက်ဘက်မှလာသော လူသွားလမ်းတို့၏ ဆုံရာ၌ တည်ရှိ၏။

"ငမိုးတို့အဖွဲ့ ဘောဂလိကြီးကို ဝင်တိုက်ရင် ဘယ်လမ်းကလာမလဲ"

ကျွန်ုပ်သည် ထိုသို့စဉ်းစားရင်း ဝင်လမ်းများကို ထပ်မံ၍ အသေးစိတ်လေ့လာထားပါသည်။

"ငမိုးကို သူ့အထက်လူကြီးက မင်းအသုံးမကျဘူး၊ ငါ့ကို ရန်ပုံငွေပေးတာ နည်းတယ်ဆိုပြီး ဆူပူတယ်လို့ သတင်းရတယ် ..."

ဦးဂွယ်မူသည် အခြားလူများ အလယ်၌ ကျွန်ုပ်ကိုပြောပါသည်။

ကျွန်ုပ်လက်အောက်တွင် တပ်ကြပ်ကြီးခင်ညိုရှိရာ သူသည် အတွေ့အကြုံရင့် ဆရာကြီးဖြစ်သည်။

ကျွန်ုပ်ညဘက်လှုပ်ရှားလျှင် သူ့ကို စခန်း၌ထားခဲ့ပြီး၊ စခန်းကို တာဝန်ယူစေပါသည်။

ကျွန်ုပ်သည် ညဘက်လှုပ်ရှားမှုကို ကိုယ်တိုင်ပြုလုပ်ပြီး၊ နေ့ဘက်လှုပ်ရှားမှုတို့ ဆရာကြီးခင်ညိုအား တာဝန်ပေးပါသည်။

ငမိုးတို့ ဘောဂလိကြီးကို တိုက်မည်ဟု သတင်းရပြီး တစ်လခန့်အကြာ စနေနေ့ည သန်းခေါင်ကျော်တွင် ကျွန်ုပ်သည် စခန်း၏အပြင်ဘက် ရွာ၏ အရှေ့မြောက်ဘက်ရှိ ကွမ်းသီးခြံထဲ၌ ကင်းပုန်းဝပ်နေစဉ် ...

သေနတ်သံများ ဆူညံစွာထွက်ပေါ်လာပါတော့သည်။ သေနတ်သံများကို နားထောင်ရင်း –

" ဒီကောင်တွေ ရဲစခန်းကိုတိုက်နေပြီ ..."

ကျွန်ုပ်သည် ကျွန်ုပ်၏တပ်စိတ်မှူး မောင်တိုးကို တိုးတိုးပြောရင်း –

"မောင်တိုး ငါတို့အဲဒီကိုသွားမယ် ... ငါ့အမိန့်မရဘဲ လုံးဝမပစ်နဲ့နော်၊ ဒီကောင်တွေ အင်အားက ဘယ်လောက်မှန်းမသိဘူး ...၊ ငါတို့အင်အားက မင်းသိတဲ့အတိုင်းပဲ ..."

ကျွန်ုပ်တွင် ထိုစဉ်က တပ်စိပ်နှစ်စိပ်သာရှိပြီး၊ ကျန်နှစ်စိပ်ကို ဆရာကြီးခင်ညိုနှင့်အတူတူ ထားခဲ့ရသည်။

ကျွန်ုပ်၏တပ်စခန်းကို တိုက်သံလုံးဝမကြားရပါ။ ရဲစခန်းကိုသာ သဲသဲမဲမဲတိုက်နေပါ၏။

ရဲစခန်းထဲမှလည်း သဲသဲမဲမဲ ပြန်လည်ခုခံသံများ ကြားရပါသည်။

ကျွန်ုပ်တို့သည် အိမ်ကြိုအိမ်ကြားများမှ မှောင်ရိပ်ခို၍ ရဲစခန်းရှိရာသို့ ခပ်မှန်မှန်ချဉ်းကပ်သွားသည်။

ရဲစခန်းနှင့် ပေတစ်ရာ့ငါးဆယ်ခန့်အကွာရှိ ညောင်ပင်ကြီးအောက်၌ သောင်းကျန်းသူများကို တွေ့ရသည်။ လမိုက်ညဖြစ်သော်လည်း ကြယ်ရောင်များ၏ အကူအညီဖြင့် သူတို့ကို တွေ့ရသည်။ ညောင်ပင်အောက်ရှိ သူတို့အင်အားမှာ နှစ်ဆယ်ခန့်ရှိပြီး၊ သူတို့သည် အရှေ့ဘက်သို့ ကင်းထုတ်ထားသည်။ ကျွန်ုပ်တို့တပ်မှ စစ်ကူလာလျှင် ပစ်ရန်စီစဉ်ထားခြင်းဖြစ်သည်။

နာရီဝက်ခန့်အကြာ၌ သေနတ်သံများ လျော့သွားသည်။

"ရဲစခန်းကို ဒင်းတို့ မစီးနိုင်ဘူးကွ ..."

ကျွန်ုပ်က ဆရာမောင်တိုးကို ပြောသည်။

ကျွန်ုပ်သည် ငမိုးတို့အင်အားကို ခန့်မှန်းကြည့်သည်။

ရဲစခန်းကို ဝိုင်းတိုက်သောအင်အားမှာ အနည်းဆုံး နှစ်ဆယ်ကျော်ရှိမည်။ ညောင်ပင်ကြီးအောက်တွင် ဖြန့်ထားသည်မှာ နှစ်ဆယ်ခန့် အင်အားပါ ထည့်တွက်လျှင် ငါးဆယ်ကျော်ကျော်ခန့် ရှိရမည်။ သူတို့သည် ကျွန်ုပ်တို့က ငြိမ်နေသောကြောင့် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေပုံရသည်။ တိုင်းရင်းသားအသံဖြင့် ဆဲသံကလည်း ဆူညံနေပါသည်။

သေနတ်သံများ အားပျော့သွားခြင်းက သူတို့သည် ကျည်ဆံများကို ချွေတာလိုက်သည့် သဘောပင်။

ရဲစခန်းဘက်မှလည်း သေနတ်သံများ လျော့သွားသည်။

ကျွန်ုပ်တို့အပိုင်းမှ ငြိမ်နေသောကြောင့် ငမိုးတို့အဖွဲ့သည် တွေဝေနေရသည်။

သူတို့သည် ကျွန်ုပ်တို့၏စခန်းဘက်သို့လည်း မတိုးဝံ့ပေ။

သေနတ်သံများ ပြောက်ကြားပြောက်ကြားထွက်ပေါ်နေပြီး ခဏအကြာ၌ ရဲစခန်း၏မြောက်ဘက် ကို



www.burmeseclassic.com

www.burmeseclassic.com


ငါးဆယ်အကွာဘက်မှ မီးတောက်ကြီး ပေါ်ထွက်လာသည်။

"ဟာ … ဒီကောင်တွေ စာသင်ကျောင်းကို မီးရှို့လိုက်ကြပြီ"

ကျွန်ုပ်က ဆရာတိုးကိုပြောလိုက်သည်။

ကျွန်ုပ်သည် ဆရာတိုးအား တပ်ကို သေသေချာချာဖြန့်၍ ကျည်ကွယ်များနောက်မှ ညောင်ပင်တစ်ပိုက်ရှိ သောင်းကျန်းသူအစုကို ခြေမှုန်းရန် ဆုံးဖြတ်ပြီး သောင်းကျန်းသူများကို ကျည်တစ်ကပ်စီ ကျွေးလိုက်ခိုင်းလိုက်သည်။

"ကျည်တစ်ကပ်စီသုံးပြီးရင် အပစ်ဆိုင်းထား၊ ဒင်းတို့ ဘာလုပ်မလဲ စောင့်ကြည့် …"

ကျွန်ုပ်သည် ဆရာတိုးမှတစ်ဆင့် ညွှန်ကြားလိုက်သည်။ ညောင်ပင်အောက်မှ သောင်းကျန်းသူများ အငိုက်မိသွားကြသည်။ ခဏအကြာ သူတို့သည် ကျွန်ုပ်တို့ရှိရာသို့ ပစ်ခတ်ကြသည်။

ကျွန်ုပ်တို့က ငြိမ်နေလိုက်သည်။

သူတို့သေနတ်သံများ ရပ်သွားသောအခါ ကျွန်ုပ်သည် ဆရာတိုးအား နောက်ဘက်သို့ နေရာရွှေ့၍ နေရာယူခိုင်းလိုက်သည်။

သောင်းကျန်းသူများသည် ကျွန်ုပ်တို့၏ နေရာဟောင်းများဘက်သို့ ပစ်ခတ်ပြန်သည်။

ကျွန်ုပ်တို့ဘက်မှ တုံ့ပြန်သံမကြားသောအခါ သူတို့ငြိမ်သွားပြန်သည်။

ညောင်ပင်အောက်မှ သောင်းကျန်းသူများသည် ရှေးကလို ပေါ်ပေါ်ထင်ထင် ရပ်မနေကြတော့။

ရဲစခန်းဘက်မှ သေနတ်သံများ ထွက်လာပြန်သည်။ သောင်းကျန်းသူများက ထပ်ပစ်၍ ရဲတို့က ပြန်လည်ခုခံခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ငြိမ်နေသည်။

ကျွန်ုပ်တို့ငြိမ်နေသောကြောင့် သူတို့သည် ကျွန်ုပ်တို့ မည်သည့်နေရာတွင်




www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ကိုသိရန် သေနတ်များပစ်၍ ပစ်ရှာရှာသည်။ သို့သော် ကျွန်ုပ်တို့သည် ငြိမ်နေသောကြောင့် သူတို့သည် ရှေ့သို့လည်း တိုးမလာရဲပေ။

ကျွန်ုပ်တို့သည် မီးရှို့ခံရသော စာသင်ကျောင်းနှင့် တဖြည်းဖြည်းနီးသွားသည်။

နာရီဝက်ခန့်အကြာ၌ မီးညွှန့်ကျိုးသွားသည်။ သူတို့သည် ငြိမ်နေသည်။ ပြန်ဆုတ်သွားပုံမရသေး။ ကျွန်ုပ်တို့ကလည်း ငြိမ်နေရင်း သူတို့ကို တုန့်ပြန်တိုက်ရန် မြေအနေအထားကို လေ့လာထားသည်။ လောလောဆယ်၌ သူတို့က ကျွန်ုပ်တို့ထက် အနည်းငယ်ပိုမြင့်သောနေရာတွင် ရှိနေကြသည်။

အရှေ့ဘက်မှ ရောင်နီများသန်းလာလေပြီ။ ကြွဲချိုမှုတ်သံ ကြားရသည်။

"ဒီကောင်တွေ ဆုတ်နေပြီ"

ဆရာတိုးက ပြောသည်။

"လိုက်တိုက်ရင် ကောင်းမလား"

ကျွန်ုပ်က စဉ်းစားလိုက်သည်။

"သူတို့က အင်အားများတယ်၊ နောက်ပြီး သူတို့က အပေါ်စီးက"

ကျွန်ုပ်သည် လိုက်မတိုက်တော့ဘဲ . သူတို့၏နောက်ဆုံးအဖွဲ့ကိုသာ တိုက်ရန် ဆုံးဖြတ်လိုက်သည်။

ညောင်ပင်ကြီးအောက်တွင် သူတို့နောက်ဆုံးနောက်ချန်အဖွဲ့ရှိသည်။ သေသေချာချာကြည့်သောအခါ ဆယ်ယောက်ခန့် လူတစ်ယောက်ကို အခြားလူသုံးလေးယောက်က ဝိုင်းဆွဲခေါ်နေရာ အဆွဲခံရသူသည် ဆဲဆိုပြီး မလိုက်ဘဲနေသည်ကို မှုန်ဝါးဝါးမြင်ရသည်။၏

ကျွန်ုပ်သည် စက်လက်သမားအား ထိုအုပ်စုထဲသို့ ပစ်ထည့်ရန် အမိန့်ပေးလိုက်သည်။

စက်လက်ကျည်ဆံများက ထ[illegible] အုပ်စုကို ထိမှန်သွားသည်။ ရန်သူသုံ[illegible] လေးယောက် လဲကျသွားသည်။ ကျ[illegible] ရန်သူများသည် ညောင်ပင်အောက်[illegible] အမြန်ဆုံးထွက်ပြေးသွားလေတော့၏[illegible]

ကျွန်ုပ်သည် ညောင်ပင်အော[illegible] သို့ နောက်ထပ် စက်လက်ဖြင့် ပစ်ခို[illegible] လိုက်ပြီး ပြန်ရပ်ခိုင်းလိုက်သည်။

ရန်သူဘက်မှ တုံ့ပြန်ပစ်ခတ်[illegible] များ မကြားရတော့။

အလင်းရောင်အား ကောင်းစ[illegible] ချိန်၌ ကျွန်ုပ်တို့သည် ညောင်ပင်တ[illegible] ဝိုက်ကို အရင့်ရှင်းရာ သောင်းကျန်း[illegible] အလောင်း လေးလောင်းနှင့် လက်န[illegible] လေးလက်၊ ကာဘိုင်သုံးလက်နှင့် ပ[illegible] တိုတစ်လက်၊ ပစ္စတိုပိုင်ရှင်မှာ င[illegible] သောင်းကျန်းသူခေါင်းဆောင်ငမိုး။

ရဲစခန်းမှူးလည်း ဘိုတဲမှထွ[illegible] လာပြီး ကျွန်ုပ်နှင့်လာတွေ့သည်။

"ကျွန်တော်တို့ဘက်မှာ အ[illegible] အဆုံးမရှိပါဘူး ...၊ ဒဏ်ရာရသူ[illegible] လည်း မရှိပါဘူး ..."

သောင်းကျန်းသူများ ဆုတ်ခွာ[illegible] ဘက်တွင် သွေးကွက်များကို တွေ့ရ[illegible]

ကျွန်ုပ်သည် ငမိုးတကယ်ဟု[illegible] မဟုတ် အတည်ပြုချက်ရယူရန် [illegible] သားများထဲမှ ငမိုးကိုသိသူကို ရှာ[illegible] မေးမြန်းပြီး အတည်ပြုချက်[illegible] အထက်သို့ အစီရင်ခံစာ တင်လိုက်[illegible] လေတော့၏။

နံနက်(၁၀)နာရီတွင် . ကျွန်ုပ်[illegible] သည် ဘိုတဲပေါ်ပြန်တက်ပြီး [illegible] လက်ပစ် အနားယူလိုက်တော့သည်[illegible]

ပြီး

ညောင်ပင်တစ်ဝိုက်ကို
အရင့်ရှင်းရာ
သောင်းကျန်းသူ
အလောင်း
လေးလောင်းနှင့်
လက်နက်လေးလက်၊
ကာဘိုင်သုံးလက်နှင့်
ပစ္စတိုတစ်လက်၊
ပစ္စတိုပိုင်ရှင်မှာ
ငမိုး...

www.burmeseclassic.com



www.burmeseclassic.com

စကားကျွဲ၌ နွတ်လွှန်သူများထက် ရမ္မက်ကျွဲ၌ အချစ်နွံတွင် နစ်သူများက ပို၍ဆိုးမည်ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချစ်နွံနစ်လျှင် တစ်ဦးတည်းမဟုတ်တော့ပါ။ ယခု ဇာတ်လမ်းတွင်လည်း ...။

+++

"ဒိုင်း"

စောစောကပင် ဤအနီးတဝိုက်မှ သေနတ်သံလိုလို တစ်ချက်ကြားလိုက်ရသေးသည်။

ယခုတစ်ဖန် ကြားရသည့်အသံကတော့ သေနတ်သံဖြစ်သည်က သေချာလှသည်။

ထို့ကြောင့်ပင် ပြည်သူ့ရဲတပ်ဖွဲ့ဝင်တို့ ရောက်ရှိလာခဲ့ကြသည်။ သူတို့ရောက်ရှိနေသော နေရာက အင်းစိန်မြို့စွန်တစ်နေရာမှ ခြံကျယ်ကြီးတစ်ခု၏ ရှေ့ပင်ဖြစ်သည်။

ခြံကျယ်ကြီးအတွင်းမှာ တိုက်အိုတစ်လုံးရှိနေသည်။ မီးများလင်းထိန်နေသော်လည်း လူမရှိသလို တိတ်ဆိတ်လှ၏။

ရဲတပ်ဖွဲ့ဝင်များ ကြားလိုက်ရသော သေနတ်သံသည် ထိုတဲအိုကလေးထဲက ဖြစ်ဖို့သေချာသလောက်ရှိနေသည်။

ခြံရှေ့လမ်းဘေးတစ်နေရာတွင် ကားတစ်စီးကလည်း ရှိနေ၍ သေနတ်သမားသည် မကြာမီ ထွက်လာတော့မည်ဟု ခန့်မှန်းမိကြကာ ရဲတပ်ဖွဲ့ဝင်တို့ အသင့်နေရာယူ၍ စောင့်ဆိုင်းနေကြသည်။

လူရိပ်တစ်ခု တိုက်ပေါ်ကထွက်လာသည်။

ထိုလူသည် ခြံဝဆီသို့ သုတ်သုတ်ပျာပျာ လျှောက်လာနေသည်။

"ဟေ့ ... ရပ်လိုက်"

ခြံဝရောက်သည်နှင့် ပုန်းကွယ်နေရာမှ လက်နက်ကိုယ်စီနှင့် ရဲတပ်ဖွဲ့ဝင်လေးယောက်က ချိန်ရွယ်၍ ဟန့်တားလိုက်သည်။ လှမ်းလာသောခြေလှမ်း တန့်သွားကာ လျှောက်လာသူ ရပ်သွားသည်။

"ဟင်"

ရပ်နေသူအနီးသို့ရောက်လျှင် ရဲတပ်ကြပ်ကြီး အံ့ဩသွားသည်။

ရပ်နေသူမှာ မိန်းမချောလေးတစ်ယောက် ဖြစ်နေသောကြောင့်ပင်။

သူမသည် လက်မှကိုင်ထားသော ခြောက်လုံးပြူးသေနတ်ကို ရဲတပ်ကြပ်ကြီးအား လှမ်းပေးရင်း တုန်ယင်သောအသံဖြင့် ပြောလိုက်သည်။

"ကျွန်မကလည်း အဖမ်းခံမလို့ပါပဲ"

"ဗျာ ... စောစောက သေနတ်သံဟာ ..."

"ဟုတ်ပါတယ် ... သူ့ကို ကျွန်မ သတ်လိုက်ပြီ ..."

လူသတ်မှုဖြစ်ပွားပြီဟု သိရသည်နှင့် ရဲတပ်ကြပ်ကြီးက –

"ကဲ ... မင်းတို့ သူ့ကို စခန်းခေါ်သွား၊ ငါနဲ့ သုံးယောက်လောက်လိုက်ခဲ့ဦး ...၊ အလောင်းကို သွားကြည့်ရအောင်"

ရဲတပ်ကြပ်ကြီးတစ်ဦးနှင့် ရဲတပ်သားနှစ်ဦးက အမျိုးသမီးကို ခေါ်သွားပြီး၊ ရဲတပ်ကြပ်ကြီးတစ်ဦးနှင့် အခြားရဲတပ်သားသုံးယောက်တို့က တိုက်အိမ်ရှိရာသို့ ထွက်လာခဲ့ကြသည်။

တိုက်အိမ်ကလေးထဲသို့ ဝင်လိုက်မိသောအခါ အားလုံးပင် အံ့ဩသွားရသည်။

အဘယ့်ကြောင့်ဆိုသော် သေသူမှာ တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



**သီသီနွယ်အလှက အပျိုတွေမမီသော ရှားပါးလှသည့် အလှမျိုးဆိုတော့ ဂျင်မီက ဘာသားနှင့်ထုသလဲ၊ ရှုန်းမထွက်သာအောင် ဖြစ်ရတော့သည် ...**

အပေါက်ဝထိုင်ခုံတွင် ထိုင်လျက် သေနတ်ဒဏ်ရာနှင့် သေဆုံးနေသူမှာ လူရွယ်တစ်ယောက်ဖြစ်ပြီး အခန်းတွင်း၌ သေဆုံးနေသူမှာ အသက်လေးဆယ်ဝန်းကျင် လူလတ်ပိုင်းဖြစ်သည်။

ရဲတပ်ကြပ်ကြီးသည် အလောင်းများကို ရှာဖွေစစ်ဆေးလိုက်ရင်း လူရွယ်၏အိတ်ထဲမှ စာတစ်စောင်ကို တွေ့လိုက်ရသည်။ ရဲတပ်ကြပ်ကြီးက စာကို ဖြန့်၍ ဖတ်ကြည့်လိုက်လေသည်။

ဂျင်မီ

*မင်းနဲ့ သူဌေးကတော် သီသီနွယ်တို့အကြောင်း ငါအကုန်သိတယ်။ သူဌေးဦးဘဦးဆီ မပေါက်ကြားစေချင်ရင် ငွေတစ်သိန်းယူလာပြီး မြောက်ဥက္ကလာ (၅၉)ကားလေးဂိတ်ကို ည(၉)နာရီတိတိ လာချထားပါ။ ဒါပါပဲ။*

သိနေသူ

+++

သီသီနွယ်သည် အသက်သုံးဆယ့်ငါးနှစ် ပတ်ဝန်းကျင်လောက်သာ ရှိသေးသည်။

လှပချောမောသည်။ မျက်နှာကျပုံ လှပပြေပြစ်သလို ကိုယ်လုံးကိုယ်ထည် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကလည်း တမက်တမောရှိလှပေသည်။

ယောက်ျားသားတို့ ပြစ်မှားချင်စရာကောင်းလောက်အောင် စွဲမက်ဖွယ်ကိုယ်ခန္ဓာပိုင်ရှင်ပင်။

သို့သော် ...

သီသီနွယ်သည် အသက်ခြောက်ဆယ်ဝန်းကျင်ခန့်ရှိသော ဦးဘဦး၏ဇနီး ဖြစ်နေသည်။

ဦးဘဦးက ချမ်းသာသည်။ လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သည်။ စက်မှုလက်မှုရပ်ကွက်ထဲတွင် ပလတ်စတစ်စက်ရုံတစ်ခု တည်ထောင်ထားသည့်အပြင် သီသီနွယ်အတွက် အိမ်ဆိုင်အလှကုန်ပစ္စည်းအရောင်းဆိုင်လည်း ဖွင့်လှစ်ထားသည်။

ထို့ကြောင့်ပင် ဦးဘဦးအလုပ်ရုံက စက်မှုလက်မှုရပ်ကွက်ထဲ၌ရှိပြီး သီသီနွယ်က မေဓာဝီလမ်းမကြီးပေါ်ရှိ မိမိတိုက်ရှေ့မှာ သီးသန့်ထုတ်ထားသော အလှကုန်ဆိုင်လေးမှာ ရှိတတ်ပေသည်။

သီသီနွယ့်ဆိုင်က ဆိုင်ကလေးဆိုသော်လည်း အမျိုးသမီးအကြိုက် အလှကုန်ပစ္စည်းမျိုးစုံ စုံလင်လာသောအခါ အရောင်းသွက်လာသည်။

သူမအနေနှင့် ဈေးစောင့်ရောင်းသောအလုပ်သည် မနိုင်နင်းသလို ဖြစ်လာ၏။

ထို့ကြောင့် နွယ်နီရပ်ကွက်ထဲမှ သင်းသင်းမာဆိုသည့် ကောင်မလေးတစ်ယောက်ကို ငှားထားရသည်။

ထိုအခါ သင်းသင်းမာ၏မောင် တစ်ဝမ်းကွဲတော်သော ဂျင်မီနှင့် တွေ့ရတော့သည်။

ဂျင်မီက သင်းသင်းမာထံ မကြာခဏလာသည်။ အလာများလာတော့ ယောက်ျားလေးအပေါင်းအသင်း တစ်ခါတလေမှ မထားသော ဒေါ်သီသီနွယ် ဂျင်မီကို ခင်လာသည်။

ဂျင်မီက ရုပ်ချောသည်။ သန့်ပြန့်သည်။ ယောက်ျားပီပီသသ တောင့်တင်းသန်မာသည်။ ဂျင်မီနှင့်စကားပြောရတိုင်း ဒေါ်သီသီနွယ် တိတ်တခိုးရင်ခုန်ရသည်။ အိမ်ကအဘိုးကြီးကို မေ့လျော့လာသည်။ ဂျင်မီပြန်သွားလျှင်ရင်မှာ ဟာလွတ်၍ ကျန်ရစ်သွားရသော ဝေဒနာတစ်ရပ် ရရှိမြဲပင်။

ဒေါ်သီသီနွယ်က မြောင်းပေးတော့ ဂျင်မီဆီက ရေလာတော့သည်။ သီသီနွယ်အလှက အပျိုတွေမမီသော ရှားပါးလှသည့် အလှမျိုးဆိုတော့ ဂျင်မီ



www.burmeseclassic.com

က ဘာသာနှင့်ထုသလဲ၊ ရှန်းမထွက်သာအောင် ဖြစ်ရတော့သည်။

သီသီနွယ်နှင့် ဂျင်မီ မမနှင့်မောင်လေး အပြန်အလှန် အရှုံးအမူးချစ်မိသည်။ သီသီနွယ်အဖို့ အချစ်ကို ယခုမှပင် တွေ့ရသည်ဟု မောင်လေးဂျင်မီကို မကြာခဏ ပြောခဲ့မိသည်။

သို့သော် ...

တိတ်တခိုးအချစ်မို့ လူသိတော့ မခံရဲပေ။

ဂျင်မီ အိမ်ကိုအလာကျဲလာသည်။ နောက်တော့ လုံးဝမလာတော့။

ဤသည်ကား သီသီနွယ်၏ လုပ်ရပ်။

ဂျင်မီနှင့်သူမ တွေ့နေကျနေရာ တွေ့နေကျအချိန်တို့ကို သတ်မှတ်၍ တွေ့ကြပြီ မဟုတ်ပါလား။

ကမ္ဘာအေးတွင်ရှိသော ဂျင်မီမိတ်ဆွေ လူပျိုကြီးကိုတင်အေးအိမ်သည် အလွတ်လပ်ဆုံးနေရာပင်။ ကိုတင်အေးက ရုံးစာရေးကြီး သူအလုပ်သွားသည်နှင့် သော့တူတစ်ချောင်းအပ်ထားခြင်းခံရသော ဂျင်မီက အသာဖွင့်နေလိုက်ရုံပင်။ မကြာမီတွင် မမသီသီနွယ် ကားနှင့်ရောက်လာသည်။

ထိုအိမ်မှာ လွတ်လပ်စွာ ချစ်စခန်းချပြီးတော့ ညနေ သုံးနာရီလောက် အိမ်ကိုပြန်သွားတတ်သည်။

ထို့ကြောင့်ပင် သီသီနွယ်၏လုပ်ရပ်ကို ရပ်ကွက်ထဲက လူတစ်ယောက်တလေမှ မသိနိုင်ပေ။ တိုက်နှင့်ကားနှင့် ပြန်လာသည်မှာ မဆန်း။ တွေ့သာတွေ့နေရမည်။ ဘယ်လိုလူမျိုးကမှ ဝေဖန်ခန့်မှန်းလို့ ရမည်မဟုတ်ပေ။

သို့ရာတွင် သုံးလခန့် ပျော်ပျော်ပါးပါး ချစ်လိုက်ရသေးသည်။ စိတ်အနှောင့်အယှက်ဖြစ်စရာက ဝင်ရောက်လာတော့သည်။

တစ်နေ့တွင် မမျှော်လင့်သော စာတစ်စောင် သီသီနွယ်ထံသို့ ရောက်ရှိလာသည်။ လက်မှတ်ထိုးထားခြင်းမရှိသည့် ခြိမ်းခြောက်စာပင် ဖြစ်သည်။

*ဒေါ်သီသီနွယ်*

*ခင်ဗျားနဲ့ ဂျင်မီအကြောင်းတွေကို ကျုပ်အကုန်သိတယ်။ ခင်ဗျားယောကျ်ား ဦးဘဦးနား မပေါက်ကြားစေချင်ရင် လာမယ့်စနေနေ့ ည(၉)နာရီ ကန်တော်မဟာပန်းခြံအတွင်း လူရှင်းတဲ့အုတ်ခုံပေါ်မှာ ငွေတစ်သိန်း လာချထားခဲ့ပါ။*

သိနေသူ

+++

စာကိုဖတ်လိုက်ရသောအခါ သီသီနွယ် အတော်ဒေါသထွက်သွားသည်။ ဖတ်ပြီးသည်နှင့် စာကိုမီးရှို့ပစ်လိုက်သည်။ ထိုအကြံပက်စက်လှသော ငွေညှစ်သမားကို ပြေးတွေ့၍သာ သတ်ပစ်လိုက်ချင်သည်။

သူမနှင့် ဂျင်မီတို့သည် အလွန်လျှို့ဝှက်ကြပြီး မည်သူမျှမသိနိုင်ဟု ထင်ထားသည့်ကြားက ထိုသို့ဖြစ်လာသောအခါ မတွေးတတ်နိုင်အောင် ဖြစ်ရသည်။

သို့သော် ...

ဦးဘဦးသိသွားလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ပေ။

စာထဲကလူ ချိန်းဆိုသည့်အတိုင်း ငွေတစ်သိန်းကို စက္ကူနှင့်ထုပ်ကာ တနင်္ဂနွေနေ့ ည(၉)နာရီအချိန်တွင် ပန်းခြံထဲသို့ လာခဲ့သည်။ ပန်းခြံထဲမှာ ညပိုင်း လူအတော်စည်ကားသည်။ ခုံတန်းနှင့် ချုံရိပ်များတွင် ကလေးများ ဆော့ကစားနေသည်က ပျော်စရာပင်။

သီသီနွယ်ကတော့ လုံးဝမပျော်။

သူမသည် ပန်းခြံထောင့်တစ်နေရာတွင် လူအတော်ရှင်းသည့် အုတ်ခုံကလေးများ ရှိနေသည်ကို သတိထားမိသည်။ ထိုအုတ်ခုံမှာ ငွေထုပ်ကိုချထားခဲ့ပြီး ပန်းခြံအပြင်သို့ ထွက်လာခဲ့သည်။

သူမ ကားပေါ်တက်မည် ကြံရွယ်ဟန်ရှိသေးသည်။ လူတစ်ယောက် ငွေထုပ်ချထားသော အုတ်ခုံအနီး ရောက်နေသည်ကို တွေ့လိုက်ရသည်။

ထိုသူသည် ဦးထုပ်ကို ငိုက်၍ဆောင်းထားပြီး ဘောင်းဘီရှည်နှင့် ဂျင်းဂျာကင်ကို ဝတ်ထားသည်ကိုတော့ မြင်နေရသည်။

လူပုံသဏ္ဌာန်ကတော့ အတော်အလှမ်းဝေး၍ မသဲကွဲပေ။

ထိုလူသည် ငွေထုပ်ကို ကောက်ယူပြီး ရင်အုပ်ထဲထိုးထည့်လိုက်သည်။

ထို့နောက် သွက်သွက်လျှောက်သွားပြီး လမ်းဘေးတစ်နေရာတွင် ရပ်ထားသော ဆိုင်ကယ်ပေါ်တက်၍ မောင်းထွက်သွားသည်။

"အတော်ယုတ်မာတဲ့လူ"

ထိုသူထွက်သွားသောဘက်သို့ ကြည့်ကာ သီသီနွယ်ထိုသို့ ရေရွတ်မိသည်။ နောက်မှ သတိရကာ ကားကို စက်နှိုး၍ ဆိုင်ကယ်ထွက်သွားသော (ရ... ဈေးဘက်သို့ မောင်းလိုက်ခဲ့သည်။

သို့သော် ...

လုံးဝမမြင်ရတော့ဘဲ မျက်ခြည်ပြတ်သွားလေပြီ။

ဤကိစ္စသည် ဤတစ်ကြိမ်နှင့် ပြီးမည် မဟုတ်မှန်း သီသီနွယ်နားလည်သည်။

ထို့ကြောင့် မိမိအား ယခုကဲ့သို့ ငွေညှစ်သူကို အမိဖမ်းပြီး ဆုံးမမည်ဟု စိတ်ထဲမှာ တေးမှတ်ထားလိုက်၏။

ထင်သည့်အတိုင်းပင်။

ဒုတိယစာကို တစ်ပတ်လောက် အကြာတွင် ရရှိခဲ့ပြန်သည်။ သူမတ... ကြိမ်တွင်လည်း ပထမအကြိမ်အတိုင်း


www.burmeseclassic.com

www.burmeseclassic.com





စားနေကျကြောင်ပါး ငွေညှစ်သမားဆိုင်ကယ်သည် မရမ်းကုန်းဘက်သို့ ထွက်သွားသည်ကို တွေ့လိုက်ရသည်။

ထိုသို့ဖြင့် ဆဋ္ဌမအကြိမ် ငွေပေးရသောအပတ်တွင် ငွေညှစ်သမား၏ အိမ်ကို သိလိုက်ရတော့သည်။

အင်းစိန်မြို့နယ် ခြံဝန်းထဲက တိုက်ကလေး။

သတ္တမအကြိမ် ငွေပေးရမည့်အချိန်။

သီသီနွယ်သည် ဦးဘဦးလိုင်စင်နှင့်ကိုင်သော သေနတ်ကို ယူလိုက်သည်။ စက္ကူစုတ်များသာ ထည့်ထားသောအထုပ်ကို ရှစ်နာရီလောက် ကတည်းက ခါတိုင်းထားနေကျဖြစ်သော ပန်းခြံထောင့်ထိုင်ခုံမှာ ချထားကာ သူမ က အရင်ဦးအောင် အင်းစိန်ကို ကား မောင်းထွက်ခဲ့သည်။

သူမသည် တိုက်ကလေးနှင့် မနီးမဝေး လမ်းဘေးတွင် အမှတ်တမဲ့ ကားရပ်ထားလိုက်သည်။

...င် ဖြစ်သည်။ သီသီနွယ်သည် ဆိုင်...ယ်ကို မှတ်သားထားလိုက်သည်။

တတိယအကြိမ် ငွေပေးသော...ခါ သူမသည် ခပ်သွက်သွက်ပင် ...ားပေါ်တက်၍ အဝိုင်းကြီးဘက်သို့ ...ောင်းကာ ဆိုင်ကယ်ကို စောင့်ကြို့နေ...ိုက်သည်။

သူမ မျှော်လင့်ထားသလိုပင် ...ိုင်ကယ်တစ်စီး အရှိန်ပြင်းစွာ သူမ...ားကို ကျော်တက်၍ မြို့ဘက်သို့ ...ောင်းနှင်သွားသည်။

သီသီနွယ် ဆိုင်ကယ်နောက်သို့ ...ိုက်ခဲ့သည်။

မြောက်ဥက္ကလာလမ်းဆုံတွင် မည်...ည့်ဘက်သို့ ထွက်သွားမှန်းမသိတော့...ဲ လမ်းစပျောက်သွားသည်။

ရှိစေတော့။

နောက်တစ်ကြိမ် ငွေတောင်းလာ...ည့်စာကို သူမ မျှော်လင့်နေမိသည်။ ...တ်စောလျက်လည်းနေသည်။

မကြာပါ။ စတုတ္ထစာ ရောက်လာ...နဲ့သည်။

သူမသည် ငွေထုပ်ကို အုတ်ခုံပေါ် ချပြီးသည်နှင့် ကားဆီကို အပြေးသွားသည်။ ကားကို အမြန်မောင်း၍ လမ်းဆုံမှာ ကြိုရောက်ရန် စီစဉ်လိုက်သည်။

> “ ကျွန်မ သိပ်ကျေနပ်တယ်၊
> ဘာဖြစ်လို့လည်းဆိုတော့ မိန်းကလေးတွေအပေါ်
> ဟန်ဆောင်ပြီး အချစ်ကိုရယူရုံမက
> အကျင့်ဆိုးနဲ့ တစ်ပတ်ရိုက်ငွေညှစ်တဲ့
> ဒီလူယုတ်မာမျိုးကို ရှင်းလိုက်ရလို့ပဲ ”

တိုက်ကလေးကို လှမ်းကြည့်လိုက်ရာ မီးလင်းနေသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

မကြာမီ နောက်ဘက်ဆီမှ ဆိုင်ကယ်သံကြားရ၍ သူမကားကို ရှေ့သို့ မောင်းထွက်ခဲ့သည်။

တိုက်ကလေးနှင့် အတော်လွန်သည်အထိ မောင်းလာခဲ့သည်။

ဆယ်မိနစ်လောက်ကြာမှ တိုက်ကလေးဆီသို့ ပြန်မောင်း၍ ကားကို လမ်းဘေးမှာရပ်ကာ ခြောက်လုံးပြူးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ခြံထဲသို့ လှမ်းဝင်ခဲ့ပါသည်။

စိတ်ဓာတ်လည်း ခက်ထန်မာကြောနေသည်။

ဆင်ဝင်အောက်မှာ ဆိုင်ကယ်တစ်စီးရပ်ထားသည်ကို မြင်လိုက်ရသည်။ ဆိုင်ကယ်အနီးရောက်သည်နှင့် အိမ်ထဲက မြင်ကွင်းကို တွေ့နေရသည်။

စက္ကူစုတ်များ ကြမ်းပြင်မှာ ဖွာလန်ကျဲနေသည်။ ငွေညှစ်သမားသည် ငွေမဟုတ်ဘဲ စက္ကူစုတ်များဖြစ်နေ၍ ဒေါသထွက်ကာ ပေါက်ကွဲပစ်လိုက်ပုံရသည်။

လူတစ်ယောက်မှ အပေါက်ဝ ပက်လက်ကုလားထိုင်မှာ ခပ်တည်တည်ထိုင်နေသည်။

သူမသည် ထိုသူကို ရဲတင်းစွာ မျက်နှာချင်းဆိုင်ရန် လှမ်းလိုက်သည်။

"ဩော် ... မင်းကိုး ..."

ကုလားထိုင်ပေါ်မှလူကို တွေ့လိုက်ရသောအခါ သီသီနွယ်ပို၍ ဒေါသထွက်သွားသည်။

ထိုလူမှာ ဂျင်မီဖြစ်နေသောကြောင့်ပင်။ ဂျင်မီက အချစ်ကို အရယူရုံတင်မက ငွေကို သုံးချင်တိုင်းသုံးဖို့ပေးနေသည့်ကြားက အကြံပက်စက်စွာ ငွေညှစ်သေးသည်။

သူမ ဒေါသထွက်ကာ ဘာမျှ မမြင်တော့။

"မင်း ... မင်း ... လူယုတ်မာပဲ"

"မမ ... မမ"

"ဒိုင်း"

ဂျင်မီ တားလိုက်ချိန်မရတော့ပေ။ သီသီနွယ်၏ ခြောက်လုံးပြူးကျည်ဆန်က ရင်အုံကို ထိမှန်သွားလေပြီ။

+++

သီသီနွယ်သည် တရားသူကြီးရှေ့၌ သူမ၏ ဖြစ်ကြောင်းကုန်စင်ကို ပြောပြစဉ် ကာလအတွင်း မျက်နှာထားက ရုပ်ရည်နှင့်မလိုက်အောင် တင်းမာနေသည်။

"ကျွန်မအဖြစ်အပျက်က အဲဒီအကြောင်းပါပဲ ...၊ ကျွန်မ အနုသူ့ကိုသတ်လိုက်မိပြီ ...၊ ကျွန်မအပြစ်ကို ကျွန်မခံပါ့မယ်၊ ကျွန်မ သိပ်ကျေနပ်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ မိန်းကလေးတွေအပေါ် ဟန်ဆောင်ပြီး အချစ်ကိုရယူရုံမက အကျင့်ဆိုးနဲ့ တစ်ပတ်ရိုက်ငွေညှစ်တဲ့ ဒီလူယုတ်မာမျိုးကို ရှင်းလိုက်ရလို့ပဲ ..."

သီသီနွယ်သည် အပြုံးကြီးစွာ ထိုသို့ အံကြိတ်၍ပြောလိုက်၏။ ထိုအခါ ရဲတပ်ကြပ်ကြီးက မနေနိုင်တော့ဘဲ ဝင်ပြောလိုက်၏။

"ဒေါ်သီသီနွယ် ... ခင်ဗျားမှားနေပြီ ...၊ ငွေညှစ်တာက ဂျင်မီ မဟုတ်ပါဘူး၊ အခြားတစ်ယောက်ပါ ဒေါ်သီသီနွယ် ...၊ ဂျင်မီကို ပစ်သတ် ခဲ့ချိန်မှာ အတွင်းဘက်မှာ လူတစ် ယောက်က စောစောကတည်းက သေ နတ်ဒဏ်ရာနဲ့ သေနေခဲ့တယ်၊ အဲဒီလူ ဟာ ဂျင်မီလက်ချက်ကြောင့် သေရတာ ပဲ ...၊ သူဟာ အဲဒီအိမ်ရှင် ခင်ဗျား ကိုရော ဂျင်မီကိုပါ ငွေညှစ်တဲ့ ကိုတင် အေးဆိုတဲ့လူပဲ ...၊ ဒီမှာ ... ဂျင်မီ အိတ်ထဲကစာ ..."

သီသီနွယ် ဖျက်ခနဲ လှမ်းယူလိုက် သည်။ ကပျာကယာ ဖတ်လိုက်မိ သည်။

ဂျင်မီ

မင်းနဲ့ သူဌေးကတော် သီသီနွယ် ရဲ့ ဇာတ်ထုပ်ကို ငါအကုန်သိတယ် သူဌေးဦးဘဦးနားကို မပေါက်ကြားစေ ချင်ရင် ...

သီသီနွယ် မဖတ်နိုင်တော့ပေ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကြီး တငင် ငိုချလိုက်သည်။

"ဟင့် ... ဟင့် ... ကျွန်မ မှား ပြီ၊ သိပ်မှားသွားပြီ၊ သူ့အပေါ် ကျွန်မ အထင်လွဲခဲ့လို့ အခုလို ..."

"ဘယ်တတ်နိုင်တော့မလဲဗျာ"

ဟုတ်သည်။ ဒေါ်သီသီနွယ်အမှာ ကိုတော့ သိလိုက်ပြီ။

သို့သော် ...

ဥပဒေက ခွင့်မလွှတ်နိုင်အောင် များထားသည့်မို့ ဥပဒေအတိုင်း ဆော ရွက်ကြရုံသာ ရှိပေတော့သည်။

အချစ်နွံတွင် နစ်များလေ သူ ၏ သွားရာလမ်းကား ......

ဘသက်ဒွေ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာ"

သူမအသံက တိုးတိုးလေးထင့်၊ အခန်းတွင်းမှ ဆရာက ကြားဟန်မတူပါ။ သူမကတော့ မှန်ပြတင်းတံခါးမှ မြင်နေရသည်။ သည်နေ့ ဝါတွင်းဥပုသ်နေ့ ...၊ ကျောင်းပိတ်ထားသည်မို့ ရုံးသို့ထွက်လာခြင်းဖြစ်သည်။ မူလတန်းပြဆရာမ လုပ်သက်ငါးနှစ်ကျော်ရှိပြီဆိုတော့ ရာထူးတိုးချင်လာ၏။ မြို့နယ်ရုံးတွင် လျှောက်လွှာပုံစံဝယ်ရမည်။ ဌာနဆိုင်ရာရုံးများက ဝါတွင်းဥပုသ်ရက်မပိတ်။ စက်ဘီးကို အသော့နင်းပြီးလာခဲ့၏။ သူမနေထိုင်ရာရွာနှင့် ရုံးရှိရာမြို့က နှစ်မိုင်ခရီးသာဝေးသည်။ အသားဖြူဖြူ မျက်နှာဝိုင်းလေး၊ သွယ်လျပြေပြစ်သည့် ခန္ဓာကိုယ်၊ တည်ငြိမ်အေးချမ်းစွာနေတတ်သည့် ကျေးရွာ မူလတန်း ဆရာမလေး နန်းအိထွေး။ သူငယ်ချင်းတွေက မိနန်းဟုခေါ်ကြသည်။ ရုံးစကြံလမ်း တစ်ဆစ်ချိုးထောင့်ခန်းတွင် ဆရာ့ကိုတွေ့လိုက်ရသည်။ အပြင်ဘက်မှ အသံပြုကြည့်၏။ လှည့်မကြည့်ပါ။

"ဆရာ ... ဆရာ"

သည်တစ်ခါတော့အသံမြှင့်အော်ခေါ်ပြီး လက်တစ်ဖက်က ပိတ်ထားသည့်မှန်တံခါးကို အသံမြည်အောင်ပုတ်လိုက်သည်။ အလုပ်ထဲတွင် အာရုံစိုက်နေသည့်ဆရာခမျာ ခေါ်သံနှင့်အတူ တံခါးလှုပ်ခါသံကြောင့် အလန့်တကြား လှည့်ကြည့်သည်။ သူမကို ဆရာမြင်သွားပါပြီ။

"ဟာ ... မိနန်းပါလား"

ပြောပြောဆိုဆို ပြတင်းမှန်တံခါးကို ဖွင့်လိုက်သည်။ မိနန်းက ဆရာ့ကိုကြည့်ပြီး နှုတ်ခမ်းစူပြသည်။

"ဟဲ့ ... ဒါက ဘာပုံစံလဲ ...၊ အပြင်ကတံခါးပုတ်ခေါ်ရအောင် ဆရာနားမလေးသေးပါဘူးကွာ ...၊ ဆိုစမ်း ဘာကိစ္စ ..."

ဆရာက မိနန်းကို အပြစ်တင်လေသံနှင့်ဆိုရင်း မေးလိုက်၏။ ငယ်ဆရာ ငယ်တပည့်တွေမို့ မိဘနှင့်သားသမီးလို ဖြစ်နေကြသည်။ ဆရာ့ကိုကျောင်းတုန်းကလိုပဲ ဆိုးချင်နေသေးသည်။

"မိနန်းလေ ရာထူးတိုးလျှောက်ချင်လို့ လျှောက်လွှာလာဝယ်တာ ...၊ နောက်ကျနေပြီလားမသိ"

"အဲဒါများ မိနန်းရယ် ...၊ ရုံးခန်းထဲဝင်လာပြီး ပြောပါတော့လား၊ ကဲလာ ... အထဲဝင်ခဲ့"

မိနန်းက ရုံးခန်းထဲဝင်လာပြီး ချိုင်းမှာညှပ်ထားသည့် ပိုက်ဆံအိတ်ဖစ်ကို ဆွဲဖွင့်သည်။

"ဟောတော့ ... အဲဒါမှပြဿနာပဲ ဆရာရေ့ ..."

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"သမီး ... ပိုက်ဆံမေ့ကျန်ခဲ့လို့ ဆရာရဲ့၊ ပိုက်ဆံအိတ်ထဲ ပိုက်ဆံ မထည့်မိခဲ့ဘူး ..."

ဆရာကပြုံးသည်။ ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်၏။ နှုတ်မှလည်း –

"ဖြစ်ရမယ်လေ .. နင်ငယ်ငယ်ကတည်းက နမော်နမဲ့ ရုပ်ပြာပြနိုင်တဲ့ အကျင့်က ခုထိမပျောက်သေးဘူးပဲ၊ အဲဒီအကျင့် မကောင်းဘူးသမီးရဲ့ ...၊

www.burmeseclassic.com


**တပည့်မလေး အဖြစ်ကို ဦးမြင့်မောင် မကြည့်ရက်နိုင်တော့ပါ။ မိနန်းအလောင်းနားတွင် ရပ်ပြီး စောင်းငဲ့နေသည့် ခေါင်းလေးကို ပြန်တည့်ပေးနေမိ၏။ ဒူးအထက်ထိလန်နေသည့် လုံချည်စလေးကို ခြေမျက်စေ့ဖုံးအောင် ဆွဲချပေးရင်း . . .**

ပျောက်အောက်ဖျောက် ကြားလား''

"ဟုတ်ကဲ့ဆရာ . . .''

"လျှောက်လွှာဝယ်ဖို့ပိုက်ဆံက ကိစ္စမရှိပါဘူး၊ ဆရာစိုက်ပေးပါ့မယ်''

ဆရာက စကားစဖြတ်လိုက်ပြီး တစ်ဖက်နံရံသာခြားနေသည့် စာရေးကြီးထံမှ လျှောက်လွှာဝယ်ပေးသည်။ မနက်ဖြန်ညနေပိုင်း နောက်ဆုံးထားတင်ရမည်ဖြစ်ကြောင်း သတိပေးလိုက်၏။ မိနန်း ဆရာ့ကိုနှုတ်ဆက်ပြီး ရုံးမှ ပြန်ထွက်လာခဲ့တော့ နေ့လယ်(၂)နာရီ ကျော်နေပေပြီ။

စက်ဘီးကို ခပ်သုတ်သုတ်နင်းလာမိ၏။ မပေးဘူးဆိုသော်လည်း သာယာဝတီနှင့် သုံးဆယ်သည့် နာရီဝက်တော့ နင်းရသည်။

အန္တရာယ်ကွေ့နား ရောက်လာပါပြီ။ ကန်ကြီးပိုင်း မျက်ကွယ်ကွေ့ဝိုက်နေသည့် ကားလမ်းတွင် မကြာခဏ ယာဉ်တိုက်မှုဖြစ်တတ်သဖြင့် အန္တရာယ်ကွေ့ဟု အမည်တွင်နေခြင်း ဖြစ်သည်။ ကားလမ်းညာဘက်ခြမ်း လမ်းမှန်အတိုင်း တစိုက်မတ်မတ် စက်ဘီးနင်းလာခဲ့၏။ ကားကြီး ကားငယ်တို့ သူမကို အရှိန်ပြင်းပြင်းနှင့် ဖြတ်ကျော်သွားကြသည်။ အန္တရာယ်ကွေ့ ဆုံးခါနီး ရောက်လာသည်။ ရုတ်တရက် ခေါ်သံကြားလိုက်ရသည်။

"ဆရာမ . . . ဆရာမ''

ကားလမ်းတစ်ဖက် ဘယ်ခြမ်းဆီမှ သာယာဝတီဘက်သို့ဦးတည်၍ စက်ဘီးစီးလာသည့် လူရွယ်လေးတစ်ဦး၊ မိနန်းကို လှမ်းခေါ်လိုက်သံဖြစ်သည်။ စက်ဘီးစီးလာရင်း မိနန်းလှည့်ကြည့်မိသည်။ သူ့ကိုလှမ်းခေါ်သူမှာ သူ့အတန်းမှ တပည့်ကလေးဖြစ်၏။ ဘာကိစ္စများ အရေးတကြီးရှိပါလိမ့်ဟု စိုးရိမ်သွားသည်။

"ဘာလဲ မောင်သက်ပိုင်''

"ဆရာမကို ပြောစရာရှိလို့ပါ''

တစ်ပြိုင်တည်းမှာပင် ကျောင်းသားလေးက စက်ဘီးကိုရပ်ပြီး အသံပြုသည်။ တပည့်လေးအသံကြောင့် မိနန်း ရင်ထိတ်သွား၏။ ဘာများအရေးကြီးနေပါလိမ့်။ ကားလမ်းတစ်ဖက်ရှိ တပည့်ဖြစ်သူ မောင်သက်ပိုင်ဆီသို့ စက်ဘီးဆက်နင်းရင်း စိုးရိမ်စိတ်လေးနှင့် ငဲ့စောင်းကြည့်နေမိ၏။ ဘေးဘယ်ညာသို့ မကြည့်တော့။ တစ်ကြောင်းတည်းသောမျဉ်းဖြောင့်လို စိတ်က မောင်သက်ပိုင်ဆီမှာသာ ရောက်နေသည်။

စက်ဘီးကို အရှိန်နှင့်ပြန်ကွေ့ပြီး ကားလမ်းကိုဖြတ်နင်းလိုက်သည်။ ကားလမ်းအရှေ့ဘက်ခြမ်း ရောက်လုလု အချိန် လမ်းမှန်အတိုင်း အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာသော လူစီးကားလေးတစ်စီး။ မိနန်းသိလိုက်ပါ၏။ နောက်ကျသွားခဲ့ပေပြီ။ ကားတိုက်သည့် အရှိန်ဖြင့် စက်ဘီးပေါ်မှ မိနန်းခန္ဓာကိုယ်လေး မြောက်တက်သွား၏။ ကယောင်ချောက်ချား အော်ဟစ်လိုက်သော မောင်သက်ပိုင်၏အသံကို မိနန်း မကြားတော့ပါ။

"ဟာ . . . ဆရာမ သေပါပြီ''

\+ + +

"ပြန်ခွင့်ပြုပါဦး ဆရာကြီးခင်ဗျား''

မြို့နယ်ပညာရေးမှူးကို နှုတ်ဆက်ပြီး ရုံးကထွက်လာတော့ ညနေ


www.burmeseclassic.com

လေးနာရီထိုးနေပေပြီ။ မြို့နယ်ရုံးလုပ်ငန်းများကို တစ်ခါတစ်ရံ ခုလိုပဲ ဆောင်ရွက်ပေးရသည်။ ဆရာကြီးဦးမြင့်မောင် တစ်နေ့လုံး ပင်ပန်းခဲ့သမျှ အနားယူချင်နေမိ၏။ ရုံးစိုက်ရာမြို့နှင့် သူနေထိုင်ရာမြို့က အနီးလေးမို့ စက်ဘီးကို ဖြည်းဖြည်းမှန်မှန် နင်းလာခဲ့သည်။ အသက်အရွယ်က ငါးဆယ်ကျော်စပြုပြီဆိုတော့ ငယ်စဉ်ကလို မြန်မြန်သွက်သွက် မနင်းနိုင်တော့။ မိုးနှောင်းပိုင်း နေညို့ချိန်က အကျည်းတန်နေ၏။ အနောက်ဘက်ဆီမှ အုံ့မှိုင်းညို့တက်လာသည့် မိုးသားတိမ်ရိပ်တို့ကြောင့် နေရောင်ခြည်မျှင်ပျပျလေးသာ မြင်နေရသည်။

အပြန်လမ်းမှာ တောင်လေက ဆန်နေသေးသည်။ စက်ဘီးကို တစ်ချက်ချင်းနင်းလာနေမိ၏။ အန္တရာယ်ကွေ့ကို ကျော်လာခဲ့ပြီး ကျိုက်ထိုကျောင်းနားရောက်လာသည်။ ရုတ်တရက် လမ်းတစ်ဖက်ခြမ်းဆီမှ အော်ခေါ်နေသည့်အသံကို ကြားလိုက်ရသဖြင့် လှမ်းကြည့်မိသည်။ တပည့်ဖြစ်သူ ဆွေဆွေကို စက်ဘီးဘေးနားရပ်လျက်သား တွေ့ရ၏။ ဆွေဆွေက လက်ပြရင်း အော်ပြောနေပြန်သည်။ ကားတစ်စီး ဖြတ်သွားသည်မို့ သဲသဲကွဲကွဲမကြားရ။

ဆွေဆွေ့ပုံပန်းသဏ္ဌာန်က ပူဆွေးသောကရောက်နေပုံမျိုး၊ ကပိုကရို ပြေကျနေသည့် ဆံပင်ထုံးက သူမပခုံးပေါ်တွင် ဝဲကျနေသည်။ မတင်မကျ စိတ်ဖြင့် ကားအသွားအလာကြည့်ကာ စက်ဘီးတွန်းပြီး ကူးလာခဲ့၏။ ဆွေဆွေ့အနီးသို့ရောက်သည်နှင့် ချက်ချင်းမေးရသည်။

"ဘာဖြစ်နေတာတုန်း .. ညည်းကြည့်ရတာအထိတ်တလန့်နဲ့"

"မိနန်း ... ကားတိုက်ခံရလို့ ဆုံးပြီဆရာ"

"ဘာ .. မိနန်း ကားတိုက်ခံရလို့ဆုံးပြီ .. ဟုတ်လား"



ဆွေဆွေ့စကားအဆုံး ဆရာကြီး ဦးမြင့်မောင် ရင်တစ်ခုလုံး ဒိန်းခနဲ ဆောင့်တက်သွား၏။ မယုံနိုင်သည့်စိတ်နှင့်အလောတကြီးပြန်မေးမိသည်။ မျှော်လင့်မထားသည့် သူ၏ရတရား၊ နေ့လယ်ကပဲ မိနန်း ရုံးကိုလာခဲ့သေးသည် မဟုတ်ပါလား။ သူ၏ပဲ့တင်သံ မေးခွန်းကို ဆွေဆွေ မျက်ရည်သုတ်ရ ခေါင်းညိတ်ပြသည် ပြီးမှ –

"ဆွေဆွေလည် သတင်းကြားကြားချင်းဆေ လိုက်လာတာ၊ အခု လမ်း ဆရာနဲ့တွေ့တာပဲ ..."

ဆွေဆွေဆိုသည်က မိနန်းနှင့် ငယ်သူငယ်ချင်း ကျောင် နေဖက်တွေ။ သူမကတော့ အလယ်

www.burmeseclassic.com



တန်းပြဆရာမ တစ်ဦးဖြစ်နေပေပြီ။ သူတို့နှစ်ဦး သံယောဇဉ်က ငယ်စဉ်တုန်းကအတိုင်း မပြောင်းလဲသေးပါ။ ဦးမြင့်မောင် သက်ပြင်းချလိုက်ရင်း –

“ကဲ ...လာ တို့ဆေးရုံကို လိုက် ကြရအောင်”

ဆေးရုံရောက်တော့ မိနန်းအလောင်းကို ရင်ခွဲရုံပို့လိုက်ကြောင်း သိရသည်။ ရင်ခွဲရုံက ဆေးရုံကြီးနောက်ကျောဘက်၊ ခြံဝန်းထောင့် ကုက္ကိုပင်ကြီးများအောက်တွင် ရှိသည်။ မိနန်းအလောင်းကို ရင်ခွဲရုံထဲကိုပင် မထည့်ရသေးပါ။ ရင်ခွဲရုံအပြင်ဘက်တံခါးနားတွင် တွေ့လိုက်ရသည်။ အနီးတွင် တစ်ဦးတစ်ယောက်မျှ မရှိကြ။ သွပ်ပြားပြောင်သားကို လက်ကိုင်နှစ်ဖက်တပ်ဆင်ထားသည့် လူသေတင်ကပ်ပေါ်တွင် ခေါင်းလေးတစ်ခြမ်းစောင်းအနေအထားဖြင့် ငြိမ်သက်နေ၏။

“အမလေး ...အဖြစ်ဆိုးလှချည်လား မိနန်းရယ် ...”

မြင်ကွင်းက မြင်ရက်စရာမရှိ၊ ဘယ်ဘက်ခေါင်းတစ်ခြမ်းလုံး ချိုင့်ဝင်သွက် ညိုပုပ်ပုပ်သွေးခဲတို့က ဖုံးလွှမ်းနေသည်။ ဆွေဆွေ့အသံက တစ်ဆို့ဆို့အော်ကြီးဟစ်ကျယ် ငိုသည်မဟုတ်။ ချုပ်တည်းထားရသည့်အသံဖြင့် နှုတ်က တတွတ်တွတ်မြည်တမ်းရင် ရှိုက်ငိုနေ၏။ သူ့တပည့်မလေးအဖြစ်ကို ဦးမြင့်မောင် မကြည့်ရက်နိုင်တော့ပါ။ မိနန်းအလောင်းနားတွင်ရပ်ပြီး စောင်းငဲ့နေသည့်ခေါင်းလေးကို ပြန်တည့်ပေးနေမိ၏။ ဒူးအထက်ထိလန်နေသည့် လုံချည်စလေးကို ခြေမျက်စေ့ဖုံးအောင် ဆွဲချပေးရင်း –

“ကံဆိုးလိုက်တာမိနန်းရယ် ..၊ အနားမှာ ဘယ်သူမှမရှိဘဲ တိရစ္ဆာန်တစ်ကောင်လို ပစ်ချထားခံနေရပါလား”

သောကဝေဒနာနှင့်အတူ ဒေါသအဟုန်က ခေါင်းထောင်လာသည်။ အမှန်ဆိုလျှင် ရင်ခွဲရုံထဲထည့်ထားသင့်ပြီပေါ့။ ခုတော့ ...ဦးမြင့်မောင်ထိုင်ရာမှ ချက်ချင်းထသည်။ ခြေလှမ်းက ဆေးရုံဆီသို့၊ ဆွေဆွေက မိနန်းအနီးထိုင်ရင်း ငိုနေဆဲ။

“လူနာရှင်တွေလားခင်ဗျာ ... အလောင်းကို ရင်ခွဲရုံထဲထည့်ရပါမယ်၊ ခဏဖယ်ပေးပါ ...”

နောက်နားဆီမှအသံကြောင့် ဦးမြင့်မောင်ခြေလှမ်းတို့ တုံ့ခနဲဖြစ်သွား၏။ ဆေးရုံဝန်ထမ်းနှစ်ဦးက မိနန်းအလောင်းကို ယူရန်ဟန်ပြင်လိုက်သည်။ ဦးမြင့်မောင်ဒေါသကိုထိန်းရင်း မကျေမနပ်လေသံနှင့် ဆိုမိ၏။

“ခင်ဗျားတို့ဗျာ ... ဒီအတိုင်းကြီး အပြင်ဘက်မှာ ပစ်ထားခဲ့တာတော့ မကောင်းဘူးထင်တယ်”

“ကျွန်တော်တို့ ရင်ခွဲရုံသော့ကိုင်တဲ့သူကို ရှာနေရလို့ ကြာသွားတာပါ၊ တောင်းပန်ပါတယ်”

ဝန်ထမ်းတစ်ဦး၏ တုန့်ပြန်မှုက ဤမျှသာ။ မိနန်အလောင်းကို ရင်ခွဲရုံထဲ ယူသွားကြ၏။ ရင်ခွဲရုံအတွင်း ကျောက်ခုံလေးပေါ်တွင် အလောင်းတင်လိုက်သည်ကို အပြင်ကမြင်နေရသည်။ မကြာလိုက်ပါ။ ပြန်ထွက်လာကြ၏။ အလောင်းပြန်သယ်နိုင်ရန် တံခါးသော့ဖွင့်ထားခဲ့ကြောင်းပြောကာ ဆေးရုံဘက်သို့ ထွက်သွားကြတော့သည်။ ညနေငါးနာရီထိုးနေပြီ။ မိနန်းတို့မိသားစုတွေ တစ်ယောက်မျှပေါ်မလာကြသေးပါ။ အလောင်းသယ်ဖို့ ဘယ်လိုစီစဉ်မလဲ၊ နေနိုင်လိုက်ကြတာ။ ဦးမြင့်မောင် ငြိမ်မနေနိုင်တော့။

“ဆွေဆွေ ... ညည်းပြန်တော့၊ မိုးချုပ်တော့မယ်၊ မိနန်းတို့မိသားစုတွေက ဘာဖြစ်လို့မလာကြတာလဲ”

**မိနန်းကလေး၏ လွမ်းဆွတ်တသဖွယ်ရာ ပုံရိပ်တွေက မျက်လုံးအိမ်မှာ မနေ့တစ်နေ့ကလို မြင်ယောင်နေဆဲပါ။ ခုတော့ တပည့်မလေးမိနန်း လူ့လောကထဲက ထွက်ခွာသွားခဲ့ပြီလေ...**



www.burmeseclassic.com

www.burmeseclassic.com



"အက်ဆီးဒင့်ဖြစ်ကာစတုန်းက သူတို့လာကြတယ်တဲ့ဆရာ၊ အလောင်းပြန်ယူဖို့စီစဉ်နေကြတာပါ ...၊ ဆွေဆွေပြောလိုက်ပါ့မယ် ...၊ ဆရာ တစ်ယောက်တည်း ဖြစ်ပါ့မလား"

အကျိုးအကြောင်းရှင်းပြရင်း ဆရာ့ကို စိတ်မချသည့်လေသံနှင့် မေးသည်။ မိနန်းနှင့် ဆွေဆွေတို့က တစ်ရွာတည်းနေသူများ ဖြစ်သည်။

"ဖြစ်ပါတယ်ကွယ် ... မိနန်း တစ်ယောက်တည်း မထားရစ်ခဲ့ချင်ဘူး။ ဆရာ သူတို့လာအောင်စောင့်နေလိုက်ပါ့မယ် ..."

"ဟာ ... ဆရာနဲ့ဆွေဆွေတို့ ရောက်နေကြတာကိုး"

သူတို့နောက်ကျောဆီမှ အသံကြောင့် လှည့်ကြည့်လိုက်ကြ၏။ မိနန်းဦးလေး ကိုညွန့်မောင်ကို စက်ဘီးတစ်စီးနှင့်အတူ တွေ့ရ၏။ ရေခဲတိုက်အနီးကပ်လျက်သား ဆေးရုံကြီးဝင်းတံခါးပေါက်မှ ဝင်လာဟန်တူသည်။

"နည်းနည်းတော့ကြာပြီ ကိုညွန့်မောင်ရေ ... ခင်ဗျားတို့အလာကို စောင့်နေကြတာ ..."

"ကျေးဇူးတင်ပါတယ်ဆရာ ..၊ ဟိုမှာလည်း ကျွန်တော်တစ်ယောက်တည်း ပြေးလွှားနေရတာ .. ခုလည်း အလောင်းသယ်ဖို့ ခေါင်းကမပြီးသေးဘူး၊ သယ်ယူခွင့်လွယ်မလွယ်သိချင်လို့ ပြန်လာခဲ့တာ ..."

ကိုညွန့်မောင်စကားက သည်မှာစောင့်မနေနိုင်ကြောင်း ပေါ်လွင်နေသည်။ ဦးမြင့်မောင်နားလည်လိုက်ပါ၏။ နဂိုကပင် မိနန်းကို မထားရစ်ခဲ့ချင်သည်မို့ သူတစ်ယောက်တည်းပဲ ဆက်လက်စောင့်နေဖို့ ဆုံးဖြတ်လိုက်သည်

"ကဲ ... ဒီလိုဆိုရင် ခင်ဗျားဝ ပြန်စီစဉ်ပါ၊ ဆွေဆွေလည်း တစ်ခ တည်းပြန်လိုက်သွားတော့၊ ကျွန်တေ ဒီမှာပဲ စောင့်နေပေးပါ့မယ် ..."

ကိုညွန့်မောင်နှင့်ဆွေဆွေတို့ ပြ သွားကြတော့ ည(၆)နာရီထိုးခါနီးဖေ ပေပြီ။ တစ်ချက်တစ်ချက် ဝှေ့ဝဲတိုက် ခတ်လာသည့် လေနှင့်အတူ မိုးနံ့အငွေ့ အသက်လေးများပါလာ၏။ မှောင်စပျ ပြီဖြစ်၍ ဆေးရုံဝင်းအပြင်ဘက် လမ် မီးဝါကျင့်ကျင့်အပွင့်လေးများ ဖျေ တော့စွာလင်းလာသည်။ အပြင်ဘက် လမ်းမပေါ်တွင် လူသွားလူလာရှိနေ သေး၏။ လမ်းမီးရောင်ရှိရာသို့ လှမ် မျှော်ကြည့်မိသည်။

"မိနန်းရယ် ...၊ ငယ်ငယ် ကတည်းက အမှောင်ကိုကြောက်တတ် တဲ့ကလေး ... ခုတော့ မှောင်နေဝ ရင်ခွဲရုံထဲမှာ ရောက်နေတာတော ကြောက်ရမှန်းမသိနိုင်တော့တဲ့ အဖြ ပါလား ..."

ဆရာကြီးဦးမြင့်မောင် အတွေ တို့က သူတို့လေးတွေနှင့် ဆုံဆည်း ရာ ကျောင်းတော်ဆီသို့ တရွေ့ရွေ့ မျောလိုက်ပါ နေမိပါပကော။

\+ + +

"မိနန်း ... လာဦး"

အတန်းထဲတွင်ထိုင်နေသည့် နမ် အိထွေးကို ဆရာကိုမြင့်မောင် အသ မြှင့်ခေါ်လိုက်သည်။ တစ်တန်းလုံ တပည့်များခေါင်းမဖော်နိုင်ကြ။ ပေ ထားသည့်သင်္ချာပုစ္ဆာကို သဲကြီးမဲကြ တွက်နေကြ၏။ အစောဆုံးတွက်ပြီး နန်းအိထွေးက ဆရာ့စားပွဲပေါ် စာအု



www.burmeseclassic.com

www.burmeseclassic.com



တင်သည်။ ဆရာကိုမြင့်မောင်က အိထွေးတို့ အဌမတန်းတွင် သင်္ချာ ်ရ၏။ ဇာတိမြို့ကျောင်းသို့ ရောက် နှစ်မှာပင် သူတို့လေးတွေနှင့် စတင် ညီးခဲ့သည်။

သွက်လက်ချက်ချာသော နန်းအိ နှင့် ဆွေဆွေ၊ သက်ညွန့်၊ ထွေး တို့ တပည့်တစ်သိုက်ကို သတိထား သည်။ သူတို့အားလုံး အပြိုင်အဆိုင် ကြိုးစားကြသူများဖြစ်၍ အဆင့်တစ် သုံးကို တစ်လှည့်စီယူနေကြ၏။ ချစ် ကောင်းသည်က တစ်ဦးနှင့်တစ်ဦး လိုစိတ်မရှိကြ။ နန်းအိထွေး သင်္ချာ ်ပါ၏။ ခက်နေသည်က ပြီးချင်ဇော ကြောင့် အမှားလေးများပါစမြဲ။ ဆရာ့ သံကြောင့် နန်းအိထွေး ဆရာ့စား းရောက်လာသည်။

"ဒီမှာကြည့်စမ်း ... ညည်းတော် ် ရှုပ်ပျာပျာနိုင်တာပဲ ..."

"ဟောတော့ ..."

ဆရာ့စကားကြောင့် သူမတွက် ကို လှမ်းကြည့်ပြီး နှုတ်ကတော့ တော့ဖြစ်သွား၏။ ဟုတ်သားပဲ။ ်လွယ်လေးကို သတိမထားမိတော့ ဖြကမှားနေသည်။ အက္ခရာညီမျှ ကိန်းလက္ခဏာပြောင်းဖို့ကို ဂရု ်မိခြင်းပင်။

"မိနန်း ... မျက်စိလျှမ်းသွားလို့ ဆရာ"

ဇက်ကလေးပု၊ လက်ညှိုးလေး ်ထဲထည့်ပြီး ဘာမျှမသိသည့် လေးငယ်ဟန်ဖြင့် အပြစ်မရှိသည့် ။ ဆရာက အမှားကို မင်နီဝိုင်း ဟန်ပြင်လိုက်သည်။

"မလုပ်ပါနဲ့ဆရာရယ် ... မိနန်း ပြန်တွက်ပါ့မယ်"

ပြောပြောဆိုဆို ဆရာ့လက်ထဲက စာအုပ်ကိုဆွဲယူပြီး အတန်းထဲပြန်ပြေး သည်။ ဉာဏ်ရည်ထက်မြက်သော်လည်း နမော်နမဲ့နိုင်လှသည်။ သူမစရိုက် ဆရာ က မကြာခဏသတိပေးရသည်။

"သင်္ချာဆိုတာ စဉ်းစားဉာဏ်ရင့် သန်ရတယ် ...၊ ဘက်စုံထောင့်စုံ ကြည့်တတ်ရတယ်၊ ညည်းက တစ်ချက် လေးပဲကြည့်တတ်တာကိုး ..."

ဆွေဆွေက သည်လိုမဟုတ်ပါ။ စေ့စပ်သေချာသည်။ စနစ်တကျလုပ် တတ်သည်။ သူတို့နှစ်ဦး အကြိတ် အနယ်အပြိုင်၊ အဆင့်ပြိုင်ကြသည့် တိုင် ညီအစ်မအရင်းလို ချစ်ခင်ကြ၏။ နန်းအိထွေး ရိုးရိုးသားသားဝန်ခံဖူး သည်။

"ဆွေဆွေက မိနန်းထက်တော် တယ်ဆရာ .. သူ့ကိုမီအောင် မလိုက် နိုင်ဘူး"

သည်လိုနှင့် အတန်းတွေတက် လာကြသည်။ ဆယ်တန်းအထိ ငယ် တပည့်တွေနှင့် ရေစက်ဆုံတုန်း၊ သူတို့ အတန်းပိုင် ဖြစ်နေပြန်သည်။ မှတ်မှတ် ရရအဖြစ်လေးက ကြုံရသေး၏။ ကျောင်း၏မြတ်ဆရာပူဇော်ပွဲ အကြိုည ဖြစ်သည်။ နောက်တစ်နေ့ ချက်ပြုတ် ကျွေးမွေးဧည့်ခံရေးတာဝန်ကို ဆရာကို မြင့်မောင်နှင့်အဖွဲ့ ယူရသည်။ ဆရာမ များနှင့်အတူ မိနန်းတို့တပည့်ကျော်များ ပါလာ၏။ ချက်ပြုတ်ရန် ပြင်ဆင်ကျွေး မွေး ဧည့်ခံရန် ပန်းကန်များသယ်ယူ ကြနှင့် အလုပ်ရှုပ်နေကြသည်။

"ဆရာ ... မိနန်းကြောက်တယ်၊ လုပ်ပါဦး"

<u>လူသားတိုင်း</u>
<u>လောကဇာတ်ခုံတွင်</u>
<u>ဝိုတစ်ခါရယ်တလှည့်</u>
<u>ကပြနေကြရသည်။</u>
<u>အတွေးလေးတစ်ချက်၊</u>
<u>အကြည့်အမြင်လေး</u>
<u>တစ်ဝက်တစ်ပျက်နှင့်</u>
<u>ခရီးဆက်နေကြသည်သာ။</u>
<u>သည်တစ်ချက်</u>
<u>တစ်ဝက်ကြောင့် ဘဝရှုံးသူ၊</u>
<u>ဘဝပျက်သူ၊</u>
<u>အသက်ဆုံးသူတွေ</u>
<u>ဇယ်ဆက်နေခဲ့သည်</u>
<u>မဟုတ်ပါလား...</u>



www.burmeseclassic.com

ကျောင်းအောက်ထပ် စင်္ကြံလမ်းဆီမှအော်သံကြောင့်၊ ဆရာကိုမြင့်မောင် အပေါ်ထပ်ရုံးခန်းမှ ပြေးဆင်းလာရသည်။ သူနှင့်အတူ ကျောင်းသားတစ်သိုက်ပါ ဆင်းလာကြ၏။ စင်္ကြံလမ်းတစ်ခုလုံး မှောင်နေသည်။ အောက်ထပ်လှေကားထစ်ဆုံးခါနီးမှ ဖျတ်ခနဲ မီးပြန်လင်းလာသည်။ စင်္ကြံလမ်းထောင့်ကွေ့တွင် မတ်တပ်ရပ်ငိုနေသည့် နန်းအိထွေးကို မြင်လိုက်ကြသည်။

"မိနန်း ... ဘာဖြစ်တာလဲ၊ ဆရာ့ကိုပြောစမ်း"

မိနန်းငိုနေဆဲ၊ ချက်ချင်းစကား မပြောနိုင်ပါ။ ဆူညံသံများကြောင့် ချက်ပြုတ်နေသည့်ဆရာမများနှင့် ဆွေဆွေတို့ အပြေးအလွှားရောက်လာကြ၏။ ဆွေဆွေက နန်းအိထွေးပခုံးကို လှုပ်ရမ်းရင်း –

"မိနန်း ... ဘာဖြစ်နေတာလဲ၊ ပြောလေဟာ"

"ဟို ... ဟို ... မိနန်း သန့်စင်ခန်းကပြန်လာတာ ... ဒီနားရောက်တော့ မီးပြတ်ပြီး မှောင်နေလို့ အော်ခေါ်တာ ..."

"မိနန်းရယ် ... မထိတ်သာ မလန့်သာ ...၊ တို့က သရဲများဆွဲသလားလို့ ..."

ဆရာ့စကားအဆုံး သူငယ်ချင်းများဝိုင်းရယ်နောက်ပြောင်ကြသည်။ ကျောင်းသားထဲမှတစ်ယောက်က ထအော်သည်။

"သရဲဆွဲတာ မဟုတ်ဘူးဆရာ၊ သက်ညွှန့်တို့လူသိုက် မီးခလုတ်ပိတ်လိုက်တာ"

သည်တော့မှ ဖြစ်စဉ်အမှန်ကို သိလိုက်ရ၏။ နောက်ပြောင်ကျီစယ်တတ်သည့် တပည့်တို့ကို မာန်မဲကြိမ်းမောင်းလိုက်ပြီး မိနန်းကို နှစ်သိမ့်ရသည်။ မိနန်းနှုတ်များက တိုးတိုးလေးအသံထွက်လာသည်။

"မိနန်း ... အမှောင်ဆိုရင် ကြောက်တယ်ဆရာ"



ဆရာကိုမြင့်မောင် အလယ်တန်းကျောင်းအုပ်ဖြစ်လာတော့ နန်းအိထွေးရော ဆွေဆွေပါ ဘွဲ့ရမူလတန်းပြ ဆရာမလေးတွေ ဖြစ်နေကြပါပြီ။ မြို့နယ် ဘာသာရေး၊ လူမှုရေး၊ ပညာရေး လုပ်ငန်းများတွင် ဆရာကိုမြင့်မောင် တာဝန်ယူရလေတိုင်း သူတို့နှစ်ယောက် ပါလာစမြဲ။ တစ်နေ့ မြို့နယ်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားပြင်ဆင်နေချိန် ဖြစ်သည်။ ထုံးစံအတိုင်း နန်းအိထွေးနှင့် ဆွေဆွေတို့ ပါလာ၏။ သူတို့နှင့်အတူ ပညာရေးဝန်ထမ်းများလည်း ရှိနေကြသည်။ စင်မြင့်ပေါ်ပြေးတက် ပြေးဆင်းလုပ်နေရသည့် ဆရာကိုမြင့်မောင်တစ်ယောက် အမှတ်မထင် စင်မြင့်လှေကားထစ်ပေါ်မှ ခြေချော်ကျသွားသည်။

"ဟာ ... ဆရာကြီးလဲကျသွားပြီ"

ဆရာကိုမြင့်မောင်ဆီ အားလုံးဝိုင်းလာကြသည်။ လဲကျသည့်အရှိန်နှ ခေါင်းထဲမူးရိပ်ရိပ်ဖြစ်လာသဖြင့် မျက်လုံးဖွင့်မကြည့်နိုင်သေး။ သူ့နားထဲ င တဝါးအသံများသာ ကြားနေရသည် အမူးပြေစအချိန် မိနန်းအသံ စူးစူ လေးကို ကြားလိုက်ရသည်။

"ဆရာ ... ဆရာ ... သတိ ပြီလား ..."

+ + +

"ဆရာ ... ဆရာ ..."

မိနန်းခေါ်သံက ပိုပြီးပီပြင်လာသည်။ သူ့နားထဲတွင် ထင်ထင်ရှားရှား ကြားနေရ၏။ ညအမှောင်က ပင်ပန်း ကျင်ကို ဝါးမျိုလိုက်ပေပြီ။ မြို့အစွန် ဆေးရုံနောက်ကျောဘက်လမ်း ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com


သည်မို့ လူသွားလူလာ ကျဲသွားသည်။ ထမ်းမီးရောင်တို့က ခပ်ဝါးဝါး။ ဆရာကြီးဦးမြင့်မောင် ဖျန်းခနဲ ကြက်သီးထသွား၏။ လူပြတ်နေသော လမ်းနံဘေး အုတ်ခုံပေါ်မှာ သူတစ်ယောက်တည်း။ သူ့အတွေးတို့ ပစ္စုပ္ပန်ကို ပြန်ရောက်လာသည်။ ရင်ခွဲရုံဘက် လှမ်းကြည့်ရင်း စိတ်စွဲလမ်းလို့ထင်ပါရဲ့ဟူ၍သာ ဖြေသိမ့်လိုက်၏။ သို့သော် အနီးကပ် ခေါ်သံကို တကယ်ကြားရတော့မှ ပြန်လှည့်ကြည့်မိသည်။

"ဆရာ ... ဘာတွေအတွေးလွန်နေတာလဲ ...၊ ကျွန်တော်ခေါ်တာ မကြားဘူးထင်တယ်"

စက်ဘီးကိုယ်စီနှင့် လူနှစ်ယောက်။ ကပ်လျက်သား ဆိုက်ကားတစ်စီးပေါ်တွင် သစ်သားခေါင်းတစ်လုံးကို မြင်လိုက်ရ၏။ ဆိုက်ကားဆရာက ခေါင်းကိုထိန်းကိုင်ရင်း ရင်ခွဲရုံရှိရာသို့ တွန်းထွက်သွားသည်။ မိနန်းဦးလေး ကိုညွှန့်မောင်က တောင်းပန်စကားဆိုသည်။

"အားနာလိုက်တာ ဆရာရယ်၊ ခေါင်းကမပြီးသေးလို့ စောင့်ယူနေရတာ ..."

သူဘာမှပြန်မပြောတော့ပါ။ နာရီကိုကြည့်လိုက်တော့ ည(၇)နာရီကျော်နေပြီ။ သူနှင့်အတူ ကိုညွှန့်မောင်တို့နှစ်ယောက်၊ ဆိုက်ကားဆရာတစ်ယောက်၊ လူ(၄)ဦးသား အလောင်းပြန်သယ်ဖို့ ပြင်ရသည်။ တာဝန်ရှိ ဆေးရုံဝန်ထမ်းတစ်ဦး ရောက်လာပြီး ကူညီသည်။ မိနန်း သက်မဲ့ခန္ဓာကိုယ်လေးကို ခေါင်းထဲသို့ ညင်ညင်သာသာပင် ထည့်ကြ၏။ သူ့ရင်ထဲ ဆို့နင့်လာသည်။ မိနန်းကလေး၏ လွမ်းဆွတ်တသဖွယ်ရာ ပုံရိပ်တွေက မျက်လုံးအိမ်မှာ မနေ့တစ်နေ့ကလို မြင်ယောင်နေဆဲပါ။ ခုတော့ တပည့်မလေးမိနန်း လူ့လောကထဲက ထွက်ခွာသွားခဲ့ပြီလေ။ ဘဝဆိုတာ သည်လိုမျိုး ကြုံရစမြဲဆိုသည့်အတိုင်း ဆရာကိုမြင့်မောင် မဖြေသာတော့ပါ။ ဘာရယ်မဟုတ် ဖွဖွလေးရွတ်မိသည်။

"မိနန်းရေ ....ဆရာတို့ ညည်းကို အိမ်ပြန်ခေါ်တော့မယ် လိုက်ခဲ့တော့ကလေးရယ် ..."

မိနန်းအလောင်းထည့်ထားသည့် ခေါင်းသေတ္တာကို ဆိုက်ကားပေါ်နေရာ တကျတင်ပြီး ကြိုးတုပ်လိုက်သည်။ ဆိုက်ကားဆရာက ဖြည်းဖြည်းချင်း တွန်းယူလာ၏။ ဦးလေးဖြစ်သူနှင့် အဖော်တစ်ဦးက ခေါင်းကိုထိန်းရင်း ပါလာသည်။ အချိန်ကား ည(၈)နာရီထိုးနေပြီ။ မိုးသက်လေပြင်းနှင့်အတူ မိုးပေါက်လေးများ ဝဲပျံကျလာ၏။ သူကိုယ်တိုင်ကတော့ ဆိုက်ကားရှေ့မှ စက်ဘီးတွန်းပြီး လိုက်ခဲ့သည်။ ဆေးရုံမှ မြို့အထွက်ထိ လမ်းမီးရောင်ရှိသေးသည်။ ကန်ကြီးပိုင်း အန္တရာယ်ကွေ့ကျော်သည်နှင့် လမ်းမီးမရှိတော့။ ညအမှောင်ထုအောက်မှ လမ်းမကြီးပေါ်တွင် ခေါင်းတစ်လုံးနှင့်လူတစ်စု၊ မည်သည့်စကားမျှ မဆိုနိုင်ကြ။ နှုတ်ဆိတ်ငြိမ်သက်စွာပင် ရွေ့လျားနေကြ၏။

"မိနန်း ...အမှောင်ဆိုရင် ကြောက်တယ်ဆရာ ...မိနန်းကို ဆရာကိုယ်တိုင်ပြန်ပို့နေတာလားဟင်၊ ဆရာနဲ့အတူ လိုက်လာခဲ့တယ်ဆရာ"

သူ့နားကပ်ပြီး တီးတိုးပြောလိုက်သလို မိနန်းအသံကို ကြားနေရသည်။ နောက်ကျောဘက်ဆီကို လှမ်းကြည့်လိုက်တော့ ဆိုက်ကားပေါ်မှ မိနန်းခေါင်းက မသိမသာလှုပ်ရမ်းနေသယောင် မြင်ရ၏။ မိုးစက်မှုန်မွှားမွှားတို့ကလေးနှင့်အတူ သူ့ခန္ဓာကိုယ်ကို ရိုက်ခတ်နေသည်။ ဆိုက်ကားဆရာ အသံကြောင့် သူ့ခြေလှမ်းကို တုန့်ခနဲ ရပ်ပစ်လိုက်မိသည်။

"ခေါင်းက ကြိုးလျော့လာတယ် ဆရာတို့ရေ ... ခဏနေကြပါဦး၊ ကြိုးပြန်ချည်ရဦးမယ် ..."

ပါလာသည့်ဓာတ်မီးရောင်ဖြင့် ဝိုင်းဝန်းတည့်မတ် ချည်နှောင်ကြသည်။ လမ်းမကြီးပေါ်တွင် လူသူကင်းမဲ့လှ၏။ မိနန်း နောက်ဆုံးခရီးကား ငြိမ်သက်ခြောက်သွေ့လှသည်။ နံ့ချာချို့တဲ့သော ရင်နင့်ဖွယ်ရာမြင်ကွင်းမျိုး။ တဖြည်းဖြည်းနှင့် အလယ်ကုန်းဂိုဒေါင်တွေနားရောက်လာ၏။ ဆရာစံမြို့သစ် မကျီးပင်လမ်းဆုံရောက်လာနေပြီ။ ညဥ့်အမှောင်ထုက မိုးရိပ်နှင့်အတူ သိပ်သည်းနေသည်။ ကြယ်ရောင်လေးများပင် မမြင်ရ။ သူတို့ရှေ့နားဆီမှ ညဥ့်ငှက်တစ်ကောင် ဝိုးခနဲပျံသွားသလို မြင်လိုက်ရ၏။ မသဲမကွဲမြင်လိုက်သဖြင့် ရှေ့ဆီကို လှမ်းမျှော်ကြည့်မိသည်။ အဖြူရောင်အခိုးအငွေ့သဏ္ဌာန်တစ်ခုလေထဲတွင် ဝဲပျံနေ၏။

"မိနန်းလိုက်လာမယ်ဆိုတာ တကယ်များလား ...၊ မိနန်းရေ ဆရာပြုသမျှ ကောင်းမှုအစုစုကို အမျှဝေပါတယ် ...သာဓုခေါ်ပါ"

သူ့စိတ်တွေ ဇဝေဇဝါဖြစ်သွား၏။ နှုတ်ကလည်း တပည့်ဖြစ်သူကို အမျှဝေနေမိသည်။ ငယ်စဉ်ကတည်းက


www.burmeseclassic.com



ထောင့်စုံမကြည့်တတ်၊ မမြင်တတ်ခဲ့။ ခပ်လွယ်လွယ်မြင်တတ်သည့်သူမစရိုက်၊ အသက်လေးရလာလျှင် သတိထား ဆင်ခြင်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့မိပါသည်။ အလုပ်ဝင်သည့် ခုချိန်ထိ နမော်နမဲ့နိုင်လှတုန်း။ မနက်တုန်းကပင် သည်အကျင့်ကိုဖျောက်ရန် သူ ဆုံးမလိုက်သေးသည်။ သည်အကျင့်လေးကိုမဖျောက်နိုင်သဖြင့် ယခုလို အသက်ပါ ဆုံးခဲ့ရသည်မဟုတ်ပါလား။

ဆရာကိုမြင့်မောင်စိတ်ထဲ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ ဖြစ်နေ၏။

"ဆရာ ... ရှေ့နားမှာ ဘယ်ဘက်ချိုးတဲ့လမ်းကနေ ရွာကို သွားကြမယ် ..."

ကိုညွန့်မောင်အသံကြောင့် လမ်းမကြီးမှ ခွဲထွက်သည့် မိနန်းတို့ရွာသွားလမ်းကို သတိပြုလိုက်မိသည်။ လမ်းက ကြမ်းလာသည်။ ချိုင့်ခွက်ကမူတို့ကြောင့် ဆိုက်ကားတုန်ခါသည်နှင့်အမျှ မိနန်းခေါင်းက လှုပ်ရမ်းနေ၏။ ဆရာတစ်ယောက်အနေနှင့် စာကိုလည်းသင် စိတ်ကိုပါပြုပြင်ခဲ့ရမည်ပေါ့။ သူ့ဆုံးမသွန်သင်မှု အားနည်းခဲ့လို့ ခုလိုအဖြစ်ဆိုးခဲ့လေသလား။ ဆရာကိုမြင့်မောင် သူ့ကိုယ်သူသာ အပြစ်တင်နေမိ၏။ စိတ်ထဲမှလည်း ဆရာ့ကိုခွင့်လွှတ်ပါမိနန်းရယ်ဟူ၍လည်း တောင်းပန်နေမိသည်။

"ဆရာ ... မိနန်းခွင့်လွှတ်ပါတယ်၊ မိနန်းသွားတော့မယ်ဆရာ"

မိနန်းစကားသံတို့က သူ့နားထဲ ဝေ့ဝဲလိုက်ပါနေသယောင် ထင်လာသည်။ မိနန်းဘယ်ကိုသွားမှာလဲ သူ မသိနိုင်တော့ပါ။ မိုးစက်မိုးပေါက်တို့က ပိုသည်းလာသည်။ လေကထန်လာသည်။ မညီညာကြမ်းတမ်းနေသည့် ခရောင်းလမ်းတွင် ခေါင်းတစ်လုံးနှင့် လူလေးယောက်တို့ တရွေ့ရွေ့လှုပ်ရှားနေဆဲ။

လူသားတိုင်း လောကဇာတ်ခုံတွင် ဇိုတစ်ခါရယ်တလှည့် ကပြနေကြရသည်။ အတွေးလေးတစ်ချက်၊ အကြည့်အမြင်လေးတစ်ဝက်တစ်ပျက်နှင့် ခရီးဆက်နေကြသည်သာ။ သည်တစ်ချက်တစ်ဝက်ကြောင့် ဘဝရှုံးသူ၊ ဘဝပျက်သူ၊ အသက်ဆုံးသူတွေ ဖယ်ဆက်နေခဲ့သည် မဟုတ်ပါလား။ အဝေးတစ်နေရာဆီမှ မိုးသက်လေနှင့် ဒွန်တွဲပါလာသည့် အသံသဲ့သဲ့လေး၊ သူတို့ဆီသို့ ပျံ့လွင့်လာနေပါသည်။

"ဘဝဆိုသရာ ... ရှည်လျား ထွေပြား ... မနေမနား ... တွေသွား သွားထဲသွားကြတာ ..."

ရဲနွယ်မောင်(သုံးဆယ်)

www.burmeseclassic.com




# ဖြိုးသန်း

## ကျေးလက်စုံထောက် မောင်တောကျော် နှင့် အသွားမတော်တစ်လှမ်း


www.burmeseclassic.com

တရှုံ့ရှုံ့ငိုနေရှာသူက မောင်ကံထူး။ ဟန်ဆောင်နေသည့်တော့ မဖြစ်နိုင်။ ညှိုးနွမ်းသောမျက်နှာလေးနှင့် ယောကျ်ားတန်မဲ့ မျက်ရည်ကျနေရသောအဖြစ်။ သူ၏အပြစ်အနာအဆာကင်းသော နောက်ကြောင်းရာဇဝင်ကို ထောက်ကြည့်ခြင်းအားဖြင့် တစ်ခုခုတော့မှားနေပြီဟု ကိုတောကျော် သုံးသပ်မိသည်။ ယခုဖြစ်ရပ်မျိုးကား နှစ်ဦးနှစ်ဖက် အကျင့်စရိုက်နောက်ကြောင်းရာဇဝင်ကို ထောက်ရှုဆက်စပ်ကြည့်ခြင်းအားဖြင့် အရမ်းကာရော 'စကားကျွံ နှုတ်လွန်'မဖြစ်ဖို့ ကိုတောကျော် တွေးဆမိပြီးသားပင်။

ရွာလူကြီးဦးဘမောင်ကတော့ ရှေ့၌ထိုင်နေကြသည့် ဒေါ်တင်မေ၊ ဒေါ်စပ်စုနှင့် မောင်ကံထူးတို့အား တစ်လှည့်စီကြည့်လိုက်၊ သူ့ခေါင်းပြောင်ပြောင်ကိုပွတ်လိုက် လုပ်နေ၏။ တစ်ခါတစ်ရံ ကိုတောကျော်၏ မျက်နှာကိုလည်း လှမ်းကြည့်လိုက်သေးသည်။ ဘယ်လိုလဲဟူသည့်သဘောပင်။

ကိုတောကျော်က သူ့ကျဲတဲတဲ နှုတ်ခမ်းမွှေးကို လက်နှင့်သပ်ရင်း စဉ်းစားနေရာမှ ဒေါ်တင်မေ့အား ကြည့်လိုက်ပြီး –

"ဆရာမကြီး ဒေါ်တင်မေက ပညာတတ်လည်းဖြစ်၊ ဒီပြဿနာမဖြစ်ခင်ကာလတွေမှာ ဟောဒီမောင်ကံထူး အစစကူညီခဲ့တာတွေ ထောက်ထားပြီး နည်းနည်းတော့ အချိန်ယူညှိနှိုင်း ရှာဖွေစေချင်ပါတယ် ..."

"အေးကွယ် ...၊ ဆရာမကြီးလည်း အငြိမ်းစားယူပြီးကတည်းက တရားဓမ္မနဲ့ပဲ အေးအေးချမ်းချမ်းနေချင်တာပါ ...၊ မောင်ကံထူးကလည်း ဆရာမကြီးကို အစစအောက်ခြေသိမ်း ကူညီခဲ့တာလည်း မှန်ပါတယ်၊ ပြီးတော့ သူ့ကိုယုံကြည်လို့ပဲ 'တံခါးမရှိ ဓားမရှိ' ဝင်ထွက်ခွင့်ပေးခဲ့တာပေါ့ ...၊ ခုတော့ ဒီပြဿနာက စိတ်ရှုပ်စရာဖြစ်လာတယ်ကွယ် ...၊ ဒါ့ြောင့်မှ အဲဒီနေ့က ကျွန်မအိမ်မှာမရှိပေမဲ့ ခြံထဲမှာ မာလကာသီးခူးစားနေတဲ့ မောင်ကံထူးကို မြင်ခဲ့သူရှိလို့ သူ့အပေါ် သတ္တုချလိုက်တာပါကွယ် ..."

ဒေါ်တင်မေက အငြိမ်းစာ ကျောင်းဆရာမကြီးပီပီ ပြောပြနေ၏ စကားသံကလည်း ချိုသာ၏။

သို့သော် ယခုပြဿနာက မချ သာပေ။ ရွှေထည်ပစ္စည်းအထုပ်လိုက် ပျောက်ဆုံးမှုပင်။ ပျောက်ဆုံးသူရော တရားခံအထင်ခံရသူပါ ပစ္စည်းပြန် တွေ့လျှင် ခါးသွားနိုင်သည်။

ဒေါ်တင်မေ့စကားအဆုံး၌ ရွာလူ ကြီးဦးဘမောင်က ဒေါ်စပ်စုကြီးကို ကြည့်လိုက်ပြီး –

"ကဲ ... ဒေါ်စပ် ... အဲ ... ဈေးဆိုင်ပိုင်ရှင်ကြီးက ... အဲဒီနေ့က မောင်ကံထူးကို ဆရာမကြီးရဲ့ခြံထဲမှ အသေအချာတွေ့ခဲ့တာ မှန်ရဲ့လား"

ဦးဘမောင်၏အမေးစကားကြော ဒေါ်စပ်စုကြီးမှာ မောင်ကံထူးကို အ နာဟန်ဖြင့် တစ်ချက်ကြည့်လိုက်ရင်း

"အင်း ... ဟို ... ကျွန်မတေ ဘာမှမပြောမိခဲ့ရင် အကောင်းသားရှ ခုတော့ ... ဆရာမကြီးကို သနား စိတ်နဲ့ ပြောမိလိုက်တယ်၊ ခုကျတော မောင်ကံထူးသာ မဟုတ်ဘဲနဲ့များဆို အို ... ကျွန်မလည်း သိပ်ပြီးမှားသွ ပါပြီရှင် ..."

ကိုတောကျော်က ဒေါ်စပ်စုကြ ကို လက်ကာ၍ပြလိုက်ပြီး –

"နေဦးဗျ အစ်မကြီးရဲ့ ...၊ လို တွေ့မြင်ရတာကို တာဝန်သိပြည် တစ်ယောက်အနေနဲ့ ပြောပြခဲ့တာဟ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက် တာပါပဲ ...၊ ဒါမှလည်း ပျောက်နေ ကွင်းဆက်က ပြန်ပြီးချိတ်လို့ရမှ

www.burmeseclassic.com



ဟုတ်လား ...၊ ဒါကြောင့် အစ်မကြီး
တွေ့တဲ့ မြင်တဲ့အတိုင်းသာ ပြောပြပေ
တော့ဗျို့ ...''

ကိုတောကျော်၏ အားပေးစကား
ကြောင့် ဒေါ်စပ်စုကြီး ပါးစပ်မှ စု
ဆောင်းထားသောစကားလုံးများ အစီ
အရီထွက်ကျလာတော့သည်။

မောင်ကံထူးမှာ နဂိုကတည်းက
ဆရာမကြီးအိမ်၌ အချိန်မရွေး ဝင်
ထွက်နေသူဖြစ်ကြောင်း၊
ဆရာမကြီး၏ ခြံထဲ၌ရှိ
နေသည့် သီးပင်စားပင်
မျိုးစုံတို့အား မောင်ကံထူး
အတွက် ခွင့်မတောင်း
ဘဲ ခူးစားနိုင်ကြောင်း၊
လူထည်ဒပျောက်သည့်နေ
၌ ဆရာမကြီးမှာ မြို့သို့
ဈေးဝင်စင်သွား၍ထုတ်နေ
ကြောင်း၊ သူမ ဈေးကြေး
ဆောင်းပြီး ပြန်အလာ
တွင် ဆရာမကြီး၏ ခြံရှေ့
အဖြတ် သီချင်းဆိုသံ
ကြားသဖြင့် လှည့်ကြည့်
လိုက်ရာ မောင်ကံထူး
အလကာသီးခူးနေသည်
ကို တွေ့ရကြောင်း ...၊

ဆရာမကြီးပြန်ရောက်လာချိန်၌
ပစ္စည်းပျောက်သတင်းကို ကြားရ
ကြောင်း၊ အိမ်ရှင်မရှိသောခြံဝင်းထဲ၌
တစ်တလော မြင်တွေ့ခဲ့ရသူဟူ၍
မောင်ကံထူးကိုသာ တွေ့မြင်မိသည်ကို
ပြောမိကြောင်းများအား ဒလစပ်ပြောချ
လိုက်တော့သည်။

ဒေါ်စပ်စုကြီး၏ စကားအဆုံး၌
မောင်ကံထူးက –

''နေ ...နေကြပါဦးဗျာ ...၊ ကျုပ်မှာ အဲဒီလိုစိတ်ထားမျိုး မရှိပါဘူး၊ ဆရာမကြီးရဲ့ပစ္စည်းသာမဟုတ်ဘူး ဘယ်သူ့ပစ္စည်းဖြစ်ဖြစ် မနောကံနဲ့တောင် မပြစ်မှားမိပါဘူးဗျာ၊ ကျုပ်က ဘုန်းကြီးကျောင်းမှာပဲ စာသင်ဖူးတော့ လောကဓာတ်စာတွေသင်တဲ့ ဆရာမကြီးကို လေးစားတာနဲ့ ကူညီချင်တဲ့စိတ်ပဲ ရှိတာပါ၊ ရွှေထုပ်ဆိုတာလည်း ရှိမှန်း

> **ဆရာမကြီးတို့**
> **ဘိုးစဉ်ဘောင်ဆက်ကတည်းက**
> **သူခိုးဓားပြရန်ကိုကြောက်လို့**
> **သေတ္တာတို့၊ ဘီရိုတို့အထဲမှာ**
> **ဘယ်တော့မှမထားခဲ့ကြဘူးကွဲ့၊**
> **မထင်မှတ်တဲ့ နေရာတွေမှာ**
> **ထားခဲ့ကြတာ အစဉ်အလာတစ်ခုလို**
> **ဖြစ်နေခဲ့တယ်၊**
> **ဒါကြောင့် ဆရာမကြီးလည်း ...**

တောင်မသိပါဘူး ကိုကြီးတောကျော်ရယ် ... ကျုပ်ကိုကယ်ပါဦးဗျာ ...''

''အင်း ... ခက်တယ်ကွဲ ...၊ ခုလောလောဆယ် အဓိကျနေတာက မင်းပဲဖြစ်နေတယ်၊ ဟိုကွာ ...တကယ်လို့ ယူမိတယ်ဆိုရင်လည်း ...''

ရွာလူကြီးဦးဘမောင်က ချီသာသောလှည့်ကွက်ကလေးဖြင့် သိမ်းသွင်းလိုက်၏။ ဦးဘမောင်၏စကားပင် မဆုံးလိုက်။ မောင်ကံထူးက ကြားဖြတ်၍–

''ဟာဗျာ ... ကျုပ်မယူတာ သေချာပါတယ်ဦးလေးရယ်၊ ဆရာမကြီးမရှိတဲ့အချိန် သွားမိတဲ့ကျုပ်အပြစ်ကို ဝန်ခံပါတယ်ဗျာ၊ နောင်ဆိုရင် ကျုပ်ဆင်ခြင်ပါ့မယ်၊ ကျုပ် ... အိုးစွပ်ခွက်စွပ်လည်း မစားမိပါဘူးဗျာ၊ အခုလို အစွပ်စွဲခံရတာ သိပ်ပြီးရှက်ဖို့ကောင်းနေပါပြီဗျာ ... အီး ... ဟီး ဟီး''

မောင်ကံထူးမှာ ပြောရင်းဖြင့် ငိုချလိုက်ပြန်သည်။ ဒေါ်တင်မေနှင့် ဒေါ်စပ်စုတို့မှာလည်း မျက်နှာများ သိပ်ပြီး မကောင်းကြတော့။ ကိုတောကျော်က ခေါင်းကို တစ်ချက်ယမ်းခါလိုက်ရင်း–

''ဒီကိစ္စမှာ လွဲချော်မှုတစ်ခုခုတော့ ရှိနေပြီဗျ၊ မောင်ကံထူးကတော့ 'မပြေးသော်လည်း ကန်ရာရှိ' ဆိုတာမျိုး ဖြစ်နေပြီ၊ ဒီတော့ ဆရာမကြီးကို ကျွန်တော် တစ်ခုတော့ မေးချင်ပါတယ်၊ အမှန်အတိုင်းတော့ ဖြေပေးပါ''

''မေးပါကွယ် ... မေးပါ၊ ဆရာမကြီး မုသာဝါဒလည်း မသုံးချင်ပါဘူး''

''ဒီလိုပါ ... ဆရာမကြီးရဲ့ ရွှေထုပ်က ဘယ်မှာသိမ်းထားတာလည်း၊ အဲဒါကို သိချင်ပါတယ် ...''

ကိုတောကျော် အမေးစကားကို ဒေါ်တင်မေက ခေတ္တစဉ်းစားလိုက်ပြီးမှ

''အင်း ... ဆရာမကြီးတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက သူခိုးဓား ပြရန်ကိုကြောက်လို့ သေတ္တာတို့ ဘီရို



www.burmeseclassic.com

www.burmeseclassic.com

တို့အထဲမှာ ဘယ်တော့မှမထားခဲ့ကြဘူး ကွဲ့ . . .၊ မထင်မှတ်တဲ့နေရာတွေမှာ ထားခဲ့ကြတာ အစဉ်အလာတစ်လုလို ဖြစ်နေခဲ့တယ် . . .၊ ဒါကြောင့် ဆရာမ ကြီးလည်း နိုင်လွန်အိတ်အဟောင်း လေးနဲ့ထုပ်ပြီး မီးဖိုဘေးနားမှာ တိုလီ မိုလီတွေနဲ့ ရောထားခဲ့တာပါ၊ အဲ . . . မီးဖိုဘေးနားမှာ ထားခဲ့တာ ဆိုပါတော့ ကွယ် . . .''

ဒေါ်တင်မေ့စကားကြောင့် ဒေါ် စပ်စုကြီးမှာ ရင်ဘတ်ကို လက်နှင့်ဖိ ရင်း –

''အံ့မယ်လေးလေး . . . အံ့ပါရဲ့ ဆရာမကြီးရယ် . . . ဘီရိုတွေ သေတ္တာ တွေထဲ ထည့်ရောပေါ့ရှင် ခုတော့ . . .''

''မဟုတ်ဘူးဗျ အစ်မကြီးရဲ့ . .၊ ရှေးလူကြီးတော်တော်များများဟာ ရတ နာ ရွှေငွေဆိုရင် မြေကြီးထဲတို့ ဖိုခုံ နောက်အောက်တို့ လှေကားရင်း၊ သစ် ပင်ရင်းတွေပေါ့လေ၊ မထင်မှတ်တဲ့နေ ရာတွေမှာ ထားတတ်ကြတယ်၊ သူတို့ ဖြတ်သန်းခဲ့ရတဲ့ ကာလတွေက ခေတ် ဆိုး ခေတ်ပျက်တွေကိုး . . .''

ကိုတောကျော်၏စကားကို ဒေါ် တင်မေက ခေါင်းညိတ်ထောက်ခံရင်း–

''ဟုတ်ပါတယ်ကွယ် . . ဆရာမ ကြီးတို့ အစဉ်အဆက် ဒီလိုပဲထားခဲ့ တာပါ''

''ကဲပါ . . . ဒီနေ့တော့ အချိန် လည်းနည်းနေပါပြီ၊ မနက်ဖြန် ဆရာမ ကြီးရဲ့ အိမ်နဲ့ခြံထဲကို ကျွန်တော်လေ့ လာပါရစေဦး၊ သူခိုးဆိုရင်လည်း သဲ လွန်စတစ်ခုတလေတော့ ကျန်ခဲ့မှာပါ''

''အေးပါကွယ် . . . မနက်ဖြန် လာခဲ့ကြပါ၊ ဆရာမကြီးကလည်း ရုံးတို့



ဂတ်တို့အထိ မရောက်ချင်ပါဘူးကွယ်''

''ဟာ . . . ဟိုအထိတော့ မလုပ် ပါနဲ့ဦး၊ ဟောဒီက မောင်တောကျော် လက်လျှော့ပြီဆိုတော့မှ တစ်ခုခုစဉ်းစား ကြတာပေါ့၊ ကျုပ်တာဝန်ထားပါ၊ ဟို ဘက်ကို လိုအပ်မှဆက်တာပေါ့၊ ဒီနေ့ တော့ ပြန်လိုက်ကြပါဦးနော် . . .''

ရွာလူကြီးဦးဘမောင်၏ စကား အဆုံး၌ ဒေါ်တင်မေ၊ ဒေါ်စပ်စုကြီးနှင့် မောင်ကံထူးတို့မှာ မျက်နှာများမသာ မယာဖြင့် အလျှိုလျှို ပြန်သွားကြတော့ သည်။

ထိုအခါမှပင် ကိုတောကျော် လည်း နန်းတွင်းလက်ဖက်ခြောက်

အကောင်းစားစပ်ထားသည့် ရေ ကြမ်းခါးခါးတစ်ခွက် ငှဲ့ယူ၍ စိမ်ပြေ ပြေ သောက်နေတော့သည်။ သူ့စိတ် ၌ ရွှေထုပ်ကို မတွေ့မချင်း စိတ်ညစ် နေရှာမည့် မောင်ကံထူးကို သနားမိ သည်ကတော့ အမှန်ပင်။

\+ + +

မန်ကျည်း၊ သရက်၊ ပိန္နဲ၊ မာ ကာ၊ ရှောက်ချို အစရှိသည့် သီးပင် ပင်များအပြင် အခြားအပင်ကြီးများ လည်း အုပ်အုပ်ဆိုင်းဆိုင်းရှိနေ တစ်ပင်နှင့်တစ်ပင် လက်ယှက်ထိုး သလိုပင် အကိုင်းချင်းဆက် ဖြစ် သည်။

ဆရာမကြီးဒေါ်တင်မေတို့ မိသ စုကား 'အိမ်နောက်ဖေး ဈေးဆိုင်တည် ဟူသော စကားကို လက်ကိုင်ထာ ဟန်တူ၏။ ကိုတောကျော်တို့မှာ တစ် တည်းသားများဆိုသော်လည်း သိပ် ဆက်စပ်မှုမရှိခဲ့ကြ။ အရောက်အပေါ မရှိခဲ့။ ပြောရမည်ဆိုလျှင် ဆရာမ တို့မိသားစု အစဉ်အဆက် တော ကြေးရတတ်လူတန်းစားများ ဖြစ်

ဆရာမကြီးလက်ထက် က ပညာတတ်ပီပီ ပတ်ဝန်းကျင်နှင့် ရ ရင်းနှီးနှီး ဆက်ဆံလာခဲ့သည်။ ထို ထဲမှာ မောင်ကံထူးက အရင်းနှီးဆုံး ဖြစ်ခဲ့၏။ ဤသည်ကပင် မောင်ကံ အဖို့ ကံမကောင်းစရာ ဖန်လာသ လား မသိ။

ကိုတောကျော်မှာ မီးဖိုဆောင်န ၌ ကပ်၍ပေါက်နေသော မန်ကျည်း နှစ်ပင်ကို အသေအချာမော့ကြည့် ၏။ ကိုတောကျော် ချောင်းတစ်ချ ဟန့်လိုက်မိစဉ် –

www.burmeseclassic.com



“ဖျော ... ဖျော ... ကြွိ ကြွိ”

“ဟော”

ကိုတောကျော်၏ ချောင်းဟန့်သံကြောင့်လား လူရိပ်ကြောင့်လားမသိ ကြက်ဝမ်းဖြူ သုံးလေးကောင်မှာ မန်ကျည်းကိုင်းများပေါ်၌ ဟိုပြေးသည်ပြေး ခုန်ကုန်တော့သည်။ တချို့အပင်များပိုင်း တချို့လက်ယှက်ထိုး ကိုင်းများမှတစ်ဆင့် အခြားအပင်သို့ ကူးပြေးကြ၏။ ကြွက်ဝမ်းဖြူ ထွားထွားတစ်ကောင်ကတော့ မီးဖိုဆောင်ခေါင်မိုးပေါ်သို့ ခုန်ချပြီး သွပ်အပေါက်မှ ပြေးဝင်သွားတော့သည်။

“အင်း ...”

ကိုတောကျော်ခေါင်းထဲ အတွေးစခုက လက်ခနဲဝင်လာ၏။ နှုတ်ခမ်းကို လက်နှင့်သပ်ရင်း တစ်ချက်ပြုံးက်သည်။ ပြီးလျှင် အိမ်နှင့်ထိစပ်နေသည့် မန်ကျည်းနှစ်ပင်ကို လှည့်ပတ်၍ စေ့စပ်စပ် မော့ကြည့်နေလေတော့သည်။

တစ်နေရာအရောက်၌ ရပ်လိုက်ပို့၍ အသေအချာမော့ကြည့်နေပြန်သည်။ ပြီးလျှင် ပြုံးလိုက်ပြန်သည်။ ကျည်းပင်နှင့် လက်ယှက်ထိုးနေသည့် ပိန္နဲပင်တစ်ပင်အောက်၌လည်း ကြည့်နေရာမှ ပြုံးလိုက်ပြန်သေးသည်။

နောက်ဖေးတစ်ခြံလုံး နီးပါးလှည့်ကြည့်ရှုပြီး အိမ်ဘက်ပြန်လျှောက်စဉ် မီးဖိုတံခါးပေါက်မှ ရွာလူကြီး၏ ရင်းငှားသာအေး ပေါ်လာပြီး –

“ဗျို့ ... ကိုကြီးကိုတောကျော် ... ဆရာမကြီးဒေါ်တင်မေက ရေ းကြမ်းလေးဘာလေး လာပြီး သောက်ပါဦးတဲ့ ... ဦးလေးမောင်က လည်း ခေါ်ခိုင်းလိုက်လို့ဗျို့ ...၊ ပြီးတော့ မထူးခြားရင်လည်း အချိန်မီ ရဲစခန်းသွားရအောင်တဲ့ ...”

“အင်း ... ရွာလူကြီးကတော့ တော်တော်စိတ်လျှော့တတ်တာပဲ၊ ငါ အိမ်ရှေ့ဘက်က တက်လာခဲ့မယ်၊ မင်းလည်း အရင်ဆုံး ဆရာမကြီးကို ပြောထားလိုက်၊ ငါ့အတွေးသာမှန်ခဲ့ရင် ပစ္စည်းက တွေ့ရဖို့နီးပါး ဖြစ်နေပြီလို့”

သာအေးမှာ ကိုတောကျော်၏ စကားကြောင့် အံ့ဩသွားဟန်ဖြင့် –

“ဟာ .. ဟုတ်ရဲ့လားဗျာ .. ဘယ်သူများယူသွားတာလဲ”

“ကဲ ... မကြာခင်သိရမှာပါ၊ အိမ်ပေါ်ကို အရင်သွားကြမယ်၊ တော်ကြာ ရွာလူကြီးက စိတ်မြန်လက်မြန်နဲ့ ရဲစခန်းသွားဖို့လုပ်နေဦးမယ် ...၊ ဩော် ... ဒါနဲ့ မောင်ကံထူးကို ဝါးလုံးရှည်ရှည်တစ်ချောင်း ရှာယူခဲ့လို့ ပြောလိုက် ...”

ကိုတောကျော်က ဝါးလုံးရှည်ရှည် ရှာခိုင်းသည်ကို သာအေးအတော်လေး ဇဝေဇဝါဖြစ်သွားရ၏။ ဘယ်သစ်သီးများ ခူးစားမလို့လည်းဟူသော အတွေးက ဝင်လာသဖြင့် နားမလည်နိုင်စွာ ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း မီးဖိုတံခါးပေါက်မှ ပြန်ဝင်သွားတော့သည်။

ကိုတောကျော်က သာအေး ခေါင်းရှုပ်သွားပုံကိုကြည့်၍ ပြုံးလိုက်ရင်း အိမ်ရှေ့ဖက်သို့ ထွက်လာခဲ့လေတော့သည်။

\+ + +

ရေနွေးကြမ်းဝိုင်းရှိ လူအားလုံး၏ မျက်နှာတွင် စိတ်လက်ပေါ့ပါးသွားသော အပြုံးကိုယ်စီနှင့် ဖြစ်နေကြ၏။ အထူးသဖြင့် မောင်ကံထူးမှာ ပို၍ပင်ပျော်နေတော့သည်။ တရားခံဖြစ်မည့်ဘေးမှ ကိုတောကျော်၏ကျေးဇူးကြောင့် သီသီကလေးလွတ်ခဲ့ရ၏။

ဒေါ်တင်မေ တည်ခင်းသော လက်ဖက်သုပ်အမြည်းနှင့် ရေနွေးကြမ်းဝိုင်းလေးက ဝေဝေစည်စည်ရှိလှ၏။

ရွာလူကြီးဦးဘမောင်က နီးယပ်တောင်ကို တဖြန်းဖြန်းခတ်ရင်း ရှေ့၌ချထားသော နိုင်လွန်အိတ်ကလေးကို ကောက်ယူလိုက်ပြီး –

“ကဲ ... ဆရာမကြီးရေ ... ရော့ဗျာ ... ခင်ဗျားရဲ့ပစ္စည်းအထုပ် စစ်ပြီးကြည့်ချင်လည်း ကြည့်ဦး ... ဒါပေမဲ့ လိုရင်တော့ အဲဒီတရားခံက ချုပ်လို့ ထောင်ချလို့တော့မရဘူးနော်၊ ဟဲ ... ဟဲ ...”

ဦးဘမောင်စကားကို ဆရာမကြီးက ခပ်ပြုံးပြုံးဖြင့် –

“ရပါတယ်ရှင် ... မစစ်တော့ပါဘူး၊ ခုလည်း မောင်တောကျော်ရဲ့ကျေးဇူးကြောင့် ဥစ္စာရင်းမှန်ပြန်ရတာပါ၊ ကျွန်မစိတ်မကောင်းဖြစ်မိတာက ... မောင်ကံထူးအတွက်ပါပဲ၊ သူ့ကို ကျွန်မ တောင်းပန်ပါ့မယ်ရှင် ...”

“ဟာ ... ဒါကတော့ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ပါလေ၊ မတော်တဆကြုံရတာပဲ ...”

ဦးဘမောင်၏ အပြောစကားအား ကိုတောကျော်က ပြုံးလိုက်ပြီး–

“အင်း ... အသွားမတော် တစ်လှမ်း ဆိုရင်ကော ဦးလေး ...”

“အေးကွ ... ပိုပြီး မှန်တာပေါ့”



www.burmeseclassic.com

ရွာလူကြီးနှင့် ကိုတောကျော်တို့ စကားအဆုံး၌ တစ်ချိန်လုံးငြိမ်နေသော ဒေါ်စပ်စုကြီးက –

"ဟိုလေ ... ကျွန်မကို စပ်စုတယ်လို့ မထင်ကြပါနဲ့နော် ...၊ လူပျိုကြီးက ဒီလို ကြွက်သိုက်ထဲမှာ ရွှေထုပ်ရှိနေတာ ဘယ်လိုသိတာလည်းဟင်၊ စာတွေဖတ်လွန်းတော့ ဗေဒင်ပညာတွေများ တတ်နေပြီလားဟင် ..."

ဒေါ်စပ်စုကြီးအမေးစကားအား ကိုတောကျော်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး နှုတ်ခမ်းမွှေးကိုလက်ဖြင့် သပ်လိုက်ကာ –

"ဒါက ... ဗေဒင်နဲ့မဆိုင်ဘူး အစ်မကြီးရဲ့ ...၊ အင်း ... ဆက်စပ်တွေးခေါ်မှုပေါ့နော် ...၊ ဆရာမကြီးရဲ့ အိမ်ခြံက သိကြတဲ့အတိုင်းပဲ၊ သီးပင်စားပင်တွေနဲ့ အုပ်ဆိုင်းနေတာလေ"

အားလုံးပင် ကိုတောကျော်စကားကို စိတ်ဝင်တစား ငြိမ်သက်နားထောင်နေ၏။ ကိုတောကျော်က အားလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး –

"ဒီလို သီးပင်စားပင်တွေကြောင့် ငှက်တို့၊ ရှဉ့်တို့၊ ကြွက်တို့ရဲ့ ခိုအောင်းရာ ဖြစ်လာခဲ့တာပေါ့၊ အထူးသဖြင့် နေ့ခင်းဘက်တောင် ကဲနေတဲ့ ကြွက်ဝမ်းဖြူတွေကို ကိုယ်တွေ့ကြုံလိုက်ရတော့ အတွေးတစ်စဝင်လာတာနဲ့ ဆက်စပ်ကြည့်လိုက်တာပါ၊ အမှန်တော့ မန်ကျည်းပင်ဟာ အိမ်ဘေးမှာကပ်ပြီး မစိုက်သင့်တဲ့အပင်မျိုးပဲ၊ သူ့အရွက်က အက်ဆစ်ဓာတ်ပါတော့ အိမ်အမိုးတွေ ပေါက်ကုန်တယ်၊ ခုတော့ သစ်ပင်ကတစ်ဆင့် ခေါင်မိုးအပေါ်က ကြွက်တွေရဲ့ ဝင်လမ်းထွက်လမ်းဖြစ်ခဲ့တာပေါ့"

"ဟုတ်တယ်ဟေ့ ...၊ မောင်တောကျော်ပြောမှ တွေးမိတယ်၊ အချဉ်ဓာတ်က အက်ဆစ်မို့ထင်ပါရဲ့ သွပ်ပြားတွေကို စားတာကိုး၊ ကြာလာတော့ ပေါက်ကုန်တာပေါ့၊ နေပါဦး ... မောင်တောကျော်ရဲ့၊ ကြွက်သိုက်ထဲမှာ ရွှေထုပ်ရှိတာ ဘယ်လိုသိလည်း"

ဦးဘမောင်က ဝင်မေးလိုက်၍ ကိုတောကျော်ပြုံးလိုက်ရင်း –

"အင်း ... ဒီလိုပါ၊ ဆရာမကြီးထားတဲ့နေရာက မီးဖိုဘေးဆိုတော့ ကြာတာတဲ့အခါ ဟင်းနံ့တွေ အထပ်ထပ်စွဲလာမယ်လေ ...၊ ဒါကို ဒီကောင်တွေက အစာမှတ်ပြီး ဖြည်း



ဖြည်းချင်းဆွဲယူမှာပဲ၊ တော်ရုံကြွ
တော့ မဖြစ်နိုင်ဘူးလေ၊ ကျွန်တေ
တွေ့လိုက်တဲ့အကောင်က တော်တေ
လေးထွားတယ်၊ ဒီကောင်ပဲဖြစ်မယ်
ဒါကြောင့် ဆက်စပ်မိပြီး ပိန္နဲပင်က
သိုက်နဲ့ မန်ကျည်းအသိုက် နှစ်သိုက်
မွှေနှိုင်းလိုက်တာပါ၊ ထင်တဲ့အတိုင်း
အနီးဆုံးမန်ကျည်းပင်အသိုက်က
တာဆိုတော့ ဒီကောင်မဆွဲနိုင်တော့
ကြွက်လှလည်လုပ်ပြီး အနီးဆုံးအသို
ထဲ ထည့်ထားတာကိုး ...၊ ဝါးထ
ရှည်နဲ့မွှေလိုက်တော့ မခံနိုင်တော့
ပေါ့ဗျာ ..."

"အမလေးတော် ... လူပျို
ရယ် ... ဒါမျိုးကြ ကြံကြံဖန်ဖန်တ
တတ်ပြီး မိန်းမယူဖို့ကျတော့ ဘယ်
ဆက်စပ်ယူရမယ်ဆိုတာ မသိတော့
လားရှင် ..."

ဒေါ်စပ်စုကြီးစကားကြောင့် အ
လုံးမှာ ဝါးခနဲပွဲကျသွားတော့သ
ရယ်မောသံများရပ်သွားတော့မှ
တောကျော်က မတ်တပ်ထလိုက်ရ

"သြော် ... ဒါကတော့ဗျာ
ကမ္မံသတ္တေ ဝိဘဇ္ဇတိ တဲ့၊ ကံစီမံ
အတိုင်းပေါ့ဗျာ ... ဟဲ ... ဟဲ
ဟဲ ...၊ ကဲ ... အားလုံးပဲ ခွင့်ပြု
ပါဦး ..."

ပြောပြောဆိုဆိုဖြင့် ဆရာမကြီး
အိမ်ပေါ်မှ ကိုတောကျော် ခပ်မှန်
ဆင်းသွားလေတော့၏။ ရွာလူကြီး
ဘမောင်နှင့် ကျန်ခဲ့သူအားလုံးမှာ
နွေးကြမ်းသောက်ကြရင်း ကိုတေ
ကျော်၏ဂုဏ်ပုဒ်ကို ချီးမွမ်း၍
လေတော့သတည်း။

ပြီးပါ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

တစ်မနက်လုံး အုန်းအုန်းကျွက် ကျွက်ဖြင့် ကြက်ပျံမကျအောင် စည်ကားခဲ့သော နန့်လွှယ်ပန်းမြို့မဈေးကြီးသည် မနက် ၁၀ နာရီခန့်ရှိပြီမို့ စူးလက်သည့်နေရောင်အောက်တွင် ငြိမ်သက်စပြု၏။ ဈေးကွဲသွားခဲ့ပြီ။

ဈေးကြီး၏ အပြင်ပတ်လမ်းမှ လူငယ်တစ်ယောက် ဈေးဆိုင်များကို တငေးတမောဖြင့် လျှောက်လာ၏။ သူလိုချင်သည့်ပစ္စည်းရှာနေခြင်းပင်။ သူ့စိတ်ကြိုက်ပစ္စည်းရှိ/မရှိ နှစ်ဆိုင်သုံးဆိုင် မေးကြည့်သေး၏။ မေးသည့်ဆိုင်တိုင်း ပစ္စည်းပြတ်နေကြောင်း တုံ့ပြန်သည်ချည်း။ အလားတူပစ္စည်းများထုတ်ပြသည်ကိုလည်း သူက မကြိုက်ပြန်။

သည်မို့လည်း စိတ်ပျက်ပျက်နှင့် ဈေးကြီးအရှေ့ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း လျှောက်လာခဲ့လျက် ကားရှင်းသည့်နေရာအရောက် လမ်းဖြတ်ကူးလိုက်သည်။

ထိုစဉ် ...

"ဟော့ .. ဟော့ .. ခဏနေပါဦးကွ"

နောက်မှ လူတစ်ယောက်ခေါ်သံကြောင့် လျှောက်နေသည့် ခြေလှမ်းတွေ တုံ့ဆိုင်းသွားလျက် ချာခနဲလှည့်ကြည့်လိုက်၏။

ခွပ် ..

အား ..

မျှော်လင့်မထားသည့် လက်သီးချက်ကြောင့် ခြေပစ်လက်ပစ် ဖင်ထိုင်ကျသွားရတော့၏။ ရုတ်တရက်မူးဝေသွားသည်။ သတိမလစ်အောင် ကိုယ့်ကိုယ်ကိုယ်ထိန်းရ၏။ သူ့ကို လက်သီးနှင့် ထိုးလှဲချလိုက်သူက သူ့လည်ပင်းမှ တစ်ကျပ်သားတိတိရှိသော ရွှေဆွဲကြိုးကို ရုတ်တရက်ဆွဲဖြုတ်လိုက်သည်။

"ဟင် .. ခင်ဗျား .. ခင်ဗျား ဒါဘာလုပ်တာလဲဗျ"

"လုတာလေကွာ ..၊ မိုက်လို့လုတာ .. ကဲကွာ"

"ဖျောင်း"

"အင့်"

လူဆိုးသည် လဲကျနေသည့် သူ့မျက်နှာကို ညာခြေနှင့် တအားပတ်ကန်ပြီးလျှင် ပြေးထွက်သွား၏။ သူ့နှုတ်မှ ဟစ်အော်အကူအညီတောင်းရုံမှတစ်ပါး ..။

"လုပ်ကြပါဦးဗျာ၊ ကျွန်တော့်ဆွဲကြိုးဖြုတ်ပြေးသွားလို့ ဖမ်း .. ဖမ်းပေးကြပါ"

လူတချို့ လူဆိုးနောက် ပြေးလိုက်သွား၏။

တချို့က လဲကျနေသည့် သူ့ကိုထူသည်။

"ဘယ့်နှယ့်လဲ ငါ့တူ ထနိုင်ရဲ့လား"

"ဟုတ် .. ဟုတ်ကဲ့ .. ထ .. ထနိုင်ပါတယ်"

သူ အားယူထသည်။ လူဆိုးနောက် လိုက်သွားသူတွေ သူ့အနီးပြန်ရောက်လာ၏။

"မမှီလိုက်ဘူးဗျာ၊ ဈေးနောက်လမ်းထဲ ဝင်ပြေးသွားတယ်"

"အေးဗျာ .. မျက်ခြည်ပြတ်သွားတယ်"

အထိုးခံရသည့် လက်သီးချက်နှင့် အကန်ခံလိုက်ရသည့် ကန်ချက်ကြောင့် သူ့မျက်နှာတစ်ခြမ်း ချက်ချင်းနီရဲရောင်ကိုင်းလာသည်။ ခေါင်းမှာလည်း ရီဝေနေလျက်။

"မင်း ဆေးရုံသွားမှဖြစ်မယ် ဟော့"

တစ်ယောက်က ဆေးရုံသွားခိုင်းသည်။

"ဟာ .. ဆေးရုံနောက်မှသွား ရဲစခန်းကို အရင်သွားကွ။ ဆေးရုံ ရဲဆေးစာနဲ့သွားရမယ်"

"အေး .. ဟုတ်တယ် ငါ့တူ ရဲစခန်းသွားပြီး အမှုဖွင့်ပေတော့။ မ သွားနိုင်ရဲ့လား"

"လမ်းမလျှောက်နိုင်ရင် ဆိုက်ကားနဲ့သွားကွာ"

ကူညီသူတွေက ဆိုက်ကားတစ်စီးငှား၍ တင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



# သူ့နောက်ကွယ်တွင် သူ့ကို သံမဏိဇော်လူဟူ၍ပင် နာမည်ပေးကြသည်ကို သိသော်လည်း ကိုယ့်ဂုဏ်သိက္ခာကို မထိခိုက်သဖြင့်

• • •

"ဆိုက်ကားဆရာ • • ရဲစခန်းကို မြန်မြန်ရောက်အောင်ပို့ပေးလိုက်ဟေ့"

အခန်း(၂)

ချွင် • • ချွင် • • ချွင်

အေးစေတီဘုရား၏ ဆည်းလည်းသံ လွင်လွင်က လေအသင့်မှာ ခပ်မွှေးသံများ ပျော်လွင့်နေ၏။

ဘုရားပွဲတော်ကျင်းပရေးကော်မတီအစည်းအဝေးအပြီး ရင်ပြင်တော်ပေါ်ရှိ ဂေါပကရုံးမှ ဇော်လူနှင့် ယွန်းရွှေရည် ထွက်ခဲ့ရင်း ဘုရားဝတ်ပြုကြသည်။

နှစ်ဦးစလုံး ဝတ်ပြုပြီး ပြန်ဆင်းရန်ထလိုက်ချိန်တွင် ယွန်းရွှေရည်က ဇော်လူ၏ ရှူးဖိနပ်ကိုပါ သူ့ဒေါက်ဖိနပ်ကလေးနှင့်အတူ ကောက်ယူ၍ ရှူးဖိနပ်ကို ဇော်လူ့ကိုပေးသည်။

"ရော့ • • ဇော်"

ယွန်းရွှေရည် လှမ်းပေးသည့် ရှူးဖိနပ်ကို ဇော်လူက လှမ်းမယူသေးဘဲ • •

"အဲဒီလို ဖြစ်သင့်နေတာကြာပြီ၊ ခုမှပဲ ဆုတောင်းပြည့်တော့တယ်"

ယွန်းရွှေရည်က ဇော်လူဘာကို ရည်ရွယ်၍ ပြောလိုက်သည်ကို မသိ။

"ဘာလဲ ဇော်၊ ဘာ ဆုတောင်းတွေ ပြည့်တာလဲ"

"ဩော် • • ဇော်နဲ့ယွန်း ဘုရားကျောင်းတက် အတူတူဘဝ ရောက်ရပါစေလို့ ဟိုးငယ်ငယ် ကျောင်းသားဘဝ၊ တို့သာယာဝတီမှာ နေခဲ့တုန်းကတည်းက ဆုတောင်းထားခဲ့တာ ခုမှပဲ ပြည့်တော့တယ်လို့ ပြောတာပါ"

ယွန်းရွှေရည်က ဆတ်ခနဲစောင်းငဲ့ကြည့်၏။

မျက်ဝန်းတွေထဲမှာ အရောင်တွေ တဖျတ်ဖျတ်လင်းလက်သွား၏။ နှုတ်မှလည်း • •

"ဘာမှမဆိုင်ဘူး၊ အခုလာတာလည်း ဘုရားဖူးရုံသက်သက်လာတာလည်းမဟုတ်ဘူး။ ဘုရားပွဲကျင်းပရေးကော်မတီက ဖိတ်လို့ လုံခြုံရေးတာဝန်ရှိတဲ့ မြို့မရဲစခန်းမှူးနဲ့ ကျန်းမာရေးတာဝန်ရှိတဲ့ မြို့နယ်ဆေးရုံအုပ်ကြီးတို့တာဝန်အရ အစည်းအဝေးလာတက်ရင်း ကြုံလို့ ဘုရားဖူးတာ။ လိုရာဆွဲပြီး ရဲပိုပီ လျှောက်တွေးမနေနဲ့"

ဇော်လူက ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ • • ဇော့်ရင်ထဲမှာ သူ့ဘာသာ ခံစားချင်သလို ခံစားနေတာကို မခံစားရဘူးလို့ ပိတ်ပင်လို့ရမှာမှမဟုတ်ဘဲ။ ဒါက ဒီမိုကရေစီအခွင့်အရေးလေ။ ကြိုက်သလို ခံစားနိုင်တယ်။ ကဲ • • ရော့ပါ • • ကိုယ့်ဖိနပ်ကိုယ်ယူပါ"

ဇော်လူက ဖိနပ်ကိုလှမ်းမယူသေး။

"အင်း • • ခုနေတွေ့တဲ့လူတွေကတော့ ထင်မှာပဲနော် • • ဆရာဝန်မလေးနဲ့ စခန်းမှူးလေးက ဘာလိုလိုဟဲ့။ အဲဒီ နှစ်ယောက်များ လက်ထပ်လိုက်ရင် သိပ်အတွဲညီမှာပဲလို့"

"ဇော် • •"

ယွန်းရွှေရည့်ပါးပြင်တို့တွင် ချယ်ရီပွင့်ကလေးတွေ ပွင့်နေကြပြီ။

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ကွာ။ ယွန်း ရှက်တယ်"

ယွန်းရွှေရည်၏ ကန့်ကွက်သံမှာ တောင်းပန်စကား။

ဇော်လူက • •

"မဟုတ်တာတွေ ပေါက်ကရ ပြောတာမဟုတ်ပါဘူး ယွန်းရာ။ ဇော့်ရင်ထဲက ဆန္ဒမှန်တွေပါ။ ယွန်း ဇော့်မေတ္တာကို တုံ့ပြန်ဖို့ မစဉ်းစားရသေးဘူးလားဟင်"

ဇော်လူ့အသံက တုန်ခါနေသလိုပင်။

ယွန်းရွှေရည်က ချက်ချင်းတုံ့ပြန်သည်။

"အို • • • ကွာ • • မစဉ်းစားဘဲတော့ နေပါ့မလား"

သည်တော့မှ ဇော်လူ့မျက်နှာ ပွင့်လန်းရသွားသည်။

"စဉ်းစားပြီးပြီဆိုရင် အဖြေပေးတော့လေ"

"ဟင် ‥ ခုချက်ချင်းလား"

"မြန်လေ ကောင်းလေပဲပေါ့"

"အို ‥ ဖော်ရယ်၊ ခဏတော့ သည်းခံလိုက်ပါဦးနော်"

"ကောင်းပြီလေ၊ ခဏပဲနော် ‥ သိပ်အကြာကြီး အချိန်မပေးဘူး ‥ ဒါပဲ"

အခန်း(၃)

ဖော်လူ သူ့ကားဖြင့် ယွန်းရွှေရည်တာဝန်ကျသည့် ပြည်သူ့ဆေးရုံကြီးသို့ဝင်ပို့၍ စခန်းသို့ ကားပြန်မောင်းလာခဲ့သည်။ ဘာလိုလိုနှင့် သည်နန်းလွယ်ပန်းမြို့ကလေးကို ရဲအုပ်ဖော်လူဘဝမှ ရာထူးတိုး၍ စခန်းမှူး ဒုရဲမှူး ဖော်လူဘဝဖြင့် ပြောင်းရွှေ့လာခဲ့သည်မှာပင် အတော်လေးကြာ၍ နေသားကျနေပြီ။ ကံကောင်းချင်တော့ ယွန်းရွှေရည်က သည်မြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးအဖြစ်နှင့် ပြန်ဆုံကြခြင်းဖြစ်၏။ ဖော်လူရောက်စက စခန်းမှူးအသစ်ကို နယ်မြေခံဒုစရိုက်သမားများက သွေးတိုးစမ်းကြသေးသည်။ လာဘ်ပေး၍ စည်းရုံးကြသည်။ သူက လက်မခံသောအခါ တစ်နည်းနည်းဖြင့် သိက္ခာကျအောင်၊ နာမည်ပျက်အောင်၊ အလုပ်ထိခိုက်အောင် အမျိုးမျိုးကြိုးပမ်းကြသည်။

သူ အနေမှန်၍သာ ယခုကဲ့သို့ ခေါင်းမရွှေ့ဘဲ တာဝန်ထမ်းဆောင်နေနိုင်ခြင်းဖြစ်၏။ ရိုးသား၍ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်သော ပြည်သူများကို နူးညံ့စွာ၊ ပျော့ပြောင်းသိမ်မွေ့စွာဆက်ဆံလျက် ကူညီနိုင်သမျှ ကူညီပေး၍ လူယုတ်မာ၊ ဒုစရိုက်သမား၊ လူလိမ်လူကောက်များဆိုလျှင် သူကလည်း ခပ်ကြမ်းကြမ်းနှိပ်ကွပ်သည်။ တိတိကျကျကိုင်တွယ်သည်။ ထို့ကြောင့် သူ့နောက်ကွယ်တွင် သူ့ကို သံမဏိဖော်လူဟူ၍ပင် နာမည်ပေးကြသည်ကို သိသော်လည်း ကိုယ့်ဂုဏ်သိက္ခာကို မထိခိုက်သဖြင့် မသိသလိုပင် နေခဲ့သည်။



အတွေးနှင့် ကားမောင်းလာရင်း စခန်းရှေ့ရောက်လာပြီဖြစ်၍ ကွေ့ဝင်လိုက်စဉ် ဂိတ်ဝတွင် ယောင်ပေပေနှင့် ရပ်နေသည့် လူငယ်တစ်ယောက်ကို မြင်လိုက်သည်။

လူငယ်၏ မျက်နှာတစ်ခြမ်းမှာ နီရဲယောင်ကိုင်းနေသည်ကိုလည်း သတိထားလိုက်မိ၏။ ကားကို အရှိန်မပျက် မောင်းလာလျက် စခန်းရှေ့မှာ ရပ်ပြီးလျှင် ကားပေါ်မှဆင်းလိုက်၏။ စခန်းမှထွက်လာသည့် ရဲတပ်ကြပ်ကြီး နိုင်မင်းသူက သူ့ကို အလေးပြုရင်း ကြိုသည်။ ကားနောက်ခန်းမှ စာရွက်စာတန်းထည့်သည့်အိတ်ကို လှမ်းယူသည်။ နေ့စဉ် ရုံးခန်းထဲသို့ ပို့ပေးနေကြအတိုင်း ပို့ပေးရန်ဖြစ်သည်။

"နိုင်မင်းသူ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"ဘာထူးသေးလဲကွ"

"ဘာမှမထူးပါဘူး ဗိုလ်ကြီးရယ်၊ ဒီနေ့ ကံကောင်းနေပါတယ်"

"စခန်းအဝင် ဂိတ်ဝမှာ ပါးနဲ့ မျက်နှာတစ်ခြမ်း နီရဲဖူးယောင်နေတဲ့ ကောင်လေးတစ်ယောက် ယောင်ပေပေရပ်နေတာ ငါ တွေ့ခဲ့တယ်။ အမှုဖွင့်ချင်နေတယ်ထင်ပါရဲ့ကွာ။ ဘာဖြစ်လို့ စခန်းထဲ ဝင်မလာသလဲမသိဘူး။

သွားခေါ်ခဲ့စမ်းကွာ''

ရဲတပ်ကြပ်ကြီး နိုင်မင်းသူ မျက်နှာကြီးရှုံ့မဲ့သွား၏။

''ဗိုလ်ကြီးကလည်း ပြဿနာမရှိ ပြဿနာရှာနေပြန်ပြီ။ သူ အမှုမဖွင့်ချင်လို့ ဝင်မလာတာပေါ့။ ဖွင့်ချင်ရင် သူ့ဘာသာ ဝင်လာမှာပေါ့ဗျာ။ အနေသာကြီးပါ။ သွားခေါ်ပြီး အမှုဖွင့်ပေးစရာမလိုပါဘူး''

ရဲတပ်ကြပ်ကြီးနိုင်မင်းသူက မကြားတကြားပြောလိုက်ခြင်းဖြစ်၏။ နားပါးသည့် စခန်းမှူး ဒုရဲမှူးဇော်လှုက ကြားဖြစ်အောင် ကြားသွားလျက်–

''ဟေ့ကောင် .. သွားခေါ်ဆိုခေါ်ကွာ။ စကားမများနဲ့''

ဇော်လှု့အသံက မာသွားသဖြင့် တပည့်ဖြစ်သူ နိုင်မင်းသူ လန့်သွားသည်။

''ဟုတ် .. ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ သွားပါပြီ ဗိုလ်ကြီး။ မရရအောင် ခေါ်ခဲ့ပါ့မယ် ဗိုလ်ကြီး။ မလိုက်ဘူးဆိုရင်လည်း ကျောပိုးပြီး ခေါ်ခဲ့ပါ့မယ် ဗိုလ်ကြီး''

တပည့်ဖြစ်သူ နိုင်မင်းသူ၏ စကားကြောင့် ဇော်လှု ပြုံးမိသွား၏။ ဇော်လှု စခန်းထဲဝင်လိုက်ရင်း သူ့ရုံးခန်းအတွင်းမဝင်သေးဘဲ တာဝန်မှူးရဲအုပ်စောလင်းစားပွဲမှာ ဝင်ထိုင်လိုက်၏။ ရဲအုပ်စောလင်းဆိုသူမှာ အသက် ၅၀ ကျော်ပြီး တစ်ခေါင်းလုံးဖြူဖွေးနေ၏။ အခြားအဆင့်မှ တစ်ဆင့်ပြီးတစ်ဆင့် ရာထူးတက်လာခဲ့သူဖြစ်သည်။

အစက သည်စခန်းမှာ ရဲအုပ်ရာထူးဖြင့် စခန်းမှူးတာဝန်ယူရသူ။ ယခု ဖွဲ့စည်းပုံအရ ဒုရဲမှူးက စခန်းမှူးတာဝန်ယူရသဖြင့် ဒုရဲမှူးဖြစ်သော ဇော်လှုက ရာထူးတိုးဖြင့် ရောက်လာသဖြင့် ရဲအုပ်စောလင်းက တွဲဘက်စခန်းမှူးတာဝန်ယူရသည်။ ဦးစောလင်းသည် ဇော်လှု့ထက် ရဲလုပ်သက်ရင့်၏။ အတွေ့အကြုံလည်း များ၏။ ရဲလက်စွဲကို ထုံးလိုချေ ရေလိုနှောက်သည်ထိ ကျွမ်းကျင်သည်။

သူတို့နှစ်ယောက်စလုံးမှာလည်း သာယာဝတီနယ်သားများဖြစ်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု ရှိကြသည်။ စခန်းမှူးဖြစ်သော ဇော်လှုက သူ့ထက် လုပ်သက်အားဖြင့် လည်းကောင်း၊ အသက်အရွယ်အားဖြင့် လည်းကောင်း ပိုမိုရင့်ကျက်သူဖြစ်သဖြင့် လေးစားသည်။ အစစအရာရာ တိုင်ပင်၍ လုပ်သည်။ ဦးစောလင်း၏ နာမည်ကိုပင် မခေါ်။ စခန်းတစ်ခုလုံး ခေါ်သလို သူကလည်း အဘဟူ၍ပင် ခေါ်၏။

ဇော်လှုနှင့် ရဲအုပ်စောလင်းထိုင်နေသည့် တာဝန်မှူးစားပွဲအနီးသို့ ရဲတပ်ကြပ်ကြီးနိုင်မင်းသူက ကောင်လေးတစ်ယောက် ခေါ်လာသည်။ ဇော်လှု ခေါ်ခိုင်းလိုက်သည့် ကောင်လေးဖြစ်၏။ ကောင်လေးက ခေါင်းငုံ့၍ ရပ်နေ၏။ မျက်နှာကို အနီးကပ်ကြည့်မှ အတော်ပင်ဆိုးဆိုးဝါးဝါးယောင်ကိုင်းနေကြောင်း တွေ့ရ၏။ ဇော်လှုက ..

''ထိုင်ကွ .. ညီလေး''

''ဟုတ် ..''

ကောင်လေးက မရဲတရဲ ဝင်ထိုင်သည်။

ရဲအုပ်စောလင်းက ဘုမသိဘမသိဖြင့် ကောင်လေးကိုတစ်လှည့် သူ၏ အထက်အရာရှိဖြစ်သော စခန်းမှူးဇော်လှုကိုတစ်လှည့်ကြည့်ရင်း ဝေခွဲမရ။ ဇဝေဇဝါဖြစ်နေသည်။ မည်သို့မှ အဓိပ္ပာယ်ဖတ်မရ။ တစ်ခုတော့ရှိသည်။ ဇော်လှုဆိုသူက လူကောင်းလူရိုးများ အပေါ်ကြင်နာတတ်သလောက် လူဆိုးလူမိုက် လူယုတ်မာများအပေါ် ပြင်းပြင်းထန်ထန်နှိပ်ကွပ်လေ့ရှိသည်။ သံမဏိဇော်လှုဖြစ်၍ အကြောင်းထူးတစ်ခုခုရှိလိမ့်မည်ဟုတော့ သဘောပေါက်လိုက်သည်။

ဇော်လှုက ကောင်လေးကို ပြုံးပြလိုက်၏။

ထို့နောက် ပြောရဲဆိုရဲရှိလာအောင် စကားလမ်းကြောင်းသည်။

**ဒီခေတ်မှာ ကတုံးက ဆံပင်ရှည်ဖြစ်အောင်လုပ်တာနဲ့ နှုတ်ခမ်းမွေးမရှိတဲ့လူ နှုတ်ခမ်းမွေးရှိအောင်လုပ်တာ ခက်လိုလားဗျာ ...**



www.burmeseclassic.com

''ကဲ ..ပြောစမ်းပါဦး ..ဘာအကူအညီပေးရမလဲ ဌါညီ''

ဇော်လူ၏ ရေလာမြောင်းပေးစကားကြောင့် ကောင်လေး ရဲစိတ်ဝင်လာလျက် ..

''ကျ ..ကျွန်တော့်ဆွဲကြိုး အဖြတ်ခံရလို့ ပြန်ရအောင် ကူညီပေးပါ အစ်ကိုကြီးရယ်''

ကောင်လေးနှုတ်မှ ထစ်ထစ်ငေါ့ငေါ့ထွက်လာသည့်စကား။

ကုလားထိုင်နောက်မှီတွင် သက်သောင့်သက်သာမှီထိုင်နေသော ရဲအုပ်ဦးစောလင်းပင်လျှင် ဆတ်ခနဲ တအံ့တသြဖြင့် ခါးကိုမတ်မတ်ပြောင်းထိုင်လိုက်ရင်း နှုတ်မှအလိုလို မေးခွန်းတွေမေးဖြစ်သွား၏။

''မင်းဆွဲကြိုးက ဘယ်မှာအဖြတ်ခံရတာလဲ''

''မြို့မဈေးကြီးရှေ့မှာပါ''

''ဆွဲကြိုးက ရွှေဆွဲကြိုးနော်၊ ဘယ်လောက်သားရှိလဲ''

''ရွှေတစ်ကျပ်သားတိတိရှိပါတယ် ခင်ဗျာ။ မိဘတွေရွှေဆိုင်က ဝယ်ပေးတုန်းက ၈ သိန်းနီးပါး ပေးရပါတယ်''

ဇော်လူက ခေါင်းတဆတ်ဆတ်ညိတ်၏။

ဦးစောလင်းက မှတ်စုလိုက်ရေးထားသည်။

''ဘယ်အချိန်က အဖြတ်ခံရတာလဲကွ''

''ဒီမနက် ၁၀ နာရီလောက်ကပါ''

ဇော်လူက လက်မှနာရီကို ငုံ့ကြည့်လိုက်၏။

''အခု ၁၂ နာရီတောင်ထိုးသွားပြီကွ။ ဖြစ်ဖြစ်ချင်း ဘာလို့လာမတိုင်တာလဲ။ ဈေးကြီးနဲ့တို့စခန်းက ၁၀ မိနစ်လောက် လမ်းလျှောက်ရင် ရောက်တဲ့ဟာကို''

''ကျ ..ကျွန်တော် ကြောက်လို့ လာမတိုင်ရဲတာပါဗျာ''

''ဟောဗျာ ..ပြောစမ်းပါဦး၊ ဘာကိုကြောက်တာလဲ ဆိုတာ''

ကောင်လေးက ဇော်လူ့ကို မရဲတရဲကြည့်လျက် ..

''စခန်းထဲဝင်ရမှာလည်းကြောက်တယ်။ အစ်ကိုကြီးတို့ရဲတွေကိုလည်း ကြောက်တယ်။ ပြီးတော့ စခန်းမှူးကြီးက သံမဏိဇော်လူတဲ့။ ကြမ်းတယ်လို့ ကြားဖူးလို့ပါ''

''ဖြစ်မှ ဖြစ်ရလေကွာ''

ဇော်လူနှင့် ဦးစောလင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။ နှစ်ယောက်စလုံး စိတ်မကောင်းဖြစ်စွာ သက်မောရှိုက်သည်။ အလွန်ရိုးသားကြသည့် လူတချို့သည် ရဲစခန်းထဲသို့ မဝင်ရဲကြ။ ရဲနှင့်ရင်ဆိုင်စကားမပြောရဲကြ။ တရားရုံးဆိုလျှင် ပို၍ပင်ဝေးဝေးရှောင်ကြသေးသည်။ ဇော်လူက ..

''အင်း ..စခန်းရှေ့မှာ မင်းယောင်ပေပေ လုပ်နေတာမြင်ကတည်းက ငါထင်သားပဲကွာ။ ဒါကြောင့် အခေါ်ခိုင်းလိုက်တာ''

''ဟုတ်''

''ဒီမှာ ငါ့ညီ၊ ကူညီပါရစေဆိုတာ မင်းလည်း ကြားဖူးမှာပေါ့ကွာ။ ရဲဆိုတာ လူကောင်းတွေရဲ့ အခက်အခဲနဲ့ လူကောင်းတွေကို လူဆိုးလူမိုက်တွေက မစော်ကားရဲအောင် အကူအညီပေးဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကွ ဘာမှကြောက်စရာမလိုဘူး''

''ဟုတ် ..ဟုတ်ကဲ့''

''ကဲ ..မင်းနာမည်၊ အဖေနာမည်နဲ့ နေရပ်လိပ်စာပြော''

''ကျွန်တော့်နာမည် စိုးသူရပါ အဖေနာမည်က ဦးသူရ၊ နေတာက ရပ်ကွက်(၁)မှာ နေပါတယ်''

''အေး ..ဟုတ်ပြီ၊ မင်းဆွဲကြိုး ဖြတ်သွားတဲ့ကောင်ရဲ့ ပုံပန်းသဏ္ဍာန်ကို မင်းမှတ်မိသလောက် ပြောစမ်းပါဦး''

ကောင်လေးစိုးသူရက ခဏ စဉ်းစားလိုက်ပြီးနောက် ..

''အသားမည်းမည်း၊ အရပ်ပု နှုတ်ခမ်းမွေးထူထူ၊ ဆံပင်အရှည်ကြီးနဲ့ဗျ။ ကုတ်အင်္ကျီအနက်ကြီးဝတ်ထားတယ်''

ဇော်လူက နယ်ထိန်းတပ်ကြပ်ကြီး နိုင်မင်းသူကို လှမ်းကြည့်လိုက်သည်။

''နိုင်မင်းသူ ဘယ်သူဖြစ်နိုင်သလဲကွ။ စဉ်းစားစမ်းပါဦး။ နာမည်ပျက်ရှိတဲ့ကောင်တွေထဲကပေါ့''

နယ်ထိန်းတပ်ကြပ်ကြီးနိုင်မင်းသူက မေးစေ့ကိုလက်နှင့်ပွတ်ရင်း မျက်လုံးကို ခပ်မှေးမှေးလုပ်ကာ ဟန်ပါပါ စဉ်းစားခန်းဝင်၏။

နိုင်မင်းသူဟန်က တကယ့်ဝါရင့်စုံထောက်ကြီးတစ်ယောက်၏ အမူအရာမျိုး ဖမ်းထား၏။ နိုင်မင်းသူ တမင်အိုက်တင်လုပ်နေမှန်းသိနေသည့် ဇော်လူက အမြင်ကတ်ကတ်ဖြင့် နှုတ်ခမ်းပါးရင်း ပိတ်တီးချင်သည့်စိတ်ပ


www.burmeseclassic.com



ပေါက်လာ၏။

နိုင်မင်းသူက နှုတ်တရက်စဉ်းစားသွားဟန်ဖြင့် ..

"ဒီမှာ ငါ့ညီ၊ အဲဒီကောင်က သွားနည်းနည်း ခေါသလားကွ .. ဟင်"

မှိုင်တွေနေသည့်ကောင်လေး မျက်နှာက ဝင်းလက်သွား၏။

"ဟုတ်တယ်အစ်ကို .. သွားခေါ တယ်ဗျ"

နိုင်မင်းသူ လက်ဖျောက်တစ်ချက်တီးလိုက်၏။

"အင်း .. ပညာရှိတို့ တွေးကြည့်ခြင် ပြေးကြည့်တာထက် မှန်ရမယ်လေ။ အဲဒီကောင်ကို ကျွန်တော် သိတယ် ဗိုလ်ကြီး"

"ဘယ်သူလဲကွ"

"ရှိန်းမောင်လေ ဗိုလ်ကြီးရဲ့၊ ခေါကြီးရှိန်းမောင်ပေါ့ဗျာ။ အလုပ်မျိုး လုပ်လေ့လုပ်ထရှိတာ သူရှိတယ်လေ။ ဒီကောင်က အသားညည်းမည်းတယ်။ အရပ်လည်းပုတယ်လေ"

ငြိမ်၍နားထောင်နေသည့် ဦးစောလင်းက ရှုံ့ရှုံ့ရှားရှားဖြစ်သွားဟု ..

"ဟေ့ကောင် .. ပေါက်တက်ကရတွေ လျှောက်ပြောမနေနဲ့။ တလောက ရှိန်းမောင်ကို ၅၄(မသင်္ကာမှု)နဲ့ ငါ ခေါ်စစ်သေးတယ်။ ဒီကောင်က ကတုံးကြီးနဲ့ကွ။ နှုတ်ခမ်းမွှေးထားတတ်တဲ့အကျင့်လည်း ဒီကောင့်မှာမရှိဘူး"

ဦးစောလင်းက နိုင်မင်းသူစကားကို ခါးခါးသည်းသည်း ပယ်ချသည်။ နိုင်မင်းသူဆိုသူကလည်း ဆရာရင်းတပည့်ရင်းပီပီ ရင်းရင်းနှီးနှီးနေတတ်သူမို့ ဦးစောလင်းကို မချိုမချဉ်ကြည့်ရင်း ..

"အိုင်ဆေး ကိုသိန်းမောင်၊ ကျုပ်နဲ့ ဒီလောက်တွဲလာတာတောင် ခင်ဗျားတွေးလုံးတွေက တိုးတက်မလာပေဘူး။ ညံ့လိုက်တာလွန်ပါရောဗျာ .. ကျွတ် .. ကျွတ် .. ကျွတ်"

နိုင်မင်းသူက စုံထောက်ကြီး ဦးစံရှားလေသံ ..

ခင်ဗျားတို့
မလွန်လွန်းဘူးလား။
ဒီမြို့မှာ
ဘာပဲဖြစ်ဖြစ်
ကျုပ်ကိုလာပြီး
ခလုတ်တိုက်နေကြတာပဲ။
လုပ်သွားတဲ့ကောင်ရဲ့
ပုံစံက
ဘယ်လိုပုံစံလဲဆိုတာ
သေချာမေးစမ်းပြီးမှ
လုပ်ကြပါဗျာ
...



www.burmeseclassic.com

"ခွေးတိရစ္ဆာန်လေး နောက်မနေ စမ်းနဲ့၊ အဲဒါ ရှော့ခ်ရှိတယ်။ မဟုတ်ဘဲ အထင်နဲ့ ဖမ်းလားဆီးလားလုပ်ရင် ကာယကံရှင်နစ်နာတယ်ကွ"

ဖော်လှလည်း မနေနိုင် ဝင်ပြော ရတော့၏။

"ဟုတ်သားပဲကွာ။ မသေချာဘဲ မပြောနဲ့လေ။ ငါနဲ့လည်း တလောက တွေ့သေးတယ်။ ငါလက်ဖက်ရည်ဆိုင် ထိုင်နေတုန်း လာနှုတ်ဆက်လို့ ကောင်းကောင်းမွန်မွန် လိမ်လိမ်မာမာနေကွာ၊ မဆိုးနဲ့တော့လို့ ဆုံးမပြီး လက်ဖက်ရည်ဖိုး ငွေ ၅၀၀၀၀ ပေးလိုက်သေးတယ်။ အဲဒီတုန်းကလည်း ဒီကောင် ကတုံး နဲ့ပဲ"

ရဲတပ်ကြပ်ကြီးနိုင်မင်းသူက ဆရာနှစ်ယောက်ကို သနားစရာ သတ္တဝါများပမာ တစ်ယောက်တစ်လှည့်ကြည့်ရင်းမှ မေးခွန်းတစ်ခုမေး လိုက်သည်။

"ဒီခေတ်မှာ ကတုံးက ဆံပင်ရှည်ဖြစ်အောင်လုပ်တာနဲ့၊ နှုတ်ခမ်းမွေးမရှိတဲ့လူ နှုတ်ခမ်းမွေးရှိအောင်လုပ်တာ ခက်လို့လားဗျာ"

"ဟေ . ."

"ဟာ . ."

ဖော်လှနှင့်ဦးစောလင်း အရိုက်အထိုးခံလိုက်ရသလို မျက်လုံးမျက်ဆံပြူးသွားရာမှ တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲကြည့်မိသွား၏။ ထို့နောက်ပြိုင်တူလိုပင် . .

"ဟုတ်ပြီကွ . . ဟုတ်ပြီ"

ဦးစောလင်းက တပည့်ဖြစ်သူ၏ကျောကိုသပ်သည်။ ဖော်လှကတော့ ခပ်တည်တည်ဖြင့် . . .

"ဒါမျိုးပြောတာပေါ့ဗျာ။ အရူးက တစ်မူးသာတယ်ဆိုတာလေ။ ကဲ . . စုံထောက်ကျော်ကြီး တရားခံလစ်မပြေးမီ အမိဖမ်းနိုင်ဖို့ ခုချက်ချင်းထွက်တော်မူပါတော့"

အခန်း(၄)

နိုင်မင်းသူနှင့် သက်သေရပ်ကွက်လူကြီးများ သူ့အိမ်ကိုဦးတည်လာနေသည်ကို မြင်သည့် ရှိန်းမောင်က မှင်မောင်းကောင်းကောင်းဖြင့် လှမ်းနှုတ်ဆက်သည်။

"ဟော . . ဆရာနိုင်မင်းသူပါလား။ ဘယ်ကိုလာတာလဲ ဆရာ . . ဟဲ . . ဟဲ . . ဟဲ"

သမ္မာရင့် ဒုစရိုက်သမားပီပီ ရှိန်းမောင်က သူ့ကို မသင်္ကာမဖြစ်အောင် အချိန်မီထိန်း၏။ ပျက်သွားသည့် မျက်နှာကိုပင် မရိပ်မိအောင် ဟန်လုပ်၍ပြင်သည်။ ပြောင်နေသည့်ကတုံးကိုလည်း လက်နှင့်ပွတ်၍ သူ့မှာဆံပင်မရှိကြောင်း အထာပြလိုက်သေးသည်။

နိုင်မင်းသူက လှမ်းလက်စခြေလှမ်းကို ရှိန်းမောင်ရှေ့မှာ အဆုံးသတ်လိုက်၏။ နှုတ်မှလည်း အသံမာမာဖြင့် –

"မင်း . . ဘယ်သွားမလို့လဲ ခေါကြီး"

"ဩော် . . မန္တလေးက ကျွန်တော့်အစ်မတွေဆီ မရောက်တာကြာလို့ အလည်သွားရင်း အရင်းအနှီးလေး ဘာလေးရှာဖို့ စိတ်ကူးရလို့ပါ ဆရ

"သေချာရဲ့လားကွ။ ငါ ယုံ လား"

"သေချာပါတယ် ဆရာရယ် နတ်မင်းကြီးကို တိုင်တည်ပြီး ကျွန်တော် ကျိန်ပြောရဲပါတယ်ဗျာ . . . . ဟဲ . . ဟဲ"

ရှိန်းမောင်စကားကြောင့် နိုင် သူက ပြုံးသည်။

"အေးလေ . . ထားပါတော့ မင်း ကျောပိုးအိတ်ထဲက ဘာတွေ ကွ"

"အဝတ်အစားအပိုတွေပါဗျ

"ပြစမ်း"

နိုင်မင်းသူက ရှိန်းမောင်၏ ကျော ပိုးအိတ်ကို ဆွဲယူရန် လက်လှမ်းလို စဉ် ရှိန်းမောင်က ကိုယ်ကိုရှိ၍ ထိ ရှောင်လိုက်သည်။

"ဟာ . . ဆရာ၊ ဒါ ဘာသဘော လဲဗျ။ ခင်ဗျားတို့ မလွန်လွန်းဘူးလ ဒီမြို့မှာ ဘာပဲဖြစ်ဖြစ် ကျုပ်ကိုလာ ခလုတ်တိုက်နေကြတာပဲ။ လုပ်သွား ကောင်ရဲ့ပုံစံက ဘယ်လိုပုံစံလဲဆို သေချာမေးစမ်းပြီးမှ လုပ်ကြပါဗျာ"

နိုင်မင်းသူက ရှိန်းမောင်စ များသွားသည့်အကွက်ကို အမိအရ လျက် . . .

ဘာမျက်နှာ ၁၇၆ ဆက်ဖတ်ပါရန်



www.burmeseclassic.com

www.burmeseclassic.com




## ငါတို့ကမ္ဘာ

မေတ္တာ
ငြိမ်းချမ်းရေးအနှစ်
အကြွင်နာ
လူ့စိတ်ထား အလှဖြစ်။

ခေတ်
စနစ်
ဘယ်လိုပဲ ဆန်းသစ်
မေတ္တာ အကြွင်နာ
သစ္စာ အချစ်မပါက
ခရီးစဉ် ဘယ်တော့မှ မသာယာ။ ။

မောင်ထွန်းလတ်(ချောက်)

---

### အမှတ်စဉ်(၁၄၁) ဇူလိုင်လအတွက်

**ရွေးကဗျာစာရင်း**

| | | | |
|---|---|---|---|
| ၁။ | ရဲမြင့်နောင် | – | ယုံမိယောင်မှား |
| ၂။ | မောင်မိုးလှိုင်(သစ္စာမြေ) | – | မိရိပ်ဖရိပ် |
| ၃။ | တိုးဝေ | – | မဂုက်မိတဲ့ဖဲ |
| ၄။ | နေအောင်နိုင် | – | ဓာတ်တိုင် |
| ၅။ | နေသိုက် | – | မာန်ကြွခဲ့သမျှ |
| ၆။ | ထွန်းထွန်း(သာယာဝတီ) | – | ငါ့စည်းရိုး |
| ၇။ | မောင်နန်းကျော်(သံတွဲ) | – | အမေညာတယ် |
| ၈။ | လွမ်းကြွေရ | – | မြင်းမိုရ်တမ်းချင်း |
| ၉။ | နေအိမ်ဝန်း(ကန့်ဘလူ) | – | ညနေခင်းပြယုဂ် |
| ၁၀။ | အထွန်း(တမာမြေ) | – | ပြိုင်ပွဲ |


www.burmeseclassic.com

www.burmeseclassic.com





# မောင်လူသစ်

## ချစ်ခဲ့ဖူးတာအမှန်ပါ

www.burmeseclassic.com

www.burmeseclassic.com



"အန်တီက မိထွေးဆိုပေမယ့် သားဖြစ်ချင်တဲ့ဆန္ဒတွေကို တတ်နိုင်သမျှ ကူညီပံ့ပိုးလာခဲ့တာ သားသိပါတယ် ...၊ သား ... ကွန်ပြူတာသင်ချင်တယ်ဆိုလို့ အန်တီကိုယ်တိုင် သင်တန်းလိုက်အပ်ပေးပြီး အကြိုအပို့လုပ်ပေးခဲ့တယ် ...၊ သား ... ကားမောင်းသင်ချင်တယ် ဆိုတုန်းကလည်း အန်တီပဲ မင်းအဖေကန့်ကွက်တဲ့ကြားက မဖြစ်ဖြစ်အောင် လုပ်ပေးခဲ့တယ်၊ သားဖြစ်ချင်တာတွေမှန်သမျှ အန်တီလိုက်လျောခဲ့တာပဲ မဟုတ်လား ..."

ဒေါ်သီတာက ကူညီမှုရာနှုန်းပြည့်ဟာတမ်းကို အဆက်မပြတ် နှုတ်တိုက်နှုတ်နေခဲ့သည်။ ဒေါ်သီတာပြောပြချက်အားလုံး' မှန်ကန်ကြောင်း ချမ်းမြေ့အောင် လက်ခံသည်။ ဒေါ်သီတာသည် မိထွေးဟုဆိုသော်လည်း ချမ်းမြေ့အောင်ဘဝ၏ တစ်စိတ်တစ်ဒေသကို ခြယ်လှယ်ပိုင်ဆိုင်နိုင်ခဲ့သည်။

ချမ်းမြေ့အောင် ရှစ်တန်းကျောင်းသားဘဝတွင် အမေဆုံးပါးသွားခဲ့သည်။ ချမ်းမြေ့အောင်သည် မွေးကတည်းက ရောဂါထူပြောခဲ့သည်။ ဒီကြားထဲ မွေးရာပါနှလုံးရောဂါ ပါလာသေးသည်။ ချမ်းမြေ့အောင်၏ နှလုံးရောဂါကြောင့် အမေကိုယ်တိုင် ပိုးမွေးသလို မွေးလာခဲ့ရသည်။ ဆေးရုံဆေးခန်း ပေါင်းစုံအောင် လှည့်လည်ပြသ၍ ကုသပေးခဲ့ရသည်။ တစ်ဦးတည်းသော သားလေးဖြစ်သောကြောင့် တုန်နေအောင်ချစ်ရသော အမေသည် သားလေးရောဂါအတွက် နိုင်ငံခြားဆေးနည်း၊ မြန်မာဆေးနည်းပေါင်းစုံအောင် ကုသပေးပြီးနောက် အားမရနိုင်သေးဘဲ ဗေဒင်ဆရာ၊ နတ်ကတော်တွေဆီပါ သွားရောက်၍ သားကျန်းမာရေးအတွက် ထောင့်စေ့အောင် ဂရုတစိုက်ဆောင်ရွက်ခဲ့သည်။

သားကိုချစ်သောအမေသည် ကံမကောင်းခဲ့ပါ။ သားကျန်းမာရေးကို အရေးပေးစောင့်ရှောက်ခဲ့သော အမေသည် သူ့ကျန်းမာရေးအတွက် ဂရုမစိုက်နိုင်ခဲ့ပါ။ စင်စစ် အမေတွင်လည်း နှလုံးရောဂါ ရှိနေခဲ့သည်။ ယင်းရောဂါကပင် အမေ့ဝိညာဉ်ကို မနုသရင်ခွင်မှ ဆွဲခေါ်သွားခဲ့သည်။

အမေဆုံးပါးသွားပြီးနောက် ချမ်းမြေ့အောင်အပေါ် အဖေက ဂရုစိုက်လာခဲ့သည်။ အဖေက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်၏။ အလုပ်မအားလပ်သည့်ကြားမှ သားဖြစ်သူကို နှစ်သိမ့်အားပေး စောင့်ရှောင့်ခဲ့သည်။

အမေ့နွေးထွေးသော မေတ္တာကြောင့် ချမ်းမြေ့အောင် ဆယ်တန်းနှစ်ချင်းပေါက်အောင်လာခဲ့၏။ အောင်စာရင်းထွက်သည့်နေ့က အမေ့ကို တမ်းတလွမ်းဆွတ်မိသည်။ အမေသာရှိလျှင် မိသားစုသုံးယောက် ကြည်နူးပျော်ရွှင်ကြလိမ့်မည်ဟု တွေးတောနေခဲ့မိသည်။

အမေမရှိတော့သဖြင့် ဆယ်တန်းအောင်မြင်ခြင်းကိုပင် အပြည့်အဝပျော်ရွှင်ခြင်း မရှိခဲ့ပါ။ အချိန်နှင့်အမျှ ဝမ်းနည်းမှုက နေရာယူလျက်ရှိသည်။ ထိုသို့ ဝမ်းနည်းဆွေးမြေ့မှုများကို တနင့်တပိုး ခံစားနေရချိန်တွင် မျှော်လင့်မထားဘဲ အဖေက ဒေါ်သီတာဆိုသော အမျိုးသမီးကြီးနှင့် နောက်အိမ်ထောင်ပြုလိုက်သည်။

ဒေါ်သီတာသည် အမေကဲ့သို့ နွေးထွေးသောမေတ္တာများ မပေးနိုင်မှန်း ကြိုတင်သိရှိထားခဲ့သော်လည်း အဖေစိတ်ချမ်းသာဖို့အတွက် ဒေါ်သီတာ့ကို အမေ့နေရာတွင် လက်ခံပေးခဲ့ရ၏။ ဒေါ်သီတာက ချမ်းမြေ့အောင်ကို သားတစ်ယောက်ပမာ ဂရုစိုက်ခဲ့သည်။ သို့ရာတွင် ဒေါ်သီတာ ဂရုစိုက်မှုသည် ချမ်းမြေ့အောင်၏ နှလုံးသားကို မီးစဖြင့်ထိုးနေသလို စူးစူးရဲရဲခံစားနေမိ၏။

ချမ်းမြေ့အောင် မိထွေးတော်ဂေါ်တမီစာအုပ်ကို ဖတ်ရှုခဲ့စဉ်က မိထွေးတော်ဂေါ်တမီကို ကြည်ညိုခဲ့၊ အကြိမ်ကြိမ်အခါခါ ဦးညွှတ်ခဲ့ဖူး၏။ ဤဘဒ္ဒကမ္ဘာ၏ တစ်ဦးတည်းသောမိထွေးတော်အဖြစ် စံတင်ထားခဲ့ဖူးသည်။ ဒေါ်သီ



www.burmeseclassic.com

www.burmeseclassic.com


တာဟူသော မိထွေးသည်ကား ချမ်းမြေ့အောင်အပေါ် မည်သို့ပင် ဂရုစိုက်စေကာမူ မိထွေးတော်ဂေါ်တမီ၏ ခြေဖဝါးတွင် တွယ်ငြိကပ်ပါခဲ့ဖူးသော သဲတစ်ပွင့်မျှပင် မှီနိုင်မည်မဟုတ်မှန်း ချမ်းမြေ့အောင် နားလည်၏။

"ဘယ်လိုလည်းသား ...၊ နိုင်ငံခြားကို သွားမယ်မဟုတ်လား၊ သားအတွက် ပတ်စ်ပို့အစ ဗီဇာအဆုံး အစစအရာရာ အန်တီစီစဉ်ထားပြီးပြီ၊ ဟိုမှာ အလုပ်လုပ်ရမှာက ဒီဖိုင်နာအလုပ်ဆိုတော့ ပင်ပန်းတဲ့အလုပ် မဟုတ်ဘူးလေ ...၊ သားဘဝရှေ့ရေးအတွက် အန်တီအကောင်းဆုံးစီစဉ်ထားတာပါကွယ် ..."

ချမ်းမြေ့အောင် ပြည်ပထွက်ဖို့အတွက် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ပွဲစားများနှင့် ဒေါ်သီတာ အပေးအယူလုပ်၍ စီစဉ်ထားခြင်းဖြစ်သည်။

"သားကို နိုင်ငံခြားကိုလွှတ်တာ ပိုက်ဆံတစ်ခုတည်း ရှာခိုင်းဖို့မဟုတ်ဘူး ...၊ ဖေ့ဖေ့မှာရှိတဲ့ သားအတွက် အမွေတွေက သားတစ်သက်စားလို့ မကုန်ပါဘူးကွာ ...၊ ဖေဖေမျှော်လင့်ထားတာက သားဟိုမှာ အလုပ်သွားလုပ်တဲ့အတွက် ကိုယ့်ကိုယ်ကိုအားကိုးချင်စိတ်ရှိလာမယ်၊ လုပ်ငန်းအတွေ့အကြုံ ဗဟုသုတတွေရလာပြီး သားဒီကိုပြန်လာတဲ့အခါ အရာရာကို ဦးဆောင်နိုင်လာမယ် ...၊ ဒါတွေဟာ သားအပေါ်ထားတဲ့ ဖေဖေ့မျှော်လင့်ချက်တွေပဲသား ..."

ဖေဖေကပါ နိုင်ငံခြားသွားဖို့ တွန်းအားပေးခဲ့သည်။ ဖေဖေ့မျှော်လင့်ချက်များက ရိုးသားပွင့်လင်းလွန်းသည်။ ဖေဖေ့မျှော်လင့်ချက်များကို အကောင်အထည်ဖော်ပေးနိုင်ဖို့ ချမ်းမြေ့အောင် ခေါင်းညိတ်ခဲ့မိ၏။ ချမ်းမြေ့အောင် ခေါင်းညိတ်လိုက်တော့ ဒေါ်သီတာ မျက်နှာဝင်းလက်သွားပြီး ကျေနပ်ဝမ်းသာသွားခဲ့၏။

"တစ်ခုတော့ရှိတယ်သား ...၊ ဟိုရောက်ရင် အလုပ်ကို ဂရုစိုက်ပြီးလုပ်၊ အိမ်ကိုလွမ်းတဲ့စိတ်ကို ခဏမေ့ထား၊ သွားရမှာက စာချုပ်ချုပ်ပြီးသွားရမှာဆိုတော့ စာချုပ်မပြည့်သေးဘဲ ပြန်လာရင် သုံးဆပြန်လျော်ရမှာသား .."

ဒေါ်သီတာ မရုတ်မလွန် ချမ်းမြေ့အောင်အား သတိပေးလိုက်ခြင်းဖြစ်၏။

"သုံးဆပြန်လျော်ရတာ အရေးမကြီးပါဘူး၊ ဖေဖေပြန်လျော်နိုင်တယ်၊ ဒါပေမဲ့ အလုပ်မလုပ်ချင်လို့ ပြန်လာတယ်ဆိုရင် သိက္ခာကျတယ် ...၊ ပတ်ဝန်းကျင်က သားကို လူပျော့လူညံ့လို့ မထင်စေချင်ဘူး၊ တတ်နိုင်သလောက် စာချုပ်သက်တမ်းပြည့်အောင် လုပ်လိုက်ပါကွာ ..."

ချမ်းမြေ့အောင် ဖေဖေ့မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်သော သားတစ်ယောက် ဖြစ်ရစေမည်ဟု ဆုံးဖြတ်လိုက်၏။

+++

ဒီဖိုင်နာတော့ ဒီဖိုင်နာဖြစ်၏။ သို့သော် ငြိမ်သက်စွာလုပ်ကိုင်ရသော ဒီ

<u>ငြိမ်းပေါ်က</u>
<u>ပြုတ်ကျတဲ့အချိန်မှာ</u>
<u>အမေနဲ့တွေ့ခဲ့တယ်</u>
<u>မေမေက သားကို</u>
<u>ခုထက်ထိ</u>
<u>ချစ်နေတုန်း။</u>
<u>ကြင်နာနေတုန်းပဲ ဖေဖေ</u>
<u>မေမေနဲ့ မမျှော်လင့်ဘဲ</u>
<u>တွေ့လိုက်ရတော့</u>
<u>သား အရမ်းပျော်တာပဲဗျာ</u>
...

င်နာမဟုတ်၊ တိုက်နံရံတွေကို ဆေး
တ်ရသော ဒီဇိုင်နာဖြစ်သည်။ သင်ယူ
တတ်မြောက်ထားသော ကွန်ပြူတာဒီ
င်နာနှင့် မည်သို့မျှ မပတ်သက်ခဲ့ပါ။

Decoration ကမ္ဘာတစ်ခုတွင်
Decorator အဖြစ် အလှဆင်လုပ်ငန်း
လုပ်ရခြင်းပင် ဖြစ်သည်။ ဒေါ်သီတာနှင့်
သားများက Decorator ကို De-
signer အဖြစ် မလိမ်တပတ် ပြောခဲ့
ခြင်းဖြစ်၏။ ဒေါ်သီတာ ထိုသို့လိမ်ပြော
ခြင်းအတွက် ချမ်းမြေ့အောင် အံ့သြ
ရသော်လည်း မိထွေးပီသလိုက်ခြင်း
သား နားလည်လိုက်၏။

အလုပ်က သက်သက်သာသာ
၏။ တိုက်နံရံအမြင့်တွေကို ငြမ်းဆင်
း ဆေးတက်သုတ်ရသော အလုပ်ဖြစ်
သောကြောင့် နှလုံးရောဂါအခံရှိသော
ချမ်းမြေ့အောင်အဖို့ အသက်ကို မရဏာ
မင်းထံ ဝကွက်ပြီးလုပ်နေရခြင်း ဖြစ်
၏။

တိုက်နံရံအမြင့်သို့ ဆင်ထား
သောငြမ်းပေါ်သို့တက်တိုင်း အသား
တဆတ်ဆတ်တုန် ရင်တလုပ်လုပ်ဖို
ရင်း –

"သိက္ခာတော့ အထိနိုက်မခံနဲ့၊
တတ်နိုင်သမျှ စာချုပ်သက်တမ်းပြည့်
အောင်လုပ် ..."

အဖေ့စကားများက ချမ်းမြေ့
အောင်နားထဲ ပဲ့တင်ထပ်အောင်ကြား
လာ၏။

+++



"သား ... ချမ်းမြေ့အောင်"

"မေမေ"

အမေ့ကိုတွေ့လိုက်ရသဖြင့် ချမ်း
မြေ့အောင် ပျော်ရွှင်သွားသည်။ အမေ့
ဆီသို့ အပြေးအလွှားသွားတော့ အမေ
က ချမ်းမြေ့အောင်ကို နွေးနွေးထွေး
ထွေး ပွေ့ဖက်လိုက်၏။

"သားရယ် ... သားကိုကြည့်ရ
တာ ပင်ပန်းလိုက်တာ ...၊ တစ်ကိုယ်
လုံးလည်း ချွေးတွေရွှဲနေတာပဲ ..."

အမေက ချမ်းမြေ့အောင်၏မျက်
နှာပေါ်က ချွေးများကို သုတ်ပေး၏။
အမေ့နွေးထွေးသော ကြင်နာမှုများ
ကြောင့် ဝမ်းသာလွန်းသဖြင့် မျက်ရည်
များပင် ကျလာသည်။

"အမေနဲ့ပြန်တွေ့ရတာ ဝမ်းသာ
လိုက်တာအမေရယ် ... အမေနေလို့
ကောင်းရဲ့လား ..."

"အမေနေကောင်းပါတယ် ...၊
အမေက သားအတွက် စိတ်ပူနေတာ၊
သားမှာရှိတဲ့ နှလုံးရောဂါက အမြင့်တွေ
မတက်ရဘူး၊ ထိတ်လန့်ခြောက်ခြား
စရာတွေ ရှောင်ရတယ် ...၊ အလုပ်
က အရေးမကြီးဘူး၊ ကျန်းမာရေးကို
သာ ဂရုစိုက်ပါသားရယ် ..."

အမေအရင်းတစ်ယောက် သား
အပေါ်ထားသည့် စိုးရိမ်ပူပန်မှုများပင်
ဖြစ်၏။

"အမေ အခုဘယ်မှာနေတာလဲ
ဟင် ...၊ သား အမေနဲ့ လိုက်နေချင်
တယ် ..."

"မလိုက်ပါနဲ့သားရယ် ...၊
အမေ မခေါ်ရက်လို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေမေ ..."

"အိုး ... ဘာမှမေးမနေနဲ့ ... ပြန်တော့"

ရုတ်တရက် အမေက ချမ်းမြေ့အောင်ကို တွန်းထုတ်ပြီး ပြေးထွက်သွားသည်။ ချမ်းမြေ့အောင် ပြေးထွက်သွားသောအမေ့ကို စူးစူးရှရှအော်ဟစ်ခေါ်မိ၏။

"အမေ ... အမေ ... အမေ"

+++

"အမေ ... အမေ ..."

ချမ်းမြေ့အောင်နှုတ်မှ ထွက်လာသောအသံကြောင့် ရပ်ကြည့်နေသူများ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

"ချမ်းမြေ့အောင် .. မင်းသတိရလာပြီလား ..."

ချမ်းမြေ့အောင် မျက်လုံးဖွင့်ကြည့်မိ၏။ သူ၏လုပ်ဖော်ကိုင်ဖက်များ သူ့ဘေးပတ်လည်တွင် ဝန်းရံလျက်ရှိနေကြသည်။ ချမ်းမြေ့အောင် သဲကွဲစွာမမြင်ရ၊ ခေါင်းထဲ၌ မူးနောက်နေ၏။

"မင်း ... ငြမ်းပေါ်က ခြေချော်ကျပြီး သတိမေ့သွားတာလေ ...၊ တော်သေးတယ် ...၊ အောက်ငြမ်းဖြစ်နေလို့ အပေါ်ငြမ်းသာဆို မတွေးရဲစရာဘဲ ..."

လုပ်ဖော်ကိုင်ဖက်တစ်ယောက်၏ အသံက စိုးရိမ်သည့်အငွေ့အသက်ပါနေသည်။

ချမ်းမြေ့အောင် ငြမ်းပေါ်မှပြုတ်ကျပြီး သတိမေ့မျောသွားစဉ် အမေနှင့်တွေ့လိုက်ရ၏။ တွေ့စရာအကြောင်းလုံးဝမရှိတော့ဟု ထာဝရယုံကြည်ထားသော အမေ့ကို တွေ့လိုက်ရသဖြင့် ချမ်းမြေ့အောင် ကျေနပ်ပျော်ရွှင်မိ၏။

"အမေ့ကို တွေ့ခွင့်ရလိုက်တာ ရယ်၊ ကြီးကြီးမားမား ဒဏ်ရာမရခဲ့တာ ကြောင့် ငြမ်းလေးကို ကျေးဇူးတင်ပါ တယ် ..."

ချမ်းမြေ့အောင် ခြေချော်ကျခဲ့ သော ငြမ်းလေးကိုကြည့်ရင်း ကျေးဇူး စကား တီးတိုးဆိုခဲ့မိ၏။ ထို့နောက် အမေနှင့်တွေ့ခွင့်ရအောင် ဖန်တီးပေး လိုက်သော မိထွေးဒေါ်သီတာကိုပင် ချမ်းမြေ့အောင် ကျေးဇူးတင်နေခဲ့မိ သည်။

ချမ်းမြေ့အောင် အလုပ်လုပ်ရန် ပြင်ဆင်ထားသောငြမ်းကို သေချာ ကြည့်နေမိသည်။ မြင့်မားလွန်းသည့် တိုက်နံရံကို မှီတွယ်၍ ငြမ်းများအပြည့် ပြင်ဆင်ထားသည်ကို တွေ့လိုက်ရ၏။

"အောက်ငြမ်းပြီးရင် ... အပေါ် ငြမ်းအလှည့်"

ချမ်းမြေ့အောင် မျက်လုံးအစုံမှိတ် အံ့ကြိတ်ထားလိုက်သော်လည်း နှုတ် ခမ်းဖျားလေးက ခပ်ပြုံးပြုံး။

+++

ဖေဖေ

သား ... အောက်ငြမ်းပေါ်က ပြုတ်ကျတဲ့အချိန်မှာ အမေနဲ့တွေ့ခဲ့ တယ် ...၊ မေမေက သားကို ခုထက် ထိ ချစ်နေတုန်း၊ ကြင်နာနေတုန်းပဲ ဖေဖေ ...၊ မေမေနဲ့ မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ သားအရမ်းပျော်တာ ပဲဗျာ ...၊

အန်တီဒေါ်သီတာကိုလည်း ပြော


www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ပါ ...၊ မေမေနဲ့တွေ့ခွင့်ရအောင် နိုင်ငံခြားပို့ပြီး အလုပ်လုပ်ခိုင်းခဲ့တဲ့ အတွက် ကျေးဇူးအများကြီးတင်ပါ တယ်လို့ ...၊

ဖေဖေစိတ်ချပါ ...၊ သိက္ခာကျ တဲ့ အလုပ်မျိုး သားမလုပ်ပါဘူး၊ စာ ချုပ်သက်တမ်းပြည့်အောင် နေမှာပါ၊ မိန်းကိုလွမ်းတဲ့စိတ်ကို မေ့ထားခိုင်းတဲ့ ဖေဖေ့ဆန္ဒကို နားထောင်ပြီး သား သတိရရင်တောင် အဆက်အသွယ် လုပ်ခဲ့ပါဘူး ...၊

သား အပေါ်ငြိမ်းတွေ ဆက် ဘက်ရဦးမယ်ဖေဖေ ...၊ သား မေမေ နဲ့တွေ့ရလို့ ပျော်တယ် ...၊ ထပ် ည်းတွေ့ချင်တယ် ...၊ ဒီတစ်ခါ တော့ သားရဲ့ဆန္ဒနဲ့ဘဝ တစ်ထပ် တည်းကျပါရစေ ဖေဖေ ...''

ဖေဖေရဲ့သား

ချမ်းမြေ့အောင်

စာကိုဖတ်ရင်း ချမ်းမြေ့အောင် ဖေဖေ ပါးပြင်ပေါ်မျက်ရည်များစီးကျ လာခဲ့သည်။ စာချုပ်သက်တမ်းမပြည့် သေး၍ လူကိုယ်တိုင်ပြန်မလာနိုင်ခဲ့ သော်လည်း ချမ်းမြေ့အောင်၏ အရိုး ပြာအိုးလေးက အဖေထံအရောက် ပြန်လာခဲ့သည်။ ချမ်းမြေ့အောင်အပေါ် မိုးပေါ်က ပြုတ်ကျသွားသဖြင့်အ သက်ဆုံးရှုံးသွားခဲ့၏။

စာရွက်ကိုင်ရင်း ကြေကွဲစွာငို က်နေသည့် အဖေ့ကို ဒေါ်သိတာက တ်မကောင်းစွာဖြင့် ကြည့်နေမိ၏။ ဒေါ်သိတာ့မျက်ဝန်းထဲ၌လည်း မျက် ရည်များဝဲလျက်ရှိပြီး မည်သူကိုမျှ ပြောပြလိမ့်မည်မဟုတ်သော ရင်တွင်း စကားများကို စိတ်ထဲ၌ အားရပါးရ ပြောနေမိ၏။

''ချမ်းမြေ့အောင် အန်တီ့ကို ခွင့် လွှတ်ပါသားရယ်...၊ တကယ်တော့ နိုင်ငံခြားမှာ မင်းသွားလုပ်ရမဲ့ အလုပ် က ဒီဇိုင်နာမဟုတ်ဘဲ ဒီကော်ရေတာ ဆိုတာ အန်တီအစောကြီး ကတည်းက သိပြီးသားပါ ...၊ ဒီအလုပ်က မင်းနဲ့ လုံးဝမသင့်တော်ပါဘူး...၊ မင်းမှာ မွေးရာပါ နှလုံးရောဂါရှိနေတယ်လေ၊ ဒီအလုပ်လုပ်ရင် မင်းအတွက်ပြန်လမ်း မရှိဘူးဆိုတာ အန်တီသိပါတယ်...၊ ပြန်လမ်းမရှိလို့လည်း မင်းကိုပို့ခဲ့တာ ပေါ့ ...၊ မင်းကို သေစေချင်တယ်၊ မင်းကို အန်တီမမြင်ချင်တော့ဘူး...''

''အန်တီမင်းကို မမြင်ချင်ဘူး၊ သေစေချင်တယ်ဆိုတာ မင်းသိရင် အန်တီ့ကို မင်းအရမ်းနာကြည်း မုန်း တီးနေမှာပါ ...၊ အန်တီ မင်း ရဲ့နာကြည်းမုန်းတီးမှုကို ခံနိုင်ပါတယ်၊ အဲဒါ ဘာကြောင့်လည်းဆိုတော့ မိခင်စိတ်ကြောင့်ပေါ့ကွာ...''

''တကယ်တော့ အန်တီမင်းကို သားအရင်းတစ်ယောက်လို ချစ်ဖူး ခဲ့တယ်၊ မင်းဖြစ်ချင်တာမှန်သမျှ လိုက် လျှောခဲ့ဖူးတယ် ...၊ မင်းရဲ့ဆန္ဒ တွေကိုတက်နိုင်သလောက် ဖြည့်ဆည်း ပေးခဲ့တယ်၊ မင်းရဲ့ ပျော်ရွှင်နေတဲ့ မျက် နှာလေးကိုမြင်ရရင် အန်တီလည်း စိတ်ချမ်းသာပါတယ်...၊ မင်းဟာ ငါ့သားအရင်းဆို ကောင်းမှာပဲလို့ စိတ်ကူးယဉ်ခဲ့ပေမယ့် တကယ်တော့ အမှန်တရားဟာ အန်တီရဲ့လင်ပါ သားဆိုတာ ငြင်းလို့မရပါဘူး ...''

''ဖြစ်ပုံက ...အန်တီ ကံ ကောင်းချင်တော့ မင်းပဲကံဆိုးသွားရ တာပေါ့ကွာ ...၊ အန်တီ့မှာ မင်း အဖေနဲ့ရတဲ့ကိုယ်ဝန် ရှိလာတယ်လေ၊ အန်တီ့မှာ ကိုယ်ဝန်ရှိတော့ အရမ်း ဝမ်းသာသွားရတာပေါ့ ...၊ မမြင်ရ သေးတဲ့ အန်တီ့ရင်သွေးလေးအတွက် ဆန္ဒတွေ၊ လောဘတွေ၊ သောကတွေ ဖြစ်လာတယ်၊ မင်းအဖေရဲ့ပိုင်ဆိုင်မှု အားလုံးကို အန်တီ့ရင်သွေးလေးပဲ ပိုင်ဆိုင်စေချင်တယ် ...၊ အန်တီ ရင်သွေးလေးအတွက် မင်းဟာ အန်တီ့ ရန်သူဖြစ်လာတယ် ...၊ မင်းသဘော ပေါက်လောက်မယ် ထင်ပါတယ်...၊ အဲဒါမိခင်မေတ္တာ ...''

''ချမ်းမြေ့အောင် ...အန်တီနဲ့ ရင်သွေးလေး ပျော်ရွှင်သာယာနိုင်သလို မင်းနဲ့မင်းအမေတွေ့ပြီး မိခင်မေတ္တာရိပ် မှာ ချမ်းမြေ့ပျော်ရွှင်နိုင်ပါစေ...''

မောင်လူသစ်



www.burmeseclassic.com

www.burmeseclassic.com

# ပီဝေ
## သက်ရှည်ကျန်းမာ ရယ်စရာ



### ပြောနေကျမို့ပါ

ရုပ်ကွက်အတွင်း၌ အိမ်တစ်အိမ်တွင် အကြီးအကျယ်စကားများ ရန်ဖြစ်နေကြသောအခါ ရပ်ကွက်သားတစ်ယောက်က အခြေအနေစောင့်ကြည့်နေသော ရပ်ကွက်ဥက္ကဌဖြစ်သူကို အားမလိုအားမရ ပြောနေ၏။

ရပ်ကွက်သား – ဥက္ကဌကြီး .. ရန်ဖြစ်နေတာကို ဝင်ပြီး ဖြေရှင်းလိုက်ဦးလေ။ တော်ကြာ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်မယ်။

ဥက္ကဌကြီး – အေး .. ငါ စောင့်ကြည့်နေတယ်။

ရပ်ကွက်သား – ဟာ .. ပိုကြမ်းလာပြီနော် ဥက္ကဌကြီး။

ဥက္ကဌကြီး – လျှာမရှည်နဲ့ .. ငါစောင့်ကြည့်နေပါတယ်ဆို။

ရပ်ကွက်သား – အေးပါဗျာ .. ဆေးရုံကားလာတဲ့အထိ စောင့်ကြည့်နေပေါ့။

---

### ဒီလိုရှိတယ်

ဖခင်က သားဖြစ်သူကို ဆုံးမစကား ပြောနေ၏။

ဖခင် – သား လောကကြီးမှာ ဖွတ်ကျားဖြစ်ရင်တောင် စိတ်ဓာတ်မကျနဲ့။ ဒါပေမဲ့ မော်တော်ပီကယ်မရှိတဲ့နေရာက လူကူးမျဉ်းကျားတော့ မဖြစ်ပါစေနဲ့ကွာ။

သား – ဘာလို့လဲ ဖေဖေ။

ဖခင် – လူတွေက ရှောင်ဖယ်သွားကြလို့ပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



## သေးသေးလေး

မိခင်သည် နေမကောင်းသဖြင့် သားဖြစ်သူအား ဈေးတွင် ကြက်သားအစိတ်သား ဝယ်ခိုင်းလိုက်၏။ သွားကာနီးတွင် သမာဓိချိန်ခွင်၌ ဝင်ချိန်ခဲ့ဖို့ အတန်တန်မှာလိုက်သည်။ သားဖြစ်သူ ဈေးမှ ပြန်လာသော အခါ ..

သား - အမေပြောတဲ့ သမာဓိချိန်ခွင်က သေးသေးလေးဗျ။
ဝယ်လာတဲ့ချိန်ခွင်နဲ့မဆန့်ဘူး။

အမေ - ဟဲ့ .. ပေါက်ကရတွေ မပြောနဲ့။

သား - တကယ်ပါ အမေရာ။
သမာဓိရွှေဆိုင်က ချိန်ခွင်က ကလေးကစားစရာလောက်ပဲရှိတယ်။

---

## လုပ်ငန်းရှင်ပါ

မုန့်ဟင်းခါးရောင်းသောဆိုင်တွင် လူတစ်ယောက်သည် မုန့်ဟင်းခါးစားနေရင်းက ရောင်းသူ အဒေါ်ကြီး ကို ..

"အဒေါ်ရေ .. မုန့်ဟင်းခါးဟင်းရည် နည်းနည်းလောက်"

ဟု တောင်းသောအခါ ရောင်းသူအဒေါ်ကြီးက မျက်နှာထားတည်တည်နှင့် အောက်ပါအတိုင်း ပြန်ပြော လိုက်၏။

"ဟေ့ သူငယ် .. ဒီမှာ မုန့်ဟင်းခါးရောင်းနေတာနော်။ ကား Showroom တွေလို ရောင်းကောင်းအောင် အပိုစာသားတွေ လျှောက်လုပ်မပေးနိုင်ဘူး"

---

## အံ့ပါ့

ဘဏ်အလုပ်သွားလျှောက်ရာမှ စိတ်ပျက်စွာဖြင့် ပြန်လာသော သမီးကို မိခင်က မေးနေစဉ် ..

မိခင် - သမီး .. မျက်နှာလည်း မကောင်းပါလား။
အလုပ်အဆင်မပြေလို့လား။

သမီး - ကျန်တာတွေ အကုန်အဆင်ပြေပါတယ်။
ဒါပေမဲ့ သူတို့လိုချင်တဲ့ အပြုံးမျိုး ပြုံးတတ်ဖို့ သမီးကျင့်ရဦးမယ်။

မိခင် - ဟယ် .. ထူးထူးဆန်းဆန်း ဘယ်လိုအပြုံးမျိုးလဲ။

သမီး - ဘဏ်ကို ငွေလာအပ်တဲ့လူတွေကို ထပ်ခါတလဲလဲအပ်ချင်ပြီး ပြန်ထုတ်ဖို့ မစဉ်းစား နိုင်မယ့် အပြုံးမျိုးပါ အမေ။

ပီဇေ



www.burmeseclassic.com



## အချစ်ဆုံးထံမှ ••• ချိုစကားသံ

စည်းတစ်ဖက်ကို　　မကျော်လိုခဲ့
ပျော်သလိုသာ　　နေရစ်ပါဟု
ချစ်သမျှကို　　ရင်မှာသိုထား
မျက်ဖြေစကား　　မကြားပါရစေနဲ့ •• မောင်။

စိတ်ကူးယဉ်ဖြင့်　　မျက်မြင်ဘဝ
ကွဟပါလည်း　　ဘယ်ဘယ်ဘဝ
အထုံရေစက်　　ငြိုးမာန်မျက်ကြောင့်
အချစ်မိုးတွေ　　ဓွေခဲ့ရတယ်
ကံဆိုးမကျွန်မ　　မေးပါရစေ •• မောင်။

တမြန်နှစ်က　　မောင်နှင့်ကျွန်မ
အချစ်ပင်စိုက်　　အချစ်တံဆိပ်
ခပ်နိုပ်စဉ်ခါ　　အသာယာဆုံး
ချိန်ခါတုန်းက　　(ခင့်တစ်ယောက်သာ)
မောင့်ကမ္ဘာဟု　　ဆိုခဲ့စကား
မှသားများလား　　အို •• မောင်ရယ်။

ဩော် •• ခုတော့
စည်းတစ်ဖက်ကို　　မကျော်လို၍
ပျော်သလိုသာ　　နေရစ်ပါဟု
ချစ်သမျှကို　　ရင်မှာသိုဝှက်
မျက်ဖြေစကား　　ဆိုလာငြားလည်း
(ခင့်မှာချစ်မိ)　　အပြစ်ရှိ၍
လွမ်းမြစ်ယံထက်　　ဘဝဆက်ကာ
နှမလက်လျှော့　　နေပေးရတော့မှာပေါ့ မောင်။ ။

စန္ဒာလင်း(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



# ကိုကြီးသိန်း (ချောက်)

# လက်ာမချော



ဦးသာမောင်တစ်ယောက် ည ၇ နာရီလောက်ဆို သူ့ဆိုက်ကားနှင့်အတူ သူ့ခြံလေးဆီ ရေချိန်ကိုက်နဲ့ ပြန်လာကာ နေ့စဉ် မနက်က ချက်ထားတဲ့ ထမင်းအေးအေးကို ဝယ်လာတဲ့ဟင်း တစ်မျိုးနဲ့စားပြီး ဆေးလိပ်ကလေး တစ်ဖွာဖွာ ဒါ သူ့ရဲ့ နေ့စဉ်အလုပ်။

ဒါနဲ့ပတ်သက်လာရင်လည်း လမ်းပြင်ဖို့ဖြစ်ဖြစ် ကျောင်းဆောက်ဖို့ ဖြစ်ဖြစ် ဘယ်က အလှူခံလာလာ ငွေ ၁၀၀ ကျပ်ကတော့ ထည့်မြဲ။ နာမည်ကို တော့ အမည်မဲ့ကုသိုလ်ရှင်အဖြစ် ကြော်ငြာပေးရတယ်။ သူက တစ်ယူ သန်လူပျိုကြီးတစ်ယောက်။ သူ့ကို တရားနာဖို့ခေါ်ရင်ဖြစ်ဖြစ်၊ ဝါတွင်း ရပ်ကွက်ဓမ္မာရုံမှာ ဥပုသ်သီလယူဖို့ခေါ် သည်ဖြစ်စေ မလာဘူး။ သူ့ လက်သုံး စကားတစ်ခွန်းက ..

"ငါ..ကိုယ့်ကိုယ်ကို မလိမ်ချင် ဘူး" ဆိုတာပဲ။

တစ်နေ့ သူ့အစ်မကြီးအိမ်မှာ ကုသိုလ်လုပ်တော့ မသွားမဖြစ်လို့သာ သွားရတယ်၊ သွားချင်တာမဟုတ်ဘူး။ ဘုန်းကြီးကြွလာတော့ တရားနာဖို့ ဦး သာမောင်ကို ဘုန်းကြီးက ခေါ်ပါလေ ရော။ သူနဲ့ဘုန်းကြီးက ခင်တယ်။ ကြွ ရာရှိရင် သူ့ဆိုက်ကားနဲ့ကြွနေကြ။ ဦးသာမောင်က ..

"တပည့်တော် အကျင့်စရိုက်နဲ့ မဖြစ်လို့ပါ။ ကိုယ့်ကိုကိုယ်လည်း မလိမ် ချင်လို့ပါဘူး"

လို့ လျှောက်ပြီး ရှောင်နေပါရော။ တရားနာရေစက်ချပြီး ဘုန်းကြီးပြန် ကြွကာနီးမှာ သူက ..

"အရှင်ဘုရား ..တပည့်တော် တစ်ခုလောက် မေးချင်လို့ပါ" ဆိုပြီး လျှောက်တော့ ဘုန်းကြီးက "ခွင့်ပြု တယ် မေး" တဲ့။

"သာမောင်ကတော့ ကတ်သီး ကတ်သတ် မေးတယ်"

"အေး ..ဖြေရရင်တော့ လက်ာ မချောပေါ့ကွာ"

ဆိုပြီးရယ်ရယ်မောမောပြောကာ ပြန်ကြွသွားပါတယ်။

ဦးသာမောင်မေးတဲ့ စကားက–

"တိုင်းပြည်နဲ့ ပြည်သူလူထု ကောင်းစားအောင် လုပ်ပေးနိုင်တဲ့ လူ တစ်စုကို အာဏာရှင်တွေက လိုက်လံ ဖမ်းဆီးဖို့ရှာနေတာ။ အဲဒီလူတစ်စု ဘုန်းကြီးရဲ့ကျောင်းမှာ ပုန်းခိုနေခဲ့ရင် ရှိတယ် ..မရှိဘူးဆိုတာ ဘုန်းကြီး အနေနဲ့ လိမ်ပြောမလား၊ အမှန်ပြော မလား ဘုရား"

ကိုကြီးသိန်း(ချောက်)



www.burmeseclassic.com



# ခင်မောင်မြင့်
(ရွှေဆယ်မြေ)

# ဦးဝေတင်၏ အနိုင်ဂိုး

လူပျိုပေါက်အရွယ်ထဲက ပါခဲ့သည့် ဝါသနာမို့ မဖျောက်ဖျက်နိုင်သူ ဦးသန်းဇော်လင်း။

ဤဝါသနာကြောင့် လက်သမားအလုပ်ကိုပင် တစိုက်မတ်မတ်မလုပ်နိုင်ခဲ့။ ငွေယားလေး အနည်းငယ်ပြည့်စုံလာပြီဆိုမှဖြင့် ထိုနေရာသို့ ရောက်နေတတ်သည်။ ဤဒေသ ဤအရပ်သည် အသက်မွေးဝမ်းကျောင်းမှု မတူညီကြသော်လည်း ဝါသနာက တူညီကြသည်။

''ဦးဝေတင်ရယ် လုပ်ပါဗျာ။ ကျုပ်က အလျော်အစားလုပ်ရသီးမှာ၊ သိနေတယ်လေ''

ငွေပုံကြီးအလယ်၌ ထိုင်နေသူက စိတ်မရှည်ဟန်ဖြင့်ပြော၏။ ဦးသန်းဇော်လင်း၏ နာမည်ပြောင် ဦးဝေတင်မှာ သူတို့ဝိုင်းတော်သားများ၏ အမှတ်တရပေးထားသည့် နာမည်။ သချာည့်သော ဦးသန်းဇော်လင်း ငါးချပ်ဖဲပေါင်းရာမှာတော့ မည့်ပါ။ သို့ပေမယ့် ဖဲချပ်ဝေတိုင်း သုံးချပ်ပေါင်းကာ သုညမဖြစ်၍ ရှုံးပွဲဆက်သည့် အကြိမ်အရေအတွက်ကား များခဲ့သည်။ သို့ကြောင့်ပင် ဦးဝေတင်အမည်နာမ ဖြစ်ပေါ်လာခဲ့ရ၏။

ဖဲလောင်းကစားခြင်းကို တီထွင်ခဲ့သူအား မှတ်တမ်းအထပ်ထပ်၌ ရှာဖွေသုတေသနပြုလျှင် တွေ့နိုင်ပေလိမ့်မည်။ သို့ပေမယ့် ဖဲဒိုင်၏ ကစားသမားများကိုဝေလိုက်သော ဖဲချပ်များကို နှာခေါင်းဖြင့် နမ်းရှုံ့မွှေးခြင်းကိုကား မည်သူ တီထွင်ခဲ့သည်မသိပါ။ ဖဲသမားတိုင်း ဖဲချပ်ကိုမွှေးကာ ကံကောင်းစေရန် လုပ်နေကြသည်။ ဦးဝေတင်နာမည်ပြောင်ရထားသူ ဦးသန်းဇော်လင်း။ သည်တစ်ကြိမ် ဒိုင်ဝေလိုက်သော ဖဲငါးချပ်ကို မှောက်ထားရာမှ ယူလိုက်၏။

ဖဲချပ်ပွင့်များကို ဖဲချပ်ဖြင့်ထပ်၍ ဖြည်းဖြည်းချင်းပွတ်ဆွဲကာ အပွင့်များ၏ အပေါင်းလက္ခဏာကို ဦးနှောက်ကွန်ပျူတာဖြင့် အဖြေယူမိသည်။ သေချာပါသည်။ သည်တစ်ကြိမ် အမြင့်ဆုံးဆုလာဘ်ရနေပြီ။ ဖဲချပ်ဝေလိုက်တိုင်း တင်ရသည်မို့ ဦးဝေတင်ဟု မှည့်ခေါ်ခဲ့ရသော သူ့နာမည်။ သူ့လောင်းကြေးတိုးထားသည်မှာ နောက်ဆုံးအခွင့်အရေး။ ပိုင်ဆိုင်မှုအားလုံးကို သူဌေးဖြစ်ခွေးဖြစ် လောင်းကြေးတင်လိုက်သည်။ နိုင်လျှင် ဒိုင်၏ပိုင်ဆိုင်မှုအားလုံး သူ့ထံရောက်ရှိလာမည်။ ရှုံးလျှင် ဦးဝေတင်အမည်ခံကာ အိမ်ပြန်ရုံသာ။ ဖဲသုံးချပ်ပေါင်းတော့ သုည(သို့မဟုတ်)ဖဲသမားအခေါ် 'ဘူ' ဖဲနှစ်ချပ်ပေါင်းတော့ သုည ဘူနှစ်ပူးဆင့်ကာ ဘူကြီးမှ ဘူကြီး။

ဖဲချပ်းငါးချပ်စလုံးကို ယပ်တောင်လိုဖြန့်ကာရင်း ပိုင်ပိုင်နိုင်နိုင် နမ်းရှုံ့မွှေးနေမိ၏။ လက်ဆင့်ကမ်းခဲ့သော ဖဲသမားတို့၏ အမွှေး။ ဖဲငါးချပ်ရနံ့ကား သင်းပျံ့မွှေးကြိုင်သည်ဟု ဦးသန်းဇော်လင်း ထင်မိ၏။ ဒိုင်ဆီက အဖြေမှာ ပေါင်းခြင်းလက္ခဏာနှစ်သာရှိနေ၏။ ကံကောင်းခြင်းလက်ဆောင်ကိုရထားသော ဖဲချပ်များကို နမ်းရှုံ့မွှေးရသည်မှာ အားမရသေးသော်လည်း ဒိုင်ဆီက လျော်ကြေးငွေကို ယူချင်သည့်ဆန္ဒများဖြင့် ..

ဖဲချပ်များကို မျက်နှာမှ ဖယ်ခွာ၍ ပြုံးပန်းဝေဆာစွာ ဖဲဒိုင်ကိုကြည့်လိုက်ချိန်တွင် .. မျှော်လင့်ထားသော ဖဲဒိုင်နှင့် ထိုးလက်အဖော်ငါးဦးကို မတွေ့ရတော့ဘဲ ပခုံးပေါ်မှာ အပွင့်များနှင့် ယူနီဖောင်းအပြည့်အစုံ ရဲအရာရှိတစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲသားများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ မျက်နှာများက အပြုံးအရယ်ကင်းမဲ့စွာ ဆီးကြိုနေသည်။

ဦးဝေတင်၏ အမည်ကား ပယ်ဖျက်၍ မရနိုင်တော့ပါ။ လက်နှစ်ဖက်ပူး၍ ဥပဒေဝန်ထမ်းများဆီမှ အောင်ပွဲဆုလာဘ်ကို လက်ခံယူလိုက်ရပါပြီ။

ကာရန်အလှအပဖြင့်သာ ကဗျာဆန်ရမည်ဆိုလျှင် ..
ကိုဝေတင် အမှန်တကယ်သေချင်သွားပါပြီကော။

ခင်မောင်မြင့်(ရွှေဆယ်မြေ)

www.burmeseclassic.com



မန်ကျည်းပင်ရွာကလေးမှ ရွာသူ ရွာသားများသည် စုန်း၊ နတ်၊ ကဝေ၊ ...င်စာ၊ သရဲတို့ကို ယုံကြည်ကာ အလွန် ...င်အယူကြီးကြသည်။ ထိုရွာရှိ ကိုသာဂွ တို့ လင်မယားမှာ အလွန်ဆင်းရဲရှာ သဖြင့် ကန်စွန်းရွက်၊ ငါးပိရည်၊ တို့ ...ရာနှင့်သာ နေ့စဉ်နှစ်ပါးသွားနေရရှာ ...၏။

ကိုသာဂွထင်းခွေပြီး အိမ်အပြန် အိမ်ရှေ့တွင် ထင်းစည်းပစ်ချလျက် ကွပ်ပျစ်ပေါ်တွင် ပက်လက်လှန်နေစဉ် ဇနီးဖြစ်သူမှာ အနားသို့ လာထိုင်ရင်း–

"ကိုသာဂွရယ် ‥ ပင်ပန်းလိုက်တာ။ ရွာလယ်က မိဝိုင်းတို့ အကြံကောင်းလို့ ရွာထိပ်က ညောင်ပင်ကြီးမှာ သွားဆုတောင်းလိုက်တာ သုံးလုံးထီတစ်ကွက်တည်း ပေးလိုက်တာ တစ်ခါတည်းကို ဟန်းနေတာပဲ။ ကိုဂွတို့လည်း သည်ည သွားတောင်းကြည့်ပါလားဟင်။ ပေါက်ရင် ကြက်နဲ့အရက် ပူဇော်ပသပါ့မယ်လို့"

"ဟဲ ‥ ငါတို့တောင် ကန်စွန်းရွက်နဲ့ နှစ်ပါးသွားနေရတာ။ ဘယ်မလဲ ကြက်နဲ့အရက်"

"ဩော် ‥ အိမ်ကုန်းလေးပေါင်ပြီး ပူဇော်လိုက်မှာပေါ့"

"အေးပေါ့လေ ‥ ပေါက်ခဲ့ရင်တော့ အကောင်းသား"

ညောင်ပင်ကြီးဆီ သုတ်ခြေတင်သွား၏။

"အို ‥ သည်အပင်ကြီး ကျွန်တော်မျိုး မောင်သာဂွအား ကူညီမစသောအားဖြင့် နှစ်လုံးထီ၊ သုံးလုံးထီဂဏန်းလေးများ ပေးသနားတော်မူပါ"

ဤတွင် ညောင်ပင်ကြီးဆီမှ အသံသြသြနှင့် ပြန်ပြောသံကို ကြားလိုက်ရသလိုလိုရှိ၏။

"မင်းတို့ လောဘသားတွေ ကိုယ့်ဘာသာကိုယ် မကြိုးစားဘူး။ သည်ဂဏန်းတွေ ထွက်ထွက်နေတဲ့ တစ်ဖက်နိုင်ငံမပြောနဲ့။ ငါ လူ့ဘဝတုန်းက ရန်ကုန်မြို့ကိုတောင် မရောက်ဖူးဘူးကွ" တဲ့။

အခုနေဆို သာဂွမိန်းမ မိဝိုင်း အိမ်နှင့်ခြံကို ပေါင်ပြီးလောက်ရောပေါ့။ ခံလိုက်ကွ မိန်းမရေ ‥။

ပိုက်မင်းဝေ



# ပိုက်မင်းဝေ
## ကိုးကွယ်ရာ



www.burmeseclassic.com



# မြတ်လေး မျက်နှာနဲ့ ကျွန်တော်

ခက်လှိုင်းကျော်

"ကလင် .. ကလင်"

အိမ်ရှေ့ဂိတ် ဘဲလ်တီးသံကြောင့် ပန်းပင်ရေလောင်းရာက ကျွန်တော် လှမ်းကြည့်လိုက်တော့ ဂိတ်ဝမှာ ဆိုက်ကားတစ်စီး။ စီးလာတဲ့ ပါစင်ဂျာတော့ မတွေ့ဘူး။ ရေပိုက်ကို ချထားခဲ့ပြီး ဂိတ်တံခါးအဖွင့်မှာ ..

"အစ်မကြီးတစ်ယောက်က မုန့်ပုံးပို့ခိုင်းလိုက်လို့ခင်ဗျာ"

ဆိုက်ကားဆရာက မုန့်ပုံးကိုပွေ့ရင်း ဂိတ်ဝကို လျှောက်လာပါတယ်။

"ဘယ်သူပေးခိုင်းလိုက်တာလဲကွ" ကျွန်တော့်နောက်ဘက် တိုက်ထဲက ကျွန်တော့်ဆရာ ဦးမောင်မြင့်က လှမ်းမေးလိုက်တာပါ။ ဆရာ့လက်ထဲမှာတော့ ဖတ်လက်စ သတင်းစာကိုင်လို့။ ဆိုက်ကားဆရာက ..

"သူ့ကိုတော့ ကျွန်တော်မသိပါဘူး။ လမ်းမပေါ်မှာ ကားရပ်ပြီးပေးသွားတာပါ။ ဆိုက်ကားခလည်း ပေးသွားပါတယ်"

ပြောလည်းပြော မုန့်ပုံးလည်း ထိုးပေးပါတယ်။

"အေးကွာ .. ဒါဆိုလည်း ထားခဲ့။ အေးတွတ်ရေ ယူထားလိုက်ပါကွာ။ ဆရာကပြောပြီး တိုက်ထဲပြန်ဝင်သွားတော့ ကျွန်တော် မုန့်ပုံးကို ယူလိုက်တယ်။ မုန့်ပုံးက အကောင်းစားအသစ်ကြီးပါ။ တစ်တစ်ရစ်ရစ်မို့ ကျွန်တော့်စိတ်ထဲကတောင် ပြောလိုက်မိသေး။ "ဆရာတော့ ထောပြန်ပြီ"လို့။ ဒါလည်း အကြောင်းရှိလို့ပါ။ အဲဒီ အချိန်တုန်းက အလုပ်ဖြစ်ချင်ရင် မုန့်ပုံးထဲ ပိုက်ဆံထည့်ပြီး ပေးကြတာကိုး။

ကျွန်တော့်ဆရာလား။ သိပ်ကောင်းတဲ့သူပေါ့ဗျာ။ အောက်ခြေဝန်ထမ်းကနေ မြို့နယ်တရားသူကြီးဖြစ်လာတဲ့သူပဲ။ ဘွဲ့ရတော့မဟုတ်ဘူး။ ဒါပေမဲ့ ဘယ်အဖွဲ့လည်းမသိ အဲဒီမှာ သူက စိပ်မှူးတဲ့။ တရားသူကြီးဖြစ်တော့ သူ့နာမည်က ပိုပြီး ထင်ရှားလာတယ်။ ဦးမောင်ညစ်တဲ့။ ထီးပြန်ဖိနပ်ပြန်တာတေလယ်တဲ့။ သူ့တရားရုံးရောက်ရင် လူကထောင်ကျ၊ ထီးဖိနပ် အိမ်ပြန်ယူရလို့ ပေးကြတဲ့အမည်ပေါ့။ တရားခံတိုင်းတော့ ထောင်ကျတာမဟုတ်ဘူး။ သဘောပါတယ်နော်။

မုန့်ပုံးကို ဆရာ့လက်ထဲထည့်ခဲ့ပြီး ပန်းပင်တွေရေဆက်လောင်းနေတုန်း ကျွန်တော့်ရှေ့က အုတ်တံတိုင်းမှာ "ဗုန်း .. ဂွမ်း" ဆိုတဲ့ အသံကြီးနဲ့ စောစောက မုန့်ပုံးကြီး ပွင့်ထွက်သွားပါရော။ ဆရာစိတ်ဆိုးမာန်ဆိုးနဲ့ ကိုက်ပေါက်လိုက်တာပဲပေါ့။ မုန့်ပုံး က စက္ကူစုတ်တွေနဲ့အတူ သံဖြူနဲ့လု ထားတဲ့ ဆီကတော့တစ်ခု ထွက်ကျလ တယ်။ ဘယ်လိုဖြစ်ပါလိမ့်။ ကျွန်တေ မုန့်ပုံးဆီ အာရုံကျနေဆဲမှာ ဆရာ တော့ သူ့လက်စွဲဟမ်းဘားစက်ဘီး ဆိုက်ကားနောက်ကို လိုက်သွားလေရဲ့

ဆရာမပြန်ခင် မုန့်ပုံးနဲ့ စက္ကူ တွေ ကောက်သိမ်းရင်း မုန့်ပုံးမှာက ထားတဲ့စာကိုတွေ့လို့ ဖတ်လိုက်မိတေ မှ ကျွန်တော့်မှာ "ငို၍ ရယ်၍မရသေ မျက်နှာ" ဖြစ်ရပါတော့တယ်။ ယ ခေတ် ကွန်ပျူတာနဲ့ရေးသလိုမျိုး (ပုံ စလုံးနဲ့)ရေးထားတဲ့စာက "မုန့်ပုံး ကန်တော့ပါသည်" တဲ့။ တကယ်လည် မုန့်ပုံးအခွံနဲ့ ဆီကတော့တစ်ခုပဲ ပါတ ကိုး။

လွန်ခဲ့သော နှစ်သုံးဆယ်ကျော် တကယ့်အဖြစ်ကလေးပါဗျား။

ခက်လှိုင်းကျေ

www.burmeseclassic.com

www.burmeseclassic.com

# လေးခေါင်
## ခိုင်ပနှင့်တွေ့ခဲ့ခြင်း
(ထူးထူးခြားခြား မုဆိုးများ)





www.burmeseclassic.com

□

သူမနှင့်တွေ့ရပုံယဉ်သကိုဟု ပြောရမည်လား၊ ဆန်းသည်ပဲပြောရလေမလားတော့ဖြင့် မသိ၊ အမဲပစ်ခရီးတစ်ခု၊ တောကြီးအတွင်းရယ်သာ ..

နွေကာလနံနက်ခင်းမို့ တောတစ်ခွင်လုံး မြူနှင်းတို့နှင့်အတိ၊ ခပ်လှမ်းလှမ်းဆီတွင် လှမ်းမြင်နေရသည့် "မဟူရာတောင်"မြင့်ကြီးပင်။ သူ၏ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး မြူနှင်းတို့ရစ်သိုင်းထားခြင်းခံရသည့်အတွက် မှိုင်းပျပျ။ ထိုတောင်ကြီးအောက်တွင်ရှိသော "မဟူရာချောင်း"အတွင်း ရေကြည်ကြည်တို့သည် တစ်ချက်တစ်ချက် တိုက်ခတ်လိုက်သော လေနအေးတို့ကြောင့် ထွက်ပြူစ နေရောင်ခြည်နုနုအောက်တွင် ရုပ်ပြေးလှိုင်းကလေးတို့က တပြောင်ပြောင် တလဲ့လဲ့နှင့် ရှိုးမကြီး၏ ဆောင်းကာလမြင်ကွင်းကား သာယာလှပသည်။

သားကောင်များပေါ်သော ဤတောင်ကျချောင်းရိုးတစ်လျှောက်နှင့် တောင်မကြီးအကြား သစ်တောကြီးအတွင်း သီးပင်စားပင်တို့အပြင် သားကောင်များခိုအောင်းရာဖြစ်သည့် အကွက်ကောင်းမို့ ပေါ်များကြသဖြင့် ကျွန်တော်တို့အဖို့ ထိုနေရာဆီသို့ အမြဲပင် အမဲပစ်ထွက်လေ့ရှိသည်။ ယခုလည်း မာကျောသိပ်သည်းသော မြေနီလမ်းကလေးအတိုင်း လျှောက်လှမ်းရင်း တောပုန်းခြောင်းပစ်ရန် ခပ်စောစောက ထွက်လာခဲ့ခြင်းပင်။ ကိုင်ဆောင်ထားသည့် လက်စွဲတော်နှစ်လုံးပြူးသေနတ်၏ ညာပြောင်းတွင် (၉)လုံးကျည်၊ ဘယ်ဘက်ပြောင်းတွင် (၆)လုံးကျည်ထည့်ကာ လုံခြုံရေးမောင်းထိန်းခလုတ်ကို ရှေ့ကိုတွန်းပို့ပြီး အရေးရှိက ပစ်ခတ်နိုင်ရန် အနေအထားမျိုး ကိုင်ဆောင်လျက် ခြေသံလုံလုံနင်းကာ တစ်လှမ်းခြင်း လျှောက်နေခြင်းပင်။

တောကြီးကား ကျေးငှက်တို့အော်မြည်သံ၊ မျောက်အုပ်တို့အော်သံ၊ စားပင်ထက် လင်သက်ဖိုမမိတ်ဆော့သံတို့ကို ကြားနေရသည်။ မျက်လုံးကိုဖွင့်ထား၊ နားကိုစွင့်ထားရင်း တစ်လှမ်းခြင်း လျှောက်လှမ်းနေစဉ်အတွင်း –

"ဒိုင်း"

လမ်းကလေး၏ လက်ဝဲဘက် ချုံနွယ်တောကြီးအတွင်းမှ ပေါက်ကွဲမြည်ဟိန်းသံကြီးတစ်ချက်ကို ကြားလိုက်ရသလို၊ သားကောင်ကြီးတစ်ကောင်၏ ဒေါသတကြီး မာန်ဖီသံကြီးနှင့်အတူ ဝရုန်းသုန်းကား လူးလိမ့်သံများကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။ ကျွန်တော်က လှမ်းလက်စကို ရပ်တန့်ကာ နားစွင့်ပြီး အခြေအနေကို အကဲခတ်နေမိသည်။ စိတ်တွင်းကလည်း မကျွမ်းကျင်သော သေနတ်သမားတစ်ယောက် ကျားလိုအကောင်မျိုးကို သွားပစ်လိုက်မိချေပြီဟု တွေးနေစဉ်၊ ထိုအချိန် ကျားလိုအကောင်က တောကို တစ်ခုကို မလွတ်မလပ်ခုန်လွှားကျော်ဖြတ်သံကို ကြားလိုက်ရပြီး သေနတ်သမားနှင့် ပါလာသည့် ခွေးတို့ကလည်း ဟောင်သံပေးရင်း တဟုန်ထိုးပြေးလိုက်သွားကြသည့်အသံများတို့ကိုပါ ထပ်ဆင့်ကြားလိုက်ရပြန်သည်။

ချုံတောတိုးကာ ပြေးလိုက်သွားကြသည့် ခွေးတို့မှာ အတန်ကြာတော့ သေငယ်ဇောနှင့် ငယ်သံငယ်ရင်းအော်ဟစ်ညည်းတွားသံကိုပါ ကြားလိုက်ရပြန်သည်။ ထိုအသံကို မှန်းဆကြည့်လိုက်တော့ ခွေးနှစ်ကောင်၏အသံပင်။ သို့ဆိုလျှင် ကျွန်တော့်စိတ်အတွင်း ပြန်လည်ခုခံလိုက်သည့် အကောင်သည် ကျားသစ်လိုအကောင်မျိုး ဖြစ်ရမည်ဟုလည်း စိတ်တွင်းက သိလိုက်သည်။ ထိုအကောင်ကြီးသည် ပစ်ခတ်လိုက်သူကိုပါ အန္တရာယ်ပြန်ပေးတော့မည်ဖြစ်သော အသိကြောင့် ထိုနေရာဆီသို့ အပြေးအလွှား သွားရောက်လိုက်သည်။

ထိုနေရာဆီသို့ ရောက်သွားချိန်တွင် ကျွန်တော့်မြင်ကွင်းတွင် ခွေးကောင်မှာ ကျားသစ်ကောင်၏ ကုတ်ခြစ်ကိုက်ခဲခြင်းကို ခံလိုက်ရပြီး မြေပြင်တွင် ဘေးတိုက်လဲကျကာ အူပွင့်နေ၍ 'ဟအိုင်အိုင်' ညည်းညူနေရှာသည်။ သေနတ်သမားကား ကျားသစ်ကောင်ရှိရာ ချုံတောဘက်သို့ ပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



သင့်အနေအထား စူးစူးစိုက်စိုက် ိုက်လံရှာဖွေ ကြည့်ရှုနေဆဲ။ ထိုအချိန် တောကြီးအတွင်းမှ ကျားသစ်ကောင် ာ လျှက်တစ်ပြက် အပေါ်စီးကို အရ ၍ ခုန်အုပ်လိုက်ချိန် သေနတ်သမား ာလည်း ကျားသစ်ခုန်အုပ်ရာဆီ တန်း ိုးချိန်ရွယ်ကာ သေနတ်မောင်းခလုတ် ို ဆွဲဖြုတ်ချလိုက်သော်လည်း –

"ချောက်"

သေနတ်သံက ထွက်မလာ၊ သို့ တွက် ကျွန်တော့်သေနတ်သံက –

"ဒိန်း"

"ဒိန်း"

ဘယ်ပျောင်းညာပျောင်းဆင့်ကာ ွက်သွားသည်။ အရည်ပျော့သော ားကောင်ဖြစ်သည်မို့ ကျည်တစ် ာင်နှင့်ပင် လုံလောက်သော်လည်း ျွန်တော်က ရှေ့ဆင့်နောက်ဆင့် နှစ် ာင့်လုံးပစ်သွင်းလိုက်သည်။ ကျည် လုံး (၁၅)လုံး၏ တွန်းအားကြောင့် ပေါ်စီးကို အရယူခုန်အုပ်သည့် ကျား စ်ကောင်ကြီးကား ခဲလုံးတို့ပြန်လည် ွန်းကန်အားကြောင့် နောက်ကျော က်ဆီသို့ လွင့်ပါလျက် ချုံပုတ်ကြီး ောက်ကျောဘက်ကို ပြန်ကျသွားသည့် သံကြီးက ဖွဲအိတ်ကို ပစ်ချလိုက် ည့်အခါ ထွက်ပေါ်လာသည့်အသံမျိုး ုပ်တုပ်ပင်မလှုပ်တော့ဘဲ ဖြစ်နေ ည်မို့ လျှပ်တစ်ပြက် ကျည်ခွံတို့ကို တ်၍ ကျည်သစ်များပြန်သွင်းကာ ြည့်လိုက်တော့ အသက်ပျောက်နေ ည်ကို တွေ့လိုက်ရပေသည်။ သို့ တွက် နောက်ကျောကိုပြန်လှည့်ကာ သနတ်သမားကို ကြည့်သည့်အခါ ကယ်ပင် အံ့ဩသွားသူက ကျွန် တော်ရယ်သာပင်။ အဘယ့်ကြောင့် ဆိုသော် တွေ့မြင်လိုက်ရသည့်သေနတ် သမားကား ငယ်ရွယ်နုပျိုသည့် မိန်း ကလေးတစ်ဦးဖြစ်နေခြင်း ဖြစ်သည့် အတွက်ကြောင့်ပင် နှုတ်ဖျားကလည်း–

"ဘုရား ... ဘုရား ... တော မှောက် တောခြောက်ခံရပြန်ပြီလား"

စိတ်တွင်းကသာမဟုတ် နှုတ် ဖျားကပါ ထွက်သွားသည့်စကားပင်။ မှဆိုးဒူးထောက်ပုံစံမျိုးထိုင်ရင်း တစ်လုံး ထိုးသေနတ်ကိုကိုင်လျက် ကျားသစ် သေကြီးကိုကြည့်ကာ ငူငူငိုင်ငိုင်နှင့်စူး စိုက်ကြည့်နေသော မိန်းကလေးဆီသို့ တိုးကပ်သွားရင်း –

"ကလေးမက ဘယ်ကနေ ဒီ တောကြီးအတွင်း ရောက်လာပြီး ကျား သစ်ကောင်ကို လိုက်ပစ်နေရတာလဲ၊ အန္တရာယ်ကို မကြောက်ဘူးလား ...၊ ငါနဲ့တွေ့လိုက်ပေလို့ပေါ့ ..."

ကျွန်တော့်အမေးကြောင့် မိန်းက လေးမှာ အသက်ဝင်လာသော်လည်း အထုံထုံ အချိချိ၊ ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်ဖြေလိုက်ပုံက –

"ဟို ... ဟိုလေ ... ပုတ္တရွာက ဦးသန်းမောင်သမီး မိခိုင်ပါ ..."

"ဟုတ်လား ... မုဆိုးကြီး ဦး သန်းမောင်သမီးတဲ့လား ...၊ ဘယ်လို ကြောင့် သေနတ်ကိုင်ပြီး ကျားသစ်ကို လိုက်ပစ်နေရတာလဲ အန္တရာယ်ကို မကြောက်ဘူးလားကွ ...၊ ခုလည်း ငါဒီကိုရောက်လာတာဦးလို့ပေါ့၊ နည်း နည်းနောက်ကျရင် မတွေးရဲစရာပဲ ကွယ် ..."

သူမ၏ဖခင် ပုတ္တကျေးရွာမှ ဦး သန်းမောင်ဆိုသူမှာ မုဆိုးရင့်မကြီး တစ်ဦးဖြစ်ပြီး ကျွန်တော်တို့အဖွဲ့နှင့် လည်း တွဲကာ အကြိမ်ကြိမ်ပစ်ခတ်ခဲ့ ဖူးသည်။ ယခု သူမကိုင်ဆောင်ပစ်ခတ် နေသည့် တစ်လုံးထိုးပျောင်းရှည်သေ နတ်ကလည်း သူမဖခင်ကိုင်ဆောင် သည့် သေနတ်ဆိုသည်ကို သေနတ်ဒင် ကို ကြည့်လိုက်ရုံဖြင့် သိနေသည်။ အ ဘယ့်ကြောင့်ဆိုသော် အဘကောင်းပြု လုပ်ပေးလိုက်သည့် သေနတ်ဒင်ဖြစ်နေ သည့်အတွက်ကြောင့်ပင်။

မှတ်ချက် ။ ။ ထိုအချိန်က ကျွန်တော်တို့အဖွဲ့ ကိုင်ဆောင်ပစ်ခတ် နေကြသည့် သေနတ်ဒင်များသည် သူ တို့နိုင်ငံလုပ် သေနတ်ဒင်နှင့် အံဝင်ခွင် ကျ မရှိသဖြင့် စိတ်ကြိုက်ဖြစ်အောင် ပြန်လည်ပြုပြင်လုပ်ထားသည့် သေနတ် ဒင်များဖြစ်သည့်အတွက် မှတ်မိနေခြင်း ဖြစ်သည်။

ကျွန်တော်ပြောလိုက်သည့်စကား ကြောင့် သူမက –

"အဖေလေပြီးခဲ့တဲ့တစ်လကျော် က မိုးတွေတအားရွာနေတုန်း ရေငန် တောထဲမှာ ဝံကြီးတစ်ကောင်နဲ့ ထိပ် တိုက်တိုးခဲ့တယ် ...၊ ဝံကို အသေရ လိုက်ပေမဲ့ အကုတ်ခံလိုက်ရတဲ့ဒဏ် ရာက ခုထိမသက်သာဘူးလေ၊ အဖေ ကလည်း ရောဂါမပျောက်သေးသလို အမေကလည်း မီးယပ်ရောဂါနဲ့ အိပ် ရာထဲမှာ မထနိုင်ဖြစ်နေတော့ အဖေ့ သေနတ်ကိုကိုင်ပြီး ကျွန်မ သားကောင် လေးတွေ လိုက်ပစ်နေတာပါ ...၊ ခု လည်း စားပင်အောက် ချေတွေဝင်လို့ တောပုန်းချောင်းပစ်ဖို့ ထွက်ခဲ့ရင်း မမျှော်လင့်ဘဲ ဒီကောင်ကြီးနဲ့ ထိပ် တိုက်တိုးခဲ့ရတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား ...၊ တောပုန်းချောင်းပစ်ဖို့ ထွက်ခဲ့တယ်ဆိုပြီး ခွေးနှစ်ကောင်ပါ ခေါ်လာရသလားကွ၊ နင့်ဟာကလည်း ...''

''ကျွန်မခေါ်လာတာ မဟုတ်ပါဘူး၊ သူတို့ဘာယ်လို နောက်ကလိုက်လာကြတာလည်း မသိဘူး၊ ခုတော့ သေနတ်ပစ်လိုက်တဲ့အသံကြောင့်ရော သားကောင်နောက် အတင်းထိုးလိုက်ကြရင်းက ကျွန်မကိုယ်စား ခွေးတွေခားစာခံသွားရတာပါရှင် ...၊ ဒီနှစ်ကောင်က အဖေ့အတွက် အလွန်အားကိုးရတဲ့ ခွေးတွေပါ၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ...''

ခွေးနှစ်ကောင်အဖြစ်ကိုကြည့်ပြီး ညည်းတွားနေရှာသည့်သူမကို ယခုမှပင် ကျွန်တော်သတိထားကြည့်လိုက်မိသည်။ ပုတ္တာဆိုသည့် ရိုးမကြီးအတွင်း ရွာငယ်ကလေးတစ်ရွာက မိန်းမငယ်တစ်ဦးသည် ကျွန်တော်တို့မြို့နေ လူတန်းစားနှင့်မတူသည့်အချက်ကို သတိပြုမိလိုက်သည်။ ရိုးသားကြတယ်၊ ပွင့်လင်းကြတယ်ဆိုပေမဲ့ အတွေ့အမြင်တွေက နည်းပါးကြပြီး သူတို့ဘဝအချိန်တန်လို့ အသက်ကလေးဖြစ်ဖြစ်မြောက်မြောက်ရလာကြရင်ပဲ တောတွင်း မိရိုးဖလာလုပ်ငန်းတွေ ဖြစ်ကြတဲ့ သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်၊ ကိုင်းထောင်၊ အမဲလိုက်၊ လင်ယူသားမွေး လုပ်ကြရင်း ဆင်းတောင့်ဆင်းရဲတောတိုးရှာဖွေစားသောက်ကြရတဲ့ဘဝထဲက ချမ်းသာကြမှာ၊ တောကိုစွန့်ခွာကြရမှာ ကြောက်နေကြသူများကြတာကို သိရှိနားလည်ထားသူ ကျွန်တော်က သူမအဖြစ်ကိုကြည့်ရင်း စဉ်းစားနေမိသည်။

ညိုညက်ညက်အသားအရည်၊ နုပျိုလန်းဆန်းပြီး မျက်ခုံးအစုံက စင်ရော်တောင်နှယ်၊ ကြည်လဲ့ဖြူဝင်းသော မျက်လုံးအစုံတို့၏အောက် ချွန်မြသော နှာတံ၊ ခပ်ဖူးဖူးလေးအသွင် နှုတ်ခမ်း ရဲရဲတို့၏ အလှပိုင်ရှင်၊ မခြယ်သ သူမအလှတို့က လင်းသလို လဲ့သလို ကျစ်လစ်ခိုင်မာသော ကိုယ်ကာ အလှပိုင်ရှင်လေး ဖြစ်သည့်အတွ အိမ်တွင်ကျန်ရစ်ခဲ့သည့် သမီးေ မျက်နှာကို ကွက်ခနဲပြေးမြင်လိုက် ကိုယ်ချင်းစာ သနားစိတ်ဝင်မိသည်

''ခွေးတွေအတွက် ငါအစား လျော်ပေးပါမယ် ...၊ ဒီကျားသစ် လည်း သမီးကို လက်ဆောင်ပေး ရတဲ့ငွေနဲ့ အဖေကြီးနဲ့အမေကြီး ဆေးဖိုးဝါးခသုံးပါကွယ် ...၊ ဦးထ ပြီး လိုက်ပို့ပေးမယ်၊ သွားလိုက်ကြ အောင်နော် ...''

သေနတ်နှစ်လက်ကို ''မိခိုင် အား ထမ်းခိုင်းလိုက်ပြီး ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com


ျားသစ်ကောင်ကို ဖွေ့ခနဲကောက်ယူ
ခမ်းလိုက်ကာ သူမနေထိုင်သည့်
ပုတ္တ'ရွာကလေးဘက်ဆီသို့ လျှောက်
မှမ်းခဲ့ကြပေတော့သည်။

နှစ်ဦးသား 'ပုတ္တ'ရွာသို့ အသွား
ခမ်းတွင် 'ယမရွာ'ကို ဖြတ်ကျော်မှ
ရောက်မည်မို့ ထိုရွာရှိ ရွာခံမုဆိုးတင်
သိန်းထံ ဝင်လိုက်ပြီး ကျားသစ်ကို ငွေ
ဖာ်လိုက်ကာ သူမတို့ရွာဘက် ခရီး
ဆက်ခဲ့ကြသည်။ အိမ်သို့ရောက်တော့
သူမပြောသကဲ့သို့ ဖခင်နှင့်မိခင်တို့မှာ
ကျန်းမာရေးမကောင်းရှာကြ၊ ကျွန်
တော့်ကိုမြင်တော့ ဝမ်းသာအယ်လဲ
ဆက်ရည်ကျရှာသည်။ အားပေးစကား
ပြောပြီး ငွေများကိုထုတ်ကာ ဆေးဖိုး
ခအဖြစ် ပေးလိုက်ရင်း ကျွန်တော်
က -

"ရေငန်တောမှာ ဝက်ဝံနဲ့တိုးပြီး
ဘယ်လိုဖြစ်ခဲ့ကြတာလည်း ဦးသန်း
မောင် ..."

"ဒီလိုမုဆိုးရဲ့ ... ပြီးခဲ့တဲ့နှစ်လ
လောက်က မိုးကုန်ပိုင်းမှာ တောပုန်း
ချောင်းသွင်းရင်း မထင်မှတ်ဘဲ မိုးက
ချလိုက်တယ်လေ ...၊ ရွာလိုက်တဲ့
ကလည်း နောက်ဆုံးပိတ်ရွာချလိုက်
မိုးလားတော့မသိဘူး လေရောမိုးပါ
လဟောပဲဗျ ...၊ တိတ်နိုးတိတ်နိုး
စောင့်ရင်း မတိတ်တော့ ရှေ့ဆက်သွား
ကလည်းမရတာနဲ့ နောက်ကြောင်း
ဖြတ်လမ်းကပြန်လှည့်တာ ရေငန်
တာကိုလည်းရောက်ရော ရှေ့ကနေ
တောင်ထန်းရွက်ကိုဖြတ်ပြီး ထီး
ဆောင်းသလိုဆောင်းပြီး မျက်နှာချင်း
ဆိုင်လာနေတဲ့သူကို တွေ့လိုက်ရတာပဲ
ဘ်တွင်းကတော့ တောထဲလာရင်း

**ဒီတစ်ကျော့မှာတော့**
**ဒီညောင်နှစ်ပင်**
**ဖုန်းဆိုးတောဟာ**
**အကျယ်ဆုံးနဲ့**
**သားကောင်အပေါဆုံး**
**ဖြစ်သလို**
**လူကို**
**အန္တရာယ်ပေးတတ်တဲ့**
**အကောင်တွေလည်း**
**အပေါဆုံးပဲ**
**...**

ကိုယ့်လို မိုးမိပြီး တောင်ထန်းရွက်ကို
ထီးလိုဆောင်းပြီး ပြန်လာတာပဲလို့
အောက်မေ့ပြီး အလေးမထားခဲ့ဘူး
လေ။

မျက်နှာချင်းဆိုင်ဆိုပေမယ့် သူက
တောင်ထန်းရွက်နဲ့ကာထားလို့ ကျုပ်ကို
မမြင်ပေမယ့် ကျုပ်ကသိလို့ သေနတ်နဲ့
ချိန်ထားပြီး ကပ်လာတော့မှ မောင်း
ဖြုတ်ချလိုက်တာ ကျည်က မိုးရေတွေ
စိုပြီး မပေါက်တော့ဘူးလေ၊ ဒီလိုနဲ့
မောင်းပြန်တင်ပြီး ထပ်ပစ်တော့ ကိုယ့်
လှုပ်ရှားမှုကို သူကရိပ်မိပြီး တောင်
ထန်းရွက်ကို လွှင့်ပစ်ချလိုက်ပြီး ပြေး
ဝင်အကုတ်မှာ ထပ်ပစ်လိုက်တော့မှပဲ
ကျည်ဆံက ပေါက်ကွဲသွားလို့ သေသွား
ပေမဲ့ ပြေးကုတ်ခံလိုက်ရတဲ့ ဒဏ်ရာ
ကြောင့် အဲဒီမှာ သတိလစ်လဲကျသွား
တယ်လေ ...၊

အဲဒီအချိန် သစ်ခုတ်သမားတွေ
နဲ့တိုးပြီး သတိရလာတော့ အိမ်ကိုပြန်
ရောက်နေပေမဲ့ ခုချိန်ရောက်တဲ့ထိ
ဆေးဝါးကုသခံနေရတဲ့အဖြစ်ပါပဲ မုဆိုး
ရယ်၊ ဒီကြားထဲ ဇနီးသည်ကလည်း
မီးယပ်ရောဂါနဲ့ ဘုန်းဘုန်းလဲတော့ ဒီ
သမီးလေးမိခိုင်ကပဲ လိုက်လံအမဲပစ်
ခတ်ပြီး ရှာဖွေကျွေးမွေးပြုစုနေရင်း ခု
လို ကျားသစ်နဲ့တိုးတဲ့အချိန် မုဆိုးနဲ့
တွေ့တာပါပဲ ..."

ကျွန်တော်တို့ စကားပြောနေစဉ်
မိခိုင်က ထမင်းကျွေးရန်အတွက် ခူး
ခပ်နေစဉ် ဦးသန်းမောင်က -

"ခုထွက်လာတာ ဘယ်သူတွေပါ
ခဲ့သေးလဲ"

"အဘကောင်းနဲ့ အစ်ကိုကြီး ဦး
သိန်းလွင်တို့ ပါခဲ့သေးတယ်"

"ဟိုအကောင်လေးတွေကော
မပါဘူးလား"

"ဟုတ်ကဲ့ ... လိုက်မလာနိုင်ကြ
ဘူးလေ ...၊ ဒါကြောင့် ကျွန်တော်တို့
ချည်းပဲ ထွက်ခဲ့တာ"

ချောင်းငါးကို မက်လင်သီးနဲ့
ချဉ်ရည်ဟင်း၊ ကြိမ်ခါးဖူး ဖက်သန်းသီး
ပြုတ်အတို့နဲ့ စားလို့ကောင်းနေစဉ် ဦး
သန်းမောင်က -


www.burmeseclassic.com

www.burmeseclassic.com



"မိခိုင် ... သမီး၊ နင့်ဦးလေးတွေကို ညောင်နှစ်ပင်ဖုန်းဆိုးတောကို လိုက်ပို့ပါလားသမီးရဲ့ ..."

"ဟုတ်ကဲ့ အဖေ ... ဦးတို့သွားချင်တယ်ဆိုရင် သမီးပို့ပေးပါ့မယ်"

"ညောင်နှစ်ပင်ဖုန်းဆိုးတော ဆိုတာ ဘယ်နေရာလဲ မိခိုင်"

"ပုတ္တရွာနဲ့ မွေးနီရွာကြားမှာပါ"

"ဘာကောင်တွေပေါလဲ သမီးရဲ့"

"စုံပါတယ် ... တောဆင်ရိုင်းကလွဲရင်ပေါ့၊ အကောင်စုံပါတယ်၊ ကျည်ပေါရင် ပိုပြီးကောင်းပါတယ်"

"အေး .. ဒီလိုဆို အဘကောင်းတို့နဲ့တိုင်ပင်ပြီး မနက်ဖြန်လာခဲ့မယ်၊ ရိက္ခာအတွက် လိုအပ်တာ ညည်းစီစဉ်ထားလိုက် ငါတို့လေးယောက်လာခဲ့မယ်နော် ...၊ အဖေနဲ့ အမေအတွက် လိုအပ်တဲ့ဆေးဝါးတွေ အဆင်သင့်ဝယ်ထားခဲ့ ..."

ကျွန်တော် သူတို့မိသားစုကို နှုတ်ဆက်ကာ စခန်းချရာပြန်ခဲ့ပြီး အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့ကို ဦးသန်းမောင်တို့မိသားစုအခြေနေကို ပြောပြကာ နောက်တစ်နေ့ ရွာခံမုဆိုးကိုပါ ခေါ်လျက် 'ပုတ္တ'ရွာသို့ ထွက်ခဲ့ကြသည်။ ညနေသုံးနာရီလောက်တွင် ရောက်ရှိခဲ့ကြပေသည်။

\+ + +

ကျွန်တော်တို့အဖွဲ့ 'ပုတ္တ'ရွာ ဦးသန်းမောင်တို့အိမ် ရောက်သွားကြတော့ သူတို့မိသားစုက အားရဝမ်းသာဆီးကြိုရှာသည်။ မိခိုင်က ဟင်းစားအဖြစ် ရစ်နှစ်ကောင်ကို ကြက်ခြင်းတောတွင် လယ်ထိုးကွင်းထောင်၍ ရလိုက်သလို ချေတစ်ကောင်ကိုလည်း သုတ်ကိုင်းဖြင့် မိလိုက်သဖြင့် ရစ်သားချက်ကို (ချေချေးခါး)ဖြင့်ရောချက်ထားသလိုကြော်ထားပြီး ချေ(ဝမ်းတွင်းသားချက်)၊ ချေသားကြော်၊ အကင်တို့ဖြင့် စားသောက်ရန် စီစဉ်ထားသည်က အဆင်သင့်။

ကျွန်တော်တို့လေးဦးသား ကို[...] လက်သန့်စင်လိုက်ကြပြီး အသင့်[...] ဆင်ထားသည့် စားပွဲဝိုင်းတွင် ထိုင်[...] စားသောက်နေကြရင်း အဘကော[...] က –

"ဒါနဲ့ မိခိုင်ဆိုတဲ့ကလေးမက [...] အရင် ကျွန်တော်တို့လာရင် တော[...] မောင်း တောခြောက်လုပ်နေတဲ့ [...] လေးမလား ..."

"ဟုတ်ပါ့ဗျာ ... ဟုတ်ပါ့၊ တော[...] လိုက်ခြောက်ပေးရုံတွင် ဘယ်ကမ[...] ကိုသိန်းလွင်ကြီး မျောက်ကိုပစ်တုန်း[...] အောက်ကိုပြုတ်မကျဘဲ တွဲလဲကြီး[...] နေတာကို အပင်ပေါ်တက်ပြီး ဖြုတ်[...] ပေးတဲ့သူလေးလေ၊ မိဘလုပ်သူ[...] မုဆိုးဆိုတော့လည်း သမီးဖြစ်သူ[...] ငယ်ငယ်ကတည်းက ဝါသနာပါခဲ့[...] ကလား၊ ခုအချိန် အဖေကော အ[...] ပါ အိပ်ရာထဲလဲနေတော့ သူ့အပဲ ရှ[...] ဖွေလုပ်ကိုင်ကျွေးမွေးနေတာပေါ့[...]

www.burmeseclassic.com


ဖားရှာ၊ ငါးရှာ၊ မွေး၊ ပုတတ်၊ ဖွတ်၊ မျောက်၊ တောကြက်တို့ အရှာအဖွေကောင်းသဗျ၊ အာဂကလေးမလေးပါပဲ''

''ကျွန်တော်တို့ မနက်သွားကြမယ့် ညောင်နှစ်ပင်ဖုန်းဆိုးတောအခြေအနေလေးကို ပြောပြပါဦး ကိုသန်းမောင် ...''

''အင်း ... ခင်ဗျားတို့ ပစ်ချင်ခတ်ချင်လို့ ရန်ကုန်ကတောင်လာကြရတဲ့သူတွေအတွက် စိတ်တိုင်းကျမယ့်နေရာပါ ...၊ ကျည်ပေါပေါသုံးနိုင်ဖို့သာလိုပါတယ် ... စိတ်ချပါ''

''ဒီခရီးကို ခင်ဗျားမပါတော့ သမီးကဦးဆောင်မှာဆိုတော့ လမ်းတွေဘာတွေ ကျွမ်းရဲ့လားဗျ ... ဟင်''

''ဟုတ်ကဲ့ ... ကျွန်တော် မကြာခဏခေါ်သွားပြီး လမ်းပြထားတဲ့နေရာမို့ စိတ်ချလက်ချ လိုက်သွားပါ ...၊ ဪ ... ဒါနဲ့ ပြောရဦးမယ်၊ အဲဒီဖုန်းဆိုးတောထဲက ကျူပင်၊ ကိုင်းပင်၊ မြက်ရိုင်းပင်တွေဟာ ခုလိုအချိန်မှာ လူနှစ်ရပ်စာလောက် ရှည်ကြတယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့နှစ် နွေရာသီတပေါင်း၊ တန်ခူးလမျိုးမှာ တောမီးလောင်ခံထားရပြီး ပြန်ပေါက်ကြတဲ့ ကိုင်းတော၊ ကျူတော၊ မြက်တောတွေဟာ ထူထပ်သိပ်သည်းပြီး သားကောင်တွေရဲ့ စားကွင်းစားကွက်ကလည်း ပေါသဗျ ...၊ ရွာသူရွာသားတွေကလည်း အဲဒီဘက်ကို သိပ်ပြီးမသွားလာကြတော့ အဲဒီစားကျက်တွေမှာ အမဲသားကောင်တွေ ပေါတယ်ဗျ ...၊ ပြောရမယ်ဆိုရင် ညပိုင်း မီးထိုးရှာပစ်မယ်ဆိုရင် ကောင်လုံးပေါ်တွေကိုပစ်ရင်တောင် တစ်ညကို (ခုနစ်ကောင် ရှစ်ကောင်) ပစ်လို့ရတဲ့နေရာဗျ ...၊ နောက်တစ်ချက်က လူတွေကို အန္တရာယ်ပေးတတ်တဲ့ ကျားတို့၊ ကျားသစ်(သစ်ဆင်)တို့လို အကောင်မျိုးကလည်း ဒီဘက်ကတောမျိုးလို သစ်ပင်ကြီးတွေ မိုးထိုးအမှောင်ဖုံးနေတဲ့ တောတွေကို သူတို့မနှစ်သက်ကြဘူး၊ သူတို့နှစ်သက်တဲ့ ကိုင်းတော၊ ကျူတော၊ မြက်တောရှိတဲ့ ဖုန်းဆိုးတောမျိုးကို ကြိုက်သလို သူတို့အတွက် သားကောင်(အစာအာဟာရ)ကလည်း ပေါတော့ သတိထားကြ၊ တွေ့မယ်လို့ ကျွန်တော်ထင်တယ်ဗျာ ...''

သူဒီလောက်ပြောလိုက်လျှင် ကျွန်တော်တို့ သဘောက်ပေါက်ကြပြီမို့ ညစာကို စားလိုက်ကြပြီး စောစောပင် အိပ်စက်အနားယူလိုက်ကြပေသည်။

\+ + +

ကျားဆိုသည့်အကောင်ကို ကျားဟုခေါ်လိုက်လျှင်
ကျားကျားယားယားရဲစိတ်ဝင်သည့်အတွက်
"နှုတ်ခမ်းမွေး၊ နားရွက်တို၊ ခေါင်းဝိုင်း၊
ဟင်းကောင်၊ ဟင်းမျိုး" စသည်ဖြင့်
မှဆိုးများပင် နာမ်နိမ်ပြီး...

အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်၊ ကျွန်တော်၊ လှမြင့်နှင့် မိနိုင်တို့ ငါးဦးသား ကျောပိုးအိတ်နှင့် သေနတ်တို့ကိုလွယ်ပြီး ခပ်စောစောပင် ထိုခရီးကို စတင်ထွက်လိုက်ကြသည်။ ကျောပိုးအိတ်ကိုလွယ် တစ်လုံးထိုးသေနတ်ကိုကိုင်ကာ ကျွန်တော့်အနီးမှ မခွာဘဲ လိုက်ပါလာနေသည့် မိနိုင်အား ကျွန်တော်က –

'' သမီး ... ခုငါတို့သွားမယ့်နေရာကို ညောင်နှစ်ပင်ဖုန်းဆိုးတောလို့ ဘာကြောင့်ခေါ်တာလဲကွ ... ဟင်''

သူမက ကျွန်တော်မေးလိုက်သည့် စကားကြောင့် ပြန်ဖြေလိုက်သည်က–

''စိန်တောင်ကြီးလို့ လူတွေက ဘာကြောင့်ခေါ်တာလဲဟင် ...''

''ဪ ... သမီးရယ် အဲဒီတောင်ကြီးက အထက်မှာ မြိုင်စိန်တွေရှိတယ်လေ၊ မနက်မိုးလင်းလို့ နေရောင်နဲ့ အဲဒီတောင်က မြိုင်စိန်တွေ ပြိုးပြိုးပျက်ပျက်မြင်တွေ့နေကြရတဲ့ တောသူတောင်သားတွေက အဲဒါကို အစွဲပြုပြီး စိန်လိုအရောင်တောက်တဲ့ အဲဒီတောင်ကို စိန်တောင်လို့ ခေါ်ကြတယ်လေကွယ် ... ဟုတ်ဖူးလား''

''ဟုတ်ပါ့တော် ... ခုလည်း ညောင်ပင်ကနှစ်ကိုင်းထွက်ပြီးနေလို့ အဝေးကကြည့်ရင် အပင်နှစ်ပင်လို့ ထင်ရတဲ့ ဖုန်းဆိုးတောကို ညောင်နှစ်ပင်ဖုန်းဆိုးတောလို့ ခေါ်ကြတာပါပဲလေ ဘာပြုလို့တုန်းဟင် ...''

''ဪ ... ဘာရယ်မဟုတ်ပါဘူးကွယ် သိချင်လို့မေးကြည့်တာပါ''

''ဒီတစ်ကျောမှာတော့ ဒီညောင်နှစ်ပင်ဖုန်းဆိုးတောဟာ အကျယ်ဆုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com


သားကောင်အပေါ်ဆုံးဖြစ်သလို လူကို အန္တရာယ်ပေးတတ်တဲ့ အကောင်တွေလည်း အပေါ်ဆုံးပဲ ...၊ ရှေ့မှာ အန္တရာယ်များတာမို့ ဦးနားက သမီးသိပ်မခွာဘူးနော် ... သတိထား''

သူမပြောလိုက်သည့်စကားကြောင့် ကျွန်တော့်အတွေးတွင် –

''တောဆိုသည်က အခက်သားပါကလား ...၊ ပင်လယ်သမုဒ္ဒရာတို့ကဲ့သို့ မာယာများတတ်ကြသည်၊ တောတောင်များအတွင်း လူတွေကို အန္တရာယ်ပေးတတ်ကြသည့် သတ္တဝါများတွင် ကျားနှင့်ကျားသစ်တို့လို အကောင်မျိုးလည်း ပါဝင်ကြသည်၊ သို့သော် အခြားသောသတ္တဝါများကဲ့သို့ ဆင်ကန်းတောတိုး တရှူးထိုးတော့ဖြင့် မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် သူတို့အသိတွင် လူဆိုသည်က သူတို့ထက် ဉာဏ်ရည်သာသည်ကို သိရှိလက်ခံထားသည့်အတွက် ဖြစ်သည်။ သို့တိုင်အောင်ပင် လူသားတွေကလည်း ကျားဆိုသည့်အကောင်ကို ကျားဟုခေါ်လိုက်လျှင် ကျားကျားယားယားရဲစိတ်ဝင်သည့်အတွက် နာမ်နိမ် 'နှုတ်ခမ်းမွေး၊ နားရွက်တို၊ ခေါင်းပိုင်း၊ ဟင်းကောင်၊ ဟင်းမျိုး' စသည်ဖြင့် မုဆိုးများပင် နာမ်နိမ်ပြီး ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။ ကျားဟုခေါ်လိုက်မိလျှင် ထိုအကောင်သည် ရဲစိတ်ဝင်ပြီး လူတွေကို ပိုပြီးအန္တရာယ်ပေးလေ့ရှိသည့်အတွက်ကြောင့် ဖြစ်ပေသည်။ ကျွန်တော်က ထိုအချက်ကို စဉ်းစားတွက်ချက်လိုက်ပြီး သူမအတွက် ပိုမိုစိုးရိမ်လာခဲ့သည်မို့ –

''နိုင်မ .. နင့်မှာ ကျည်ဘယ်နှတောင့်ပါလာလဲ၊ ဘာကျည်တွေလဲကွဲ့''

''ဆယ်တောင့်ပါတယ်၊ လုပ်သီးတွေချည်းပါပဲ ...''

သူမပြောလိုက်သည့်စကားကြောင့် ဖခင်ဖြစ်သူ ဦးသန်းမောင် ဝံကုတ်ခံလိုက်ရသည့်အဖြစ် ကျွန်တော့်မျက်စိရှေ့တွင် ကျားသစ်နှင့်ရင်ဆိုင်ခဲ့ရသည့် အဖြစ်တွေကို မြင်လိုက်ပြီး ကျောပိုးအိတ်တွင် ယူဆောင်လာသည့် ပတ်ကားကျည်(PAKER) (၂၅)တောင့်ပါ တစ်ဘူး ထုတ်ပေးလိုက်ရင်း –

''နင့်ကျည်ဆံလုပ်သီးတွေ သိမ်းထား၊ ဒီကျည်ဆံတွေနဲ့ပဲပစ်နော်''

သည်ခရီးတွင် ကျွန်တော်ကိုင်ဆောင်ထားသည့် နှစ်လုံးပြူးကျည်ဆံနှင့် ပစ်ခတ်နိုင်သည့်သေနတ်က သူမကိုင်ဆောင်ထားသည့် တစ်လုံးထိုးသေနတ်ဖြစ်နေသည့်အတွက်ကြောင့်ပင်၊ အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်နှင့် လှမြင့်တို့ ကိုင်ဆောင်ထားသည့် သေနတ်များက ကျည်ချွန်များဖြင့် ပစ်ခတ်မှရသည့် သေနတ်များဖြစ်နေခြင်းကြောင့်ပင်။

တောလမ်းအတိုင်းလျှောက်လှမ်းနေကြရင်း နံနက်(၁၁)နာရီသာသာ ထမင်းစားချိန်ရောက်သောအခါ အရိပ်ရအပင်ကြီးတစ်ပင်အောက် နားလိုက်ကြပြီး ယူဆောင်လာသည့် ထမင်းထုပ်များကို ဗိုက်ဖြည့်စားသောက်ကြပြီး ခရီးကိုထွက်ဖို့ စတင်ချိန် အဘကောင်းက –

''လမ်းမှာတွေ့ရင် ဆတ်လိုအကောင်လောက်ကလွဲရင် မပစ်ကြနဲ့နော် ...၊ သေနတ်သံကြားသွားပြီး ပြေးကုန်ကြမှာစိုးလို့''

ကျွန်တော်တို့အဖွဲ့ ဆက်လက်လျှောက်လှမ်းခဲ့ကြရာ ညနေသုံးမောင်းခန့် စိုင်တစ်အုပ်နဲ့တိုးသည်။ တစ်ဆယ့်ငါးကောင်ခန့် အရွယ်ညီစိုင်အုပ်က ရေသောက်ဆင်းအလာ ကျွန်တော်တို့အုပ်စုက တစ်ဖက်တောင်ကုန်းပေါ်အတက်အဝေးမှလှမ်းမြင်တွေ့လိုက်ရခြင်းရယ်သာ။

စိုင်ဆိုသည့်အကောင်မျိုးက အိမ်မွေးနွားတို့ထက် ပိုကြီးသည်။ ညိုတိုတိုအရေးနှင့် လှသွေးကြွယ်သလို ခြေထောက်နှင့်လက်များတွင် အဖြူရောင်၊ ဦးချိုတို့ကလည်း ဝိုက်ညွှတ်လျက် ဖြူပြီး ပြောင်လက်ချောမွတ်နေသည်။ အမှုမဲ့ အမှတ်မဲ့ကြည့်က နွားနှင့်သဏ္ဌာန်တူသော်လည်း အသေအချာကြည့်က ကွဲပြားသည်။ မိနိုင်က –

''ဘယ်ကနွားအုပ် ဒီရောက်လာလဲမသိဘူး၊ မွေးနီရွာကများလားပဲ''

အထူးအဆန်းသဖွယ် ထိုအုပ်ကိုလိုက်ကြည့်ရင်း ပြောလိုက်သည်မို့ အစ်ကိုကြီးက –

''နွားမဟုတ်ဘူး မိနိုင်၊ အဲဒါပြောင်အုပ်ကွဲ့ ... မှတ်ထား''

စိုင်အုပ်နောက်ကိုလိုက်လံပြီး ပစ်ခတ်လျှင် ရနိုင်သော်လည်း ဦးတည်ရာဆီသို့ ဆက်လက်လျှောက်လှမ်းခဲ့ကြရာ ဦးတည်ရာဖုန်းဆိုးတောကြီးနှင့် ယှဉ်လျက် တောင်ကြီးထက်ဆီသို့ ရောက်ခဲ့ကြပေသည်။ အချိန်က ညနေပင်စောင်းနေပြီမို့ တစ်ညတာ နားခိုဖို့နှင့် ညနေစာချက်ပြုနေလိုက်ကြသည်။

ဖုန်းဆိုးတောကြီးကား တောင်ထက်မှလှမ်းမြင်တွေ့နေရသည်ကပင် ချောက်ချားဖွယ်ရာ အသွင်မျိုးပင်။ ကျွန်း၊ ပျဉ်းမ၊ ယေမနေ၊ အင်ကြင်း၊

www.burmeseclassic.com



တောင်ပိန်းနှင့် မလွှပင်တို့ ကျိုးတိုးကျဲတဲ ပေါက်ရောက်နေကြပြီး ကျောက်တုံး ကျောက်ခဲ၊ ခြတောင်ပို့တို့အကြား သက်ကယ်၊ ကျူ၊ ကိုင်း၊ မြက်ရိုင်းပင်တို့က ထူထူထပ်ထပ် ဗိတ်ဆီးနေကြသည်။

ကိုင်းပင်များထက် ကိုင်းပွင့်ဖြူဖြူတို့က လေအတိုးတွင် ယိမ်းထိုးနေကြပြီး ကျောက်တုံး၊ ကျောက်ခဲ၊ ကုန်းကမူတို့က ချုံနွယ်တောတို့အကြားတွင် မြင်တွေ့နေရသည်။ ညစာအတွက် ချက်ပြုတ်သည်ဆိုသည်ကလည်း ထွေထွေထူးထူးတော့မဟုတ်။ အိမ်မှယူလာသည့် ဆန်အနည်းငယ်ကို ဝါးဆစ်ပိုင်းအတွင်းထည့်ကာ ချောသားခြောက်အပြင် အနီးအနားမှ စားလို့ကောင်းမည့် အရွက်အညွန့်တို့ရောက်ကာပြုတ်လိုက်ခြင်းရယ်သာ။ ချောသားခြောက်ဖုတ်နှင့် ညနေစာကို စားလိုက်ကြပြီး မိခိုင်မှလွဲပြီး ကျွန်တော်တို့လေးယောက် အလှည့်ကျကင်းစောင့်ပြီး တစ်ညတာကုန်လွန်ခဲ့ကြပေသည်။

+ + +

နံနက်စောစော မိခိုင်ချက်သည့် ထမင်းနှင့်ဟင်းကို ဗိုက်ဖြည့်စားသောက်ကြပြီးသော်လည်း နေမပွင့်သေးသည့်အတွက် အောက်ကိုဆင်းလို့က မရသေး။ နေပွင့်တော့မှ တောင်ကုန်းဘေးတွင် ကပ်ပေါက်နေကြသော အပင်ငယ်များကို လက်နှစ်ဖက်ဖြင့် ထိန်းကိုင်ပြီး နောက်ပြန်ဆင်းကြလျက် ဖုန်းဆိုးတောဘက်ကို လျှောက်လှမ်းလာခဲ့ကြသည်။ ထိုစဉ် အာဘကောင်းက

"သေနတ်တွေ အသင့်ကိုင်ထားကြနော်၊ ငါထင်ထားတာထက် တောကပိုပြီးထူထပ်လွန်းတယ်၊ မြွေပါးကင်းပါးလည်း သတိထားကြ"

သူပြောလိုက်သည်ကလည်း မှန်သည်။ ဖုန်းဆိုးတောကြီး အောက်ကို ရောက်ပြီး အနီးကပ်ကြည့်လိုက်တော့မှ ကိုင်းပင်၊ ကျူပင်များသည် တုပ်ခိုင်သန်စွမ်းပြီး လူနှစ်ရပ်နီးပါး မြင့်မားသလို မြက်ရိုင်းပင်များ(ဆင်ငိုမြက်)တို့ကလည်း ထူထူထပ်ထပ်ဖြစ်နေကြသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ကြရသည်။

အာဘကောင်းက မိခိုင်လက်ညှိုးညွှန်ပြသည့်ဘက် အတွင်းပိုင်းကို လှမ်းကြည့်ကာ ရှမ်းဖက်လိပ်ကို မီးတို့ဖွာရှိုက်ပြီး အပေါ်ကို မီးခိုးလွှတ်ကြည့်တော့ မီးခိုးငွေ့တို့က ကိုင်းတောကြီးဘက်ဆီသို့ ရွေ့လျားသွားသည်ကို မြင်တွေ့ကြရသဖြင့် ကိုင်းတောကို ပတ်ပြီး သွားလိုက်ကြပေသည်။

လျှောက်လှမ်းကြရာ ဝဲယာတို့တွင် မြေပြင်ထက်၌ ခြေရာများတွေ့ရပြီး အချို့ခြေရာတွေနှင့်အတူ စွပ်ကြောင်းများကိုတွေ့ရကာ တစ်ခါတစ်ရံ ပုတ်အဲ့အဲ့အနံ့များကိုပါ ရလိုက်သဖြင့် အာဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်နှင့် ကိုလှမြင့်တို့က မဆိုးထိုင်ထိုင်ကာ ခြေရာရှင်ကို စူးစမ်းအဖြေရှာနေသည်။ ကျွန်တော်နှင့်မိခိုင်တို့နှစ်ယောက်က သူတို့ကိုစောင့်ရင်း ရပ်တန့်လိုက်သောနေရာသည် လေအောက်မှဖြစ်ပြီး ကိုင်းတောကြီးအတွင်းသို့ ဝင်ရာထွက်ရာ လမ်းကြောင်းကြီးတစ်ခုကိုလည်း တွေ့လိုက်ရသည်။ မြေပြင်တွင် သွေးစက်တို့ကျဆင်းပြီး စွန်းထင်းနေသည်ကို တွေ့လိုက်သော မိခိုင်က တံတောင်နှင့်တို့ထိကာ လက်ညှိုးထိုးပြနေပြန်သည်။

ထိုအချိန် သူတို့အကဲခတ်ကြည့်နေသည့် ခြေရာရှင်သည် ဘယ်လိုအကောင်မျိုးဆိုသည်ကို သဘောပေါက်သွားကြသည့်အတွက် နေရာမှထရပ်ပြီး ဝန်းကျင်ကို လိုက်လံကြည့်ပြီး တစ်နေရာကို လက်ညှိုးထိုးပြနေသည့်အတွက် ကြည့်လိုက်ရာ လဲပင်ကြီး၏ အကိုင်းထက်တွင် ယှိုင်နွဲ့ကာအုပ်မိုးထားသည့်ကိုင်းပင်၊ ကျူပင်၊ မြက်ပင်နှင့် ချုံနွယ်ပင်တို့အောက်တွင် ဝင်ထွက်ရာလမ်းကြောင်းသည် လိုဏ်ဂူပုံသဏ္ဍာန်မျိုး ဖြစ်နေပြီး လူဝင်မည်ဆိုပါက လေးဘက်ထောက်ဝင်ရမည့်အနေအထားမျိုးကို တွေ့လိုက်ရသည်။

ထိုနေရာနှင့် မနီးမဝေးတွင် ကိုင်းပင်ပါးရာဖြစ်သည့်အတွက် မြေပြင်တွင် သားကောင်ဝင်ထွက်ရာလမ်းကြောင်းကလေးကိုလည်း မြင်တွေ့လိုက်ရပြီး သွေးတို့ကိုလည်း မြင်ရသည်။ ကျွန်တော်နှင့်မိခိုင်တို့ ရပ်တန့်နေရာသည် ကျောက်တုံး၊ ကျောက်ခဲတို့ ထူထပ်သဖြင့် အပေါ်စီးကလည်းဖြစ် ပစ်ကွင်းကကောင်းနေသည်။ ထိုစဉ်

"ကစ် ... ကစ်"

အာဘကောင်းအသံကြောင့် လှည့်ကြည့်လိုက်တော့ သူလက်ညှိုးညွှန်ပြနေသည့် ပျဉ်းမပင်ကြီးထက်ကိုတက်ရန် အချက်ပြနေသည့်အတွက် ကျွန်တော်နှင့်မိခိုင်တို့ တက်ရောက်ပြီး ကိုင်းဆုံတွင် နေရာယူလိုက်ကြသလို သူတို့သုံးဦးကလည်း တက်ရောက်ကာ ကိုင်းဆုံများတွင် အသီးသီး နေရာယူလိုက်ရင်း လေသံနှင့် -

"ဒီကောင်တွေ အစာရှာရာက



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဝင်ကြသေးဘူး၊ စောင့်နေကြ''

ပျဉ်းမပင်ကြီးအကိုင်းများထက် (၁၅)ပေအမြင့်ကိုင်းဆုံ ကျွန်တော်တို့ (၅)ဦးသား မျက်နှာစာအသီးသီးကို ယူကာ သားကောင်တို့ဝင်လမ်းထွက်လမ်း ကိုင်းတောကြီးအပေါ်စီးကိုယူကာ သားကောင်တို့အပြန်လမ်းကို စောင့်စားနေလိုက်ကြသည်။

ပျဉ်းမပင်ကိုင်းဆုံထက် ထိုင်ကာနေရင်း ကျွန်တော် အဘကောင်းတက်ခိုင်းသဖြင့်သာ ယခုလိုတက်ရောက်စောင့်နေခြင်းကို ပြန်လည်စဉ်းစားနေလိုက်သည်။ လက်မှနာရီကိုကြည့်လိုက်တော့ (၈)နာရီပင် မထိုးသေး။ ကျွန်တော်သိထားသည်က မြန်မာပြည်တောအနှံ့ရှိ ကျက်စားသောသားကောင်ဆိုသည်က ညပိုင်းတွင်လှည့်လည်ရှာဖွေစားသောက်တတ်ကြပြီး လင်းပိုင်းတွင် ခိုအောင်းရာဆီ အရောက်ပြန်ဝင်တတ်ကြသည်။ ထိုသဘာဝကို သိရှိနားလည်ထားကြသော သားစားသတ္တဝါတို့ကလည်း သူတို့အာဟာရအတွက် ညပိုင်းတွင် လိုက်လံရှာဖွေကာ လင်းပိုင်းတွင် မိမိခိုအောင်းရာဆီ ပြန်ဝင်ရောက်တတ်ကြသည်က ထုံးစံပင်။

ယခု ကျွန်တော်တို့ ပျဉ်းမပင်ကြီးထက်သို့ တက်ရောက်နေရာယူ စောင့်ဆိုင်းသည့်အချိန်သည် နံနက်(၈)နာရီ မထိုးသေးသော်လည်း အစာရှာသားကောင်တို့ ပြန်ဝင်ချိန်လွန်နေသည့်အချိန်မျိုး။ ကိုယ့်ထက် တောအတွေ့အကြုံရင့်ကျက်သည့် အဘကောင်းလိုလူမျိုးကတော့ အဓိပ္ပာယ်မရှိသည့်လုပ်ရပ်မျိုးကို လုပ်မည့်သူမဟုတ်။ စောင့်ကြည့်ရပေဦးမည်။ သို့သော် မုဆိုးကြီးဦးသန်းမောင်ပြောလိုက်သည့်စကားထဲတွင် ထိုဖုန်းဆိုးတောကို လူသူအရောက်အပေါက်နည်းသည့်အတွက် အမဲသားကောင် ပေါများကြောင်းဆိုသည့်အချက်ပါနေသည့်အတွက် နေ့ပိုင်းလိုအချိန်တွင်ပင် ထိုနေရာသည် သားကောင်တွေ သွားလာလှုပ်ရှားမှုရှိနိုင်သည်ဆိုသောအချက်ကို တွေးတောရင်း စောင့်စားနေလိုက်သည်။

ကျွန်တော်တို့(၅)ဦးသား သစ်ပင်ထက် တစ်နာရီသာသာခန့် ငြိမ်သက်စောင့်စားနေလိုက်ကြစဉ်အတွင်း အပင် အောက်နီးနီးလောက်ဆီမှ ရင်တုန်လောက်အောင် ကပ်၍ထွက်ပေါ်လာသော ကျားဟိန်းသံကြီးကို ကြားလိုက်ရသည့်အတွက်ကြောင့် အပင်ထက်မှ ကျွန်တော်တို့အားလုံးလိုလို လန့်ဖျတ်သွားကြသလို စိတ်လှုပ်ရှားမှုကြောင့် ဝရုန်းသုန်းကားဖြစ်သွားလိုက်သည့်အခြေအနေကြောင့် အောက်တွင်ရောက်ရှိနေသည့်ကျားက မြင်တွေ့သွားဟန်တူသည်။ သေနတ်ကိုအသင့်ကိုင်ထားကြသည့် ကျွန်တော်တို့က အောက်မှ စောစောကကြားလိုက်ရသည့်သားကောင်ကို ချိန်ရွယ်ရင်း အလျှင်စလို လိုက်လံရှာဖွေနေလိုက်ကြသည်။

ကျွန်တော်တွေ့ပေပြီ။ တက်ရောက်နေရာယူထားသည့် ပျဉ်းမပင်ကြီးအောက် မလှမ်းမကမ်းကိုင်းတောကြီးအတွင်း ရိုးတိုးရိပ်တိတ်မို့ ပစ်ကွင်းက မသာသေး။ ကျွန်တော်နည်းတူ သူတို့လေးဦးကလည်း ‑အောက်ကိုငုံ့ကာရှာဖွေကြည့်ရှုနေကြစဉ် ချေတစ်ကောင်ကို ကိုက်ချီဆွဲယူလာသော သားကောင်



ကြီးသည် အစာကိုလွှတ်ကာ စောစော
က ကျွန်တော်နှင့်ခိုင်မတို့ ရပ်နေသည်
ကျောက်တုံးများဘက် တိုးသွားရင်း တ
အံ့တသြအပင်ထက်ကို မော့ကြည့်နေ
သည်။ ထိုနေရာသည် ဒူးဆစ်လောက်
သာရှိသော မြင်ပင်ရှည်များကြောင့် သူ့
ကိုယ်လုံးတစ်ဝက်ခန့် မြင်တွေ့နေကြရ
သည်မို့ ပါးစပ်ကြီးကို အစွမ်းကုန်ဖြ
ဝါးညစ်ညစ်မာန်စွယ်ကြီးတွေကို တွေ့
လိုက်ရသည့်အကောင်ကြီးကား သေး
သေးမဟုတ်။ ရှစ်တောင်ခန့်ရှိသည်မို့

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

ပေါက်ကွဲမြည်ဟိန်းသံကြီးနှင့်က
အောက်ကိုစိုက်ကာ ပစ်ခတ်လိုက်ကြရ
သည်မို့ ရွှေ့လျားတိုးတိုးသွားလင့်က



www.burmeseclassic.com

www.burmeseclassic.com





ကြရသော်လည်း တစ်ဦးမှမပစ်လိုက်ကြရဘဲ လက်လွှတ်လိုက်ကြရသည်။

နောက်ထပ် ထွက်လာနိုးဖြင့် ပျဉ်းမပင်ကြီးထက် ကျွန်တော်တို့ဆက်ပြီးစောင့်စားနေလိုက်ကြသော်လည်း နံနက်(၁၁)နာရီထိုးသည့်တိုင်အောင် ထူးခြားမလာသည့်အတွက် အဘကောင်းက –

---

ကျွန်တော့်ရင်တွင်း
ဘယ်လို
ဖြစ်သွားသည်တော့ဖြင့်
မသိ။
နောက်ကျောမှ
သေနတ်နှင့်ပစ်လိုက်သူ
မှဆိုးမလေးမိနိုင်ကို
ရင်ခွင်တွင်းသွင်းလိုက်ရင်း
နစ်လိုအားရစွာ
ထွေးပွေ့လိုက်မိ
ပေတော့သည်
...

စား ဝန်းကျင်ကိုတော့ တုန်ခါသွားစေသည်။ ထိမှန်ခြင်းခံလိုက်ရသော ကျားကြီးမှာ မြတ်ရိုင်းပင်များအကြားမှ အထက်ကို လူတစ်ရပ်စာခန့် မြောက်တက်သွားပြီး ပြန်ကျတော့ ကျွမ်းလိမ့်ထိုးကာ လူးလိမ့်နေသည်။ ထိုအချိန်နောက်တစ်ကောင်က မာန်ဖီလိုက်ရင်းကိုင်းပင်များအကြားမှ မော့ကြည့်နေပြန်သည်။ ထိုစဉ် –

"ဒိုင်း ... ဒိုင်း"

ကိုလှမြင့်နှင့် မိနိုင်တို့လက်မှ ပေါက်ကွဲသံကို ဆက်ကာကြားလိုက်ရသည်။ မြေပြင်တွင် ဒူးညွတ်လဲကျသွားသည့် ကျားကြီးမှာ လူးလိမ့်ရင်း ကိုင်းတောကြီးအတွင်း တိုးဝင်ပျောက်ကွယ်သွားသည်။

"ဒိုင်း ..."

ချုံတောကြီးအတွင်းမှ ပြေးထွက်လာသော ကျားပေါက်တစ်ကောင်ကို အစ်ကိုကြီးဦးသိန်းလွင်က ပစ်ခတ်လိုက်ရာ မြေပြင်တွင် လူးလိမ့်ရင်းမှ နီးစပ်ရာတောချုံပုတ်ကြီးတို့အကြား ပြေးဝင်မည်အလုပ် –

"ဒိုင်း"

မိနိုင်ထံမှ ပစ်ခတ်သံကို ကြားလိုက်ရပြန်သည်။ ထိမှန်ခံလိုက်ရသော ကျားမှ သစ်မြစ်ဆုံဝိုင်းကြီးကို ကျားနာခဲကိုက်ခဲရင်း ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပြန်သည်။

နောက်ထပ်ထွက်လာသည့် ကျားနှစ်ကောင်ကို ကိုင်းတောကြီးအကြားမှ ရိပ်ခနဲဖြတ်ပြေးသွားသည်ကို တွေ့လိုက်



www.burmeseclassic.com

''ဒီအတွင်းခိုနေတဲ့အကောင်တွေ တော့ သေနတ်သံကြားလို့ လစ်ပြေး ကုန်လောက်ပြီကွ၊ ဆင်းလိုက်ကြရ အောင်၊ ဟိုချုံတောကြီးအတွင်း တိုးဝင် သွားတဲ့အကောင်ကို ဝိုင်းလိုက်ကြမယ် ဟေ့ ...''

ကျွန်တော်အပေါ်စီးမှ လှမ်းကြည့် လိုက်သည်။ ပထမဆုံးပစ်လိုက်ရသော အကောင်ကြီးမှာ သွေးသံရဲရဲနှင့် လုံးဝ အသက်ပျောက်နေပြီမို့ စခန်းသိမ်းစရာ မလိုတော့။ သူကိုက်ချီဆွဲယူလာသည့် ချေသေတစ်ကောင်ပါ အဆစ်ရလိုက် သေးသည်။

နောက်တစ်ကောင်က သစ်မြစ် ဆုံကြီးကို ကျားနာခဲခဲလျက် အသက် ကင်းမဲ့နေပေပြီ။ သို့ဆိုလျှင် နောက် တစ်ကောင်က ဒဏ်ရာဖြင့် ချုံနွယ် တောကြီးအတွင်း တိုးဝင်ပျောက်နေ သည်။

အပင်အောက်ကိုဆင်းခဲ့ကြသည့် ကျွန်တော်တို့(၅)ဦးသား သေနတ်များ ကို ပစ်ခတ်ရန်အသင့်ချိန်ရွယ်လိုက်ကြ ရင်း ကိုင်းတော၊ ကျူတော၊ မြက်ရိုင်း ပင်တို့ ရှုပ်ထွေးနေသည့်အထဲ တိုးဝင် သွားသည့်ဒဏ်ရာရသားကောင်ကြီးကို လခြမ်းသဏ္ဍာန်ဝိုင်းကာ ရှာဖွေကြည့် လိုက်ကြသည်။ သေနတ်များကို ညာ လက်တွင်ကိုင်ရင်း ဒဏ်ရာရသား ကောင်ကြီး တိုးဝင်သွားသည့် ဂူ သဏ္ဍာန်ဖြစ်နေသည့် ဂလိုင်ပေါက်ကြီး အတွင်းသို့ ခဲလုံးများ၊ တုတ်တိုများနှင့် ပစ်ပေါက်ကာ ခြောက်လှန့်မောင်းထုတ် လိုက်ကြတော့ ဂူသဏ္ဍာန်ဖြစ်နေသည့် တွင်းပိုင်းဆီမှ ဖင်တစ်ပိုင်းကို ဒရွတ် ဆွဲလျက် ရှေ့လက်နှစ်ဖက်က မြေပြင် ကိုကုတ်ခြစ်တိုးထွက်ကာ ဒရွတ်ဆွဲ ထွက်ပြီး ကျွန်တော်တို့ဆီသို့ တိုးလာ နေသည့် ကြောက်ခမန်းလိလိ။ ဒေါသ သံ၊ နာကျည်းရန်လိုမာန်ဖီသံကို ပြု ရင်း ထွက်လာသည့်သားကောင်ကြီး၏ မျက်လုံးအစုံကြား ပစ်သွင်းလိုက်ပေ သည်။

''ချောက်''

သေနတ်သံအစား ကျည်အသံ က ပြတ်ပြတ်ထင်ထင်မို့ ဘယ်ပျောင်း ကို ဆွဲညှစ်လိုက်ပြန်တော့လည်း ထပ်မံ ထွက်ပေါ်လာသည့်အသံက –

''ချောက်''

ဘယ်ညာပျောင်းအတွင်းထည့် သွင်းထားသော ကျည်နှစ်တောင့်လုံး (ကျည်အ) များဖြစ်နေသလို သား ကောင်ကြီးကလည်း လက်တစ်ကမ်း ကျည်သစ်လဲချိန်မရ သေနတ်ကိုမြေ ပြင်ကိုပစ်ချလိုက်ပြီး အမဲလိုက်ဓား မြှောင်ကို ဆွဲထုတ်လျက် ရင်ဆိုင်ဖို့လုပ် နေစဉ် –

''ဒိုင်း''

ကျွန်တော့်နောက်ကျောဘက်မှ ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည် နှင့်အတူ ကျည်ခဲလုံးတို့က သားကောင် ကြီးမျက်လုံးအစုံကြား စုပြုံဝင်သွား လိုက်သည်ကို မြင်လိုက်ရသည်နှင့် အတူ သွေးများပန်းထွက်၍ မြေပြင်ကို ခေါင်းစိုက်သွားသည့်အဖြစ်ကို တအံ့တ သြမြင်တွေ့လိုက်ရသည်။ သားကောင် ကြီးကို ပစ်ခတ်လိုက်သူက ကျွန်တော့် အနီးမှမခွာဘဲ နောက်ယောင်ခံလိုက် နေသည့် မိခိုင်တစ်ယောက်ဖြစ်နေသည် ကို သိရှိတွေ့မြင်လိုက်ရခြင်းကြောင့်ပင်။

ကျွန်တော့်ရင်တွင်း ဘယ်လိုဖြစ် သွားသည်တော့ဖြင့်မသိ။ နောက်ကျော မှ သေနတ်နှင့်ပစ်လိုက်သူ မုဆိုးမလေး မိခိုင်ကို ရင်ခွင်တွင်းသွင်းလိုက်ရင်း နှစ် လိုအားရစွာ ထွေးပွေ့လိုက်မိပေတော့ သည်။

+ + +

သံပြတ်နှင့်တွန်လိုက်သော တော ကြက်ဖငယ်တို့အသံနှင့်အတူ ကျေး ငှက်သံတစာစာတို့မှအပ ဖုန်းဆိုးတော ကြီးကား ငြိမ်သက်နေသည်။ လေပြည် ညင်းတို့က ဖုန်းဆိုးတောကြီးအပေါ် ဝေ့ဝဲတိုက်ခတ်ရင်း တောင်မြင့်ကြီး ထက်ရှိ ကျွန်တော်တို့အဖွဲ့ကို ပွေ့ဖက် နမ်းရှုံ့နေသယောင်။

သည်အချိန်ကြခါမှ ဖုန်းဆိုးတော အထက် တောင်မြင့်ကြီးသည် ခါတိုင်း နေ့တွေထက် ပိုမိုသာယာနေသယောင်၊ သူ့အောက်ခြေ ကျားရဲပေါ်သော ဖုန်း ဆိုးတောကြီးသည်ပင် တောင်အထက် ကလှမ်းကြည့်နေလိုက်ကြသည့် အဖွဲ့ သားတွေအဖို့ ရွှေကော်ဇောကြီးတစ်ချပ် ဖြန့်ခင်းထားသည့်နှယ်။ သူ့ရင်ခွင်တွင် အန္တရာယ်ကောင်တွေ မရှိသယောင် ဆောင်လျက်။

ညင်သာစွာတိုက်ခတ်သည့် လေ ပြည်ကို အဆုတ်တွင်းရောက်သည့်တိုင် အောင် ရှူသွင်းလိုက်ကြပြီး ညောင်နှစ် ပင်ဖုန်းဆိုးတောကြီးကို နှုတ်ဆက်အ ကြည့်နှင့် ကြည့်လိုက်ကြပြီး ကျား(၃) ကောင်နှင့်ချေသေတစ်ကောင်ကို သယ် ဆောင်ရန်အတွက် လှည်းယူရန် ထွက် ခွာခဲ့ကြပေတော့သည်။

လေးတောင်



www.burmeseclassic.com

www.burmeseclassic.com




# စုံထောက်နိုင်ယာရို
# မောင်ယဉ်ကျော်

တစ်နိုင်ငံလုံးက ကျောင်းသူကျောင်းသားတွေအတွက်
၇ တန်း အောင်လက်မှတ်ကို အသက်နဲ့လဲပေးခဲ့တဲ့ ဟယ်ရီတန်နဲ့
မုဒိမ်းမှုကို အရှိန်အဝါတွေနဲ့ထိန်းခဲ့တဲ့
ကိုလေသာမှုဆိုး ရုပ်စပြုံတင်အတွင်းရေး



www.burmeseclassic.com

(၁)

အချစ်ကပြောတယ် ..

မေ့ပင်အောက်ရောက်လို့ မေ့နေပြီလားတဲ့။

မေးရက်လိုက်တာ ..။

မင်းနဲ့ပတ်သက်လာရင် မောင့်နှလုံးသားက မေ့ဆေးထိုးလို့မရဘူးဆိုတာသိရက်သားနဲ့။ မောင်ဟာ ပင်လယ်ကမ်းစပ်ပါ။ ပင်လယ်ရဲ့အကြောင်းကို အမြဲတမ်း နားစွင့်နေသူဆိုတာ ယုံပါ။

(၂)

အချစ်ကမေးတယ် ...

ဥပဒေအထက်မှာ ဘာရှိသလဲတဲ့။ ပြောနေကြတာပဲ။ ဥပဒေအထက်မှာ ဘာမှမရှိဘူးတဲ့။ တကယ်တော့ အဲဒီစကားလုံးဟာ ရုရှား၊ နေပြည်တော်၊ စိန့်ပီတာစဘတ်မြို့၊ အခုအခေါ်တော့ မော်စကိုပေါ့။ ဇာဘုရင်နဲ့ ဇာရီနာ မိဖုရားကြီးတို့ စိုးမိုးအုပ်ချုပ်နေချိန်တုန်းက ပေါ်ပေါက်ခဲ့တဲ့ ရပ်စပြူတင် လက်ထက်ထဲက အငြင်းပွားခဲ့ကြတဲ့ စကားပါ။

ရပ်စပြူတင်ဆိုတာ ပုဂံခေတ်မှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ အရည်းကြီးတွေလိုပဲ။ သူ့ရဲ့ ကာမဂုဏ်သောင်းကျန်းမှု အဘိဓမ္မာတရားက ကာမဂုဏ်ကို လွှတ်မြောက်ကြောင်း မဟောဘူး။ ဘာဟောပြောသလဲဆိုတော့ ကာမဂုဏ်ကို များနိုင်သမျှ များများခံစားကြရန်သာ ဟောတယ်။ ရှိသမျှ တဏှာရာဂကို ကာမဂုဏ်ခံစားမှုနဲ့ ဖြုန်းတီးပစ်ပါမှ ကုန်ခမ်းမယ်ဆိုတဲ့ ဝါဒကို တီထွင်လိုက်တဲ့လူ။ အဲဒါကို အများဆုံးယုံကြည်ကြတာက အမျိုးသမီးတွေ။

သူ့တရားကို ပုထုဇဉ်မှန်သမျှ နှစ်သက်ကြတော့ ကြာတော့ သူ့ကို ကိုးကွယ်ဆည်းကပ်သူများလာပြီး သူ့တရားကို လက်တွေ့ကျင့်သုံးဖို့ဆိုပြီး မကြာခဏ ကာမဂုဏ်ပွဲတော်တွေ ကျင်းပလေ့ရှိတယ်။ အဲဒီပွဲလာသမျှ မိန်းမယောကျ်ားတွေဟာ တိရစ္ဆာန်တွေလိုပဲ။ အပျိုအအို သူ့မယားကိုယ့်မယား မခွဲခြားမရှောင်ကြတော့ဘဲ ဆက်ဆံကြတဲ့ ဒီရပ်စပြူတင်တဲ့။ ကာမဂုဏ်ပွဲတော်ကြီးက ရောမရာဇဝင်ခေတ်မှာ အဆိုးဆုံးလို့ ပြောကြသတဲ့။ နီရိုးဘုရင်ခေတ်ပိုဆိုးတယ်လို့ ရေးကြပြောကြတယ်။

ရပ်စပြူတင်ဟာ တကယ်တော့ ဘာမင်းမျိုးမင်းနွယ်မှ မဟုတ်ဘူး။ ရုရှားပြည်အရှေ့ပိုင်း ဆိုက်ဘေးရီးယားပြည်နယ်ထဲက ရွာလေးတစ်ရွာက လယ်သမားတစ်ယောက်ပါပဲ။ သူက ငယ်စဉ်ကတည်းက မကောင်းမှုမျိုးစုံ

**ကိလေသာတရား၊ ကာမဂုဏ် များများခံစားပစ်မှ ကိလေသာများ ကုန်ခမ်းတယ်ဆိုတဲ့ တရားကိုဟောရင်း နာမည်ကြီး လူကြိုက်များလာတယ်။ မိန်းမတွေက ပိုယုံကြည်ပြီး သူ့ကိုပိုချဉ်းကပ်ကြတယ် ...**

www.burmeseclassic.com



က်စားခဲ့လို့ တစ်ရွာလုံးက အော့
ျာလန်ချဉ်ဖတ်ပဲ။

သူက မိုက်လည်းမိုက်တယ်။
ာက်လည်းသောက်တယ်။ မိန်းမ
က်စားတာကတော့ ကမ်းကုန်ပြီး
မကြွမ်းကြေတဲ့လူတဲ့။

သူက လယ်သမားပေမဲ့ လယ်
ုပ်ဘူး။ မြင်းလှည်းမောင်းတယ်။
ို မြင်းလှည်းမောင်းရင် တစ်နေ့
ာ့ ဘုန်းတော်ကြီးတစ်ပါးကို ရပ်
းလိုက်ပို့ပေးရင်း သူမှားခဲ့ မိုက်ခဲ့
ခဲ့တာတွေ ပြောပြပြီး သူနောင်တ
ဲ့အကြောင်း ဘုန်းတော်ကြီးကို
ျာက်ထားတယ်။ ဒီတော့ ဘုန်းတော်
းက သူ့ကျောင်းကိုခေါ်သွားပြီး သူ
ာသာနည်းနဲ့ အာပတ်ဖြေပေး
က်တယ်။

အဲဒီကျောင်းကနေပြန်လာတော့ ရွာစဉ်တစ်လျှောက် ရသေ့အဖြစ် လှည့်လည်သွားလာရင်း သူ့ရဲ့ မူရင်းဝါသနာ၊ ကိလေသာလိုက်စားရင် ကိလေသာတရား၊ ကာမဂုဏ်များများခံစားပစ်မှ ကိလေသာများ ကုန်ခမ်းတယ်ဆိုတဲ့ တရားကိုဟောရင်းနာမည်ကြီးလူကြိုက်များလာတယ်။ မိန်းမတွေက ပိုယုံကြည်ပြီး သူ့ကိုပိုချဉ်းကပ်ကြတယ်။

သူ့အကြောင်းရေးတဲ့စာထဲမှာ ဖတ်ကြည့်တော့ သူ့အသိုင်းအဝိုင်းက အုပ်ချုပ်သူ လူတန်းစားအထက်တန်းလွှာတွေများတယ်။ သူက ဘာပြောသလဲဆိုတော့ ကျုပ် ဆိုက်ဘေးရီးယားနယ်မှာတုန်းက မျက်နှာကြီးမိန်းမအတော်များများ ကျုပ်တပည့်ခံလာကြတယ်။ သူတို့က ဘုရားသခင်နား ရောက်အောင် ပို့ပေးပါဆိုလို့ ကျုပ် သူတို့ကို ရေချိုးခန်းထဲခေါ်ပြီး အဝတ်အစားတွေချွတ်ခိုင်းတယ်။ ပြီးတော့ ချေးတွန်းခိုင်းတယ်။ ဒီလိုအောက်တန်းအကျဆုံးအလုပ်ကိုလုပ်မှ သူတို့က ထာဝရဘုရားနဲ့ပိုပြီး နီးသွားတယ်လို့ ယုံကြည်ကြတယ်တဲ့။



ရပ်စပြူတင်က သူ့ဘဝတစ်လျှောက်လုံး မူးရူးနေတဲ့အချိန်တွေကများပြီး ကာမဂုဏ်မှိုင်ဝဲဖို့တစ်ခုပဲ သူကြိုးစားနေတယ်။ သူက ဘုရင်နဲ့ မိဖုရားကြီးတို့ရဲ့ ထောက်ခံလေးစားမှုရထားသူဆိုတော့ ခက်တယ်။

သူက အလိုတူတဲ့ မိန်းမတွေရဲ့ ကာမကိုသာမကဘဲ အလိုမတူတဲ့ မိန်းမတွေကိုပါသူက ရယူချင်တဲ့လူဆိုတော့ တစ်ခါမှာ အလိုမတူတဲ့နန်းတွင်းသူတစ်ဦးနဲ့ သီလရှင်တစ်ပါးကို သူက အလိုမတူဘဲ မုဒိမ်းကျင့်လိုက်တယ်။ ဟိုက မကျေနပ်လို့ တိုင်ကြပေမယ့် ထိရောက်တဲ့ပြစ်ဒဏ်မခံရဘူး။ အဲဒီမှာ ကတည်းက ဥပဒေအထက်မှာ ဘာမှ မရှိရဘူးဆိုပေမဲ့ ဥပဒေအထက်မှာ ဘာရှိတယ်ဆိုတာ လူတွေက သိနေခဲ့ကြတယ်။

ဒါဟာ ဟိုတုန်းကပါ ...

(၃)

အခုတလောက သံပိတ်တွေ မှောက်ကြ၊ ဆန္ဒတွေပြကြတော့ အချစ်ကမေးတယ်။ ဟယ်ရီတန်ကို သတိရသေးလားတဲ့။

www.burmeseclassic.com

ဘယ်လိုမေးလိုက်တာလည်း အချစ်ရယ် ‥ သိပ်သတိရတာပေါ့။ အချစ်နဲ့ ဗဟန်းစတာသတင်းစာတိုက်ရှေ့မှာ ပြေးရင်းလွှားရင်း ဆုံခဲ့ကြတာလေ။ တချို့က ဟယ်ရီတန်ဖူးစာလို့တောင် ပြောကြသေးတယ်။

အချစ်မှတ်မိသေးလား ‥

၁၉၅၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ၇ တန်းစာမေးပွဲကျင်းပတော့ ၂၂ ရက်နေ့မှာ ဖြေဆိုရမယ်။ အထွေထွေသိပ္ပံဘာသာမေးခွန်းပေါက်ကြားတယ်ဆိုပြီး စာမေးပွဲကြီးကြပ်သူတွေက ဗညာမင်းကြီး ဦးဘထွားထုတ်ပြန်တဲ့ ၇ တန်းစာမေးပွဲဖျက်သိမ်းကြောင်း အမိန့်ကို ကျောင်းသားတွေကို ဖတ်ပြတယ်။ ဒီလို ဖျက်သိမ်းတာနဲ့ပတ်သက်ပြီး ကျောင်းသားတွေ မကျေမနပ်ဖြစ်ကြရာက ဆန္ဒပြတာတွေပါ ဖြစ်ပါလေရော။

ဒီတော့ သက်ဆိုင်ရာတွေက ဆူပူကြတဲ့ ကျောင်းသူကျောင်းသားတွေကို ပုလိပ်အဖွဲ့နဲ့ ပစ်ခတ်နှိပ်နင်းခိုင်းရာ ကျောင်းသားသုံးယောက်ဒဏ်ရာရကြတယ်။ အဲဒီမှာ ၇ တန်းကျောင်းသားလေးဟယ်ရီတန်ဟာ ရတဲ့ဒဏ်ရာနဲ့ ၁၉၅၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မနက်မှာ သေဆုံးသွားတယ်။

၁၉၅၆ ခုနှစ်၊ သတ္တမတန်းအလယ်တန်းပညာသင်စာမေးပွဲမေးခွန်းပေါက်ကြားတာ အခိုင်အမာမသိလို့ ၁၉၅၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့က စတင်စစ်ဆေးခဲ့တဲ့ ၎င်းစာမေးပွဲများကို လုံးဝပယ်ဖျက်လိုက်ကြောင်းကို စာစစ်မင်းကြီးရုံးက ၂၂-၃-၁၉၅၆ ခုနှစ် နံနက်မှာ ကြေညာသလို ထပ်မံစစ်ဆေးမယ့်ရက်ကို နောက်မှ ထပ်မံကြေညာမယ်ဆိုတာလည်း ပါတယ်။

ဒီလိုလည်း ကြေငြာပြီးရော မြို့မ စာစစ်ဌာနရှိ ကျောင်းသားတွေက ပညာမင်းကြီးရုံးကို ချီတက်သွားပြီး ခဲတွေနဲ့ပေါက်ကြပါလေရော။ ဒီလိုကျောင်းသားတွေက ခဲတွေနဲ့လာပေါက်ကြတော့ ပြတင်းပေါက်ကမှန်တွေထိကွဲပြီး ခဲမိုးရွာတော့ ဝန်ထမ်းတွေလည်း ကြောက်လန့်ပြီး ထွက်ပြေးတာပေါ့။

ဒါနဲ့မပြီးသေးဘူး။ ကျောင်းသားတွေက ဒေါသတွေနဲ့ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ထဲမှာရှိတဲ့ ဘောင်ဒရီလမ်း(ခုတော့ဓမ္မစေတီ)လမ်းမှာရှိတဲ့ ဗဟန်းစတာသတင်းစာတိုက်ကို ဆက်ပြီး ချီတက်ကြပြန်ရော။

ဒီလိုချီတက်ကြတော့ အဲဒီတုန်းက ရန်ကုန်ရာဇဝတ်တရားသူကြီးဦးအုန်းဖေနဲ့ ရဲမင်းကြီးဦးမောင်မောင်တို့ဟာ အဲဒီနေရာကို ရောက်လာကြပြီး ကျောင်းသားတွေကို လူစုခွဲရာက ကျောင်းသားသုံးဦးဒဏ်ရာရကြတယ်။ ဒဏ်ရာရတဲ့ ကျောင်းသားတွေကို ဆေးရုံကြီးပို့ပြီး ကုသကြပြီး ညနေပိုင်းမှာ ခွပ်ဒေါင်းအလံတွေကိုင်ပြီး ဆူးလေစေတီဘက် ချီတက်ဆန္ဒပြကြတာပေါ့။

ဒဏ်ရာရသူသုံးယောက်အနက် တစ်ယောက်က သေဆုံးပြီး ကျန်နှစ်ယောက်မှာလည်း ဆေးရုံပေါ်မှာ


www.burmeseclassic.com

## ဟယ်ရီတန်က ကျည်ဆန်မှန်လို့ မတ်လ ၂၃ ရက်နေ့ ဆေးရုံမှာ ကွယ်လွန်ခဲ့သလို သူ့သေနတ်မှန်တဲ့နေရာမှာ ဘောင်ဒရီလမ်း (ယခုဗမ္မစေတီလမ်း) အထက(၁)ကျောင်းဝင်းနဲ့ ကမ္ဘာအေးဘုရားလမ်းထောင့် တောင်ဘက်အနီးမှာ ဟယ်ရီတန်ကျောက်တိုင် စိုက်ခဲ့ကြတယ် ...

အတွင်းလူနာဆိုတော့ မကျေမနပ် ဘရိတ်အုပ်မရအောင် ဖြစ်နေချိန် သူနေပိုင်းမှာ ဝန်ကြီးချုပ်ဦးနု၊ ပြန် ကြားရေးဝန်ကြီး ဦးထွန်းဝင်း၊ ဝန်ကြီး ဦးအောင်ပနဲ့ ရဲမင်းကြီးဦးခင်မောင်တို့ က ရန်ကုန်ဆေးရုံကြီးရောက်လာပြီး လူနာတွေကို ကြည့်ရှုအားပေးကြပြီး အဲဒီနေ့ညနေ မြန်မာ့အသံရေဒီယိုက နေ ညဘက်သတင်းအပြီးမှာ နိုင်ငံ တော်ဝန်ကြီးချုပ်မိန့်ခွန်းပြောမည့် အကြောင်းကို ကြားဖြတ်ကြေငြာလိုက် တယ်။ ဒီလိုကြေညာချက်က ဆန်းနေ တော့ ဘာများကြေညာမှာလဲလို့ အားလုံးက စိတ်ဝင်စားပြီး စောင့်ပြီး နားထောင်ကြည့်တဲ့အခါ ဝန်ကြီးချုပ် ဦးနုက ..

စိန်ပေါ်ကျောင်းသား ဟယ်ရီတန် သေဆုံးရမှုအတွက် ကျောင်းသားမိဘ တွေအားလုံးနဲ့ ပြည်သူတစ်ရပ်လုံးကို တောင်းပန်ပါတယ်လို့ လေသံပျော့ပျော့ လေးနဲ့ စတင်ပြောပြီး ဒုတိယမိန့်ခွန်း အနေနဲ့ မေးခွန်းရထားပြီး ဖြေဆိုသော ကျောင်းသားနှင့် မေးခွန်းမရဘဲဖြေဆို သောကျောင်းသားများကို အခွင့်အရေး ကွာဟမှုမရှိစေရန် မြန်မာတစ်နိုင်ငံလုံး ရှိ ခုနစ်တန်းဖြေဆိုကြတဲ့ကျောင်းသား ကျောင်းသူအားလုံးကို တစ်ပြေးညီ စာမေးပွဲအအောင်ပေးလိုက်ကြောင်း ကြေညာလိုက်ပါတယ်။

ထိုကာလက အတန်းတင်စာမေး ပွဲတွေကို မတ်လအတွင်း၌ စစ်ဆေးပြီး လေးတန်းစာမေးပွဲနဲ့ ခုနစ်တန်းစာမေး ပွဲတွေကို ပညာရေးဌာနက ဘုတ်အဖွဲ့ နဲ့စစ်ဆေးခဲ့ပြီး အတန်းတင်စာမေးပွဲ ကို အရပ်အခေါ် အစိုးရစစ်ဟု ခေါ်ကြ တဲ့အချိန်။

ဟယ်ရီတန်က ကျည်ဆန်မှန်လို့ မတ်လ ၂၃ ရက်နေ့ ဆေးရုံမှာ ကွယ် လွန်ခဲ့သလို သူ့သေနတ်မှန်တဲ့နေရာမှာ ဘောင်ဒရီလမ်း(ယခုဗမ္မစေတီလမ်း) အထက(၁)ကျောင်းဝင်းနဲ့ ကမ္ဘာအေး ဘုရားလမ်းထောင့်တောင်ဘက်အနီးမှာ ဟယ်ရီတန်ကျောက်တိုင်စိုက်ခဲ့ကြတယ်။ ၂၃ ရက်နေ့ နေ့လယ် ၁၂ နာရီ မှာ ကြံတောသုသာန်သို့ ကျောင်းသူ ကျောင်းသား အရပ်သူအရပ်သား ၂၀၀၀ ကျော် လိုက်ပို့ကြပါတယ်။

ထိုဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျောင်း သားတွေနဲ့ ရဲအဖွဲ့တို့၏ ပဋိပက္ခနဲ့ပတ် သက်ပြီး စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်တရား လွှတ်တော် တရားရေးဝန်ကြီးများပါဝင် တဲ့ စုံစမ်းရေးအဖွဲ့ကို ဖွဲ့၍ အတွင်းရေး မှူးအဖြစ် တရားမရုံးဝန်ထောက် ဦး မောင်မောင်ကြည်(B.A.B.L)ကို အစိုးရ က ခန့်ထားပါတယ်။

ဗမာ့ခေတ်သတင်းစာ အယ်ဒီ တာချုပ်ဦးသောင်းနဲ့ အယ်ဒီတာအဖွဲ့ ဝင် ဦးကိုကိုလေးတို့အား အစိုးရစာရွက် စာတမ်း လုံခြုံရေးအက်ဥပဒေပုဒ်မ ၅(၂)အရ ဗဟန်းရဲစခန်းမှ အရေးယူ ပြီးနောက် ဦးသောင်းနဲ့ ဦးကိုလေးတို့ အား ငွေကျပ် ၂၀၀၀ အာမခံနှင့် ပြန် လွှတ်ပေးခဲ့တယ်။

သတင်းစာတိုက်ကိုလည်း ရက် အကန့်အသတ်မရှိ ပိတ်လိုက်တယ်။

**ကဲ .. ဒီလတော့ ဒီမျှနဲ့ နားဦးမယ်။ အချစ်နဲ့အတူ စုံထောက်ပတ်သူတိုင်း ဗဟုသုတ ပြည့်စုံကြပါစေ။**

**မောင်ယဉ်ကျော်**



www.burmeseclassic.com

www.burmeseclassic.com





စာမျက်နှာ ၁၇၁
မောင်ဆွေ(တောင်ငူ)မှစာဆက်

အခု မောင်နိုင်ကပြောတယ်၊ သူ့ကျွဲမတဲ့၊ အမြှုမတဲ့၊ ကလေးမမွေးဘူးတဲ့ ...၊

ငါ့အခိုးခံရတဲ့ ငါ့ကျွဲမက ကိုယ်တစ်လခွဲပါသွားတယ်၊ နောက်သုံးလလောက်ဆို သားပေါက်ပြီ၊ အဲကျရင် ငါ့ကျွဲပဲ၊ ရွာလူကြီးမှတ်တမ်းတင်ပေးထားပါ ..."

"ဟာ ... ဒါဆိုရှင်းတာပေါ့၊ ဟုတ်တာပေါ့ ... ကလေးမမွေးရင် မောင်နိုင့်ကျွဲမ၊ အကယ်၍ ကလေးမွေးလာရင် စောဒိုးမောင်ရဲ့ကျွဲမပေါ့၊ စိတ်ချ ... ဦးစောဒိုးမောင်ရေ၊ ဒီကနေ့အခုပြောတဲ့ နှစ်ယောက်စကားကို ကျုပ်တို့ မှတ်တမ်းတင်ပေးထားမယ်"

"ကဲ ... ဒါဆို ပြန်ကြမယ်ဟေ့"

+++

"ဗျို့ .. ဖထီးစောဒိုးမောင်၊ မောင်နိုင့်လက်ထဲက ခင်ဗျားရဲ့ကျွဲမ ချိုကြက်နင်းတော့ သားပေါက်ပြီဗျို့၊ ဒီကောင် မောင်နိုင် ကျွဲသူခိုးဗျ၊ လူလိမ်လူကောက်၊ အခု အဲဒီကျွဲသားအမိကို လက်ပံရွာက ဦးပန်းမောင်ဆီ (၄)သိန်းနဲ့ရောင်းစားထားတယ်လို့ ကျုပ်ကြားခဲ့တယ် ..."

"သူတော်ကောင်း နတ်ကောင်းမတာပဲဝေ့ ...၊ ဒီကောင် မောင်နိုင် ရွာလူကြီးတွေနဲ့ အသေအချာ မှာထားလျက်နဲ့ စည်းကမ်းချိုးဖောက်တာ၊ ဒါမျိုးတော့ ဘာရမလဲ၊ ရဲကိုသွားအကြောင်းကြားပြီး ဖမ်းခိုင်းရမယ်၊ ဒါမှ နောင်မလုပ်ရဲမှာဝေ့ ..."

ဦးစောဒိုးမောင်စိတ်ဆိုးလေပြီ။ အချင်းဖြစ်အကြောင်းရာနှင့်ပတ်သက်၍ ရဲစခန်းသို့သွားရောက်အမှုဖွင့်တိုင်ကြားလိုက်သဖြင့် မောင်နိုင်မှာ ကျွဲခိုးမှုဖြင့် ဖမ်းဆီးခံလိုက်ရပါတော့သည်။

+++

"ဇာတ်လမ်းကတော့ အဲဒါပဲ ကိုဆွေရေ ...၊ မဟောသဓာဇာတ်တော်မှာတော့ နွားတရားစီရင်ခန်းပေါ့ဗျာ၊ အခုကိစ္စမှာကတော့ ကျွဲတရားစီရင်ခန်းပေါ့ ... ဟဲ ... ဟဲ ...၊ လူလိမ်လူကောက်၊ အချောင်သမားဆိုတာကတော့ ဒီလိုပဲလေ တစ်နေ့နေ့မှာ ဥပဒေစက်ကွင်းကို သက်ဆင်းရမှာအမှန်ပဲ၊ အမှုကို ဒုရဲအုပ်လှစိန်က အမှုစစ်ပေါ့ဗျာ ... သူ့ဆီမှာ သိချင်တဲ့အချက်အလက်ကလေးတွေ ရှိသေးရင် သွားထပ်ယူလိုက်ပါ ..."

"ရပြီဆရာ ... ဒါလောက်ဆိုရင် ကျွဲတရားစီရင်ခန်းက ပြည့်စုံအ လောက်ရှိသွားပြီ၊ သို့ပေမဲ့ ပေါက်ထဲ ကျွဲက အထီးလား၊ အမလား မေး ကြည့်ရဦးမယ်၊ ဆရာရော သိလား"

"အထီးကလေးနဲ့တူတယ်"

"သေချာလားဆရာ"

"ကိုယ်တိုင်သေချာသိချင်ရင် တော့ သွားကြည့်လိုက်လေ"

"ဘယ်မှာလဲဆရာ"

"ညာတလူမှာ ..."

စခန်းမှူး၏အဖြေစကားက မို တိုင်စန်၏လက်သီးချက်အလား အရှိ ကိုထိသွား၏။

"အွန် ... မမေးတော့ပါဘူးဗျ

ညာတလူးရွာကား ပဲခူးရိုး တောင်ခြေ၌ရှိလေသည်မို့ ကိုယ်တို သွားကြည့်လျှင် တောင်ငူမြို့ အနောက်ဘက် ပဲခူးရိုးမတောင်ပေါ ထိ မိုင်(၂၀)ခန့် ခြေလျင်လျှောက်ရ မည်မို့ ထိုသို့သောစွန့်စားခန်းအ မလုပ်ဆောင်တော့ပါဟု ဆုံးဖြတ်ချ ချလိုက်ရပါတော့သတည်း။

မောင်ဆွေ(တောင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

ယခင်လမှအဆက်

သူ့အစွဲနဲ့သူမို့လားမသိ။

ထိုညမှာ တင်အောင်မြင့်ပြဿနာတက်သည်။

ကျွန်တော်တို့က ညနေဘက်အပြင်ထွက်လည်ပြီး ညပြန်အိပ်တော့ နေ့လယ်က ရထားစီးခဲ့ရသည်နှင့် ပင်ပန်းကာ တစ်ချိုးတည်းအိပ်ပျော်သွားကြ၏။

"ဒုန်း ..ဒုန်း ..ဒုန်း"

"ဝုန်း ..ဝုန်း ..ဝုန်း"

ကျွန်တော်တို့အိပ်ကောင်းတုန်းတဒုန်းဒုန်းတဝုန်းဝုန်းအသံများကြောင့် လန့်နိုးလာကြသည်။ တံခါးရွက်ကို ထုနေခြင်းဖြစ်၏။

"သီဟ ..သီဟ"

"ကျော်မင်း"

ခေါ်သံလည်းကြားရ၏။ တင်အောင်မြင့်အသံဖြစ်သည်။ သူ့အသံတွေမှာ ကြောက်လန့်ခြင်းဖြင့် တုန်နေ၏။

ကျွန်တော်တို့ ကပျာကယာထ၍ တံခါးဖွင့်ပေးလိုက်သောအခါ သူအခန်းတွင်း အဆောတလျင် တိုးဝင်လာသည်။ သူ့မျက်နှာဖြူဖျော့နေ၏။

"ဘာဖြစ်လို့လဲ တင်အောင်မြင့်"

"အိပ်လို့မရဘူးကွ"

"ဘာဖြစ်လို့ အိပ်မရတာလဲ"

"ငါ့ခြေထောက်ကို တစ်ယောက်ယောက်က လာလာဆွဲတယ်"

"ဟေ ..ဟုတ်ရဲ့လားကွာ။ မင်းအိပ်မက်မက်ပြီး ယောင်နေတာလား"

ကျွန်တော်တို့က မယုံကြ။

"မဟုတ်ဘူး တကယ်ပြောတာ။ အမွှေးနံ့လိုလိုအနံ့တစ်ခုလည်းရတယ်"

ကျွန်တော်က နောက်ချင်စိတ်ကြောင့် ..

"ဟာ ..ဒါဆို သရဲမချောချောလေးဖြစ်မယ်။ မင်း ကံကောင်းတာပဲ"

"မဟုတ်တာမပြောနဲ့ကွာ။ ငါအတည်ပြောနေတာ"

"ဒါဆို ငါတို့ လိုက်ကြည့်မယ်"

ကျွန်တော်နှင့်ကျော်မင်း သူ့အခန်းကို သွားကြည့်ကြသည်။ ဘာနံ့မှမရ။ ဘာအရိပ်အယောင်မျှမမြင်။

"ဘာမှမဟုတ်ပါဘူးကွာ။ မင်းစိတ်ချလက်ချအိပ်ပါ"

ကျွန်တော်က ဖျောင်းဖျ၏။

"ငါ မအိပ်ရဲတော့ဘူး။ ငါ မင်းတို့နဲ့လာအိပ်မယ်။ ဒါမှမဟုတ် မယုံရင် မင်းတို့အဲဒီအခန်းမှာ အိပ်ကြည့်"

တစ္ဆေသရဲကို မကြောက်တတ်သော ကျွန်တော်က ..

"ငါ သွားအိပ်ရဲရင် မနက်ဖြန် မင်း ငါ့ကို လက်ဖက်ရည်တိုက်မလား"

မေးလိုက်သည်။

"ထမင်းပါ ကျွေးမယ်"

"သေချာတယ်နော်"

"ကျော်မင်း သက်သေရှိပါတယ်ကွာ"

သို့ဖြင့် ကျွန်တော် သူ့အခန်း (၁၃)မှာသွား၍အိပ်ပြီး သူက ကျွန်တော့်အခန်းမှာ ကျော်မင်းနှင့်အိပ်ကျန်သည်။

ပြင်ဦးလွင်၏ အအေးဓာတ်နှင့် ထိုညက ကျွန်တော် အိပ်ကောင်းလိုက်သည်မှာ ပြောစရာမရှိ။ မနက် သိန်းဦးလာနှိုးမှ နိုးသည်။

မည်သူမျှ ခြေထောက်လာမဆွဲ။

မည်သည့်အနံ့မျှမရ။

တင်အောင်မြင့်ဟာ သူ့ကတိအတိုင်း ကျွေး၏။

**ငါ့ကို မွေးတဲ့ ဆရာဝန်မအမည်က ဒေါ်သီတာ။**

**ဒေါ်သီတာဆိုတာက ပေါင်းရင်**

**၆ + ၇ = ၁၃ = ၄ ရတာပေါ့ကွာ။**

**ငါ့အဖေနဲ့အမေကွဲတာ အဲဒီဆရာဝန်မကြောင့်။**

**ငါ့အဖေနဲ့အမေကွဲတာ**

**ငါမွေးတဲ့ (၄)ရက်နေ့ ...**



www.burmeseclassic.com

www.burmeseclassic.com



သိန်းဦးကမူ ..

"ဟော့ကောင် သီဟ၊ အဲဒါ မင်း သူ ပတ်တီးချတာကို ခံလိုက်ရတာ"

ဟု ဆိုသည်။

"ဘာဖြစ်လို့လဲကွ"

"သူက အဲဒီအခန်းမှာ မနေချင်လို့ ဉာဏ်များပြီး မင်းနဲ့လဲတာ။ ဟုတ်တယ်မဟုတ်လား တင်အောင်မြင့်"

တင်အောင်မြင့် ပြုံးစိစိလုပ်နေ၏။

ကျွန်တော် သဘောပေါက်သွားဖူး သူ့ကို ဆဲမိသည်။

"ခွေးကောင် .. မင်း တွေ့ဦးမယ်"

+++

ပြင်ဦးလွင်မှာ လည်ပတ်နေထိုင်ပြီး ပြန်ဆင်းဖို့ စီစဉ်သောအခါ တင်အောင်မြင့်က ရထားနှင့်မဆင်းရဲဟု ဆိုသောကြောင့် ကားနှင့်ပြန်ရန် ဆုံးဖြတ်ကြသည်။

ဆလွန်းအငှားကားလေး ငှားကြ၏။

"ဟော့ကောင်တွေ ဂဏန်းပေါင်းရင် "၄"ရတဲ့ကားကို မငှားနဲ့နော်"

တင်အောင်မြင့်က ကားသွားငှားသော ကျွန်တော်နှင့်သိန်းဦးကို မှာသည်။

"အေးပါကွာ"

ကျွန်တော်တို့က ကားဂိတ်မှာ တင်အောင်မြင့်မှာလိုက်သည့်အတိုင်း ကားကို လိုက်ရှာ၏။ ဆန့်ကျင်ဘက်ပါ။ ကားနံပါတ်ကိုပေါင်းလျှင် "၄" ကျသည့်ကား ရပါ၏။ ကားနံပါတ် ၁၉၁၂။ ပေါင်းလိုက်လျှင် "၄"။

သို့သော် တင်အောင်မြင့်က ထိုနံပါတ်ကို မြင်လျှင် စီးမှာမဟုတ်တာ သေချာသည်။ ထို့ကြောင့် ကွမ်းယာဆိုင်မှ ထုံးတောင်းကာ ကားဆရာလည်းမသိအောင် "၁"ကို ပိတ်လျက် "၀" လုပ်လိုက်သည်။ ၁၉၀၂ ဖြစ်သွားကာ ပေါင်းလိုက်လျှင် "၃"။

ကားကို တည်းခိုခန်းခေါ်သွားတော့ တင်အောင်မြင့်က နံပါတ်ကြည့်ပြီး လက်ခံသည်။

ကျော်မင်းက အနားကပ်လာကာ ...

"သီဟ ငါ တင်အောင်မြင့်အိတ်ထဲက အရုပ်ကိုယူပြီး လွှင့်ပစ်လိုက်ပြီ။ မရှိတော့ဘူး" ဟု တိုးတိုးပြောသည်။

"ကောင်းတယ်"

ကျွန်တော်တို့ သူ့အစွဲကိုချွတ်ဖို့ ဝိုင်း၍လုပ်ကြံကြခြင်းဖြစ်သည်။

မန္တလေးရောက်လျှင် ပြောရမည်။

"တွေ့လား တင်အောင်မြင့်။ ကားနံပါတ် ၁၉၁၂။ ပေါင်းလိုက်လျှင် "၄"။ ပြီးတော့ မင်းအရုပ်လည်း မရှိတော့ဘူး။ ကဲ ငါတို့ဘာဖြစ်လဲ။ မင်း အယူသီးတာတွေ စွန့်လိုက်တော့"

သည်သို့ ပြောကြမည်။

သို့သော် ..

မန္တလေးပြန်ဆင်းမည့်ဆဲဆဲကျမှ ကျော်မင်းထံ ပြင်ဦးလွင်မှ သူ့သူငယ်ချင်းတစ်ယောက် ပေါက်ချလာကာ နေခဲ့ရန် အတင်းခေါ်၏။ သူလည်း တစ်ရက်နှစ်ရက်နေလျှင် ရန်ကုန်ဆင်းမှာ။ အတူတူဆင်းကြမည်ဟု မရမနေ အနိုင်ကျင့်ခေါ်သောကြောင့် ကျော်မင်းခမျာ ကျွန်တော်တို့ကို အားနာနာနှင့် ထားခဲ့ကာ လိုက်ပါသွားရ၏။

ကျွန်တော်တို့ကိုပါ နေခိုင်းပါသေးသည်။ ကျွန်တော်တို့က မနေနိုင်တော့၍ ငြင်းလိုက်ခြင်းဖြစ်သည်။

ကားနှင့်ဆင်းလာမှ ကျွန်တော် စဉ်းစားကြည့်တော့ ယခုမှ "၄"ဖြစ်သွားသည်ပဲ။ ကားဆရာရယ်၊ တင်အောင်မြင့်ရယ်၊ သိန်းဦးရယ်၊ ကျွန်တော်ရယ်။

လူကလည်း "၄"ယောက်။ ကားနံပါတ်ကလည်း "၄"။

ကျွန်တော်တို့စိတ်ထဲမှာတော့ ဘာကိုမှမဉပါဒ်ပါ။ စနိုးစနောင့်လည်းမဖြစ်ပါ။ တင်အောင်မြင့်ကလည်း သူ့တွင် အရုပ်ပါသည်အထင်နှင့် "၄" ယောက်မဟုတ်ဟု ယူဆနေသည်။ ပြီးတော့ သူ့အမြင်မှာ ကားနံပါတ်ကလည်း "၄"မဟုတ်။

သို့သော် ..

မည်သို့ပြောရမည်မသိ။

ကျွန်တော်တို့ကား မန္တလေးနားချဉ်းကပ်လာမှ ကားက ဘရိတ်ပေါက်၍ ထိန်းမရဖြစ်ကာ အကွေ့တစ်ခုတွင် တိမ်းမှောက်ခဲ့ပါတော့သည်။

+++

သည်တစ်ခါတော့ အဆိုးထဲမှ အကောင်းဟု ဆိုရပါမည်။

မည်သူမျှ ပြင်းစွာထိခိုက်မှုမရှိ။

ကားက ချောက်ထဲထိုးကျကာ ကျောက်တုံးတစ်ခုနှင့်တိုက်မိပြီး တုံးလုံးဖြစ်သွားကာ ကျွန်တော်တို့လည်း ကားထဲမှာ ပိညပ်ကုန်ကြသည်။

ထိပ်ပေါက်၊ ခေါင်းပြပုံစံများဖြင့် ကျွန်တော်တို့ ကားထဲမှ တိုးထွက်ကြရ၏။ ကျွန်တော်က နဖူးမှာ ဒဏ်ရာ၊ သိန်းဦးက ခြေထောက်မှဒဏ်ရာ၊ ကား



www.burmeseclassic.com

www.burmeseclassic.com





ဆရာကလည်း ပါးမှာ ဒဏ်ရာ၊ တင်အောင်မြင့်က လက်မှာ ဒဏ်ရာ။

သို့သော် ..

တင်အောင်မြင့်၏လက်က အလွန်ပင်နာကျင်နေသဖြင့် ကျိုးသွားသည်ဟု ယူရ၏။ အခြားကားများ ရောက်ရှိလာကာ ကျွန်တော်တို့ကို ဆေးရုံပို့ပေးကြသည်။

ဆရာဝန်က စစ်ဆေးလိုက်သောအခါ ကျွန်တော်တို့က ဆေးထည့် ပတ်တီးစည်းဖြင့် ပြီးသော်လည်း တင်အောင်မြင့်က လက်ဖျံရိုးကျိုးသွား၍ ကျောက်ပတ်တီးစည်းရ၏။

ဆေးရုံရောက်မှ တင်အောင်မြင့်က သူ့အရုပ်မရှိကြောင်း သိသည်။

"ဟာ ငါတို့က လေးယောက်ကိုးကွ"

သည်မှာ ကားနံပါတ်ကိုစွပါ သူသိသွားပြီး ..

"မင်းတို့ တော်တော်ဆိုးတဲ့ကောင်တွေ၊ ဒါ မလုပ်ကောင်းဘူးကွ။ ကဲ .. အခု မင်းတို့ကိုယ်တွေ့ပဲ။ ငါတို့ မသေမပျောက်တာ ကံကောင်းတယ်"

တင်အောင်မြင့်က ကျွန်တော်တို့ကို အပြစ်တင်သည်။

ကျွန်တော်နှင့်သိန်းဦး ဘာမျှဆင်ခြေမတတ်နိုင်။

ဖြစ်ချင်တော့ ..

တင်အောင်မြင့်၏ ခုတင်နံပါတ်က ၁၃။

တင်အောင်မြင့်ကို ကျောက်ပတ်တီးစည်းကုသပေးသော ဆရာဝန်က ဒေါက်တာဦးကိုကို။ ဂဏန်းအားဖြင့် ပြောရလျှင် ကိုကို– ၂ + ၂ = ၄။

ကျွန်တော်တို့ ချေပစရာတစ်ကွက်ရသွား၏။

"ဒါက တိုက်ဆိုင်မှုပါကွာ။ ကဲ .. ငါပြောမယ်။ မင်း ခုတင်နံပါတ်က (၁၃) ပေါင်းရင် (၄)ရတယ်။ မင်းတို့ကုပေးတဲ့ ဆရာဝန်ကလည်း (၄)ပဲ။ ဒီတော့ မင်းကို ကျန်းမာချမ်းသာအောင် လုပ်ပေးတာ။ (၄)ဂဏန်းမဟုတ်လား"

သူ တစ်ချက်တွေသွား၏။ နှုတ်လည်းဆိတ်သွား၏။

သို့သော် ..

ရန်ကုန်ပြန်ရောက်ပြီး ကျောက်ပတ်တီးဖြည်သောအခါ အရိုးကမဆက်။ အရိုးလွဲနေ၍ မဆက်ခြင်းဖြစ်၏။ လက်ကို နောက်တစ်ကြိမ်ပတ်တီးပြန်စည်းရ၏။ ခွဲစိတ်ကာ အရိုးကို ပြန်၍ တေ့ဆက်ပြီးမှ စည်းရခြင်းဖြစ်သည်။

"အဲဒါ မင်းတို့ကြောင့်ပဲ။ စပြီးခရီးသွားကတည်းက (၄)ယောက်။ ပြန်လာတော့ ကားက(၄)ဂဏန်း။ စီးလာတာက (၄)ယောက်။ ဆေးရုံရောက်တော့ ခုတင်က (၁၃)။ ဆရာဝန်က (၄)။ တွေ့လား ငါဖြစ်ရတာ အဲဒါကြောင့်"

တင်အောင်မြင့်၏ အစွဲကား ပို၍ကြီးသွားလေတော့သည်။

+++

သူ့မိခင်စေ့စပ်ပေးသော မိန်းကလေးနှင့်ပတ်သက်၍လည်း သူ၏ အစွဲအလမ်းကြီးမားပုံကို ကျွန်တော်တို့ တွေ့ခဲ့ရ၏။

မိန်းကလေးအမည်က နှင်းပွင့်ဦး။ ရုပ်ရည်ကလည်း ချောသည်။ ပညာတတ်လည်းဖြစ်သည်။ ငွေကြေးဥစ္စာလည်း ကြွယ်ဝသည်။ ဆွေမျိုးအသိုင်း

www.burmeseclassic.com



အဝန်းကလည်း အဆင့်အတန်းမြင့်မြင့် ထဲကဖြစ်သည်။ သူမ၏ မိဘများသည် ပင် ဓာတ်မှုဓာတ်ပိုင်ရှင် လူကုံထံများ။

ပြီးတော့ နှင်းပွင့်ဦး ကိုယ်တိုင်က လည်း ဂုဏ်ဗန္ဓေသိက္ခာရှိသည်။

ထို့ကြောင့် သူ့မိခင်က သဘော ကျ၏။ လူကြီးချင်း ရင်းနှီးသည်မို့ သူ့ မိခင်က တင်အောင်မြင့်နှင့် စကား ကမ်းလှမ်းကြည့်ရာ တစ်ဖက်ကလည်း သဘောကျလက်ခံသည်။

ကျွန်တော်တို့ကလည်း တင် အောင်မြင့်ကို နှင်းပွင့်ဦးအား ယူရန် တိုက်တွန်းသည်။

သို့သော် တင်အောင်မြင့်က ငြင်း ၏။

"သူ့မှာ ဘာမှအပြစ်ပြောစရာမရှိ ဘူးကွ။ မင်း ယူသင့်တယ်"

ကျွန်တော်က နားချသည်။

"ဟင့်အင်း"

"ဘာလဲ မင်းက သူ့ကို မချစ် လို့လား။ နောက်တော့ သံယောဇဉ်တွေ နိုင်သွားမှာပါကွာ"

သိန်းဦးက ဖျောင်းဖျသည်။

"အဲဒါကြောင့်မဟုတ်ဘူး"

"မင်းမှာ ချစ်သူရှိနေလို့လား"

ကျော်မင်းက မေး၏။

"မရှိပါဘူး။ မင်းတို့သိနေတာပဲ။ ငါ ဘယ်သူနဲ့တွဲလို့လဲ"

"ဒါဖြင့် ဘာကြောင့် ငြင်းနေရ တာလဲ"

သူ့အဖြေက ရှင်း၏။

"သူ့နာမည် နှင်းပွင့်ဦး။ ပေါင်း ရင် (၇+ ၅ + ၁ = ၄) ကွ။ ငါက "၄"ဆိုရင် ဟင်ပဲ။

ဟာ . . အဓိပ္ပာယ်မရှိတာကွာ"

"ငါ့အဖို့တော့ အဓိပ္ပာယ်ရှိတယ်"

"ဟေ့ကောင် . . မင်းတော့ အစွဲ အလမ်းကြီးပြီး ရူးနေပြီ"

"မင်းတို့ ထင်ချင်သလိုထင်။ မင်း တို့တောင် "၄"ဂဏန်းသမားတွေ မဟုတ်လို့ ငါပေါင်းတာ"

ကျွန်တော်တို့ အံ့ဩမဆုံးကြ။

သူက ဆက်ပြောသည်။

"မင်းတို့ မသိလို့ပါ။ ငါက "၄" နဲ့ လုံးဝအကျိုးမပေးဘူး"

"၄"ဂဏန်းကိုက မကောင်းသ လို ငါနဲ့လေးဆုံရင် ထိပ်တိုက်ဖြစ်တာ ပဲ။ ဆိုးဝါးတဲ့ ကံကြမ္မာတစ်ခုဖြစ်တာပဲ။ မယုံမရှိနဲ့"

"မဟုတ်သေးပါဘူးကွာ"

သူက ခေါင်းယမ်းသည်။

"ငါ့မွေးရက် မင်းတို့သိတယ်။ လေးလပိုင်းလေးရက်။ ဒါပေမဲ့ ငါ့ကို မွေးတဲ့အကြောင်း မင်းတို့မသိဘူး"

ကျွန်တော်တို့ စိတ်ဝင်စားသွား ကြသည်။

"ဆိုစမ်းပါဦး"

"ငါ့ကို မွေးတုန်းက မေမေက အိမ်မှာပဲ ဆရာဝန်မတစ်ယောက်နဲ့မွေး ခဲ့တာ။ မွေးလာတော့ ငါက အသက် မရှူဘူး။ ဆရာဝန်မက အမျိုးမျိုးကြိုး စားတယ် ပြောတယ်။ မရဘူး။ ဒါ ကြောင့် မေမေ့ကို အသိမပေးဘဲ ဖေဖေက ငါ့ကို သွားပြီးမြှုပ်နိုင်းတယ်။ ကလေးအသေမွေးရင် ဒီလိုပဲ လုပ်ကြ တာပဲလေ။ ဒါပေမဲ့ ခြံစောင့်ကြီးက ငါ့ ကို ခြံထောင့်မှာ ကျင်းတူးပြီး မြှုပ်မယ် လည်းလုပ်ရော ငါက လှုပ်လာပြီး ငိုသံ ထွက်လာသတဲ့။ အဲဒါနဲ့ ခြံစောင့်ကြီးက ဝမ်းသာအားရ ပြန်ခေါ်လာတာတဲ့။ ကြည့် ငါ လူ့လောကထဲ ရောက်လာခဲ့ ရပုံ"

"မင်းဟာ ဟုတ်ရဲ့လားကွာ"

"ဟုတ်တယ် . . အဲဒါအမှန်ပါပဲ။ ဒါကို မေမေက သိသွားတယ်။ အဲဒီမှာ ဖေဖေ့ကို ပြဿနာရှာတာပဲ။ ငါ့ကို သေချာမကြည့်ဘဲ မြှုပ်နိုင်းရသလား ပေါ့။ အင်း ဖြစ်ချင်တော့ နောက် ကြောင်းကလည်းရှိတာကိုး။ ငါ့ကို ကိုယ် ဝန်ရှိတော့ လာလာပြီးကြည့်ပေးတဲ့ ဆရာဝန်မနဲ့ ဖေဖေက ငြိသွားတယ်။ အဲဒီဆရာဝန်မက တစ်ခုလပ်လေ။ အဲဒါကို မေမေက သံသယရှိနေတဲ့ အဆင့်မှာ ငါ့ကိုမွေးတယ်။ မွေးတာက အဲဒီဆရာဝန်မ။ ဒီတော့ ဖေဖေနဲ့ ဆရာဝန်မက ငါ့ကို တမင်သေအောင် လုပ်တာလို့ မေမေက ထင်သွားတယ်။ ဒါကြောင့် ပြဿနာက ကြီးသွားတာ။ တိုတိုပြောရရင်ကွာ ငါ့ကို မွေးတဲ့နေ့ မှာပဲ ဖေဖေနဲ့မေမေ လမ်းခွဲကြတယ်။ နောက်တော့ ဖေဖေက အဲဒီဆရာဝန်မ ကို ယူတယ်"

"အဲဒါ ငါတို့မသိဘူး။ ဒါပေမဲ့ အဲဒါနဲ့ မင်းပြောတဲ့ လေးဂဏန်းနဲ့ ဘာဆိုင်လို့လဲကွ"

"ဆိုင်တယ် ငါ့ကိုမွေးတာ မင်းတို့ သိတဲ့အတိုင်း လေးလလေးရက်။ ငါ့ကို မွေးတဲ့ ဆရာဝန်မအမည်က ဒေါ် သီတာ။ ဒေါ်သီတာဆိုတာက ပေါင်းရင် ၆ + ၇ = ၁၃ = ၄ ရတာပေါ့ကွာ။ ငါ့အဖေနဲ့အမေကွဲတာ အဲဒီဆရာဝန်မ ကြောင့်။ ငါ့အဖေနဲ့အမေကွဲတာ ငါမွေး တဲ့ (၄)ရက်နေ့"

"ဟ . . မင်းရဲ့အဖြေက ဖွတ်ဖွဲ့ ယူတာကြီးပဲကွ။ အဓိပ္ပာယ်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲ .. မင်းတို့က တိုက်ဆိုင်တယ်ပြောချင်သေးလို့လား။ အဲဒီတုန်းက ငါတို့နေတဲ့ အိမ်နံပါတ်ဟာ (၄)။ လမ်းကလည်း (၄)လမ်းကွ။ မေမေကိုယ်တိုင် အဲဒီအိမ်ကို စိတ်နာနာနဲ့ ရောင်းပစ်ခဲ့တာ"

"အဲဒါလည်း စွဲလမ်းစိတ်ပါကွာ"

"နေဦး .. ငါပြောဦးမယ်။ ငါလေးတန်းရောက်တဲ့နှစ်မှာ ကားမှောက်တယ်။ ငါ လက်ကျိုးဖူးတယ်။ အဲဒီတုန်းက ငါတို့စီးသွားတဲ့ကားက နံပါတ်ပေါင်းရင် "၄"ရတယ်။

တင်အောင်မြင့်ဇာတ်လမ်းက ဖွတ်ဖန်တီးယူသော ဇာတ်လမ်းလိုဖြစ်နေ၏။ ကျွန်တော်တို့ ဘဝင်မကျ။

"ဆယ်တန်းဖြေတော့ ငါ တစ်နှစ်ကျတယ်။ အဲဒီတုန်းက အောင်သင့်ရက်နဲ့ ကျရတာ။ ခုံနံပါတ်ကြောင့်ပဲ။ ငါ့ခုံနံပါတ်က ၁၀၂၁ ပေါင်းလိုက်ရင် (၄)ပေါ့"

ကျွန်တော်က ခုခံငြင်းဆန်ဖို့ အကွက်တစ်ကွက်ရလိုက်၏။

"တင်အောင်မြင့် ငါ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်တယ်။ ဂုဏ်ထူးနှစ်ခုပါတယ်။ ငါ့ခုံနံပါတ်ဘယ်လောက်လဲ မင်းသိလား။ မင်း ခုံနံပါတ်နဲ့ ဆင်တယ်။ ၂၀၁၁ ပေါင်းကြည့်စမ်း။ (၄)ပေါ့။ ငါကျတော့ ဘာကြောင့်အောင်လဲ"

တင်အောင်မြင့်က ကျွန်တော့်စကားကို လက်မခံ။

"ဖေဖေ အခုမရှိတော့ဘူး။ ဆုံးသွားပြီ။ ဖေဖေ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာ။ ဖေဖေဆုံးတာလည်း လေးရက်နေ့ပဲ"

"ဟာ မင်းတို့ဇာတ်လမ်းကလည်း (၄)နဲ့ပဲ မလွတ်နိုင်ဘူး"

သိန်းဦးက စိတ်ပျက်စွာဝင်ပြောသည်ကို ..

"အေး .. အဲဒါကြောင့် ငါပြောတာ(၄)ဟာ ငါ့အဖို့တော့ အကျိုးမပေးဂဏန်းပဲ။ ဒါကြောင့် နှင်းပွင့်ဦးကို ငါမယူတာ။ သူ့မွေးရက်ကို ငါမေးပြီးပြီ (၂၂)ရက်တဲ့"

တင်အောင်မြင့်က သူ့ကို ထောက်ခံချက်ပေးသလို ယူဆပြီး ထပ်ပြောသည်။

"မင်းကွာ (၄)ရက်နေ့ဖွားတဲ့သူတွေ လောကမှာအပုံ။ "၄"ဂဏန်းကျတဲ့အိမ်တွေက အပုံ။ ကားတွေအပုံ။ မင်းလိုသာ အယူသီးနေရင် ဘယ်သူမှ အလုပ်ဖြစ်တော့မှာ မဟုတ်ဘူး။ (၄)ရက်နေ့တို့ (၁၃)ရက်နေ့တို့မှာ ဆိုင်တွေရုံးတွေ ပိတ်ထားရမယ့်ပုံပဲ။ သိပ်အစွဲအလမ်းမကြီးစမ်းပါနဲ့"

ကျွန်တော်က အကျိုးသင့်အကြောင်းသင့်ရှင်းပြ၏။ မရ။

"နှင်းပွင့်ဦးယူရင် ငါ တစ်ခုခုဆိုးဆိုးဝါးဝါးဖြစ်နိုင်တယ်"

တင်အောင်မြင့်၏ ယုံကြည်နေမှု။

ကျွန်တော်တို့ခေါင်းခါ။ သက်ပြင်းချရုံမှတစ်ပါး ဘာမျှမတတ်နိုင်တော့။

+ + +

သူလက်ထပ်ရယူခဲ့သည်မှာ သူ၏စိတ်ကြိုက် ရွေးချယ်လိုက်သော မိန်းကလေးဖြစ်သည်။

ထိုအချိန်တွင် သူသည် လင်းဦးဟူသောအမည်ဖြင့် ဗီဒီယိုလောကသို့ ခြေရာချနေပြီဖြစ်၏။ ကားလည်း အတော်ထွက်နေပြီဖြစ်၏။ အောင်မြင်မှုလည်း ရနေပြီဖြစ်၏။

စင်စစ် ဗီဒီယိုလောကထဲ တင်အောင်မြင့်ရောက်သွားရသည်မှာလည်း မထင်မှတ်ဘဲနှင့်ဖြစ်၏။

ဗီဒီယိုရိုက်ကွင်းတစ်ခုရဲ့မိတ်ဆွေရှုတင်မန်နေဂျာတစ်ဦးဖြစ်သူ မုံရွာညိုလေးနှင့် လိုက်သွားပြီးကြည့်ရာမှ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်နှင့် ရင်းနှီးသွား၏။ ဒါရိုက်တာက စူပါမင်းသားများနှင့် အလုပ်လုပ်ရသည်ကို ငြီးငွေ့နေချိန်။ ပြီးတော့ ကုမ္ပဏီတစ်ခုက မင်းသားသစ်တင်ဖို့ စီစဉ်နေချိန်။

ဒါရိုက်တာက တင်အောင်မြင့်ကို ကြည့်၍ သဘောကျသွားသည်။ ဖြစ်နိုင်ချေရှိသည်ဟု တွက်စပြီး တင်အောင်မြင့်အား စိတ်ဝင်စားမှုရှိ/မရှိမေးတော့ နဂိုကပိုးရှိသော တင်အောင်မြင့်တို့လည်း ခေါင်းအညိတ်မြန်သည်။ သို့ဖြင့် တစ်ရက်တွင် တင်အောင်မြင့်ကို ဗီဒီယိုကင်မရာဖြင့် ဇာတ်ဝင်ခန်းတစ်ခုအစမ်းရိုက်ကြည့်ရာ ဒါရိုက်တာရော ကုမ္ပဏီကပါ လက်ခံအတည်ပြုသောအဆင့်သို့ ရောက်သွားတော့၏။

တင်အောင်မြင့် မင်းသားဖြစ်သွားသည်။

သည်မှာပင် လင်းဦး ဖြစ်လာ၏။ သူ့အယူအဆနှင့်သူရွေးသောနာမည် "၅"ဂဏန်း။ ဗေဒင်ဆရာ၏ ရွေးပေးသော နေ့နံများထဲမှ သူစီစဉ်ရွေးချယ်သော အမည်ဖြစ်၏။

ယခုတော့ သူသည် တန်းဝင်မင်းသားတစ်လက်ဖြစ်နေပြီ။ ဗီဒီယိုကားများသာမက ဒီဗီဒီနှင့် ရုပ်ရှင်ကားကြီးပင် ရိုက်ကူးနေရပြီ။

ဤသို့အောင်မြင်သောအချိန်တွင်

www.burmeseclassic.com


သူသည် ဘရဏီကို တွေ့ဆုံရ၏။ ဘရဏီက သူ့အနုပညာကို နှစ်ခြိုက်ခဲ့လမ်းသူ ပရိသတ်။ ဘရဏီကို မြင်တော့ သူချစ်သွားသည်။ တိုတိုပြောရလျှင် သူနှင့်ဘရဏီချစ်သူဖြစ်သွားသည်။ ထို့နောက်မှာ သူနှင့်ဘရဏီ လက်ထပ်သည်။

ဘရဏီက ခေတ်ဆန်သည်။ ဘက ငွေကြေးချမ်းသာ၍ နေထိုင်မှုက ခေတ်ရှေ့ပြေးလွန်းပြီး ပေါင်းသင်းဆက်ဆံမှုက မြန်မာမိန်းကလေးတစ်ဦး၏ သဘာဝထက်ပိုသည်။ မညာမတာပြောရလျှင် 'ဟော့'လွန်းသည်။

"မင်း ဘရဏီကို တကယ်ချစ်တာလား။ ငါတို့အမြင်မှာတော့ ဘရဏီက မင်းနဲ့မလိုက်ဘူး"

သိန်းဦးနှင့်ကျွန်တော်က သူ ဘရဏီကိုယူမည်ဆိုတော့ ဝေဖန်ဖူးသည်။

"ဟုတ်တယ်။ ငါ သူ့ကိုချစ်တယ်။ သူ့ရဲ့ ရဲတင်းသွက်လက်တာလေးကို ချစ်တယ်။ ပြီးတော့ သူက "၄"ဂဏန်းမဟုတ်ဘူး"

တင်အောင်မြင့် သူ့အကြောင်းပြချက်နှင့်သူ ဟုတ်နေ၏။

"ဘဝတစ်ခု တည်ဆောက်ရာမှာ ရဲ့စိတ်နေစိတ်ထား။ ပင်ကိုစရိုက် ယ်ကျင့်တရားကအရေးကြီးသလား။ ဏန်းက အရေးကြီးသလား"

ကျွန်တော်က မေးခွန်းတစ်ခု တ်သည်။

"ငါ့အဖို့တော့ ဂဏန်းက အရေးကြီးတာပဲ။ သူက "၄"ဂဏန်းမဟုတ် း"

ကျွန်တော်တို့ ဝေဖန်ပိုင်းခြားပြမှု



သူကြောက်တာက ၁၃။
၁၃ ဆိုတာ
ကံမကောင်းတဲ့
နံပါတ်လို့ သူက
စွဲနေတာပေါ့ဗျာ။
သူ့ဘဝမှာလည်း
၁၃ နဲ့ပတ်သက်ပြီး
ခံစားခဲ့ရဖူး
တာတွေရှိတယ်ပေါ့။
သူချစ်သူနဲ့
လက်ထပ်မယ့်
ဆဲဆဲမှာ ...


www.burmeseclassic.com

www.burmeseclassic.com



သည် အရာမထင်ခဲ့။

သူတို့မင်္ဂလာလက်ထပ်ပွဲသည် မြိမ့်မြိမ့်သဲ။ ပြီးတော့ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာလည်း သူ့ မင်္ဂလာပွဲသတင်းတွေက ဝေဝေဆာဆာနှင့်။

သို့သော် တစ်နှစ်ကျော် နှစ်နှစ်ကာလမှာပင် သူနှင့် ဘရဏီလမ်းခွဲသွားကြ၏။ လမ်းခွဲတော့ တိုးတိုးတိတ်တိတ်ဖြစ်သည်။

''ဘာဖြစ်လို့လဲ . . ဘာအကြောင်းရှိလို့လဲ''

ကျွန်တော်တို့မေးတော့ သူ တိတိကျကျ အဖြေမပေး။

''ဆက်မပေါင်းသင့်လို့ပေါ့ကွာ'' ဒါပဲပြောသည်။

ကျွန်တော်က တစ်ခွန်းထောက်၏။

''တင်အောင်မြင့် ဘရဏီက ''၄''ဂဏန်းသမားမဟုတ်ဘူးလေ''

သူ၏ ''၄''ဂဏန်း အယူအဆကို ထောက်ပြဝေဖန်ခြင်း ဖြစ်ပါ၏။ ''၄''ဂဏန်းသမားမဟုတ်သော ဘရဏီနှင့် သူ အဘယ်ကြောင့် လမ်းခွဲရသနည်း။ ''၄''ဂဏန်းက ဆိုးကျိုးဖြစ်စေသည်ဟု သူ ယူဆသည်မှာ ယခု အနေအထားက လွဲချော်နေပြီမဟုတ်ပါလား။

သူ ကျွန်တော့်ကို ဘာမျှပြန်မပြောခဲ့။

နောက်တစ်နှစ်ကျော်မှာ သူသည် ယခုဇနီးသည်ဖြစ်သော ဥမ္မာကို လက်ထပ်လိုက်လေသည်။

+++

သူသည် အမွေရခဲ့သော အိမ်နှင့်မြေကို ဂဏန်းမကြိုက်၍ ရောင်းခဲ့ပြီးနောက် Lucky နံပါတ်ဟု ခေါ်သော ''ရ''ကျသည့် အိမ်နှင့်မြေကို ဝယ်ယူနေထိုင်ခဲ့၏။

ဗေဒင်အယူအဆအရ အစီအမံများနှင့်တကွ အိမ်ကိုပြင်ဆင်ထား၏။ သွားလာနေထိုင်မှုမှန်မျှ ဗေဒင်အယူအဆအရနှင့်ညှိပြီးလုပ်၏။

အလှူလုပ်သည်ဆိုလျှင်ပင် နေ့ရက်၊ အချိန်ရွေးသည်။ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကလေးများဂေဟာနှင့် ဘုရားတို့ကို ငွေကြေးလှူဒါန်းလျှင် ထိုငွေကြေးပမာဏကို Lucky နံပါတ်ရွေးသည်။

အသွင်တူ၍ အိမ်သူဖြစ်သည် ပြောရမည်။

သူ၏ဇနီးသည် ဥမ္မာသည်လည်း အယူအဆအစွဲအလမ်းကြီးမားသူဖြစ်၏။ တစ်နည်းပြောရလျှင် ခေတ်နောက်ပြန်ဆွဲလွန်း၏။

ကြည့်ပါ။ ကျွန်တော် အလှူလုပ်သည်။ အလှူဆိုသည်မှာအခြားမဟုတ်ပါ။ ကျွန်တော့်မိခင်ကြီး ဆုံးပါးခဲ့သော နှစ်ပတ်လည်နေ့ကို နှစ်စဉ်လုပ်နေကျအတိုင်း လုပ်ခြင်းဖြစ်၏။ သူတို့ဇနီးမောင်နှံကို ဖိတ်သော်လည်းမလာ။

အလှူနေ့က (၄)ရက်နေ့ကျသည်လေ။

''၄''ဂဏန်းအစွဲအလမ်းက လူမှုရေးဆိုသည်ကိုပင် ကျော်လွန်အနိုင်ယူသွားတာ။

သိန်းဦးမင်္ဂလာဆောင်တော့လည်း ထို့အတူပင်။

တနင်္ဂနွေနေ့လည်းဖြစ်၊ ရက်ရာဇာလည်းဖြစ်သော ၂၂ ရက်နေ့တွင် သိန်းဦးတို့မင်္ဂလာဆောင်ရာ ကျွန်တော်အပါအဝင် သူငယ်ချင်းများအား[...] မင်္ဂလာပွဲတွင်ရောက်သော်လည်း တ[...] အောင်မြင့်တို့ဇနီးမောင်နှံမလာ။

မင်္ဂလာလက်ဖွဲ့တော့ပို့ပါ၏။

သိန်းဦးက စိတ်မကောင်း။

''နေပါစေကွာ။ သူ အစွဲအလမ်[...] ကြီးတာ မင်းသိသားပဲ''

ကျွန်တော်က သိန်းဦးကို နှစ်သိ[...] မှု ပေးရပါ၏။

''အင်း ဒီလောက်အစွဲအလမ်[...] ကြီးတဲ့ကောင် သေရင် ၄ ရက်နေ့မှ[...] သေမှာပဲ''

သိန်းဦးက ဒေါသအခံနှင့်ပြော[...]

တင်အောင်မြင့်ပြောသလို [...] သည်ပင် နိမိတ်ဖြစ်ခဲ့လေသလား မသိ[...]

ယခု တင်အောင်မြင့် သေပြီ[...] (၄)ရက်နေ့ ညနေ (၄)နာရီမှာ[...]

+++

ရေဝေးသုသာန်သို့ ကျွန်တော်[...] သိန်းဦးရောက်သွားသောအခါ သူ[...] အလောင်းကို ခန်းမတွင် ပြင်ဆင်ထ[...] ပြီးဖြစ်ကြောင်း တွေ့ရ၏။

နာမည်ကျော်အနုပညာသမား[...] စည်ကားသည်မှာမပြောနှင့်။ ပရိသတ်[...] ကလည်း များ။ မီဒီယာသမားတွေက[...] လည်းများ၊ ငိုသူတွေကလည်း မျာ[...] လွမ်းသူ့ပန်းခွေတွေကလည်း များမ[...] များ။

ခန်းမနံပါတ်ကို ကြည့်လိုက်တော့ ''၄''ဖြစ်နေ၏။

သိန်းဦးက ကျွန်တော့်ကိုပြသော[...] ကြောင့်ဖြစ်သည်။

''၄ ဂဏန်းကြောက်တဲ့ကောင် ၄ ရက်နေ့မှာသေပြီး ခန်းမ ၄ မှာ ဈာပနအခမ်းအနားလုပ်[...]ယ်။ အင်း



www.burmeseclassic.com

ူပြောသလို ၄ နဲ့သူကတော့ ဟုတ်နေတာပဲ''

သိန်းဦးက မှတ်ချက်ချ၏။

သူ့ဇနီး ဥမ္မာကိုတွေ့ပြီး ကျွန်တော်တို့က နှစ်သိမ့်စကားပြောသည်။

ဥမ္မာက ..

''အစ်ကိုတို့ သူငယ်ချင်းသေရတာ သူရိုက်တဲ့ ရုပ်ရှင်ကြောင့်ပဲ'' ဟု၍ ပြောသည်။ ကျွန်တော်တို့ ရုတ်တရက်နားမလည်။

ငိုနေသော ဥမ္မာကိုလည်း မမေးသဖြင့် ကျွန်တော်တို့က တရားနှင့်ဖြေသိမ့်ရန် လူကြီးစကားပြောရ၏။

ကျွန်တော်တို့စိတ်တွင် ဥမ္မာပြောသော ရုပ်ရှင်ကြောင့်ဆိုသည့်အချက် ပဟေဠိဖြစ်နေပေရာ သူ့ဆရာရင်းဖြစ်သော ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်နှင့်တွေ့သောအခါ တီးခေါက်ညှိမိကြသည်။

ဒါရိုက်တာက သက်ပြင်းချသည်။

''ကျွန်တော်က သူ့ ဒီလို အစွဲအလမ်းကြီးတာမသိပါဘူး။ အခုကျွန်တော်ရိုက်တဲ့ကားက ရုပ်ရှင်ကားပါ။ သူနဲ့လည်း ဇာတ်က လိုက်ဖက်တဲ့ကတစ်ကြောင်း။ သူကလည်း ပရိသတ်ရှိတဲ့မင်းသားဖြစ်တာတစ်ကြောင်း ကျွန်တော်က သူနဲ့ရိုက်ဖို့ ရွေးခဲ့တာ

''ကားက ဘာကားလဲဆရာ''

''ဇာတ်ကားနာမည်က ပွိုင့် ၁၃

''ပွိုင့် ၁၃ ဟုတ်လား''

''ဟုတ်ပါတယ်''

၁၃ ဆိုသည်က Unlucky နံပါတ်။ ...လျှင်(၄)၊ တင်အောင်မြင့်မကြိုက်သော (၄)။

''သူ့ကို ကမ်းလှမ်းတော့ သူက ငြင်းပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ဆရာရင်းဖြစ်နေတော့ ကျွန်တော်ကလည်း အတင်းပြောတာနဲ့ သူလက်ခံပြီး ရိုက်တာပါ''

''ဇာတ်လမ်းက ဘယ်လိုလဲဆရာ''

''အကျဉ်းချုပ်ပြောရရင်တော့ ဇာတ်လမ်းထဲက မင်းသားဟာ အယူအဆအစွဲကြီးတဲ့သူ။ သူကြောက်တာက ၁၃။ ၁၃ ဆိုတာ ကံမကောင်းတဲ့ နံပါတ်လို့ သူက စွဲနေတာပေါ့ဗျာ။ သူ့ဘဝမှာလည်း ၁၃ နဲ့ပတ်သက်ပြီး ခံစားခဲ့ရဖူးတာတွေရှိတယ်ပေါ့။ သူက လေတပ်က တပ်ကြပ်လေး။ သူ့ချစ်သူနဲ့ လက်ထပ်မယ့်ဆဲဆဲမှာ စစ်ဆင်ရေးတစ်ခု ထွက်ရတယ်။ ရန်သူတွေရှိတဲ့ ပွိုင့် ၁၃ ကို သိမ်းဖို့ပေါ့။ ပွိုင့် ၁၃ က ကြည်းတပ်နဲ့တိုက်လို့ မလွယ်လို့ လေတပ်အကူနဲ့တိုက်ရတာ။ တပ်သားတွေကိုလေယာဉ်နဲ့ခေါ်သွားပြီး လေထီးနဲ့ပွိုင့် ၁၃ မှာချပေးမယ်။ ညအချိန် တိတ်တဆိတ်ပေါ့။ အဲဒီထဲမှာ ကျွန်တော်တို့ မင်းသားပါတယ်''

ကျွန်တော်တို့ ဇာတ်လမ်းထဲမှာ နစ်ဝင်သွားကြ၏။ ဇာတ်လမ်းက အပြင်တွင်ရှိနေသော တင်အောင်မြင့်နှင့်ထပ်တူကျနေသည်မဟုတ်ပါလား။

''လေယာဉ်ပေါ်က ခုန်ချဖို့ တပ်သားတွေ စီလိုက်တော့ သူက နံပါတ် ၁၃ နေရာ ရောက်နေတယ်။ ဒါကြောင့် သူက စိုးရိမ်သွားပြီး သူ့နောက်ကလူနဲ့ နေရာလဲလိုက်တယ်။ ၁၄ နေရာပေါ့။ နေရာလဲပေးတဲ့ သူက သူ့လို ၁၃ ဂဏန်း အစွဲအလမ်းမရှိဘူးလေ။ အဲဒီမှာ တပ်သားတွေ တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းရာမှာ သူ့အလှည့်မရောက်ခင် တပ်သားတစ်ယောက်က ရုတ်တရက် အဆင်မပြေဖြစ်တော့ ဗိုလ်ကြီးက အဲဒီတပ်သားကိုထုတ်ပြီး နောက်ကိုပို့လိုက်တယ်''

''ဟာ .. အဲဒါဆို သူက (၁၄) နေရာကနေ (၁၃)နေရာ ပြန်ရောက်သွားတာပေါ့နော်''

''ဟုတ်တယ် .. ဇာတ်လမ်းက အဲဒီနေရာမှာ ဇာတ်ရှိန်တင်ထားတာ။ သူလည်း ထိတ်လန့်သွားတယ်။ ဒီအချိန်မှာ နေရာချင်းလဲဖို့လည်းအဆင်မပြေတော့ဘူး။ ဗိုလ်ကြီးက အမိန့်ပေးတာနဲ့ လေယာဉ်ပေါ်က ခုန်ချလိုက်ရတယ်''

''သူ ဘာဖြစ်သွားသလဲ''

''လေထီးက မပွင့်ဘူး။ သူ အမျိုးမျိုးကြိုးစားတာ မရဘူး။ ဒါကလည်း နဂိုက (၁၃)နံပါတ်ကို ကြောက်နေတဲ့စိတ်ကြောင့် တုန်လှုပ်ပြီး လေထီးအဖွင့်မှာ သူက မှားယွင်းနေတာ။ လေထီးက တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်တယ်လေ။ ဒီလိုနဲ့ လေထီးမပွင့်လို့ ပြုတ်ကျတာ သစ်ပင်တစ်ပင်ပေါ်ကျ၊ သစ်ပင်ပေါ်ကနေ မြေပြင်ကိုကျ အဆုံးမှာ သူသေသွားတယ်''

''ဗျာ''

''ရည်ရွယ်ချက်က အစွဲအလမ်း ဥပါဒါန်က သူ့ကို သေစေတယ်ဆိုတာကို ပြချင်တာပဲ''

ကျွန်တော်တို့ သဘောပေါက်သွားကြ၏။ ဥမ္မာပြောသည်မှာ ယင်းကိုပြောခြင်းပေပဲ။

www.burmeseclassic.com

ဒါရိုက်တာက ..

"(၄)ရက်နေ့ မနက်က ဖာတ်ကားပြီးတယ်။ ဇာတ်သိမ်းရိုက်ပြီးပြ
ညမှာ အောင်မြင်တဲ့အနေနဲ့ ညစ်ခံပွဲရှိတယ်။ အဲဒီညစ်ခံပွဲကို မလာ
သူဆုံးတာပဲ" ဟု ဆက်ပြောသည်။

ကျွန်တော်တို့ စိတ်မကောင်းကြ။

"အခုတော့ သူဆုံးရတာ ကျွန်တော့်ကြောင့်လည်း တစ်စိ
တစ်ပိုင်းပါနေတယ်လို့ ယူဆပြီး ကျွန်တော်လည်း စိတ်ထိခိုက်ရတယ်"

ဒါရိုက်တာလည်း မျက်နှာအိုအိုလေးနှင့်ပြော၏။

"ဒီလိုလည်း စိတ်မစွဲပါနဲ့ ဆရာရယ်။ တိုက်ဆိုင်သွားတာလည်း
ဖြစ်မှာပါ"

ကျွန်တော်က နှစ်သိမ့်စကား ပြောရပြန်ပါသည်။

တင်အောင်မြင့်ကို သဂြိုဟ်မည့် နံပါတ်စဉ်မှာ (၄) ဖြစ်သွားပြ
တော့သည်။

"ဩော် .. (၄)နဲ့ပဲ မလွတ်ကင်းနိုင်ပါလား"

ကျွန်တော်စိတ်ထဲက ညည်းလိုက်မိပါ၏။

+++



တင်အောင်မြင့်၏ အသုဘကိုပို့ပြီးပြန်လာချိန်မှာ သိန်းဦး
ကျော်မင်းရော ကျွန်တော်ပါ နှုတ်ဆိတ်နေမိကြ၏။

သိန်းဦးတို့တွင် အဘယ်အတွေးများရှိနေမည်ကို ကျွန်တော်
ကျွန်တော်ကမူ တင်အောင်မြင့်၏ အဖြစ်များကို ရုပ်ရှင်တ
သဖွယ် မျက်စိထဲတွင်မြင်ယောင်နေ၏။ သိန်းဦးမွေးဖွားလာသည်
သေဆုံးသည်အထိ။

(၄) ရက်တွင် မွေးဖွား၍ (၄)ရက်တွင် သေဆုံးသူ။

(၄) ဂဏန်းနာမည်နှင့်လူ။

(၅) ဂဏန်းကို ကြောက်သည့် လူ။

(၄)ဂဏန်းကျသောအမည်နှင့် ရုပ်ရှင်ကိုရိုက်ပြီး ဖိုးထိုး၍ သေ
ခဲ့သူ (ဖိုးဆိုသည်က "၄"ပင်ဖြစ်၏)

ကျွန်တော်တို့ မည်သို့ပြောကြမည်နည်း။

(၄)ဂဏန်းကပင် တင်အောင်မြင့် ယူဆသလို ကောင်း
မပေးတာလား။

ဥပါဒါကြောင့် ဥပါဒ်ရောက်ဖြစ်ခဲ့ရခြင်းလား။

မိမိပြုလုပ်သောကံ(ဖိုးထိုး၍ သေရခြင်း)က မိမိတရားကို စ
ခဲ့ခြင်းလား။ အသင်စာဖတ်သူ ဓမ္မဓိဋ္ဌာန်ကျစွာ စဉ်းစားပြ
ဆုံးဖြတ်ကြည့်ကြစေရန် ကျွန်တော် ချန်လှပ်ခဲ့ရပါစေ။

နေဝိုး

www.burmeseclassic.com


# မောင်လွင်ပြင်

## အမေမွေးတာ တစ်ခါတည်းပါဗျာ




www.burmeseclassic.com

ကျွန်တော့်ဆရာ၏ သောက်ဖော်သောက်ဖက်များထဲတွင် အဲလက်စ်ဟူသောလူငယ်တစ်ဦးလည်း ပါဝင်သည်။ သူသည် အဲလက်စ်အကြောင်းကိုသတိရတိုင်း နှမြောတသစွာပြောပြရှာသည်။ အဲလက်စ်သည် ငယ်ငယ်ရွယ်ရွယ်အချိန် အားမာန်ပြည့်ဝနေသောအရွယ်ကောင်းတွင် အရက်ကြောင့် တစ်ချက်ကလေးသတိလစ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူဖြစ်သည်။ အဲလက်စ်သည် စာဖတ်သူလူငယ်တစ်ဦးဖြစ်ပြီး အတွေးအခေါ်ရှိသူဖြစ်သည်။ ပညာတတ်မိသားစုအသိုင်းအဝိုင်းတွင် ကြီးပြင်းခဲ့ရသဖြင့် သူကိုယ်တိုင်လည်း ခေတ်ပညာတတ်ကာ စိတ်နှလုံးကောင်းမွန်ဖော်ရွေသူဖြစ်သည်ဟု ဆိုသည်။ သို့သော်အရက်၏ကျေးကျွန် ဖြစ်သွားရသောအခါ တတ်ထားသည့် ခေတ်ပညာများသည်လည်း ဆင်ခြင်တုံတရားဘောင်ကိုကျော်လွန်ကာ အမိကိုအမိမှန်းမသိ အမျိုးကို အမျိုးမှန်းမသိ ဖြစ်သွားရသည်များလည်း ရှိခဲ့၏။ ထို့ကြောင့်များလားမသိ၊ အရက်ကြောင့် အမှားပြုခဲ့လေသမျှထဲတွင် အမိကိုမျက်ရည်ကျအောင် လုပ်ခဲ့သည့်အမှားက သူ့အသက်ဇီဝိန်ကိုစောစောချုပ်စေအောင် ပြစ်ဒဏ်ခတ်လေသည်များလားဟု ကျွန်တော့်ဆရာ တဖွဖွပြောခဲ့သည်များကို ကျွန်တော်အမှတ်ရနေမိပါသည်။

အဲလက်စ်အကြောင်းကို တင်ပြလိုက်ပါသည်။ ကရုဏာပွားရင်း ဆင်ခြင်သိရှိနိုင်ရန် ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်(၂၀)လောက်က အရက်သမားတစ်ဦး၏ နှမြောစရာဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ရန်ကုန်မြို့လယ်ဟုခေါ်ဆိုနိုင်သော ကျောက်တံတားမြို့နယ်တစ်ဝိုက် (၃၇)လမ်းဝန်းကျင်တွင် ဇာတ်အိမ်တည်ပါသည်။

+ + +

အဲလက်စ်နှင့်ဆုံခဲ့သည်မှာ ၁၉၉၅ ခုနှစ် ကျွန်တော်ရန်ကုန်ရောက်ခါစနှစ် ဖြစ်သည်။ အဲလက်စ်မှာ မီးပြင်ဆရာလူငယ်တစ်ဦးဖြစ်သည်။ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရ ဖြစ်သော်လည်း မီးပြင်စားနေသည်။ သူတို့အဖွဲ့မှာ သုံးယောက်အဖွဲ့ဖြစ်သည်။ အားလုံးအရက်သမားချည်းဖြစ်၏။ ကျွန်တော့်အရောင်းပြခန်းတွင် မီးဆင်သောအခါ သူတို့အဖွဲ့နှင့် စတွေ့ခြင်း ဖြစ်သည်။ သူတို့အားလုံး အလုပ်ချိန်တွင်မသောက်ကြ။ ညနေလေးနာရီထိုးသည်နှင့် တစ်ပြိုင်နက် အလုပ်စောစောသိမ်းပြီး အရက်ဆိုင်သို့ ဒုန်းစိုင်းသွားကြလေတော့သည်။

သူတို့တစ်ဖွဲ့လုံး၏ ထူးခြားချက်မှာ အပြောအဆိုယဉ်ကျေးပြီး အင်္ဂလိပ်စကားပြောကို ကောင်းကောင်းပြောတတ်ကြသည်။ အဲလက်စ်က သူတို့ထဲမှာ အင်္ဂလိပ်စကားပြော အကျွမ်းကျင်ဆုံးဖြစ်သည်။ တစ်နေ့သော် အဲလက်စ်အိမ်သို့ အကြောင်းကိစ္စတစ်ခုဖြင့် ကျွန်တော်ရောက်သွားပါသည်။ ဗိုလ်အောင်ကျော်လမ်း အပေါ်ဘလောက်တွင်ဖြစ်ပြီး သူတို့တိုက်၏လှေကားတက်ရသည်မှာ မတ်စောက်ပြီး သူတို့အခန်းသည် အပေါ်ဆုံးထပ်ဖြစ်၍ အတော်မောလှပါသည်။ လှေကားမှာ ဇာစ်ဆစ်ချိုးလှေကားမဟုတ်ဘဲ တစ်ဖြောင့်တည်းတက်ရသော လှေကားဖြစ်သည်။ အဲလက်စ်သည် အမေနှင့်အဒေါ်တို့နှင့် အတူနေသည်။ သူ့အမေနှင့်အဒေါ်တို့သည် ဗမာလိုမပြောကြ။ ကျွန်တော့်ကို အင်္ဂလိပ်လိုပြောပြီး အဲလက်စ်အကြောင်းတိုင်ပါသည်။

အဲလက်စ်သည် ငွေပြတ်၍ အရက်ဖိုးမရှိလျှင် အမေနှင့်အဒေါ်ထံတွင် အတင်းတောင်းသည်။ အမေနှင့်အဒေါ်တို့သည်လည်း နိုင်ငံခြားတွင်နေထိုင်သည့် သမီးဆီက ပို့ပေးသောငွေကြေးကလေးဖြင့် သုံးစွဲနေကြရသူများ ဖြစ်သည်။ အသက်(၈၀)ကျော်အမေနှင့် အဒေါ်ကို အဲလက်စ်က အကြိမ်ကြိမ်နှိပ်စက်သည်။ အဲလက်စ်သည် အရက်ဖိုးတောင်းမရလျှင် ရိုက်နှက်အကြမ်းဖက်သည်အထိ ဆိုးရွားတတ်သည်ဟု ဆို၏။

အဲလက်စ်အကြောင်း သိရပြီးနောက် အဲလက်စ်နှင့် အရက်ဆိုင်တွင်ဆုံသောအခါ ကျွန်တော်က အဲလက်စ်ကို ဆုံးမရာ သူ့ခမျာ စိတ်မကောင်းဖြစ်ရှာသည်ထင့် မျက်ရည်များစီးကျလာပါသည်။

"မင်းစဉ်းစားကြည့် ...၊ ဘယ်ဘာသာမဆို အမေနဲ့အဖေကို ရှိသေဖို့ပဲ လမ်းညွှန်တာ၊ အရက်ကိုရှောင်ဖို့ပဲလမ်းညွှန်တာ၊ ဒီလောက်အသက်ကြီးပြီး ဆင်းရဲလှတဲ့ အမေနဲ့အဒေါ်ကို ဒီလိုနှိပ်စက်တာဟာ မင်းဘဝအတွက် အကောင်းဖြစ်လာဖို့တော့မရှိဘူး။ မင်းနယ်ကွာ ... မင်းအမေနဲ့အဒေါ်ကို ဒုက္ခမပေးပါနဲ့ကွာ ...၊ အရက်ဖိုးမရှိရင် တခြားနည်းနဲ့ရှာပါကွာ ..."

"ဆရာ ... ကျွန်တော်မှားပြီး မှားခဲ့မိပါတယ် ...၊ နောင်ဘယ်တော့မှ မဖြစ်စေရပါဘူး ဆရာရယ် ..."

အဲလက်စ်သည် ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ လူပုံမှာ ပိန်ပိန်ရှည်


www.burmeseclassic.com

www.burmeseclassic.com


ရှည်နှင့် မျက်နှာသွယ်သွယ်နှင့် အသားဖြူသည်။ ဆံပင်အရှည်ထားပြီး ရုပ်ရည်ချောမောသည်။ အမှတ်တမဲ့ကြည့်လျှင် အဆိုတော်မင်းအောင်နှင့် ဆင်တူသည်။ သူ့အရက်မများမီကဆိုလျှင် ကျွန်တော့်ဆိုင်ဝန်ထမ်းများ၊ အလုပ်သမားများသာမက အိမ်မှာမီးဆင်ခြင်း၊ အလုပ်ရုံမီးဆင်ခြင်းများဖြင့် လက်မလည်အောင် အလုပ်လုပ်ရသည်။ ကျွန်တော့်ဆီတွင် မီးကိစ္စအလုပ်မရှိတော့လျှင်လည်း ကျွန်တော့်ဆိုင်သို့ အဝင်အထွက်မပျက်ခဲ့ဘဲ ကျွန်တော်နှင့် အတော်လေး ခင်မင်ရင်းနှီးခဲ့သည်။ ဆိုင်ကလူတွေနှင့်လည်း ခင်ခင်မင်မင်ရှိခဲ့သည်။ အဲလက်စ်သည် ရည်မွန်သူတစ်ဦးဖြစ်၍ ခင်မင်စရာကောင်းသည်။ သို့သော် နောက်များတွင်တော့ သူ့အရက်များလာခဲ့သည်။ အရက်ကို တစ်နေကုန်တစ်နေခန်းသောက်နေတတ်၏။ မီးကိစ္စ အခက်အခဲရှိ၍ သူ့ကိုသွားခေါ်လျှင် အရက်ဆိုင်သို့ ရောက်နေတတ်သည်။ အရက်ဆိုင်လိုက်သွားသော် သူ့အခြေအနေမှာ မီးပြင်အလုပ် လုပ်နိုင်သည့်အခြေအနေမရှိတော့။

သူသောက်နေကျအရက်ဆိုင်မှာ ရ လမ်းအောက်ဘလောက်တွင် ရှိသာ 'မြနှင်းဆီ'အရက်ဆိုင်ဖြစ်သည်။ ထိုဆိုင်တွင် အရက်ဖြူသတ်သတ်တစ်မျိုး။ အနီနှင့်ဘီယာမျိုးစုံအတွက် သီးခန့်တစ်ခန်းထားသည်။ နှစ်ခန်းလုံးင် တီဗီတစ်လုံးစီ ဆင်ပေးထားပြီး အာက်စက်နှင့်တွဲကာ ဗီဒီယိုပြပေးသည်။ ည(၁၀)နာရီကျော်လျှင် င်ပိတ်သည်။ ဆိုင်ပိတ်သော်လည်း ထူးဖောက်သည်များအတွက် သီးနိုပြသသောအခွေနှင့် ညှိခံရာ ထိုခွေကို အဲလက်စ်ကရှာပေးသည်။

အဲလက်စ်သည် ည(၁၁)နာရီကျော်မှ ရေချိန်လွန်လွန်ဖြင့် အိမ်ပြန်လေ့ရှိသည်။ အိမ်ပြန်တိုင်း သူ့အပြန်လမ်းတွင် ဖွင့်ထားသော ကျွန်တော့်ဆိုင်ထဲသို့ ချောင်းကြည့်လေ့ရှိသည်။ ကျွန်တော်နှင့်သားငယ်ရှိလျှင် ဝင်လာလေ့ရှိသည်။ ကျွန်တော့်သားလတ်သည် အရက်မသောက်တတ်။ အရက်သမားများကို အမြင်မကြည်လင်။ မူးမူးဖြင့် လျှောက်ပြောချင်ရာပြောသော စကားများကို သူသည်းမခံနိုင်။ သူသည် အရက်သမားများကို ဝေးဝေးကရှောင်သည်။ အဖက်မလုပ်တတ်။ ထို့ကြောင့် အဲလက်စ်သည် ကျွန်တော့်သားလတ်ကို မြင်လျှင် ရှောင်သွားတတ်သည်။ ကျွန်တော်နှင့်သားငယ်ရှိနေသည်ကို အဲလက်စ်မြင်လျှင် ဆိုင်ထဲသို့ဝင်လာပြီး ကျွန်တော့်ခြေရင်းတွင် ခွေခနဲ လှဲထိုင်လိုက်ကာ ကျွန်တော့်ခြေထောက်ကို နှိပ်ပေးလေတော့သည်။

"ဆရာ ... ဗုဒ္ဓမြတ်စွာဘုရား အလိုအရ ဒါန၊ သီလ၊ ဘာဝနာ မပါရင် သေခါမှသိလိမ့်မယ်တဲ့ ..."

အဲလက်စ်သည် မူးမူးဖြင့် တရားစကားများကို ခရားရေလွှတ် ထပ်တလဲလဲ ပြောတတ်သည်။ ဗုဒ္ဓဘာသာအကြောင်းကိုလည်း အတန်အသင့်တီးမိခေါက်မိပုံရသည်။ သူက စာတော့ဖတ်သည်။ သူ အာအိုင်တီတက်တုန်းက စာတော်တော်ဖတ်ဖြစ်ခဲ့သည်ဟုသိရ၏။ အရက်သောက်တတ်ခါစတွင်လည်း စာဖတ်နိုင်သေးသည်ဆို၏။

"နောက်ပြီး ... ဆရာစဉ်းစားကြည့်၊ ဘယ်ဘုရားမှ အရက်သောက်တာမကြိုက်ဘူးနော်၊ ဒါပေမဲ့ ကျွန်တော်နဲ့သိတဲ့ ချစ်သူငယ်ချင်း ဟိုကောင်တွေ၊ သူတို့ကျတော့ ညမှောင်ပြီဆိုမှ အသာလေးဆိုင်ကိုနိုးလာပြီး အရက်ခိုးသောက်နေကြတယ် ဆရာရဲ့၊ ဒီကောင်တွေ ဘေးတွေ့တော့မယ်၊ ဒီကောင်တွေ ဘုရားရိုက်မှာ မကြောက်ကြဘူးလား မသိဘူး၊ ကျွန်တော်တို့လို ခရစ်ယာန်တွေကတော့ ဘုရားသခင်က မေတ္တာကြီးမားလေတော့ သောက်တော့သောက်၊ လျှော့သောက်ပေါ့နော်၊ သူများကို ဒုက္ခမပေးဘဲ သောက်လို့တော့ ဆိုသလားပဲ"

အဲလက်စ်သည် ဤကဲ့သို့ ပေါက်တတ်ကရတွေပြောပြီး ကျွန်တော့်ကို ခြေဆုပ်လက်နယ်ပြုရင်း ဟာသအရွှန်းဖောက်နေတတ်သည်။ မူးမူးနှင့် သံသေးသံကြောင်ပြုကာ အင်္ဂလိပ်သီချင်းများ ဆိုပြလျှင်ဆိုပြတတ်သေး၏။ ကျွန်တော့်သားငယ်ထံတွင် ဂစ်တာတောင်းပြီး ဂစ်တာနှင့်အဆိုအတီးကလေး လုပ်ပြမည်ဆိုသေး၏။ အင်္ဂလိပ်သီချင်းဆိုသောအခါ အသံထွက်ကောင်းကောင်းဖြင့် ဆိုပြတတ်သည်။ အင်္ဂလိပ်သီချင်းများ တော်တော်များများရသည်။ သူ့အဖေသင်ပေးခဲ့သည်ဟုလည်း ဆိုသည်။ အမှန်မှာ အဲလက်စ်တစ်ယောက် ကျွန်တော့်ဆိုင်ကို သူ့အိမ်အပြန်လမ်းတွင် ဝင်ချလာခြင်းမှာ သူ့ရေချိန်ကို ထပ်တင်ချင်၍ဖြစ်သည်။ ကျွန်တော်ကလည်း နားလည်နေပါသည်။ ဆိုင်ထဲတွင်ရှိနေသော စားဖွယ်တစ်ခုခုကို သားငယ်အား စီစဉ်ခိုင်းပြီး သူနှင့်အတူ ကျွန်တော်သောက်လက်စရမ်ပုလင်းကိုထောင်ကာ ဝိုင်းဖွဲ့လိုက်သည်။ အဲလက်စ်တစ်ယောက် အိမ်အပြန်ကျေနပ်ပါစေတော့ဟု။

အဲလက်စ်နှင့်ကျွန်တော် အရက်ဆိုင်တွင် ထိုင်ဖြစ်ပြီး ဝိုင်းသိမ်း၍အိမ်ပြန်သော် သူသည် စားစရာတစ်ခုခုကို ဝယ်ခြမ်းပြီးမှ အိမ်ပြန်လေ့ရှိသည်ကို ကျွန်တော်သတိထားမိသည်။ သူ့လက်ထဲတွင် အထုပ်ကလေးတစ်ထုပ် လက်ကဆွဲပြီး အိမ်ပြန်သော် ကျွန်တော်က မေးမိသည်။ မင်းအမေအတွက်လား၊ မင်းစားဖို့အတွက်လား ဆိုတော့


www.burmeseclassic.com

www.burmeseclassic.com

"အစာမရှိရင် ခံသွားရမှာပေါ့ ဆရာရဲ့၊ အမေက ကျွန်တော့်ကို မွေးတာ တစ်ခါတည်းနော်၊ ကိုယ့်အသက်ကိုတော့ အခါခါမွေးမှ ဆရာရေ့ ‥"

ဟု ပြောသည်။ တစ်ခါတစ်ရံ ဆေးခန်းတွင် အကြောဆေးသွင်းနေကြောင်းသိရသည်။

"ကျွန်တော်တော့ တစ်ပတ်လောက်နားလိုက်ပြီ ဆရာရေ့၊ ရင်ဘတ်တွေ၊ ဗိုက်တွေအောင့်လာပြီး မင်းနားတော့တဲ့၊ မနားရင် မင်းသေလိမ့်မယ်တဲ့၊ ကိုယ့်ကိုယ်ကိုယ်သိရမှာပေါ့၊ ကိုယ့်အသက်ကို ကိုယ်မမွေးရင် သေပြီ၊ အမေကတစ်ခါပဲမွေးပေးထားတာ"

အဲလက်စ်သည် တကယ်ပဲ အရက်ကိုနားလိုက်ပြီး အလုပ်ကိုဖိလုပ်တတ်သည်။ သူ အရက်နားလျှင် အသားအရည် ဖြူဖွေးလာသည်။ ရှည်လျားသော မုတ်ဆိတ်မွေးများကို ရိတ်လိုက်သဖြင့် လူရုပ်ထွက်လာ၏။ သူသည် ခန့်ညားပြီး လူချောကလေးဖြစ်လာသည်။ သူ စိတ်ကောင်းဝင်နေသောအခါ ကျွန်တော်က အရက်သမားချင်း ဆုံးမစကားများ ပြောရပါသေးသည်။

"မင်းမျက်နှာကြည့်ရတာ ကျက်သရေရှိလိုက်တာကွာ ‥၊ ဒီတစ်ခါ မနေနိုင်လို့ပြန်သောက်ဖြစ်ရင် အလုပ်အကိုင်မပျက်စေဘဲ စည်းကမ်းလေးနဲ့ ညနေပိုင်းကျမှ တော်ရိလျော်ရိသောက်ပေါ့ကွာ …"

သူ့အဖွဲ့ဝင်နှစ်ယောက်မှာ သူ့တပည့်များဖြစ်သည်။ သူ့ဖောက်သည်များက အလုပ်ပေးလျှင် သူ့တပည့်များကို လုပ်ကိုင်ရမည့်အစီအစဉ်များကို သူက ပြောဆိုမှာကြားပြီး သူကတော့ အရက်ဆိုင်တွင် တစ်နေကုန်သောက်နေသည်။ သူသည် အလုပ်မလုပ်ပေသည့် အရက်သောက်စရာတော့ မပြတ်ရှိသည်။ ပိုက်ဆံတစ်ပြားမှမရှိလည်း အရက်ဆိုင်သို့သွားသော် သူ့ကိုအရက်တိုက်မည့်လူက မရှား၊ သည်လောက်တောင် အရက်သမားအပေါင်းအသင်းဆံ့သည်။ တစ်ခါတစ်ခါ ဤသို့ပြောတတ်သေးသည်။

"ဆရာ … ဆေးခန်းမှာ အကြောဆေးသွင်းတာ ဈေးကြီးတယ်၊ ဆေးထိုးအပ်အသစ်ဝယ်၊ ဆရာမမှာတဲ့ဆေးကို ဆေးဆိုင်မှာဝယ်၊ ကျွန်တော့်အသိ ဆရာမဆီမှာဆေးထိုး၊ တစ်ပြားမှ မပေးရဘူး၊ နောက်ပြီး … အဲဒီဆေးထိုးအပ်ကိုသိမ်းထား၊ နောက်တစ်ခါ ဒီဆေးထိုးအပ်ပဲပြန်သုံး၊ ကိုယ်တစ်ဦးတည်းသုံးတော့ အေအိုင်ဒီအက်စ်လည်း ဖြစ်စရာအကြောင်းမရှိတော့ဘူး …"

"ဆရာရေ …‥ အရက်သမားဆိုတာ အရက်သောက်ရင် အစာသိပ်မစားချင်ဘူး၊ အစာနဲ့အရက် တွဲသောက်တော့ အရက်အရသာပျက်တယ်၊ ဒီတော့ အရက်သောက်တာ အရက်ချည်းပဲသောက်၊ အာဟာရပြတ်တော့လည်း ဒရစ်သွင်းသင့်သွင်း၊ အကြောဆေးသွင်းသင့်သွင်းပေါ့ဗျာ …"

"ဆရာသိပါတယ် …၊ အမေကမွေးတာ တစ်ခါတည်းပါ၊ ကိုယ့်ကိုယ်ကိုယ်သာ အခါခါမွေးရတာပါ၊ ဆရာ့ကို ရယ်စရာပြောရဦးမယ် …၊ ကျွန်တော်တို့အရက်သမားအုပ်စုက တစ်နေ့လုံး အဖြူပဲသောက်တဲ့ကောင်တွေ၊ အမြည်းလည်း သိပ်မစားနိုင်ဘူး၊ ပိုက်ဆံမရှိတာရယ်၊ လေခံတာရယ်ကြောင့် မျက်နှာတွေဖောသွပ်နေတာပဲ …၊ တချို့ကောင်တွေဆို ဗိုက်ပူနံကားနဲ့ ရေဖျဉ်းဆွဲနေတာ၊ တစ်ယောက် ဆိုင်မလာတာကြာရင် မလာတဲ့နေ့ကစပြီး ရက်တွက်လိုက်တယ်၊ ခုနစ်ရက်ပြည့်ရင် အုပ်စုလိုက် သူ့အိမ်သွား၊ ရက်လည်ဆွမ်းကျွေးနဲ့ကွက်တိပဲ …၊ တကယ်ပြောတာနော်၊ မှန်တာက များတယ် …၊ တစ်ခါတလေ အိမ်မှာလမ်းမလျှောက်နိုင်လို့ ပက်လက်ကုလားထိုင်နဲ့ ထိုင်သောက်နေတာတွေ့ရင် အားလုံးဝိုင်းဟားကြပြီး အဲဒီကောင်အိမ်မှာအရက်ဝယ်ပြီး ဝိုင်းသောက်ကြပြန်ရော …၊ အချင်းချင်း အဲဒီလောက် ချစ်ကြတာနော် …"

ပညာတတ်အရက်သမားဆိုသည့်အတွက် မိမိကိုယ်ကိုယ်တော့ မိမိသိနေသည်။ အဲလက်စ်သည် ဆေးသွင်းပြီး အားရှိလာလျှင် အရက်ပိုသောက်မြဲသောက်သည်။ ညသန်းခေါင်ကျော်သိုင်းကွက်နင်းပြီး ကျွန်တော့်ဆိုင်ရှေ့ဖြတ်မြဲပင် ဖြစ်သည်။ ကျွန်တော်မရှိလျှင် ကျွန်တော့်သားတွေကိုနှုတ်ဆက်ကာ ထွက်သွားမြဲဖြစ်သည်ကို ကျွန်တော့်တပည့်များ မြင်တွေ့နေကြသည်။ မနက်ဆိုလျှင် ရန်ကုန်သားတို့၏ထုံးစံအတိုင်း အဲလက်စ်သည့် အသေအိပ်သည်။ မနက်(၁၀)နာရီကျော် (၁၁)နာရီကျမှ ထသည်။ ကျွန်တော်ကတော့ ညက ဘယ်လောက်သောက်သောက် မနက်(၆)နာရီထိုးလျှင် မျက်စိကနိုးနေသည်။ တောသားတို့အကျင့်အတိုင်း မနက်စောစောနိုးသော် လမ်းထလျှောက်သည်။ တစ်နေ့သောအခါ ကျွန်တော် အပြင်ထွက်စဉ် လမ်း၌ အဲလက်စ်နှင့်ဆုံသည်။ အဲလက်စ်က အရက်သောက်ရန် ပိုက်ဆံတောင်းသည်။ ကျွန်တော် ပိုက်ဆံမပေးချင်၊ မနက်ပိုင်း အရက်သောက်သည်ကိုလည်း အားမပေးချင် ထို့ကြောင့် –

"ငါတို့ဗုဒ္ဓဘာသာမှာ မနက်ပိုင်း အရက်တိုက်တာ၊ အရက်ဖိုးပေးတာ အကြီးမားဆုံးအကုသိုလ်အလုပ်ပဲ၊ ငွေကုန်ပြီး ကုသိုလ်မရတော့ ငါကမပေးချင်ဘူးကွာ …၊ ညနေကျမှ သောက်


www.burmeseclassic.com

www.burmeseclassic.com


ပါလား ... ငါတိုက်ပါ့မယ်၊ ခုတော့ မင်းစားချင်တာစား၊ အဝကျွေးမယ်၊ လာလိုက်ခဲ့ ...''

ကျွန်တော် စားသောက်ဆိုင် ခေါ်ပြီး သူစားချင်တာမှာကျွေးပါသည်။ သို့သော် အရက်သမားတို့ထုံးစံအတိုင်း လေခံနေသောကြောင့် စားမဝင်တော့ပေ၊ အရက်မဝင်တော့ လေကမကျချေ။

''ဆရာ ... ဒါလေးခွင့်ပြုရင် ထုပ်ယူသွားချင်တယ်''

''ရပါတယ် ... မင်းသောက်ပြီးမှ စားမှာမဟုတ်လား ...၊ ယူသွားလေ''

အဲလက်စ်သည် သူများကို ဒုက္ခမပေးတတ်။ စိတ်ကောင်းရှိသည်။ ဗဟုသုတရှိသည်။ သူ့အစ်မသည် သူ့ယောက်ဖနှင့်နိုင်ငံခြားတွင် အလုပ်လုပ်နေရာ အဲလက်စ်ကို အရက်ဖြတ်ပြီး အချိန်မရွေးလိုက်လာရန် ခေါ်သည်။ သူ့ကို အလုပ်ပေးရန်အဆင်သင့်။ ကျွန်တော်က မင်းအရက်ဖြတ်ပြီး လိုက်သွားရန် တိုက်တွန်းသည်။ မင်း အင်္ဂလိပ်စကားပြော ကျွမ်းကျင်ပုံနှင့် နိုင်ငံခြားတွင် လစာကောင်းကောင်းရနိုင်ကြောင်း ပြောပြသည်။ အဲလက်စ်က ဆရာမသိဘူးနော်၊ ဟိုမှာက အလုပ်နဲ့လက် ပြတ်လို့မရကြောင်း၊ သူ့လူ့အခွင့်အရေးများ ဆုံးရှုံးနိုင်ကြောင်း၊ သည်မှာလို တစ်နေကုန် အရက်ဆိုင်ထိုင်ဖို့ အခွင့်အရေးမရနိုင်ကြောင်း ပြောပြသည်။

ကျွန်တော်က မင်းမဖြတ်နိုင်ရင်လည်းအလုပ်နားသည့်အချိန် သောက်နိုင်ကြောင်း၊ နိုင်ငံခြားတွင် ပိုက်ဆံရှာပြီး မင်းအမေနှင့်အဒေါ်ကို ပြန်ကြည့်သင့်ကြောင်း၊ မင်းပြောသလို မင်းအမေက မင်းကိုမွေးတာ တစ်ခါတည်းဆိုသောအသက်ကို ပိုရှည်အောင်လုပ်သင့်ကြောင်း ဖျောင်းဖျသည်။ သို့သော် အဲလက်စ်မှာ ဂိတ်ဆုံးနေပါသည်။ အရက်၏ကျေးကျွန်စစ်စစ် လုံးဝဖြစ်သွားတော့သည်ဖြစ်၍ ကျွန်တော့်ပြောစကားများကို နားမဝင်နိုင်တော့ပါ။

နောက်ပိုင်းတွင် ကျွန်တော်နှင့် အဲလက်စ် အတွေ့ရကျဲသွားပါသည်။ တစ်ခါတစ်ခါ ကားလမ်းကို ဒယီးဒယိုင်ဖြင့် ဖြတ်သွားနေသည်ကို တွေ့ရ၏။ သူ့သောက်ဖော်အချို့ အရက်ဖြတ်ထားသည်ဟု ကြားရ၏။ သူသည် သူ့သောက်ဖော်များ အရက်ဖြတ်ထားပေသည့် သူသောက်နေကျဆိုင်တွင် သောက်မြဲသောက်ဆဲ၊ မူးဆဲပင်ဖြစ်ကြောင်း၊ တစ်ခါတစ်ခါ ယင်းဆိုင်ထဲတွင် တစ်ပတ်ဆယ်ရက်ကြာအိပ်တတ်ကြောင်း၊ သူ့စိတ်ထင်မှ အိမ်ပြန်တတ်ကြောင်း သိရသည်။

တစ်ခုသောနံနက်ခင်းတွင် ကျွန်တော့်သားငယ်သည် ကျွန်တော့်ထံ အပြေးရောက်လာပြီး အဲလက်စ်ဆုံးကြောင်း သတင်းလာပို့သည်။

''ဟာ ... ဘယ်လိုဖြစ်တာလဲကွာ ...၊ လွန်ခဲ့တဲ့လ,ကတောင် ငါ အဝေးကလှမ်းမြင်လိုက်သေးတယ်''

ကျွန်တော်အဲလက်စ်အိမ်သို့လိုက်သွားပါသည်။ အဲလက်စ်ဆုံးသွားပြီ။ သေချာသည်။ ရက်တောင်လည်တော့မည်။ အဲလက်စ်အမေသည် ကျွန်တော့်ကိုမြင်လျှင် မျက်ရည်တွေတွေကျပြီး အဲလက်စ်လှေကားပေါ်က နောက်ပြန်ကျပြီး ဦးခေါင်းကွဲကာ သေဆုံးကြောင်း အင်္ဂလိပ်လိုရှင်းပြပါသည်။

''အေး ... ငါတို့လည်း အတိအကျမသိရဘူး၊ လွန်ခဲ့တဲ့တစ်လလုံး အိမ်ပြန်မအိပ်ဘူး၊ နောက် ... အိမ်ပြန်လာပုံရတယ်၊ မနက်စောစော အိမ်အောက်ထပ်ကလူတွေ လာပြောမှ ဆင်းကြည့်တော့ ခေါင်းကွဲပြီး သေနေပြီ ...၊ ငါ့အထင် အရက်အမူးလွန်ပြီး လှေကားကလိမ့်ကျတာဖြစ်မယ်၊ သူ့ဘေးမှာ ဟင်းတွေ ထမင်းတွေ ပြန့်ကျဲနေတယ် ...''

ကျွန်တော်က သူ့အစ်မပေးတဲ့ နာရီကောရှိသေးလားဟု မေးကြည့်သည်။ အဲလက်စ်ကို သူ့အစ်မက အကောင်းစားနာရီတစ်လုံး ပို့ပေးဖူးသည်။ သူက သည်နာရီသူနှင့်မတန်ဟု ဆိုကာ ကျွန်တော့်ကိုပေးဖူးသည်။ ကျွန်တော်မယူ။ မင်းမပတ်ချင်လျှင်သိမ်းထားဟု ပြောလိုက်သည်။ ''ဘယ်ရှိမလဲ ရောင်းစားပစ်တာကြာပြီ''ဟု သူ့အမေက ပြောသည်။ သူ့အမေနှင့်အဒေါ်တို့သည် မျက်ရည်စမ်းစမ်းနှင့် အဲလက်စ်အကြောင်း ပြောကျန်ရစ်သည်။ ကျွန်တော်အသုဘစရိတ်ကူခဲ့ပြီး ပြန်ဆင်းလာခဲ့သည်။ အဲလက်စ်ကို သတ်ပစ်တာသည် မတ်စောက်သောလှေကားလား၊ မတ်စောက်သောလှေကားမှ ပြုတ်ကျစေသည့် အရက်အလွန်အကျွံသောက်ခြင်းလား၊ သို့မဟုတ် မိဘကို စော်ကားမိသော အဖြစ်များလား။

အဲလက်စ်တို့အိမ်၏ မတ်စောက်သောလှေကားမှ ဆင်းလာစဉ် အမှောင်သည် ပို၍မှောင်နေသည်ဟု ကျွန်တော်ထင်မိသည်။ ဆရာရေ ... အမေက တစ်ခါပဲမွေးတာနော်၊ ကိုယ့်အသက်ကိုတော့ ကိုယ့်ဘာသာ အခါခါ မွေးယူရမှာဟု ခဏခဏပြောတတ်သော အဲလက်စ်တစ်ယောက်တော့ဖြင့် သည်တစ်ခါ ကိုယ့်အသက်ကို မမွေးနိုင်တော့လောက်အောင် အရက်သောက်လွန်ခြင်းအဖြစ်ဆိုးဖြင့် ကြုံတွေ့ရကာ အသက်ပင် အပြီးပေးစွန့်သွားရပါပြီတကားဟု ကျွန်တော် သံဝေဂရနေမိပါတော့သည်။

အရက်သမားများ အလွန်အကျွံမိုင်ကုန်သောက်တတ်ခြင်းအကျင့်များ အပြီးတိုင် ဖျောက်ကြပါခင်ဗျား ...။

မောင်လွင်မြင့်


www.burmeseclassic.com

www.burmeseclassic.com



ထားထက်ထက်ကတော့
မြန်မာ့ဂုဏ်ဆောင်
အလှမယ်သစ်တစ်ဦးပါ။
ထိုင်းနိုင်ငံမှာပြုလုပ်ကျင်းပခဲ့တဲ့
Miss Grand International 2013 ပြိုင်ပွဲမှာ
Miss Popular Vote ဆုနဲ့
T-Pageant People Choice Award
ဆုတွေကို ရရှိခဲ့သူလေးပါ။
အနုပညာအလုပ်များကို
ကြိုးစားဆောင်ရွက်နေသလို
ပရဟိတအလုပ်များကိုလည်း
စိတ်ပါဝင်စားစွာ
ဆောင်ရွက်နေသူပါ။
ထားထက်ထက်နဲ့ တွေ့ဆုံချိန်မှာ
မေးမြန်းခဲ့တာလေးတွေကတော့ . . .

အနုပညာ
အလုပ်နဲ့
ပရဟိတ
အလုပ်တွေကို
အချိုးကျ
ဆောင်ရွက်မယ့်

# ထားထက်ထက်



www.burmeseclassic.com

www.burmeseclassic.com



**ထားထက်ထက်ရေ မင်္ဂလာပါနော်။ အခုလက်ရှိဆောင်ရွက်ဖြစ်နေတဲ့ အနုပညာအကြောင်းတွေကစပြီး ပရိသတ်များကို ပြောပြပါ။**

အခု ‥ ထားထက်ထက် ကြော်ငြာလေးတွေ ရိုက်တယ်။ ဂျာနယ်မဂ္ဂဇင်းတွေအတွက် အလှဓာတ်ပုံတွေ ရိုက်ပေးတယ်။ အခုဆို ထားထက်ထက် သရုပ်ဆောင်အလုပ်တွေအတွက် အထောက်အကူတွေ အတွေ့အကြုံတွေလည်းရအောင် ရုပ်ရှင်ရိုက်ကွင်းတွေကိုလည်း လိုက်လေ့လာဖြစ်နေပါတယ်။

**ထားထက်ထက်က Action ဇာတ်ကားတွေ ရိုက်ဖို့ ရှိတယ်ဆို။ ဘယ်လိုပြင်ဆင်နေပြီလဲ။**

ဟုတ်ကဲ့ ‥ ရိုက်ဖို့ကတော့ သေချာပါတယ်။ ဒီဇာတ်ကားတွေ ရိုက်ကူးဖို့အတွက် ထားထက်ထက် အချိန်ကတော့ နည်းနည်းယူရဦးမယ်။ ဒါကြောင့် အခုရိုက်ကွင်းတွေ လေ့လာတယ်။ Traning တွေဆင်းနေတယ်။ အဓိက,ကတော့ အမျိုးသမီးတွေဘက်က စွမ်းဆောင်နိုင်မယ့် Fighting မျိုးတွေ ရိုက်ဖို့များပါတယ်။

**Fighting ပိုင်းအတွက်ကော ထားထက်ထက် လေ့ကျင့်နေပြီလား။**

ဖိုက်တင်ပိုင်းအတွက်ကတော့လေ ‥ အိမ်က အစ်မတွေက ကရာတေးတတ်တာဆိုတော့ ထားထက်ထက်ကို ကရာတေးသင်ပေးပါတယ်။ ဝူရှူးသင်တန်းတွေတက်တယ်။ အိမ်မှာကလည်း လေ့ကျင့်နေပါတယ်။

**ထားထက်ထက်က ဘာကြောင့်ဖိုက်တင်ကားတွေကို စိတ်ဝင်စားတာလဲ။**

ဖိုက်တင်ကားတွေက ထားထက်ထက်နဲ့လည်း လိုက်မယ်လို့ ထင်ပါတယ်။ နောက်ပြီး ကိုယ်တိုင်ကလည်း အားကစားသမားတစ်ယောက်ဖြစ်တဲ့အတွက် ဒါတွေကို ပိုပြီးပြုလုပ်နိုင်မယ်လို့တော့ ထင်ပါတယ်။ ထားထက်ထက်ကလည်း ဖိုက်တင်ကားတွေကို စိတ်ဝင်စားတဲ့အတွက်ပါ။ ဒီနှစ်အတွင်းမှာတော့ ဒီဇာတ်ကားကို စတင်ရိုက်ဖြစ်မှာပါ။

**ပရဟိတအလုပ်တွေကိုကော ဆောင်ရွက်ဖြစ်သေးလား။**

ဟုတ် ‥ ဟိုတလောကတော့ ရေကြည်မြို့မှာ ဦးကျော်သူတို့နဲ့အတူ လူနာ





တင်ကား သွားရောက်လှူဒါန်းတဲ့နေရာမှာ ဖျော်ဖြေရေးအနေနဲ့ ပါဝင်ကူညီဆောင်ရွက်ခဲ့တယ်။ နောက်ပြီးတော့ ငွေဆောင်ဘက်မှာလည်း ပရဟိတ အလုပ်တွေအတွက် ပါဝင်ကူညီပေးခဲ့တယ်။

**ပရဟိတအလုပ်တွေ ဆောင်ရွက်တဲ့အခါ ဘယ်လိုခံစားရစေသလဲ။**

အဓိက ကတော့ ထားထက်ထက်တို့က အမှန်တကယ်လိုအပ်နေသူတွေအတွက် လိုအပ်နေတဲ့ ကွက်လပ်လေးတစ်ခုကို ဖြည့်ပေးတဲ့သဘောပါ။ ကိုယ်က ဖြည့်ဆည်းပေးလိုက်တဲ့ ကိုယ်တတ်နိုင်သလောက် ပြုလုပ်ပေးလိုက်ရတဲ့အခါမှာ သူတို့ဆီကရလာတဲ့ အပြုံးလေးတစ်ခုကိုပဲ ထားထက်ထက်တို့လိုချင်တာ။ ကိုယ်သွားလှူလိုက်တဲ့အချိန် သူတို့တွေအရမ်းဝမ်းသာပြီးတော့ ပီတိဖြစ်တဲ့အခါ ဒါတွေကိုကြည့်ပြီး ထားထက်ထက်တို့ကလည်း အရမ်းစိတ်ချမ်းသာပြီး သူတို့အတွက် ပီတိဖြစ်ရတယ်။

**ထားထက်ထက်က အနုပညာအလုပ်တွေကိုလည်း ကြိုးစား ဆောင်ရွက်နေသူတစ်ယောက်ဆိုတော့ ရေရှည်မှာကော ဘယ်လိုဆောင်ရွက်ဖို့ စီစဉ်ထားသလဲ။**

ထားထက်ထက်က မလှူခင်ကတည်းက ကိုယ်လှူမယ့်နေရာက တကယ်လိုအပ်သလားဆိုတာ အရင်စုံစမ်းတယ်။ ပြီးမှ လှူတယ်။ ထားထက်ထက်ကိုယ်တိုင်ကလည်း မျက်ကြည်လွှာ လှူထားတယ်။ လှူချင်သူတွေရှိရင်လည်း ထားထက်ထက် ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ထားထက်ထက်က ပရဟိတအလုပ်ကို အရင်ကတည်းက စိတ်ဝင်စားတယ်။ ဝါသနာလည်းပါတဲ့အတွက် နောက်ပိုင်းတွေမှာလည်း အနုပညာအလုပ်တွေကော ပရဟိတအလုပ်တွေပါ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။


**ပရဟိတအလုပ်တွေအပေါ် ဘယ်လိုစိတ်ထားနဲ့ဆောင်ရွက်ဖြစ်သလဲ။**

အကူအညီလိုအပ်သူတွေအတွက် ကွက်လပ်ကလေးဖြည့်ချင်တာပါ။


www.burmeseclassic.com

www.burmeseclassic.com





ထားထက်ထက်က အခုမှ ပရဟိတအလုပ်တွေ ဆောင်ရွက်တာမဟုတ်ဘူး။ အရင်ကတည်းက ပြုလုပ်နေတာ။ ပရဟိတအလုပ်ကို တကယ် စိတ်ဝင်စားလို့လုပ်တာပါ။ ပေါ်ပြူလာဖြစ်ချင်လို့ လုပ်တာမဟုတ်ပါဘူး။ တကယ်စိတ်ပါလို့ ပြုလုပ်တာလားဆိုတာ အချိန်ကြာလာတာနဲ့အမျှ သိလာမှာပါ။ ထားထက် အဓိကလှူဖြစ်တာကလည်း အလှူရှင်တွေအရောက်နည်းတဲ့နေရာ တကယ် အကူအညီလိုအပ်တဲ့နေရာတွေကိုပဲ လှူဖြစ်တာပါ။



**ထားထက်ထက်အနေနဲ့ကော ပရိသတ်တွေကို ဘာများပြောချင်သေးလဲ။**

ထားထက်ထက် အခု အက်ရှင်ကားတွေ ရိုက်မယ်ဆိုတာက ကိုယ်တိုင်ကလည်း ယုံကြည်ချက် အပြည့်ရှိတယ်။ အခုလည်းထားထက်ကို အားပေးနေတဲ့ ဒီလိုကားထွက်လာဖို့ မျှော်လင့်နေကြတဲ့ ပရိသတ်တွေလည်း ရှိတယ်။ အဲဒီအတွက် အရမ်းကျေးဇူးတင်ပါတယ်။ မျှော်လင့်တဲ့အတိုင်း မျှော်လင့်ချက်တွေမပျက်သွားအောင် ထားထက်ထက်အကောင်းဆုံးကြိုးစားဆောင်ရွက်သွားမယ်လို့ ကတိပေးပါတယ်။

ငြိမ်းချမ်းအောင်



www.burmeseclassic.com

www.burmeseclassic.com




# စုဝေနှင်း
# အရှေ့တိုင်း အနှိပ်ပညာဖြင့် ရောဂါအချို့ကို ကုသနည်း

အရှေ့တိုင်းတွင် အပ်စိုက်ကုထုံး၊ နှိပ်နယ်ခြင်းတို့ဖြင့် ခေါင်းမူးခြင်း၊ ကိုယ်လက်နာကျင်ခြင်း၊ မောပန်းခြင်းတို့ကို ကုသနိုင်ပြီး အနောက်တိုင်း၏ ဆေးဝါးများသောက်သုံးခြင်းတို့အစား အသုံးပြုသောနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ကိုယ်ခန္ဓာ၏ အဓိကသွေးကြောများတွင် ပိတ်ဆို့နေနိုင်သောစွမ်းအင်တို့ကို အားဖြင့်ဖိနှိပ်ပေးခြင်းဖြင့် ကိုယ်တွင်းစွမ်းအင်ကို ညီညွတ်မျှတစေပြီး ကျန်းမာရေးကိုကောင်းမွန်စေပါသည်။ တရုတ်တိုင်းရင်းဆေးပညာအရဆိုရလျှင် ချီဓာတ်၊ ယင်ဓာတ်၊ ယန်ဓာတ်တို့ကို ညီညွတ်စေခြင်း ဖြစ်ပါသည်။ အနောက်တိုင်းဆေးပညာကမူ ဖိနှိပ်ပေးခြင်းဖြင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေ၍ ကြွက်သားများကို လျော့သွားစေကာ နာကျင်မှုကို သက်သာစေသည်ဟု ယူဆပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ဤနှိပ်နယ်ကုသနည်းမှာ လူတိုင်း မကြာခဏဆိုသလို ဖြစ်တတ်သော ကျန်းမာရေးပြဿနာများကို ကုသရန်သာ ဖြစ်ပါသည်။

ဆရာဝန်နှင့်မပြသဘဲ ဤအနှိပ်ပညာကို အသုံး မပြုသင့်ပါ။ နှိပ်နယ်ရာတွင်လည်း ဖိအားကို မိမိခံနိုင်ရုံ အသင့်အတင့်သာ သုံးပေးသင့်ပါသည်။ အတင်းအားသုံး၍ ဖိမိပါက ကြွက်သားနှင့် အဆစ်များကို ဒဏ်ဖြစ်စေနိုင်ပါသည်။ အားအသင့်အတင့်သုံးကာ ဖိနှိပ်ထားပြီးပါက အသက်ကို ပုံမှန်အတိုင်း ဖြည်းညှင်းစွာ ရှူရပါမည်။ မိမိ၏ ကိုယ်ခန္ဓာအခြေအနေပေးတွင် မူတည်ပြီး၊ တစ်ကြိမ်တည်းဖြင့် သက်သာနိုင်သလို၊ အချို့မှာ သုံးလေးကြိမ်ခန့် ပြုလုပ်ရပါမည်။

ကိုယ်ဝန်ရှိသူများ လုံးဝမပြုလုပ်သင့်သည်ကို ဂရုပြုရပါမည်။ တစ်နေ့လျှင် သုံးကြိမ်ခန့် ပြုလုပ်ပေးရမည်ဖြစ်သည်။

(၁) စိတ်ဖိစီးမှုများ၍ ပင်ပန်းနေလျှင်

လက်ညှိုးဖြင့် အပေါ်နှုတ်ခမ်းနှင့် နှာခေါင်းကြားရှိချိုင့်လေးကို ၃၀ စက္ကန့်ကြ ာအောင် ဖိထားပါ။ ပြီးလျှင် မျက်ခုံး၏ အပြင်ထောင့်ရှိ အချိုင့်နားကို အသာအယာ ၃၀ စက္ကန့်ကြာအောင် ထပ်ဖိပါ။

(၂) ခေါင်းမူးနေလျှင်

လက်ကောက်ဝတ်အတွင်းပိုင်းရှိ အလယ်တည့်တည့် ားကို လက်ညှိုးနှင့် လက်ခလယ်ကို ဖိထားပေးပါ။ စက္ကန့် ၀ မှ တစ်မိနစ်ခန့်ကြာအောင် ဖိထားရပါမည်။

(၃) ခေါင်းကိုက်ခြင်း၊

ကြွက်သားနှင့်အဆစ်များ နာကျင်နေလျှင်

လက်ညှိုးနှင့် လက်မကြားရှိနေရာကို အသာအယာ ဆွဲညှစ်ထားပါ။ တစ်မိနစ်ခန့် ကြာအောင်ညှစ်ပြီး နောက်တစ်ဖက်ကို ပြောင်းလုပ်ပါ။

(၄) ပင်ပန်းနွမ်းလျလျှင်

လက်သီးဆုပ်ပါ။ ခြေဖနောင့်ကို လက်သီးဆုပ်ဖြင့် ပုံတွင်ပြထားသည့်အတိုင်း စက္ကန့် ၃၀ ခန့် ဖိထားပေးပါ။ ထိုအချိန်တွင် အသက်ကိုဖြည်းညင်းစွာ ရှူသွင်းရှူထုတ်လုပ်ပါ။

(၅) ဒူးနာနေလျှင်

တင်းနစ်ဘောလုံး (သို့မဟုတ်) အမာတုံးတစ်ခုခုကို ဒူးအောက်တွင် ခုထားပါ။ ထိုအခါ ထိုဘောလုံးသည် သင်၏ ဦးခေါင်းအောက်ဘက်မှ အကြောများကို ပင့်တင်သကဲ့သို့ ဖြစ်နေရပါမည်။ ပြီးလျှင် ဒူးခေါင်းရိုး၏ အောက်တည့်တည့် အပြင်ခြမ်းကို လက်ညှိုးဖြင့် တစ်မိနစ်ခန့် ဖိထားပေးပါ။

(၆) ခါးနာလျှင်

ဒူးခေါင်းမှ အောက်ကို ခုံပေါ်တွင် တင်ထားပါ။ ပြီးလျှင် ကိုယ်အပေါ်ပိုင်းကိုလှဲချပြီး ထိုအနေအထားတွင် ခါးရိုး တစ်ဖက်စီ၏ အောက်၌ တင်းနစ်ဘောလုံးတစ်လုံးစီ ခုထားပါ။ တစ်မိနစ်ခန့်ကြာအောင် ထိုအနေအထားအတိုင်း နေရပါမည်။

*Ref:Internet*

စုဝေနှင်း



www.burmeseclassic.com

www.burmeseclassic.com




ပင်လယ်ပျော်တို့ရဲ့
ဘဝများထဲမှာ
နစ်မြုပ်
ပျော်ဝင်
နေလေ့ရှိသော

# ဆရာမ မီချမ်းဝေ

နှင့်

စကားစမြည်


www.burmeseclassic.com

www.burmeseclassic.com



**ဆရာမက ပင်လယ်ပျော်တွေရဲ့ဘဝ၊ ပင်လယ်သဘာဝတွေနဲ့ ပင်လယ်ဝတ္ထုတွေကို ရေးလေ့ရှိတယ်ဆိုတော့ ဆရာမနဲ့ပင်လယ် ဆက်စပ်ပုံလေးကို ပြောပြပေးပါလား။ ပင်လယ်နဲ့ ပင်လယ်သားတွေအပေါ်မှာ ထားခဲ့တဲ့ ချစ်ခင်သံယောဇဉ်စိတ်လေးကိုလည်း သိပါရစေ။**

ဆရာမက မွန်ပြည်နယ်၊ သထုံမြို့သူဆိုတော့ ကုန်းခေါင်ခေါင်ကလာသူပါ။ ၁၉၇၅ ခုနှစ်၊ မြိတ်မြို့ကို ရောက်သွားမှ ပင်လယ်ကိုမြင်ဖူးခဲ့တာပါ။ ကျောင်းဆရာမအဖြစ်နဲ့ ပင်လယ်ကမ်းရိုးတန်းမြို့လေးမှာရှိတဲ့ ကလေးတွေကို ချစ်ခဲ့တယ်။ အဲဒီကမှတစ်ဆင့် မိဘတွေ၊ ကလေးတွေရဲ့မိဘတွေကို စိတ်ဝင်စားခဲ့ရင်းက သူတို့ရဲ့ ကြမ်းရှတဲ့ ဘဝဖြတ်သန်းမှုတွေကို တိုးဝင်ကြည့်ရင်း ပင်လယ်ချစ်စိတ်တွေဝင်ခဲ့ရတာပါ။ ကျွန်ပေါင်း ရှစ်ရာကျော်ရှိတဲ့ မြိတ်မြို့နယ်တစ်ခွင်တပြင် ပင်လယ်ကျွန်းတောင်ရဲ့အလှကလည်း လူကိုမိန်းစားတယ်။ ပင်လယ်သဘာဝ ရေတက်ရေကျ ပင်လယ်မျော်ငှက်တို့ ပျံသန်းရာ ပင်လယ်ပျော်ဆလုံလူမျိုးတို့ရဲ့ ဘဝနေထိုင်မှု စသဖြင့် စိတ်ဝင်စားစရာ၊ သင်ယူလေ့လာစရာတွေ မကုန်နိုင်တဲ့ဒေသဝန်းကျင်မှာ ကျင်လည်ခဲ့ရင်းနဲ့ပဲ ပင်လယ်နဲ့ ရင်ချင်းဆက်မိတယ် ဆိုပါတော့။

**ခေတ် လူငယ်တွေကြားမှာ တိမ်မြုပ်လုဆဲဆဲဖြစ်နေတဲ့ ရသစာပေတွေနဲ့ပတ်သက်ပြီး ဆရာမ ဘာများပြောပြချင်ပါသလဲ။**

အဲဒီအကြောင်းကို ပြောရမယ်ဆိုရင် ခေတ်ကို အရင်ပြောရလိမ့်မယ်ထင်တယ်။ ခေတ်ကိုပြောရင် စနစ်ကိုပါ ထည့်ပြောမှ ရပါလိမ့်မယ်။ ပညာရေးစနစ်ကြီး တစ်ခုလုံးက ဆရာ ကျောင်းသားတွေကို နားချိန်မရှိအောင် လုပ်လိုက်တာပါပဲ။ လာက်တဲ့ ဝင်ငွေကြောင့် ဆရာ/ဆရာမတွေ ကျူရှင်ပင်နေရတယ်။ ပြဋ္ဌာန်းချက်တွေမကုန်၊ စာမကြေမှာစိုးလို့ ကျောင်းသားတွေခမျာမှာလည်း ကျူရှင်နဲ့ ဂိုက်တွေကြားမှာ နောက်အောင်ကို မနားတမ်းပြေးလွှားပြီး ပညာသင်နေရပါတယ်။ အဲဒီကြားထဲမှာမှ ခေတ်မီတိုးတက်မှုရဲ့ အသုံးဆောင်၊ ခေတ်မီတိုးတက်မှုရဲ့ ပြယုဂ်တွေဖြစ်တဲ့ ဂိမ်း၊ င်တာနက်၊ အိုင်ပက်၊ ထက်ဘလက် စတာ စတာတွေက ကလေးတွေကို မြူဆွယ်ကြတယ်။ လက်ယပ်ခေါ်ငင်နေတယ်။ ကလေးတွေ အဲဒီအရာတွေထဲမှာ ပျော်ဝင်ပြီး ငြိမ်သက်နေကြတယ်။ စွဲနေကြတယ်။ တချို့ကလေးတွေဆိုရင် အရွယ်မတိုင်ခင်မှာပဲ မသိသင့်မသင့်အပ်ရာတွေ သိကုန်ကြတယ်။ သိနေကြတယ်။ မစွဲသင့် မစွဲအပ်ရာတွေ စွဲကုန်ကြတယ်။

အဲဒီမှာပဲ ကလေးတွေ စာဖတ်ဖို့ အာရုံမရှိဘူးဖြစ်လာတယ်။ အချိန်လည်းမရှိတော့ဘူး။ ဒါတွေကို ပြုပြင်ဖို့ အခြေခံက ကျောင်းတွေဆီကို ပြန်သွားရလိမ့်မယ်။ ကျောင်းသင်ခန်းစာထဲမှာ ဖွံ့ဖြိုးရေးအချိန်တစ်ချိန်ပေးပြီး အဲဒီအချိန်မှာ ကျောင်းစာကြည့်တိုက်ထဲမှာ စာဖတ်ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမယ်။ ငယ်စဉ်ကတည်းက နံရံကပ်စာစောင်တွေ၊ လက်ကမ်းစာစောင်တွေ ရေးသားထုတ်ဝေတတ်ဖို့ သင်ကြားပြုလုပ် လေ့ကျင့်ပေးရမယ်။ ဒါဆို ကလေးတွေ စာပေအပေါ် စိတ်ဝင်စားမှုတွေ ရှိလာမယ်။ စာပေအပေါ်ချစ်စိတ်တွေ ဝင်လာပြီး လူငယ်ဘဝမှာကတည်းက ရသစာပေကို စိတ်ဝင်စားတတ်၊ ချစ်မြတ်နိုးတတ်လာစေဖို့ မျိုးစေ့ချပေးသလို ဖြစ်လာပါလိမ့်မယ်။

**ဒီကနေ့ လူငယ်တွေရဲ့ တိုးတက်လာတဲ့ နည်းပညာတွေအပေါ် ဒီနည်းပညာတွေကြောင့် ဖြစ်လာပျက်လာနိုင်မယ့် ကောင်းခြင်းဆိုးခြင်းတွေကို ဆရာမ ဘယ်လိုများ တွေးထင်မိပါသလဲ။**

ခေတ်ကြီးကတော့ ပြောင်းလဲတိုးတက်နေမှာပါပဲ။ ပြောင်းလဲတိုးတက်လာတဲ့ နည်းပညာနဲ့ လူငယ်တွေရဲ့ ရူးစမ်းချင်စိတ် တွန်းတိုက်မိတဲ့အခါ ကောင်းကျိုးရောဆိုးကျိုးတွေပါ ရောထွေးပြီး ဖြစ်ထွန်းလာတာပါပဲ။ ကျောင်းစာသင်ခန်းထဲမှာ ဆရာမ စာသင်နေစဉ် ကျောင်းသား/သူတွေ လက်တစ်ဝါးစာ MP 4 စက်ကလေးကို ခိုးကြည့်ပြီး တခိခိဖြစ်နေကြတယ်။ ဆရာမကတွေ့တော့ စက်ကိုသိမ်းပြီးကြည့်လိုက်တော့ ဖိုနဲ့မ မဖွယ်မရာပုံတွေ ဖြစ်နေတယ်။ အဲဒါကို ဘယ်လိုကိုင်တွယ်ကြမလဲ။ မိဘနဲ့ဆိုင်သလား။ ဆရာ/ဆရာမနဲ့ဆိုင်သလား။ ကာယကံရှင်လူငယ်တွေနဲ့ပဲဆိုင်သလား။ ခက်တာက ရူးစမ်းချင်စိတ်ဟာ ရူးစမ်းတဲ့



www.burmeseclassic.com



နေရာမှာတင်ရပ်သွားတာမဟုတ်ဘဲ လက်တွေ့လက်တည့် စမ်းတဲ့ဆီ ရောက်သွားမယ်ဆိုရင် အဖြစ်က မတွေးဝံ့စရာ။ ပန်းကောင်းလေးတွေ ပွင့်အာခွင့်မရခင် ညှိုးခြောက်နွမ်း ရော်သွားမယ့် အဖြစ်မျိုးတွေ ရင်ဆိုင်ရမယ်။ လူငယ်လေး တွေ သူတို့လေးတွေ အမြန်ဆုံး ရင့်ကျက်ပြည့်ဝစွာ ကြီးပြင်း လူလားမြောက်လာစေချင်တယ်။

အဲဒီရဲ့ အဖြေက ငယ်စဉ်ကတည်းက အကောင်း အဆိုး အကြောင်းအကျိုးကို မြော်မြင်တတ်ဖို့ အခြေခံ သဘောတရားတွေ၊ ယဉ်ကျေးလိမ္မာသိမ်မွေ့သော ဆင်ခြင် တုံတရားတွေနဲ့ လက်ပွန်းတတီး ရှိစေဖို့ မိဘ၊ ဆရာသမား ဘုန်းတော်ကြီးများကပါ ဝိုင်းဝန်းပြုစု ပျိုးထောင်ပေးကြရ မှာပါပဲ။ ဒါမှသာ ဒီထက် ရှေ့ရောက်လာမယ့် ခေတ်ထဲက ကလေးသူငယ် လူငယ်လူရွယ်တွေအတွက် အလားအလာ ကောင်းတွေ ရရှိလာနိုင်မှာပါ။

**ခုခေတ် စာစောင်တွေထဲမှာ အရွယ်မရောက်သူ၊ အရွယ် ရောက်ပြီး၊ အရွယ်လွန် အမျိုးသမီးတွေကို မတရား စော်ကား ကျင့်ကြံနေတာတွေ ဖတ်ရတာ ပိုများလာ သလိုပဲ။ ဒီအပေါ်မှာရော ဆရာမရဲ့အမြင်လေး ဆွေး နွေးပေးပါဦး။**

တချို့က ပြောကြတယ်။ ဒီကိစ္စများလာတာ မိန်း ကလေးတွေ စကတ်တို၊ ခါးတို၊ ဟော့ရှော့တွေဝတ်လို့ အမြင် မတော်ရာကနေ ဒီစိတ်တွေ နိုးကြားလာတယ်လို့ ထင်ကြ တယ်ပေါ့။ ဒါအဖြေ မဟုတ်ပါဘူး။ အဓိက ပြဿနာက ဘာလဲ။ ရာဂစိတ်ကို နိုးကြားစေတဲ့ အပြာကားတွေ တော ရောမြို့ပါ လွယ်လွယ်နဲ့ ကြည့်ခွင့်ရနေတာရယ်။ စိတ်ကြွ ဆေးတွေ လွယ်လင့်တကူ ဝယ်လို့ရနေတာတွေရယ် မူးယစ် ဆေးလိုစိတ်ကိုပြောင်းလဲစေနိုင်တဲ့ ဆေးဝါးတွေ ပပျောက် အောင်မလုပ်နိုင်သေးတာရယ် ဒီလိုအကြောင်းတရားတွေ အများကြီးရှိပါတယ်။

ကိုယ့်သမီးအရင်းကိုတောင် ပြန်ကြံတဲ့ကိစ္စမျိုးတွေ တောင် ကမ်းကုန်နေပါပြီ။ တကယ်တမ်းပြောရမယ်ဆိုရင် ဒီလိုကျူးလွန်တဲ့လူတွေကို တကယ်ကျူးလွန်တယ်၊ သက်သေခိုင်လုံတယ်ဆိုရင် အသေသာသတ်ပစ်လိုက်၊ သေဒဏ်သာ ပေးပစ်လိုက်ကြည့်ပါ။ တိကျပြတ်သားတဲ့ ပြင်း ထန်တဲ့ဥပဒေသာရှိရင် နောက်လူတွေ ဒီလိုလုပ်ရဲပါ့မလား။ ဒီလိုဥပဒေမျိုးကသာ မိန်းမသားထု(ကြီးငယ်မဟူ)အတွက် စိတ်ချလုံခြုံမှုကို ပေးနိုင်မှာမို့ တိကျပြတ်သားတဲ့ ဥပဒေမျိုး ရှိကို ရှိရတော့မယ်။ ရှိသင့်ပါပြီလို့ပဲ ပြောချင်ပါတယ်။

**အခုလို အလုပ်တွေများတဲ့ကြားက သေသေချာချာ တခုတ်တရ ပရိသတ်သိမြင်အောင် ဖြေကြားပေးသွား တဲ့ ဆရာမ မိချမ်းဝေကို ကျေးဇူးအများကြီးတင်မိပါ တယ်။**

စန္ဒီမြင့်လွင်



www.burmeseclassic.com

www.burmeseclassic.com





# ရွှေပျားတူသိုက်ကို တူးခဲ့စဉ်က…

www.burmeseclassic.com

www.burmeseclassic.com


□

ချေ(ဂျီ)ပေါက်ကလေးတစ်ကောင်က ဖွေ(တောင်ရိုးအလယ်ကုန်းကြော) အတိုင်း တဟုန်ထိုး ပြေးတက်လာသည်။ ဖွေတစ်လျှောက် သန်းသတ်ချုံ၊ စွန်လက်သည်းချုံ၊ ခေါင်ပုံချုံ၊ တောင်လမုချုံများ ရှိနေသောကြောင့် ချေ(ဂျီ)ပေါက် ပြေးတက်သွားရာတစ်လျှောက် ရိပ်ခနဲပေါ်လာလိုက် ပျောက်သွားလိုက် တွေ့နေရသည်။

တင်ဝင်းက နောက်တွင်ကျန်နေခဲ့၍ စောဂျိမ်းနှင့်ကျော်စိုးက ချေ(ဂျီ)ပေါက်နောက်ကို အပြေးလိုက်သွားကြသည်။ စောဂျိမ်းတို့ပြေးလိုက်သွားရာနေရာက ချေ(ဂျီ)သွားလမ်းကြောင်း၏ အောက်ဘက် (၁၀)ပေခန့်နိမ့်သောကိုက်(၂၀)အကွာအဝေးလောက်မှ ဖြစ်၍ ပစ်ကွင်းကောင်းသည်။

သို့သော် ချုံများကြောင့် အကောင်ကို ရိပ်ခနဲသာတွေ့နေရသောကြောင့် နှစ်ယောက်စလုံးသေနတ်မောင်းကွင်းကို မဆွဲနိုင်သေး။ ချေ(ဂျီ)က တောင်ဘက်ကိုပြေးနေရာမှ ဖွေ၏အောက်ဘက်ကို ခြေဦးလှည့်လိုက်သည်။

"ဖောင်း"

"ဒိုင်း"

စက္ကန့်ပိုင်းလောက်သာ ခြားမည်ဟု ထင်ရသည်။ မတူညီသောသေနတ်သံနှစ်ချက်က ထွက်သွားသည်။ ပြေးနေသောချေ(ဂျီ)က ဆတ်ခနဲမြောက်တက်အောင် ခုန်လိုက်ကာ ဆက်ပြေးတော့သည်။ အောက်ခြေရှုပ်လှသော ကြိမ်ပင်၊ ဘူကလိမ်ချုံ၊ ဆူးရစ်ချုံများ ပိတ်နေသော ချုံတောတွင်းသို့ ဝင်ပြေးသွားသောကြောင့် ချုံများလှုပ်သွားသည်ကိုသာ မြင်လိုက်ရသည်။ အကောင်ကို လုံးဝမတွေ့တော့။

စောဂျိမ်းနှင့်ကျော်စိုး ချုံတောတွင်းပတ်ရှာနေသည်မှာ နာရီဝက်လောက်ပင် ရှိတော့မည်။ တစ်နေရာတွင် ချေ(ဂျီ)၏အမွေးအစအနအနည်းငယ်သာ ချုံတစ်ခုတွင် ငြိနေသည်က လွဲ၍ သွေး၊ ခြေရာများလုံးဝမတွေ့ရ။

ဖွဲမလျှော့သေး။ နှစ်ယောက်လုံး ချုံတိုးကာရှာကြပြန်သည်။ နောက်ထပ် နာရီဝက်လောက်ကြာအောင် ထပ်ရှာသော်လည်း အစအနပင်မတွေ့ရသောကြောင့် စောဂျိမ်းက –

"ကျော်စိုးရေ ... လက်လျှော့လိုက်တော့ကွာ"

"ရှုပ်ထိကလေး ထိသွားပုံရတယ်ဗျ ..."

"နာတယ်ကွာ ..."

လက်လျှော့သွားကြကာ လျှောက်လာကြရင်း လာလမ်းကိုမမှတ်မိသောကြောင့် စမ်းတဝါးဝါးဖြစ်နေကြစဉ် –

"ဒူ ... ဒူ ... ဒူ"

မောင်းထုလိုက်သောအသံမျိုးကသဲ့သဲ့ကြားလိုက်ကြရသည်။ စောဂျိမ်းရော ကျော်စိုးပါ နားစွင့်လိုက်ကြရင်း–

"စောဂျိမ်း ... ဘာသံလဲ ...၊ မောင်းတီးသံမျိုးပဲ ..."

"အေး ... မောင်းတီးသံကွ"

"တောထဲမှာ ဘယ်ကများမောင်းတီးနေတာလဲ ..."

"တောခြောက်သံလား ..."

စကားတပြောပြောနှင့် လျှောက်လာကြရင်း မောင်းတီးသံက တဖြည်းဖြည်းဝေး၍ဝေး၍ ကျန်ခဲ့တော့သည်။ လမ်းတွင် သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်နေသောတင်ဝင်းကို တွေ့လိုက်ကြသည်။ တင်ဝင်းက –

"လိုက်လာရင် လူကွဲသွားမှာစိုးလို့ ဒီကထိုင်စောင့်နေတာ ..."

"အေး ... မလိုက်တာဘဲကောင်းပါတယ်ကွာ ...၊ တို့လည်း မောတာပဲအဖတ်တင်တယ်"

"ဒီနေတော့ ရစ်ခေါင်းနှစ်ကောင်နဲ့ တောကြောင်တစ်ကောင်ပဲ ဟင်းစားရတော့တယ် ...၊ နေမစောင်းခင်ပြန်ကြရအောင် ..."

ရွာခံမုဆိုးစောထွန်းတင် (ယခုမုဆိုးမလုပ်တော့)အိမ်ကိုရောက်တော့ အတော့်ကိုမှောင်နေပြီ။ ပါလာသောရစ်ခေါင်းနှစ်ကောင်နှင့် တောကြောင်တစ်ကောင်ကို စောထွန်းတင်ဇနီးထံတွင် ညနေဟင်းစားအဖြစ်အပ်ပြီး စောဂျိမ်း

www.burmeseclassic.com



တို့အဖွဲ့ ရေချိုးအမောဖြေကြသည်။

ထိုအချိန်တွင် အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း၊ မေးရိုးကားကားနှင့်လူကြီးတစ်ယောက် အိမ်ပေါ်ကိုတက်လာသည်။ စောထွန်းတင်က ပျာပျာသလဲခရီးဦးကြိုပြုသည်။ ထိုလူကြီးက အိမ်ဦးခန်းတွင်ထိုင်လိုက်ကာ စောဂျိမ်းတို့အဖွဲ့ကိုကြည့်၍ –

"မင်းတို့က မုဆိုးတွေလား"

စောဂျိမ်းက –

"ဟုတ်ပါတယ်ခင်ဗျ"

"စောထွန်းတင်ပြောလို့တော့ သိပြီးပါပြီ …၊ စောထွန်းတင်လည်း တစ်ချိန်က မုဆိုးလုပ်ခဲ့တာပဲ၊ ဒီရွာသူနဲ့ အိမ်ထောင်ကျလို့ ဒီရွာရောက်မှ မုဆိုးလုပ်တော့တာ …၊ ဒါကြောင့် ဒီရွာ းကတောတွေအကြောင်း သူမသိဘူး တာကကြမ်းတယ်၊ အမှားမခံဘူး၊ င်းတို့လည်း မုဆိုးတွေဆိုတော့ အ တွေ့အကြုံရှိပြီးသား ဖြစ်မှာပါ၊ စော ွန်းတင်ရဲ့မိတ်ဆွေတွေဆိုတော့ ကြို ပြာထားတာ …"

"ဟုတ်ကဲ့ ဦးကြီး … အခုလိုသိ ာ ကျေးဇူးတင်ပါတယ် …၊ ကျွန် ာ်တို့လည်း အမှားမရှိအောင်ဂရု ်ပါတယ် …"

စောထွန်းတင်က –

"ဪ စောဂျိမ်း … သူက တို့ရွာက သူကြီးပဲ၊ ဦးကံမောင်လို့ခေါ်တယ် …၊ ငါနဲ့ ခမည်းခမက်တော်တယ်၊ သူ့သားနဲ့ငါ့သမီးနဲ့ အိမ်ထောင်ကျတာ"

"ငါက ဒီရွာမှာမွေး၊ ဒီရွာမှာအိမ်ထောင်ကျဆိုတော့ ဒီဒေသအကြောင်း အကုန်သိတယ် …၊ ငါငယ်ငယ် လူပျိုဘဝက တောဝက်ထောင်၊ ယုန်လိုက် တောကြက်ထောင် လုပ်ဖူးတယ်၊ တောထဲမှာ ထူးထူးဆန်းဆန်းတွေ တွေ့တယ် အကုသိုလ်အလုပ်တွေ လုပ်ပေမဲ့ ပိုင်ရာဆိုင်ရာတွေကို တင်မြှောက်ပသ တောင်းပန်းတိုးလျှိုးပြီးလုပ်တော့ အန္တရာယ်မရှိဘူးပေါ့ကွာ …"

စောဂျိမ်းက –

"ကျွန်တော်တို့လည်း မုဆိုးလုပ်လာတော့ ဒီလိုမျိုးအလောအထတွေကို လိုက်နာပါတယ်၊ ဒေသတစ်ခုနဲ့တစ်ခု၊ တစ်နယ်နဲ့တစ်နယ်တော့ မတူကြပါဘူး၊ သူ့ဓလေ့နဲ့သူပေါ့ …၊ တင်မြှောက်ပသကြတာခြင်းတောင် တစ်ခုနဲ့တစ်ခု မတူကြပါဘူး …၊ စောစောက သူကြီးပြောတဲ့အထဲမှာ တောထဲမှာ ထူးထူးဆန်းဆန်းတွေ တွေ့တယ်ဆိုတာ ဘယ်လိုတွေ့တာမျိုးလဲ သိပါရစေ …"

"ငယ်ငယ်က တောဝက်ထောင်၊ ယုန်လိုက်၊ တောကြက်ထောင်ရင်း တွေ့ခဲ့ဖူးတာပါ …၊ မိဘတွေပြောတာကတော့ ဒီတောထဲမှာ သိုက်ရှိတယ်တဲ့၊ သိုက်ဆိုတာက ဥစ္စာစောင့်သိုက်ပေါ့ကွာ မင်းတို့လည်း ကြားဖူးကြမှာပါ၊ ငါကိုယ်တိုင်တွေ့တာ သုံးကြိမ်လောက်တွေ့ဖူးတယ်၊ ခပ်ငယ်ငယ် ချောချော မိန်းကလေးတစ်ယောက် ဖြတ်ဖြတ်ပြေးတာ၊ ဖြတ်ပြေးတာကို နောက်ကလိုက်ကြည့်တော့ မတွေ့တော့ဘူး၊ တို့ရွာနားက တောထဲကို မုဆိုးတွေတော်တော်များများ လာကြတယ်၊ သူတို့လည်း အဲဒီလိုပဲ တွေ့တဲ့အကြောင်း ပြောကြတယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့(၁၀)နှစ်လောက်ကာစပြီး အဲဒီအကြောင်းပြောသံ မကြားရတော့ဘူး …"

"ဪ … ဟုတ်ကဲ့၊ ဒါကြောင့် မို့ထင်တယ် ကျွန်တော်တို့ ဒီနေ့တစ်နေ့လုံး တောထဲလျှောက်သွားနေတာ အဲဒီလိုထူးထူးဆန်းဆန်း မကြုံခဲ့ရဘူး၊ ဒါပေမဲ့ … အင်း … တစ်ခုတော့ထူးဆန်းတယ်၊ တောထဲမှာ မောင်းထုသံကို ကျွန်တော်တို့သုံးယောက်လုံး ကြားခဲ့ရတယ် …"

---

**ရွှေငွေကျောက်သံပတ္တမြားက ပိုက်ဆံရှိရင် ဝယ်လို့ရတယ်၊**
**အခုတူးမယ့်သိုက်က အဲဒါတွေထက် အဖိုးတန်တာရမှာ၊**
**ပိုက်ဆံရှိတိုင်းဝယ်လို့ရတာမဟုတ်ဘူး…**

www.burmeseclassic.com

ဦးကံမောင်က –

"ဟေ ... ဘယ်လို"

"တဒူဒူနဲ့ မောင်းထုတဲ့အသံပါ"

စောထွန်းတင်က –

"ဘယ်နေရာမှာ ကြားတာလဲ"

"ဟိုတစ်ခေါက်က တို့တောပစ်လာတော့ မင်းပါလိုက်လာတယ်လေ၊ တို့ မရမ်းပင်ကြီးအောက်မှာ ထမင်းစားကြတယ် ...၊ အဲဒီနေရာကကြည့်လိုက်ရင် ငှက်ပျောတောကြီးကို မြင်နေရတယ်၊ အဲဒီငှက်ပြောတောကိုလွန်ပြီး တောင်ကြောကလေးကို တက်လိုက်တော့ အဲဒီတောင်ကြောပေါ်မှာ ချေ(ဂျီ)ကိုလိုက်ရင်း ကြားခဲ့ရတာပဲ ..."

"ဩော် ... ဟုတ်ပြီ၊ မရမ်းမြောင်အလွန်က တောင်ကြောပေါ့၊ မနက်ဖြန် မင်းတို့တောပစ်ထွက်ရင် ငါလိုက်ကြည့်ချင်တယ် ..."

"ဘာလုပ်မလို့လဲ ... မင်းမုဆိုးမလုပ်တာ ကြာပြီမဟုတ်လား"

"မုဆိုးလုပ်မလို့ မဟုတ်ပါဘူးကွာ မောင်းတီးတဲ့အသံကို နားထောင်ချင်လို့ပါ"

စောထွန်းတင်၏မိန်းမက ထမင်းပွဲပြင်ပြီးကြောင်းပြောသောကြောင့် စောဂျိမ်းတို့ထလိုက်ကြသည်။ စောဂျိမ်းက –

"သူကြီး ... ကျွန်တော်တို့နဲ့ ထမင်းအတူစားပါလား"

"စားကြ စားကြ ... ငါစားပြီးပါပြီ"

ထမင်းဝိုင်းတွင် ရစ်ဒေါင်းဆီပြန်ဟင်း၊ တောကြောင်သားကို နနွင်းဆားနယ်ကာကြော်ထားသော တောကြောင်သားကြော်နှင့် ကြိမ်ဖူးဟင်းခါး၊ မြိုင်လှသည်။ ထို့ထက်ပိုမြိုင်စရာကား စောထွန်းတင်တို့ရွာမှ တစ်ပင်တည်းသော ထန်းပင်မှ ပင်ကျထန်းရည်ဖြစ်သည်။

+++



နောက်တစ်နေ့နံနက်စော စောထကာ မရမ်းမြောင်ဘက်သို့ ချီတက်လာကြသည်။ လမ်းတစ်နေရာတွင် ရှေ့ဆုံးကသွားနေသော စောထွန်းတင်သည် တစ်စုံတစ်ခုကို တိုက်မိကာ ချုံတောထဲတွင် မှောက်ခုံလဲတော့သည်။ စောထွန်းတင်က လူးလဲထကာ တိုက်မိသောနေရာကို ကြည့်လိုက်တော့ ငါးမူးလုံးခန့်ရှိ ကြိုးတစ်ချောင်းကို ဝင်တိုက်မိကာလဲခြင်းဖြစ်သည်။

ကြိုးက လူသွားလမ်းကလေးကို ကန့်လန့်ခံထားသလို ဖြစ်နေသောကြောင့် ထူးခြားနေသည်။ ကြိုးကိုဆွဲကြည့်တော့ တစ်ဖက်ချုံတောထဲမှ ဝါးညှပ်တစ်ချောင်း ထွက်လာသည်။ နောက်တစ်ဖက်ကိုဆွဲကြည့်တော့ ဆွဲမရ။ တင်းခံနေသည်။ လူနှစ်ယောက်ဆွဲမှ သစ်ပင်ချုံများကို ကွတ်ခြစ်ကာ ယက်ကန်ယက်ကန်နှင့် ပါလာသောဖွတ်ကြီးတစ်ကောင်။ ကြိုးကွင်းက ခေါင်းနှင့် လက်တစ်ဖက်ကိုသိုင်းကာ ရစ်ပတ်နေခြင်းဖြစ်သည်။ –

စောဂျိမ်းက –

"ပွတာပဲဖော့ ... ဖွတ်ထောင်တာတော့ မဖြစ်နိုင်ဘူးဖော့၊ ဘယ်ဟ
ကိုထောင်ထားတဲ့ ထောင်ချောက်
ဖွတ်ကဝင်တိုးပြီး ဘယ်လိုဖြစ်လာတ
လဲ မသိဘူး၊ စားရက်ကြုံတော့ မု
ဆိတ်ပျားစွဲတာမဟုတ်ဘူးဖော့ ..
ခလုတ်တိုက်တာဟ ...၊ ဟုတ်တ
မဟုတ်လား စောထွန်းတင်"

"အေးကွ ... အဲဒီလိုပြောရမ
ဖြစ်နေပြီ ..."

ဖွတ်ကြီးကိုထမ်းလာကြရင်း
ရမ်းမြောင်ကိုရောက်လာကြသည်။
ရမ်းမြောင်ကဆင်းပြီး ငှက်ပျောတေ
ထဲတွင် တောဝက်ခြေရာများ ရှုတ်
ခတ်နေအောင် တွေ့ရသော်လည်း
ကောင်ကိုတော့ အရိပ်အယောင်မျှ
မတွေ့။



www.burmeseclassic.com

www.burmeseclassic.com


ငှက်ပျောတောကို လွန်ကာ တောင်ကြောပေါ်ကိုရောက်လာကြသည်။ မနေ့က စောဂျိမ်းတို့ ချေ(ဂျီ)ကိုပစ်ရာ လမ်းအတိုင်း လျှောက်လာကြကာ မောင်းထုသံကြားသောနေရာသို့ စောထွန်းတင်ကို ခေါ်လာခဲ့သည်။ သို့သော် မနေ့ကလို မောင်းထုသံကိုမကြားရ။

"မနေ့က တို့ကြားရတာ ဒီနေရာကပဲ"

"ဘယ်ဘက်ကလာတဲ့အသံလဲ"

"အဲဒါတော့ မမှန်းတတ်ဘူးကွ၊ ကျော်စိုးနဲ့ငါနဲ့ကြားရတာတော့ အသေအချာပဲ ..."

စောထွန်းတင်က တစ်စုံတစ်ခုကို စဉ်းစားလိုက်ကာ သူ့တွင်ပါလာသော လွယ်အိတ်ထဲမှ အထုပ်တစ်ခုကိုထုတ်လိုက်သည်။ အပ်ချည်ကြိုးအနည်းငယ်နှင့် အပုပ်နံ့ရသော အသားအပိုင်းအစတစ်ခု။ ထို့နောက် စောထွန်းတင်သည် အနီးရှိ ဝါးပင်တစ်ပင်မှ ဝါးရွက်ခြောက်တစ်ခုကိုကောက်ကာ ဝါးရွက်၏အရင်းတွင် အပ်ချည်ကြိုးကို ချည်လိုက်သည်။ အပ်ချည်ကြိုး၏တစ်ဖက်အစတွင် အပုပ်နံ့ရသောအသားစကို ချည်လိုက်ပြန်သည်။

စောထွန်းတင်က ဘာမျှမပြောဘဲ သူ့အလုပ်ကိုသူလုပ်နေသောကြောင့် အားလုံးကပိုင်းကြည့်နေကြသည်။ ထို့နောက် စောထွန်းတင်က ဝါးကိုင်းတစ်ခုကို အခက်အလက်များသင်လိုက်ကာ ထိုဝါးကိုင်းထိပ်တွင် အပ်ချည်ကြိုးကိုချိတ်လိုက်သည်။ ပြီးမှ –

"စောဂျိမ်း ... ငါဒါကို သစ်ပင်ပေါ်တက်ပြီး ဝါးကိုင်းထောင်ထားရင် သိပ်မကြာခင် ပိတုန်းလိုအကောင်မျိုးတွေ ဒီအသားပုပ်ကို လာဆွဲလိမ့်မယ်။ လာဆွဲရင် ဝါးရွက်ကလေးက လေထဲမှာပါသွားလိမ့်မယ်။ အဲဒီဝါးရွက် ဘယ်အထိပါသွားတယ်ဆိုတာ တို့လိုက်ကြည့်မယ်။ မျက်ခြေမပြတ်စေနဲ့။ ငါလည်း သစ်ပင်ပေါ်ကဆင်းပြီး မင်းတို့နောက်က လိုက်မှာပါ ..."

စောဂျိမ်းက ခေါင်းညိတ်သည်။

စောထွန်းတင်က အနီးရှိသစ်ပင်တစ်ပင်ပေါ်ကိုတက်သွားကာ ဝါးကိုင်းကို လေထဲတွင်ထောင်ထားလိုက်သည်။ ဝါးရွက်ကလေးက လေထဲတွင်တလွင့်လွင့် လှုပ်ရှားနေသလို အသားပုပ်ကလေးကလည်း လှုပ်နေသည်။ သိပ်မကြာလိုက် ဆယ်မိနစ်ခန့်လောက်တွင် ပိတုန်းလိုအကောင်မျိုး လေးငါးကောင်က အသားပုပ်ကို အလုအယက်ဝင်ဆွဲတော့သည်။ အသားပုပ်ကိုဆွဲပြေးရာနောက်သို့ ဝါးရွက်ကလေးတလွင့်လွင့်နှင့် ပါသွားတော့သည်။

စောထွန်းတင်မှာထားသည့်အတိုင်း စောဂျိမ်းတို့အဖွဲ့က ဝါးရွက်ကလေးကို ကြည့်ကာ အပြေးလိုက်သွားကြသလို စောထွန်းတင်ကလည်း သစ်ပင်ပေါ်မှ ခုန်ဆင်းကာ အပြေးလိုက်သွားသည်။

တလူလူလွင့်ကာ ပါသွားသောဝါးရွက်ကလေးက တစ်နေရာအရောက်တွင် အောက်သို့စိုက်ဆင်းသွားတော့သည်။ စောထွန်းတင်က ဝါးရွက်ကလေးကို မျက်ခြေမပြတ်ကြည့်ရင်း စောဂျိမ်းတို့ကို မီလာသည်။ ဝါးရွက်ကလေးက ချုံများအကြားရှိ တောင်ပို့သဏ္ဍာန်ကုန်းမြင့်ကလေးနေရာတွင် ပျောက်သွားသည်။

မောင်းထုသံကဲ့သို့ တဒူဒူထွက်နေသောအသံက ထိုတောင်ပို့ထဲမှထွက်နေခြင်းတို့ဖြစ်သည်။

"စောဂျိမ်းတို့ မောင်းသံကြားရတယ်ဆိုတာ အဲဒီထဲကပဲလေကွာ"

"အေး ... ဟုတ်တယ်၊ အဲဒီအသံပဲ"

"ကဲ ... နေရာသိပြီ၊ ငါပြန်တော့မယ်၊ မင်းတို့ကတော့ တောပစ်ထွက်ကြဦးမှာဆိုတော့ နေခဲ့တော့ .."

စောဂျိမ်းက စောထွန်းတင်ကို ခပ် ကြောင်ကြောင်ကြည့်ကာ –

"ဒါကြီးနေရာကို မင်းကတွေ့တော့ ဘာဆက်လုပ်မှာလဲ ..."

"သိုက်တူးမလို့"

"ဟေ ..."

+++

စောထွန်းတင်၏ အစီအစဉ်အတိုင်း ရွာသားများအလုပ်ရှုပ်နေကြသည်။ မှိုင်းပြောင်းများ၊ မီးတုတ်များ၊ လက်နှိပ်ဓာတ်မီး၊ မှိုင်းတိုက်ရာတွင် ထည့်ရန် ဆေးရွက်ကြီး၊ ဂယ်ပေါက်များကိုပိတ်ရန် ရွှံ့ပျော့များ၊ ပေါက်တူး၊ ပေါက်ပြား၊ ခြင်းတောင်းနှင့်ထမ်းပိုးများ စုဆောင်းထားလိုက်ကြသည်။

စောထွန်းတင်က ဝါးပိုးဝါးများကို ခြမ်းကာ လက်ကိုင်စရာအနေအထားမျိုး ဝါးများကို လှီးထုတ်လိုက်သည်။ တံတောင်ခန့် လက်ကိုင်ပါသောဝါးခြမ်းပြားများဖြစ်သည်။ ရွာသားတစ်ယောက်က –

"ကိုစောထွန်းတင် အဲဒီဝါးခြမ်းပြားတွေက ဘာလုပ်ဖို့လဲ ..."

"သိုက်စောင့်တွေကို ရိုက်ဖို့"

စောထွန်းတင်က စပ်ဖြီးဖြီးနှင့် ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


"ကဲ ... ညကျရင် ကျုပ်နဲ့သိုက်တူးတာကို လိုက်မယ့်လူတွေက ဒီလူပဲလား ...၊ ရွှေငွေကျောက်သံပတ္တမြားထက် အဖိုးတန်တာတွေရမှာနော်၊ ရွှေငွေကျောက်သံပတ္တမြားက ပိုက်ဆံရှိရင် ဝယ်လို့ရတယ်၊ အခုတူးမယ့်သိုက်က အဲဒါတွေထက် အဖိုးတန်တာရမှာ၊ ပိုက်ဆံရှိတိုင်းဝယ်လို့ရတာမဟုတ်ဘူး"

စောထွန်းတင်နှင့် ဝိုင်း၍လုပ်ကိုင်ပေးနေသော ရွာသားလူငယ်၊ လူလတ် (၆)ယောက်ခန့်ဖြစ်သည်။ ဝိုင်းကြည့်နေသော ရွာသားနှစ်ယောက်က စိတ်ဝင်စားသွားသောကြောင့် –

"ဘယ်လိုသိုက်မျိုးတူးမယ်ဆိုတာ မသိရသေးဘူးလား ...၊ သိုက်တူးတယ်ဆိုတာ အန္တရာယ်များလို့ပါ ...၊ နောက်ပြီး ဒီတောထဲမှာ ဥစ္စာစောင့်တွေလည်းရှိတယ်ဆိုတာ ကြားဖူးလို့ပါ၊ နောက်တစ်ခုက ဘုရားသိုက်ဆိုရင်လည်း မတူးကောင်းဘူးလို့ကြားဖူးလို့ပါ"

"ဒါတော့ ပြောလို့မဖြစ်ဘူး၊ စိတ်ပါရင်လိုက်၊ မပါရင်မလိုက်နဲ့၊ လိုက်ရင်တော့ ဝေစုရမယ် ..."

ရွာသားနှစ်ယောက်က –

"ကိုစောထွန်းတင် ဦးဆောင်တယ်ဆိုတော့ လိုက်မယ်ဗျာ ..."

"ဒါဆိုရင် လိုက်မယ့်လူတွေ ဒီမှာနေခဲ့ ...၊ မလိုက်တဲ့လူတွေ ပြန်ကြတော့"

ရွာသားတချို့ ထပြန်သွားကြသည်။

"ဒီလူတွေအကုန်လုံး လိုက်မယ်လို့ ဆုံးဖြတ်ပြီးပြီပေါ့နော် ..."

"ဟုတ်ပါတယ် ...ဟုတ်ပါတယ်"

"ဒါဆိုရင် ခင်ဗျားတို့ကို ယုံကြည်စိတ်ချစွာနဲ့ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ အခုတူးမယ့်သိုက်က ပျားတူသိုက်"

"ပျားတူသိုက် ..."

"ဟုတ်ပါတယ် ...ကြားဖူးကြသလား ..."

"မကြားဖူးဘူးဗျို့ ..."

"ပျားတူဆိုတာ ပျားနဲ့လည်းမတူဘူး၊ ပိတုန်းနဲ့လည်း မတူဘူး၊ ကိုက်လိုက်ရင် အသားတစ်ပါသွားအောင် ကိုက်တတ်တယ်၊ ပြီးမှ အဆိပ်ထုတ်လိုက်တယ်၊ ဒီကောင်တွေနေတဲ့ တွင်းထဲကို ကျွဲတို့ နွားတို့ တောဝက်ရဆ္ဓာန်တို့ ကျွံကျသွားရင် ပြန်နုတ်လိုက်တာနဲ့ အသားတွေကုန်ရော၊ တစ်ကောင်လုံးကျွံသွားရင်တော့ သေပြီပေါ့ ...၊ ခြေထောက်တို့လက်တို့ ကျွံသွားရင်တော့ ပြန်ထုတ်လိုက်ရင် အရိုးပဲကျန်တော့တယ်၊ အဲဒီလိုကောင်မျိုးတွေ၊ သူတို့ကို အခုလို အုံနဲ့ကျင်းနဲ့တွေ့ဖို့ဆိုတာလည်း မလွယ်ဘူး ...၊ ငါလည်း တစ်ချိန်က မုဆိုးလုပ်ဖူးတော့ ပျားတူအုံကို ချင်းပြည်နယ်ဘက်မှာ တစ်ခါပဲတွေ့ဖူးတယ် ဒီကောင်တွေက ဝါဆိုလလောက်ကနေ သီတင်းကျွတ်လလောက်ထိ တွင်းအောင်းတတ်တယ်၊ သီတင်းကျွတ်ကျော်သွားရင် အုံကြီးကိုစွန့်ပြီး ပျံသွားကြတာမျိုး ..."

"အဲဒီအုံကြီးထဲက ဘာရမှာလဲ"

"ပျားတူဥတွေရမယ်"

"ကိုစောထွန်းတင်ရယ် ရွှေငွေကျောက်သံပတ္တမြားထက် တန်ဖိုးရှိတာရမယ်ဆို"

"ဟုတ်တယ်လေ ...၊ ရွှေငွေကျောက်သံပတ္တမြားက ပိုက်ဆံရှိရင် ဝယ်လို့ရတယ်၊ အခု ပျားတူဥတွေက ပိုက်ဆံပေးတိုင်း ဝယ်လို့ရတာမဟုတ်ဘူး ...၊ အခုလိုတွေ့ဖို့တောင် လွယ်တာမဟုတ်ဘူး ..၊ ပျားတူချေးဆိုတာလည်း ရှားရှားပါးပါး၊ ဆေးဘက်ဝင်တယ်၊ ကျောမှာပေါက်တဲ့ အနာပဆုပ်ဆိုတာ ကုလို့မလွယ်ဘူး၊ အနာပဆုပ် ကျောလုံးပုပ်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊ အဲဒီအနာပဆုပ်ပေါက်ရင် ပျားတူချေးကိုသွေးလိမ်းရင် ပျောက်တယ်၊ မြို့က ပရဆေးဆိုင်တွေမှာ ရောင်းလို့ရတယ်၊ တန်ဖိုးကြီးတယ်"

စောဂျိမ်းက –

"စောထွန်းတင် ...မင်းပြောမှ ငါတို့လည်း စိတ်ဝင်စားသွားပြီ၊ ငါလည်း မုဆိုးလုပ်လာတာကြာပြီ၊ ပျားတူအုံဆိုတာ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ တို့သုံးယောက်လည်း လိုက်မယ်၊ အတွေ့အကြုံရတာပေါ့ ..."

"ကဲ ...ဒါဆိုသွားကြမယ်၊ ခုချိန်လောက်သွားရင် ပျားတူသိုက်ကို မှောင်ချိန်လောက်မှရောက်မယ် ..."

+++

မီးတုတ်များ၊ မှိုင်းပြောင်းများ၊ ပေါက်တူး၊ ပေါက်ပြား၊ ခြင်းတောင်းများ ထမ်းသူထမ်း၊ ပိုးသူပိုးနှင့် တပျော်တပါးချီတက်လာကြရာ မရမ်းမြောင်အလွန် ပျားတူသိုက်ရှိရာသို့ မှောင်ချိန်လောက်တွင် ရောက်လာကြသည်။

လဆုတ်ရက်ဖြစ်သောကြောင့် မှုန်ဝါးဝါးလရောင်ဖြင့် ချုံတိုးကာ လျှောက်နေရသောကြောင့် ခြေခြင်းလက်ခင်းမကောင်း၍ သတိအနေအ

ထားဖြင့် သွားနေကြရသည်။ အောက်မှ ပိုးကောင်(မြွေ)ကိုလည်း သတိထားရသေးသည်။

တရွေ့ရွေ့နှင့် တောတိုးလာကြရင်း မောင်းသံဗုဒ္ဓနေရာနှင့် တဖြည်းဖြည်းနီးလာသလို တိတ်ဆိတ်နေသောညဖြစ်၍ မောင်းသံကို အတိုင်းသားကြားနေကြရသည်။

"ကဲ ... ရွာသားတွေက ဒီနားမှာခဏနေခဲ့ ...၊ ငါခေါ်မှလာ၊ စောဂျိမ်းတို့သုံးယောက်က ကျွန်တော်နဲ့လိုက်ခဲ့ ..."

စောထွန်းတင်က လမ်းတွင် စောဂျိမ်းတို့အား မှာထားသည့်အတိုင်း ပျားတူသိုက်ရှိရာသို့ မိချောင်းသွားသွားကာ ရင်ပေါင်တန်း တက်လာခဲ့ကြသည်။ ထိုအချိန်တွင် တိမ်တိုက်က လေတိုက်ရာသို့ တရွေ့ရွေ့ပါသွားသောကြောင့် ပျားတူသိုက်ကြီးကို လရောင်ဖြင့် ထင်ထင်ရှားရှားမြင်တွေ့နေရသည်။

ပျားတူသိုက်ကြီးကို နီးလာသည်နှင့် စောထွန်းတင်က စောဂျိမ်းတို့ကို အချက်ပေးလိုက်သည်။ မှန်းထားသည့်အတိုင်းပင် မည်သည့်နေရာကစောင့်နေမှန်းမသိရသော အစောင့်ပျားတူကောင်များက ဝီးခနဲမြည်သံပေးကာ ဝိုးဆင်းလာကြသည်။

"ဂွပ် ... ဂွပ် ... ဂွပ် ..."

စောဂျိမ်း၊ စောထွန်းတင်၊ ကျော်...နှင့် တင်ဝင်းတို့လေးယောက်က ပါ...သော ဓါးခြမ်းများဖြင့် အစောင့်ပျား...ကောင်များကို တဂွပ်ဂွပ်နှင့် ရိုက်ချ...ကြသည်။ အလင်းရောင်အားနည်း...သောကြောင့် လွဲသွားသောအ...ကောင်များကိုလည်း နောက်တစ်ကျော့တွင် ဓါးခြမ်းပြားစာမိကာ ငြိမ်သွားပြီဖြစ်သည်။ စောထွန်းတင်က လက်နှိပ်ဓာတ်မီးကိုဖွင့်ကာ နောက်ချန်ရွာသားများကို အချက်ပြလိုက်သည်။

စီစဉ်ထားသည့်အတိုင်း ရွာသားများ အပြေးရောက်လာကြကာ စောထွန်းတင်လက်နှိပ်ဓာတ်မီးထိုးပြနေသည့် ဂယ်ပေါက်များကို ရွံ့ပျော့များဖြင့် တဖတ်ဖတ်ရိုက်ရင်း လိုက်ပိတ်နေကြသည်။

"ကဲ ... ဂယ်ပေါက်တွေပိတ်ပြီးပြီဟေ့ ... မီးခိုးပြောင်းတွေမှုတ်ကြတော့ ..."

ပြောင်းတံများကို ပျားတူသိုက်ကြီးအတွင်း အသီးသီးထိုးထည့်လိုက်ကြကာ ဆေးရွက်ကြီးထည့်ထားသော မီးခိုးပြောင်းများဖြင့် လေးဖက်လေးတန်မှ ဝိုင်းမှုတ်ထည့်လိုက်သည်။ ဂယ်ပေါက်များကို ပိတ်ထားသောကြောင့် ထွက်ပေါက်မရှိတော့ဘဲ အထဲတွင်လည်း ဆေးရွက်ကြီးမီးခိုးများကြောင့် ပျားတူသိုက်ကြီးအထဲတွင် ပွင့်ထွက်တော့မည့်အလား တဝုန်းဝုန်းဖြင့် ဆူညံနေတော့သည်။

ငါးမိနစ်မျှအကြာတွင် ငြိမ်သက်သွားတော့သည်။

"ကဲဟေ့ ... ကီစွပြတ်ပါပြီကွာ၊ တူးကြတော့ဟေ့ ..."

မီးတုတ်များကို မီးညှိ၍ ထွန်းသူကထွန်း၊ လက်နှိပ်ဓာတ်မီး ပြသူကပြ၊ ပျားတူသိုက်ကြီးကို ပေါက်တူး၊ ပေါက်ပြားများဖြင့် ဖွဲ့သူကဖွဲ့နှင့် ကိုယ်စီကိုယ်ငှ အလုပ်များနေကြတော့သည်။

မီးရောင်အောက်တွင် ပျားတူသိုက်ကြီးပေါ်လာသည်နှင့်အမျှ တော





www.burmeseclassic.com

www.burmeseclassic.com


တွင်းသတ္တုဝါနှစ်ကောင်၏ အရိုးစုများ၊ ပျားသလက် အချပ်လိုက်များနှင့် ထောင်သောင်းချီနေသော ပျားတူဥများကို တွေ့လိုက်ကြရသည်။ အရည်လက် မဝက်ခန့်နှင့် ဖွေးဖွေးဖြူနေသော ဥများသည် ပျားတူဥများပင် ဖြစ်သည်။

ပျားသလက်အချပ်များကို တဖြည်းဖြည်းခွာ၍ ခြင်းကြားထဲကိုထည့်သူကထည့်၊ ပျားတူဥများကို ကျုံးသူကကျုံး လုပ်နေကြချိန်တွင် စောထွန်းတင်နှင့်စောဂျိမ်းက ဆေးပြင်းလိပ်ကိုယ်စီဖွာကာ ပြုံးပြုံးလုပ်နေကြသည်။ စောဂျိမ်းက –

"ငါလည်း မုဆိုးလုပ်လာတာကြာပြီကွာ ... ဒီအတွေ့အကြုံမျိုး တစ်ခါမှ မကြုံဖူးသေးဘူး ...၊ ဟိုအရိုးစုတွေက ချေ(ဂျီ)နဲ့ ဆတ်ဖြစ်မယ်၊ ချို(ဂျို)တွေ ကြည့်ပြီးပြောရတာ ..."

"ဟုတ်တယ် ... ပျားတူအုံထဲကို ဒီကောင်တွေကျုံကျသွားတာ ကြမ္မာငင်တာပေါ့ကွာ ...၊ သူတို့အစာဖြစ်သွားတာပေါ့ ..."

စောထွန်းတင်က တစ်စုံတစ်ခုကို ကောက်ယူလိုက်ကာ –

"ရော့ ... စောဂျိမ်း၊ အဲဒါကို တစ်ခုခုနဲ့ထုပ်ယူထား၊ အဲဒါ ပျားတူချေးတွေပဲ ...၊ ဆေးဖက်ဝင်တယ်၊ မြို့က ပရဆေးဆိုင်တွေမှာ ရောင်းစားလို့ရတယ်၊ တန်ဖိုးရှိတယ်၊ ငါလည်း သိမ်းထားရမယ် ..."

ကိစ္စဝိစ္စများပြီးသည်နှင့် ရွှေပျားတူသိုက်ကို တူးကြသော စောဂျိမ်း၊ စောထွန်းတင်၊ ကျော်စိုးနှင့်တင်ဝင်း အပါအဝင် ရွာသားများအားလုံး ထမ်းသူကထမ်း၊ ပိုးသူကပိုး၊ သယ်သူကသယ်၊ မီးတုတ်များ တဝင်းဝင်းနှင့် ဗေဟာလမ်းအတိုင်း ပြန်လာခဲ့ကြသည်။ ရွာကိုရောက်တော့ နံနက်လေးနာရီ ကျော်ပြီ။

ရွာရောက်တော့လည်း မီးမွှေးသူကမွှေး၊ ပျားတူဥများကို ရေနွေးဖျောသူကဖျောနှင့် အလုပ်များနေကြပြန်သည်။

စောထွန်းတင်က ရေနွေးဖျောပြီးသား ပျားတူဥများကို ဆားအနည်းငယ်ဖြူး၍ ဆီရွှဲရွှဲနှင့်ကြော်လိုက်သည်။ နီရောင်သန်းလာသည်နှင့် မီးဖိုပေါ်မှချကာ စောဂျိမ်းရှေ့သို့ တစ်ပန်းကန်လာချသည်။

စောဂျိမ်းက ကရင်လူမျိုးမုဆိုးဖြစ်၍ အစားအသောက်ကိုလည်း တွေ့မရှောင်အကုန်စားသူဖြစ်၍ မထူးဆန်းသော်လည်း ကျော်စိုးနှင့်တင်ဝင်းက မဝံ့မရဲနှင့် တစ်ဖွန်းစီမြည်းလိုက်ကြသည်။

စောထွန်းတင်က –

"စောဂျိမ်းရဲ့မိတ်ဆွေတွေ ဘယ့်နှယ်လဲ"

ကျော်စိုးက –

"ဆိမ့်သလို အီသလိုနဲ့ ကောင်းတယ်ဗျ ..."

"အခုလိုကြုံတုန်းရတုန်း စားထားကြ၊ နောက်ပိုက်ဆံပေးပြီးဝယ်ပါမယ်ဆိုတာတောင် ရမှာမဟုတ်ဘူး"

"စောထွန်းတင်ပြောတာ မှန်တယ်ဗျ ...၊ စိန်ရွှေရတနာက ပိုက်ဆံရှိရင် ဝယ်လို့ရတယ်"

စောထွန်းတင်တို့ယူလာသော ပျားတူဥများသည် -သုံးလေးတင်းခန့် ရှိမည်ဖြစ်သည်။ စောထွန်းတင်တို့ ရောက်လာသည့်အသံများကြောင့် တစ်ရွာလုံးနိုးလာကြကာ တအံ့တဩလာကြည့်ကြသည်။ စောထွန်းတင်ကလည်း စေတနာကောင်းသူဖြစ်၍ ဟိုအိမ်နည်းနည်း၊ ဒီအိမ်နည်းနည်းနှင့် ပျားတူဥများ တက်တက်ပြောင်သွားတော့သည်။

ထိုနေ့က စောထွန်းတင်တို့ရွာတွင် မိုးလင်းချိန်အထိ ပျားတူဥများ အိမ်တိုင်းစေ့ကြော်စားနေကြမည်ကို အထူးပြောစရာမလိုသလို တစ်ခါမျှမစားဖူးသော စောဂျိမ်း၊ ကျော်စိုးနှင့်တင်ဝင်းတို့လည်း ပျားတူဥကြော်ဝါးလိုက် ရေနွေးကြမ်းပန်းကန်တစ်ခုတည်းကို တစ်ယောက်တစ်လှည့်စီသောက်လိုက်လုပ်နေသောအခါ စောထွန်းတင်က–

"ဟ ... အကြမ်းပန်းကန်တွေ ရှိတယ်လေ ...၊ ဒီတစ်ခုတည်းကို မင်းတို့ဟာက ..."

စောဂျိမ်းက –

"မတူးဘူး ... ရော့သောက်ကြည့် ..."

စောထွန်းတင်က ယူသောက်လိုက်သည်။

"ဟ ... အရက်တွေပဲ ... မင်းတို့ဟာက စောစောစီးစီး ..."

"ပြီးရင် ဒါတစ်ဖွန်းစား"

"ဘယ့်နှယ်လဲ ..."

"အရမ်းကောင်း"

မောင်မြင့်မား(ဗိုလ်ကလေး)


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

မယားက လင်ကိုချွဲသည့်အိုလား။

ဆရာပေါ်၏ ဂီလာနဆံသဆိုင်ကလေးသည် ကုက္ကိုပင်အိုကြီးအား မှီထားလေ၏။ ပလီသော လေရှူးနှင့် အတူ မိုးကား ဖြောက်တောက်ဖြောက် ဖွေနေ၏။

ဆံသဆိုင်ထဲအတွင်း မြင်ကွင်းကို ဖမ်းရှိုးလိုက်ကြပါဦး။ နေ့ခင်းကြောင်တောင်ကြီးမှာ ခြင်ထောင်အစုတ်ကြီးကို ထောင်ထားလေ၏။ သေချာပါတယ်။ ဘောဘီထောင်ကလွတ်ပြီ။

မကြာခင်ကမှ တိုက်ပွဲပြီးသွားဟန်တူလေ၏။ နှစ်ယောက်စလုံး ခြေကုန်လက်ပမ်းကျကုန်ကြလေပြီ။ ဘောဘီသည် ခြင်ထောင်ထဲမှ ခေါင်းထုတ်ထား၏။ လက်တစ်ဖက်သည် ပေါင်မုပွေးကွက်ကို ကုတ်နေ၏။ အသည်းငယ်တတ်သော ဝါးကြမ်းခင်းတို့သည် ကျယ်ကျယ်မြည်သံပေးနေပြန်၏။

အင်္ဂါမစုံသော ဒုက္ခိတဝါးပက်လက်ကုလားထိုင်လေးတွင် ဆရာပေါ် ယွဲ့ယွဲ့ကလေး ထိုင်နေ၏။ ဗီး(လ်)တက်နေတာ။ လောကစည်းစိမ်ကို တင်းပြည့်ကျပ်ပြည့်ခံစားနေခြင်းပင်တည်း။

ဘောဘီသည် ခြင်ထောင်ထဲမှ ကုန်းရုန်းထ၏။ ထဘီကား ဖိုသီဖတ်သီ။ ထဘီရင်လျားလိုက်၏။ ခါးကိုဆန့်၊ လက်နှစ်ဖက်ကိုမြှောက်ကာ ..

''ဝါး''

ကန်ပျင်းကြောဆန့်လိုက်၏။ စီးကျလာသော အာပုတ်ရည်တို့ကို လက်ခုံဖြင့် ပြီးစလွယ်သုတ်၏။ ဆရာပေါ်သည် ဘောဘီ၏ ဖရိုဖရဲအလှကို မက်မပြေစွာ ငေးကြည့်နေပြန်၏။ မျက်တောင်ခတ်ဖို့ပင် သတိမရ။ ဘောဘီသည် နီကြောင်ကြောင်ဆံပင်တို့ကို ဖြင်းဖြင်းမြည်အောင် ကုတ်ပြန်၏။ သန်းယားတယ်ထင်ပ။

ဘောဘီသည် ဆရာပေါ်အား ခြင်ထောင်ကြည့်ကြည့်ရင်း ခြင်ထောင်သံ လေးဖြင့် ..

''အပါကြီး''

ဘောဘီသည် ဆရာပေါ်ကို အပါ ကြီးလို့ ခေါ်ပါတယ်။

''ဆာနေပြီလား''

ဆရာပေါ်က ပုတ်သင်ညိုကြီးလ ခေါင်းညိတ်ပြသည်။ ဆာပြီပေါ့။ ထဘီ ရင်လျားနှင့် ဘောဘီသည် ညစ်ပတ်ေ သော ဆရာပေါ်၏ တီရှပ်တစ်ထည်ကို ကောက်စွပ်သည်။ ဆရာပေါ်က လူမ အစာတောင်းလေသံလေးဖြင့် ..

''တစ်ပိုင်းလောက်ဆွဲခဲ့ဦး''

အဝတ်အစားဖိုသီဖတ်သီနှ ဘောဘီသည် အရပ်ပုလင်းကိုကိုင်က အပြင်သို့ ပတ်ကော့ပက်ကော့နှ ထွက်သွားလေတော့၏။ ဖိနပ်မပ ဗလာ။

ဆရာပေါ်သည် ပိဘိ လူဖ လေး ဖြစ်လေ၏။ ခေသူတော့မဟု ချေ။ အရုပ်မျိုးစုံရှိသော ထောင်ထွ တစ်ယောက်ဖြစ်လေ၏။ ညာဘက် ထောက်သည် မရှိတော့။ ဒူးခေါ် ဖြတ်လိုက်ရတာ။ ရထားပေါ်မှခါးပို နှိုက်ပြီး ခုန်ချသည်။ အကျမတော် ဖြင့် ဒုက္ခိတဘဝ ရောက်ခဲ့ရတာ။ ဆ ပေါ်ကား အသက်(၅၀)ကျော်လေ တကား။

ဘောဘီနှင့်မိတ်ဆက်ပေးရန် ပါသေး၏။ ရွှက်ကြမ်းရေကြိုရုပ်ရှိ ဘောဘီကား အသက် ၃၀ ကျော် ဘောဘီကား ဆေးလိပ်သော သူမ၏နှုတ်ခမ်းများသည် မည်းတူး



www.burmeseclassic.com

www.burmeseclassic.com


ပြာနက်နေ၏။ ကွမ်းလည်းစားတတ်၏။ သူမ၏ သွားများသည် ရဲပလောင်း တတ်ကာ ကွမ်းညိုတက်နေ၏။ ရုပ်ကီ လည်း တွတ်တတ်သဖြင့် သူမ၏ ျက်လုံးများသည် အဲဗားရိဝေနေတတ် ၏။

ဘေဘီသည် ပြည့်တန်ဆာမှုဖြင့် ကြာခဏ ဂျေးအောင်းဖူးသူဖြစ်၏။ ထောင်မှထွက်သည်နှင့် ဆရာပေါ်ထံသို့ ရောက်လာတတ်လေ၏။

"အပါကြီး"

ဘေဘီပြန်ရောက်လာပါပြီ။

လက်ထဲမှာ ကြွပ်ကြွပ်အိတ် ထုတ်လေးတွေနဲ့။ ထမင်းတစ်ရာဖိုး စ်ထုပ်။ ချဉ်ပေါင်ကြော် တစ်ရာဖိုး။ ကုလားဟင်း တစ်ရာဖိုး။ စုစုပေါင်း ၀၀။ သူတို့နှစ်ယောက် မနက်စာ ကုန် ျစရိတ်။

ဆရာပေါ်သည် အရက်ကိုမော့ ာ လမ်းကြောင်းရှင်း၏။ ပွဲတော် ည်မယ်ပေါ့။ ဘေဘီပြင်ဆင်ပေး သာ ထမင်းဝိုင်းတွင် ခန့်ခန့်ကြီး ဝင် င်၏။ လက်မဆေးဘဲ ပွဲတော်တည် ာတော့၏။

ဘေဘီက ချဉ်ပေါင်ကြော်ထဲမှာ ်မပါတပါညပ်ပါလာသော ငရုတ် သီးစိမ်း၊ ပုဇွန်ဆိတ်ပိစိလေးများကို သူ့လက်မည်းကြီးဖြင့် ရွေးသည်။ ပြီး တော့ ဆရာပေါ်ပန်းကန်ထဲသို့ ထည့် ပေးသည်။

ဆရာပေါ်သည် ချဉ်ပေါင်ကြော် နှင့် ထမင်းကို ဖိဖိဖိဖိမြည်အောင် နယ် ဖတ်ကာ အားရပါးရ လွေးသည်။ တစ် တောင့်သော ငရုတ်သီးစိမ်းက ထစပ် သဖြင့် အေးစက်စက်ပဲကုလားဟင်းကို သောက်သည်။ ထမင်းတစ်ရာဖိုးသည် တစ်စေ့မှ မကျန်တော့။

တံစက်မြိတ်မှကျလာသော မိုးရေ ဖြင့် ပြီးစလွယ်လက်ဆေးသည်။ ပုဆိုး ကို နှစ်ခါပြင်ဝတ်သည်။ လက်သုတ်လို့ ပြီးချေပြီတကား။ ပက်လက်ကုလား ထိုင်တွင်ထိုင်ကာ ဆေးလိပ်တိုဖြင့် ငြိမ့် လေတော့၏။ ဘေဘီက စားသောက်ပြီး သား ပန်းကန်တို့ကို ဆေးလေတော့၏။

ဖြတ်သွားဖြတ်လာတို့သည် ဆံသဆိုင်လေးကိုကြည့်ကာ ပြုံးစိစိလုပ် သွားကြသည်။ ထုံးဖြင့် မညီမညာရေး ထားသော ဆိုင်းဘုတ်ကလေးကို ဆိုင် ဝမှာ ချိတ်ထားသည်။

"ယနေ့ ဆံသဆိုင်ပိတ်သည်"

+ + +

ဘေဘီအနားမှာရှိရင် ဆရာပေါ် က အရမ်းဂုဏ်မောက်တာ။ ဆံသဆိုင် မဖွင့်တော့ဘူး။ ဘေဘီရှိရင် ငွေရှိတယ် ဆိုတဲ့အထာ။ အစာကောက်ဖို့က အာရုံ နောက်စရာမလိုတော့ဘူးလေ။

မိုးမလင်းခင်ထွက်သွားတဲ့ဘေဘီ ဟာ မိုးချုပ်တာနဲ့ ဆရာပေါ်ရဲ့ ဆံသ ဗိမာန်လေးဆီ မရောက်ရောက်အောင် ပြန်လာတတ်ပါတယ်။ အလွတ်ပြန်လာ တာမဟုတ်ဘူးနော်။ ဆရာပေါ်ကြိုက် တတ်တာတွေ အစုံအစီကို ပါတာ။ အရက်၊ အမြည်း၊ ဆေးလိပ် ‥ အလုပ် ဖြစ်ရင်ဖြစ်သလို ဖွယ်ဖွယ်ရာရာ ဝယ် လာတတ်ပါတယ်။

ဘေဘီရဲ့စိတ်က အခက်ကလား။ ဒုက္ခိတအဘိုးကြီးကိုမှ ဘာလို့လာငြိနေ ရတာလဲ။ ဆရာပေါ်နဲ့ပတ်သက်လာ လျှင် ဘေဘီမှာ အရှုံးသက်သက်။ အပေးဘဲရှိသည်။ အယူဆိုတာမရှိ။ ဆရာပေါ်က ဘေဘီ့ကို အရမ်းနိုင်စား တာ။ သဝန်တိုတတ်ပါတယ်။ ဘေဘီ အပြန်နောက်ကျပါက ‥

"ဘယ်လင်ငယ်နဲ့ ပလူးနေတာ လဲ"

ဆိုပြီး ခေါ်ပလော်တီးတတ်ပါ တယ်။ ချိုင်းထောက်နဲ့ကို တွယ်တာ။ ဆရာပေါ် ဆဲဆိုရိုက်နှက်သမျှကို

**မေးမှမေးတတ်တဲ့ ပါးစပ်ကြီး။**

**ဘေဘီ ဘယ်လိုဖြေရပါ့။ ဘေဘီက အတာလေ။**

**ပတ်သက်ခဲ့တဲ့ယောကျ်ားတွေက အောတိုက်လို့။ နောက်ပြီး•••**



www.burmeseclassic.com

ဘောဘီပေပြီးခံပါတယ်။ မျက်ရည်အဝဲသားနဲ့ အံကြိတ်ပြီးခံတာ ..

ဦးသဝန်ကြောင်ကြီး ဆရာပေါ်ရဲ့ အဖြစ်က ရယ်ဖို့တော့ အကောင်းသား။

''ဘယ်လင်ငယ်နဲ့ ပလူးနေတာလဲ''တဲ့။

မေးမှမေးတတ်တဲ့ ပါးစပ်ကြီး။ ဘောဘီ ဘယ်လိုဖြေရပ့ါ။ ဘောဘီက အဝှာလေ။ ပတ်သက်ခဲ့တဲ့ ယောကျ်ားတွေက အောတိုက်လို့။ နောက်ပြီး သူတို့က ပေါ်တင်ကြီး လက်ထပ်ထားတာမဟုတ်။ အနောက်တိုင်းစတိုင်(Living Together)။ ကြည့်ကျက်ပြီး တူတူရေဝါးနေကြတာ။

အရိုက်အနှက် အဆူအဆဲခံရတဲ့ နေ့ဟာ ဘောဘီကံဆိုးတဲ့နေ့ပါ။ တဲကုပ်လေးထဲမှာ အိပ်ခွင့်မရတော့ပါဘူး။ ဘောဘီသည် ဆရာပေါ်ကို စိတ်မဆိုးပါ။ စိတ်မနာပါ။ ခန္ဓာကိုယ်ဖြင့်ရင်းကာ ရှာဖွေလာသော စားသောက်ဖွယ်ရာတို့ကို ဆရာပေါ်အား ဆက်သပြီးနောက် အပြင်သို့ ထွက်အိပ်ပါသည်။ အဝေးကို သွားတာမဟုတ်။ ကုက္ကိုပင်ကြီးအောက်မှာ ကျိုးတာ။

ဘောဘီရဲ့ အိပ်နည်းကား ကြည့်လိုက်ဦး။ ခြင်ထောင်မလို။ စောင်မလိုပါ။ ဆာလာအိတ်နှစ်အိတ်ရှိရင်ဖြစ်

**ဘောဘီ အသံမဲ့ ဘုရားတမိသည်။ သူ့နဲ့ရတဲ့ ကိုယ်ဝန်လို့ ဆရာပေါ် ထင်နေပါလား။ ပျော်နေရှာတဲ့ ဒုက္ခိတ သွေးဆုံးအဘိုးကြီးကို ကြည့်ကာ ဘောဘီ ငိုချင်လာသည် ...**



တယ်။ တစ်အိတ်ကို ခေါင်းကစွပ်၊ တစ်အိတ်ကို ခြေထောက်က စွပ်လိုက်တာ၊

မိုးရွာရွာ၊ နှင်းကျကျ ဘောဘီရင် မခုန်ပါဘူး။ မြွေပါးကင်းပါးလည်း ခေါင်းထဲမထည့်ပါဘူး။ အုတ်ခဲပေါ် ခေါင်းတင်လိုက်တာနဲ့ တုံးခနဲဘဲ။ မသိရင်ပေါ့။ လူသတ်ပြီး အလောင်းလာပစ်ထားသလိုမျိုး။

ဆန့်ဆန့်ကြီး။

+++


www.burmeseclassic.com

www.burmeseclassic.com


ညသန်းခေါင်ကျော်ပေမဲ့ လရောင်သည် အရောင်တောက်၍ကောင်းဆဲ။ ကုက္ကိုပင်အောက်ရှိ တဲကုပ်လေးသည် မအိပ်နိုင်သေး။ လှုပ်စိလှုပ်စိနဲ့။

"ဝေါ့"

ဘေဘီအန်လေပြီ။ ခြင်ထောင်ထဲမှ ခေါင်းထုတ်ပြီး အန်နေတာ။ ဆရာပေါသည် ဖယောင်းတိုင်ထွန်းလိုက်၏။ တဲအပြင်သို့ထွက်ကာ ကုက္ကိုလ်ပင်ကြီးအောက် ရေအိုးမှ ရေခပ်ပေး၏။ ဘေဘီပလုတ်ကျင်းကာ ရေသောက်၏။ ဆရာပေါက ဘေဘီကျောကို ဖိပေးနေ၏။

"သောက်တာများသွားလို့ဟ"

ဘေဘီက ခြင်ထောင်ထဲမှ ခေါင်းတစ်ပိုင်းထုတ်ကာ ဆေးလိပ်ပြာခွက်ထဲမှ ဆေးလိပ်တိုကို မီးညှိရှိုက်ဖွာသည်။ ဆေးလိပ်ငွေ့တို့သည် တဲအတွင်းမှာ ရယ်ဂလယ်ရိုက်လျက်။

ဘေဘီက ခေါင်းကို ဖြင်းဖြင်းကုတ်ရင်း ..

"ရှပ်ကီနဲ့မဆိုင်ပါဘူး .. အပါကြီးရယ်"

ပြောရင်းဆိုရင်း အန်ပြန်နေ၏။ အန်ရလွန်းသဖြင့် ဘေဘီမောနေပါပြီ။ မျက်နှာရှေ့ ဖရိုဖရဲဝိုက်ကျနေသော ဆံပင်တို့ကို သပ်တင်သည်။

"ဆေးသောက်ဖို့ မေ့သွားတယ်"

ဟု အလိုမကျစွာ ရေရွတ်သည်။

"ဘာဆေးလဲဟ"

ဆရာပေါက သိပ်ပိန်းတာ။ ဒါကျတော့ မသိဘူး။

"တားဆေး"

ဘေဘီ တိုးတိုးလေးဖြေသည်။ အမှောင်တစ်ကန့်၊ အလင်းတစ်ကန့် ဖြစ်နေသော ဘေဘီ၏ နွမ်းဖျော့ဖျော့ မျက်နှာကို ဆရာပေါ ငေးနေပါသည်။ ဘေဘီ၏အသက်ရှူသံပြင်းပြင်းကြောင့် ထရံတွင် တွယ်ကပ်နေသော ပင့်ကူအိမ်လေးမှာ လှုပ်ခါနေပါသည်။

"ဗိုက်ကြီးနေပြီ"

ပိုက်ဆံအကုန်ခံပြီး ဆေးစစ်စရာမလိုပါဘူး။ သမ္မာအရသိရတာ။ ဘေဘီကလေး ခဏခဏမွေးဖူးတယ်။ ဒါကြောင့် ပေါ်တင်ပြောရဲတာ။

"ဟေ .. တကယ်"

ဆရာပေါ အူမြူးသွားတယ်။ ဝမ်းသာသွားတာ။ ဖယောင်းတိုင်တစ်တိုင်ထပ်ထွန်းတယ်။ ဘေဘီ့မျက်နှာကို တစ်ခါမှမမြင်ဖူးသည့်အလား မက်မပြေစွာ ငေးကြည့်သည်။

"တကယ်နော်"

ဘေဘီက ဆေးလိပ်အတိုကို ပြာခွက်ထဲ ထိုးချေရင်း ..

"နောက်စရာလား .. အပါကြီးရဲ့"

"ဟေး .. ငါကွ"

ဘဝကို မေ့ကာ စိတ်လွတ်ကိုယ်လွတ်ထခုန်သည်။ လဲကျသွားသည်။ ဆရာပေါသည် သူ့ရဲ့ ဒုက္ခိတဘဝကို ဘတ်ခနဲ သတိရသွားသည်။ လူးလဲထသည်။ အရှက်ပြေရယ်ရင်း ..

"ငါ .. ငါ ကလေးအဖေဖြစ်ပြီပေါ့ .. အဟေး"

"အို .. ဘုရား"

ဘေဘီ အသံမဲ့ ဘုရားတမိသည်။ သူနဲ့ရတဲ့ ကိုယ်ဝန်လို့ ဆရာပေါ ထင်နေပါလား။ ပျော်နေရှာတဲ့ ဒုက္ခိတ သွေးဆုံးအဘိုးကြီးကိုကြည့်ကာ ဘေဘီ ငိုချင်လာသည်။ မငိုရဲပါ။ ဘေဘီ့ဘဝမှာ ပတ်သက်ခဲ့တဲ့ ယောကျ်ားတွေက အများကြီးလေ။ ယောကျ်ားတွေအများကြီးထဲမှာမှ ဒီ ဒုက္ခိတအဘိုးကြီးက ကွက်ပြီး ကလေးအဖေဖြစ်ချင်နေတာ ဆိုတော့ ရယ်ဖို့အကောင်းသား။

စိတ်ကိုတင်းထားသည့်ကြားမှ ဘေဘီငိုချင်လာသည်။ အမှောင်ဘက်ချမ်းသို့လှည့်ကာ စိမ့်ထွက်လာသော မျက်ရည်တို့ကို သုတ်သည်။

"ဘေဘီ"

ဘေဘီမထူးပါ။ အပျော်လွန်နေသော ဆရာပေါကို အကြောင်သား ငေးကြည့်နေ၏။

ဆရာပေါက ဘေဘီရဲ့ ပိန်ဖျော့ဖျော့ လက်ကလေးကို ဆုပ်နယ်ကာ–

"ဘာလေးပဲ မွေးမွေးဟာ .. အဟီး"

ဆရာပေါ ရှက်နေပါတယ်။

"နင့်နာမည်နဲ့ ငါ့နာမည်ပါအောင် ဘေဘီပေါလို့ နာမည်ပေးမယ်ဟာ .. အဟီး"

မရည်ရွယ်ဘဲ ဘေဘီခေါင်းညိတ်ပြမိသည်။ ဝမ်းသာလို့လား။ ဝမ်းနည်းလို့လား။ ဘေဘီမသိပါ။ ရင်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။ ဘေဘီသိတာကတော့ လူသားပီသသော ယောကျ်ားတစ်ယောက်ရဲ့ မေတ္တာကို ဒီည ရရှိလိုက်ခြင်းပင်။

ဆရာပေါသည် ဘေဘီ့မျက်နှာကို ညင်သာစွာ ဆွဲမော့သည်။ ဖရိုဖရဲ ဖွာကျနေသော ဆံနွယ်စတို့ကို ကြင်နာစွာ သပ်တင်ပေးသည်။

www.burmeseclassic.com

"ဘေဘီ"

"အပါကြီး"

"လှတယ်ကွာ"

"xxxxxxxxxx"

လေမတိုက်ဘဲ ဖယောင်းတိုင်မီး တွေ ငြိမ်းကုန်တယ်။ ဆရာပေါ် လက် ကညော့လိုက်တာကိုး။

+++

ဘေဘီသည် မိုးမလင်ခင်က တည်းက အပြင်ထွက်သွားတတ်သည်။ စောစောပြန်လာတတ်သည်။ အရင်လို ညဥ့်နက်အောင် မနေတော့။ တစ်ခါ တစ်ရံ အိမ်မှာနားပြီး ကုက္ကိုပင်ကြီး အနားမှ ရေကန်တွင် အဝတ်တွေလျှော် သည်။ သီချင်းတွေ အော်ဆိုလို့။

ဆရာပေါ်ကို ဖွယ်ဖွယ်ရာရာချက် ပြုတ်ကျွေးမွေးသည်။ တကယ့်အိမ်ရှင် မကြီးအတိုင်းပေါ့။ ဆရာပေါ်လည်း အရင်လို ပေစုတ်စုတ်မနေတော့ပါ။ အချိုးတွေ ပြောင်းကုန်သည်။

ရုပ်ကီ သိပ်မထုတော့။ ကွမ်းယာ၊ ဆေးလိပ် တတ်နိုင်သမျှ လျှော့သည်။ မမြင်ရသေးတဲ့ကလေးအတွက် ပိုက်ဆံ စုတာဆိုပဲ။ ဆံသဆိုင်ကို မှန်မှန်ဖွင့် သည်။ ရေမှန်မှန်ချိုးကာ အဝတ်အစား ကို သပ်သပ်ရပ်ရပ်ဝတ်သည်။ ဘေဘီ့ ဗိုက်က ဘာအရိပ်အယောင်မှမပြသေး။ ဘေဘီပြောလို့ ကိုယ်ဝန်ရှိမှန်းသိရတာ။

နှင်းတွေ နှင်းကန်ဝေနေသော နံနက်ခင်းတွင် ဖြစ်ပါသည်။ ဆရာပေါ် သည် ကုက္ကိုပင်ကြီးအောက်တွင် မီးလှုံရင်း ရေနွေးသောက်နေ၏။ အိမ် ပေါ်မှ နှင်းချခံရသော ကုက္ကိုရွက်ဝါဝါ ကလေးများသည် ဖွဲဖွဲကြွေလို့။

"အပါကြီး"

ဘေဘီအလုပ်သွားတော့မည်။ နှင်းငွေ့တွေကြားမှာ ဘေဘီသည် နတ် သမီးလေးလို လှနေပါသည်။(ဆရာပေါ် စိတ်ထဲမှာ)

"ဘေဘီ"

ဘေဘီသည် ဖွာလက်စစီးကရက် တိုကို ဆရာပေါ်၏ ပါးစပ်ပေါက်ထဲသို့ ထိုးထည့်ပေးသည်။

"ခေါက်ဆွဲကြော် ဝယ်လာခဲ့ မယ်"

"တကယ်လား"

"စောင့်နေနော် အပါကြီး"

ဘေဘီသည် ဆရာပေါ်၏ ပါးပိန် ပိန်ကြီးအား ရွှတ်ခနဲ အာဘွားပေး သည်။ ကွေးကောက်သော လမ်း ယောင်ယောင်လေးအတိုင်း လျှောက် သွားသည်။ ကိုင်းတောကြားမှာ ပျောက် သွားသည်။ ဘေဘီထိုးထည့်ခဲ့သော စီးကရက်သည် ဆရာပေါ်ရဲ့ ပါးစပ် ပေါက်မှာ တန်းလန်းကြီး။ မီးမသေ သေး။

+++

ခေါက်ဆွဲကြော်ဝယ်လာခဲ့မယ်။ ပြန်လာခဲ့မယ်ပြောသွားသော ဘေဘီ။ ပြန်မလာတာ ကြာပါပြီ။ ၂ ပတ်ကျော် ပါပြီ။ ဆရာပေါ် ဆံသဆိုင်မဖွင့်တော့ပါ။ ကုက္ကိုပင်အိုကြီးအောက်တွင် ငူငူကြီး ထိုင်လို့။ လမ်းယောင်ယောင်လေးကို ငေးလို့။

ကိုင်းတောအုပ်ဆီမှ လေတိုးသံ ကြားတိုင်း ဘေဘီ့ခေါ်သံ၊ ခြေသံတို့ကို ထင်မှတ်မိသည်။ လူဖလံလေး ဆရာ ပေါ်မှာ စိတ်ထောင်းကိုယ်ကြေကာ အစားအသောက်ပါ ပျက်လာသည်။ ဆရာပေါ်ဘဝမှာ နေ့ညဆိုတာ မရှိ တော့။ ဘေဘီနှင့် မမြင်ရသေးတဲ့ ကလေးလေးဘဲ ရှိတော့သည်။

ကုက္ကိုပင်အိုကြီးအောက်ရှိ တဲ ကုပ်ကလေးကို နောက်ဆုံးကြည့်သည်။ ချိုင်းထောက်ကို အားပြုကာ ဆရာပေါ် ခြေဦးတည့်ရာ ထွက်လာခဲ့သည်။ အား ယဲ့သော အကြည့်မှာ မြင်မြင်သမျှသည် ဝါးတားတား။ လူစည်ကားသော ကား ဂိတ်သို့ ရောက်လာခဲ့သည်။

"အပါကြီး"

ရုတ်တရက်ခေါ်သံ ကြားရတယ်။ ဘေဘီလား။ ဆရာပေါ် လှည့်ကြည့် လိုက်တယ်။ ဘေဘီမဟုတ်ပါ။

"မာယာ"

ဘေဘီ့ဘော်ဒါ မာယာပါ။

"ဘေဘီ့ကို တွေ့လားဟင်"

မာယာက နှမ်းဖတ်စွာ ပြုံးသည်။

"တွေ့တယ်"

"ဘယ်မှာလဲဟင်"

"ထောင်ထဲမှာ"

ဆရာပေါ် အရုတ်ကျိုးပြတ်လဲကျ သွားသည်။

+++

ဘေဘီပေါ်ဆိုသော လူသားတစ် ယောက် လူဖြစ်ခွင့်ရှိပါ့မလား။ ဆရာ ပေါ်နဲ့ ဆုံနိုင်ခွင့်ရှိပါ့မလား။

လူရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အညာဒေသရှုခင်းအလှကို မြူနှင်းဖွေးဖွေးတို့က အလှဆင်ထားဘိသို့ ကြည့်၍ပင်ကောင်းနေချေသေးတော့သည်။ နေခြည်အလင်းရောင်နုနုက ညအလင်းမှောင်းအား အံတုအနိုင်ယူလိုက်သည်နှင့် မြူနှင်းဇာပုဝါတို့ လွင့်စင်ပျောက်ကွယ်ကုန်ဘိသို့၊ အမြင်အာရုံများ ပွင့်လင်းမြင်သာ ရှိလာရတော့သည်လေ။

မြင်းခြံမြို့နယ်အတွင်းရှိ မြင်သာကုန်းရွာလေးမှာလည်း အိပ်မောကျနေရာမှ နိုးထလာသယောင်၊ ခဏအကြာတွင် ရွာလေးအရှေ့ပိုင်းဆီမှ ကြွက်စီကြွက်စီဖြင့် ပွက်လောရိုက်သံတွေ ထွက်ပေါ်လာတော့၏။ ခါတိုင်းလို ရွာလေးအိပ်ရာမှနိုးထလာခြင်းမျိုးတော့ မဟုတ်၊ တစ်ဦးစကား တစ်ဦးပြောကြားရင်းမှ တစ်ရွာလုံးကူးစက်ပျံ့ပွားလာခဲ့တော့သည်။

“ရွာအရှေ့ပိုင်းက အေးကြိုင် အသတ်ခံလိုက်ရတယ်လား ‥ ဘုရား ဘုရား၊ စောစောစီးစီး အ,မင်္ဂလာ စကားသံတွေ ကြားလိုက်ရတာ စိတ်မချမ်းသာစရာကောင်းလိုက်တာ ...”

တဖြည်းဖြည်း စကားသံတွေက ပိုမိုကျယ်ပျံ့လာတော့သည်။ လင်းရောင်ခြည်ဦးနှင့်အတူ နိုးထလာသော မြင်သာရွာလေး၏ နံနက်ခင်းအလှကို ဖျက်ဆီးလိုက်ဘိသို့ပင်။

“မနေ့က နေ့ခင်းပိုင်းလောက်က သူတို့လင်မယား စကားများရန်ဖြစ်ကြပြီး ရွှေလွန်းက စိတ်ဆိုးပြီး ရွာကထွက်သွားရာက ခုလို အေးကြိုင်အသတ်ခံလိုက်ရတာလို့လည်းကြားတယ်၊ မဟုတ်မှနေရော လင်မယားချင်း စကားများရာက ခြေလွန်လက်လွန်များ ဖြစ်သွား”

“ညည်း ... ကိုယ်ထင်ရာစကားတွေ လျှောက်မပြောနေနဲ့ ...၊ ခုကိစ္စက လူသတ်မှုနော် ... တော်ကြာ ရုံးရောက်ဂတ်ရောက်နဲ့ ခေါ်ရာသွားနေရမှ ဒုက္ခ ... အေးကြိုင်သေတာက ညကတည်းကလို့ ပြောနေကြတာ”

ရွာသူရွာသားအချင်းချင်း တိုးတိုးတိတ်တိတ်ဖြင့် ကိုယ်ထင်ရာကိုယ်ပြောနေကြသည်မှ နံနက်ခင်းနေရောင်ခြည်နှင့်အတူ ပေါ်ထွက်လာခြင်းပင် ဖြစ်ပါလေ၏။ နံနက်ခင်း မျက်စိနှစ်လုံးပွင့်လိုက်သည်နှင့် ခေါင်းရှုပ်၍ အလုပ်များကြရသည်ကတော့ ရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သာဖြစ်သည်။ ထို့ကြောင့် မျက်နှာအမြန်သစ်ခါ နီးစပ်ရာရဲစခန်းသို့ အကြောင်းသွားကြားရတော့သည်လေ။ ကိုယ့်ရွာမှာဖြစ်တော့ ကိုယ့်တာဝန်ပေပဲကိုး။ လူသတ်မှုလား လူသေမှုလား ခွဲခွဲခြားခြားမသိရပေမယ့်၊ ပြစ်မှုပုဒ်မ,က ကြီးသမို့ နိုင်ငံတော်ရဲ့ဝန်ထမ်း တို့ မနေသာ။ မှူးခင်းဖြစ်ရာ မြင်သာရွာသို့ လိုက်လာကြရတော့သည်။ အမှုလိုက်တာဝန်ခံ ရဲအရာရှိမှာ ဒုရဲအုပ် အောင်မျိုးခိုင်ဖြစ်သည်။

သေဆုံးသူမအေးကြိုင်၏ အလောင်းမှာ ရင်ဘတ်တွင် ဓားဒဏ်ရာတစ်ချက်၊ နံစောင်းဝယ် ပြတ်ရှဒဏ်ရာ၊ ခန္ဓာကိုယ်တွင် ညိုမည်းဒဏ်ရာတို့ဖြင့် မှောက်လျက်သား သေဆုံးနေသည်ကို တွေ့လိုက်ကြရသည်။

“သေဆုံးသူအေးကြိုင်နဲ့ သူ့ယောကျ်ားကိုရွှေလွန်းတို့ စကားများရန်ဖြစ်ကြတယ်လို့ သိခဲ့ရတယ် ...၊ ခု သေဆုံးသူရဲ့ခင်ပွန်းကို မတွေ့ရပါလား”

“ဟုတ်ကဲ့ ... သူတို့လင်မယားက အမြဲတမ်း စကားများတတ်တာကလား ဆရာတို့ရယ် ...၊ ရွာကလူတွေ အတွက်တော့ မထူးဆန်းတော့ပါဘူးလေ ...၊ မောင်ရွှေလွန်းက သူ့မိန်းမနဲ့စကားများပြီး မြို့ပေါ်ကိုထွက်သွားလေရဲ့ ...”

ရွာလူကြီးဖြစ်သူ ဦးထိုက်စံက အစချီပြောပြပြီးနောက် အိမ်နီးချင်းများအား ခေါ်ယူမေးမြန်း စုံစမ်းကြည့်ရပြန်သည်။ သူတို့ပြောပြချက်များအရ မနေ့ကနေ့လယ်ပိုင်းလောက်ဝယ် လင်မယားချင်း အချီအချစကားများခဲ့ကြသည်ဟု ဆိုသည်။ သူတို့နေသောအိမ်မှာ ရွာအရှေ့ဖျားတွင်ဖြစ်၍ လင်မယားနှစ်ယောက်တည်း နေကြခြင်းဖြစ်သည်။ သူတို့၌ သားသမီးနှစ်ယောက်ရှိကြသော်လည်း (၇)နှစ်အရွယ်သားလေးက



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းတွင် ကိုယ်ရင်ဝတ်ရင်း စာသင်ကြားနေသည်။ သမီးငယ်ငါးနှစ်သမီးကမူ မအေးကြိုင်မိဘများမှ ခေါ်ထားကြသည်။ မောင်ရွှေလွှန်းက လူရှုပ်၊ မဟုတ်ကဟုတ်ကတွေလုပ်တတ်၍ သူ့အိမ်ဝယ် အသောက်အစားဝိုင်း အမြဲရှိတတ်သဖြင့် အဘိုးအဘွားများက မြေးငယ်မလေးအား သူတို့နှင့် ခေါ်ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အလောင်း၏ အခြေအနေအား ကြည့်ရှုစစ်ဆေးပြီးနောက် အိမ်တွင်း အခြေအနေအား လိုက်လံလျက် သဲလွန်စတစ်စုံတစ်ရာအဖြစ် ရှာဖွေကြည့်ကြရပြန်၏။ အဝတ်ထည့်သည့်သေတ္တာကို လှန်လှောရှာဖွေထားသည်ကို တွေ့ရ၏။ အိမ်ထဲ စားပွဲခုံတစ်ခုတွင် တန်းလျားခုံအား ထိုင်ခုံအဖြစ်ထားရှိသည်ကိုသာ တွေ့လိုက်ရပါလေ၏။ စားပွဲခုံပေါ်ဝယ် ပုလင်းတစ်လုံးက လဲနေသည်။ ဒုရဲအုပ် အောင်မျိုးခိုင်က ပုလင်းကို ယူ၍နမ်းကြည့်လိုက်၏။ ထန်းရည်ခါး၏ ချဉ်တူးတူးအနံ့ကြောင့် သူ့နှာခေါင်းရှုံ့သွားသည်။ ထိုနောက် ပုလင်းကိုချလျက် စားပွဲခုံပေါ်မှ ဆေးလိပ်တိုကိုကို ကောက်ယူကြည့်လိုက်ပြန်၏။ ဆေးလိပ်တိုဖင်မှာ ပွယောင်းယောင်းပင်ဖြစ်နေပေပြီ။ ဆေးလိပ်တံဆိပ်ကို ကြည့်လိုက်တော့ သည်မြို့နယ်မှလိပ်သော ဆေးလိပ်မဟုတ်၊ အခြားမြို့နယ်မှထွက်သော ဆေးလိပ်တံဆိပ်ပတ်ကို တွေ့လိုက်ရပါလေ၏။

"ဒီဆေးလိပ်က ကျုပ်တို့မြို့နယ်ကထွက်တဲ့ ဆေးလိပ်မဟုတ်ဘူးနော်"

ဒုရဲအုပ်အောင်မျိုးခိုင်ကမေးလိုက်သဖြင့် ရွာလူကြီးကပြန်ဖြေလိုက်သည်။

"ဟုတ်တယ်ဆရာ ... ဒီဆေးလိပ်က ဟိုဘက်မြို့နယ်ကထွက်တဲ့ ဆေးလိပ်ပါ၊ သူတို့လင်မယားနှစ်ဦးလုံး ဆေးလိပ်မသောက်တတ်ကြပါဘူး"

ဒုရဲအုပ်အောင်မျိုးခိုင်က ဆေးလိပ်တိုအား ကောက်ယူသိမ်းထားလိုက်သည်။ နောက်ပြီးမှ မေးခွန်းတစ်ခုအား ဆက်မေးကြည့်လိုက်ပြန်သည်။

"ဒါဖြင့် ... ရွှေလွှန်းက လင်မယားချင်းစကားများပြီး ခုထိပြန်မလာသေးဘူးပေါ့"

"ဟုတ်ကဲ့ ... ခုထိတော့ ရွှေလွှန်းကို မတွေ့ရသေးပါဘူး၊ သူ့မိန်းမ ခုလိုဖြစ်တယ်ဆိုတာကြားရင်တော့ မဖြစ်မနေ သူပြန်လာလိမ့်မယ်လို့ ထင်ပါတယ် ..."

"ကောင်းပြီလေ ... ရွှေလွှန်းရွာကိုပြန်လာရင်သာ ကျွန်တော့်တို့ရဲစခန်းကို ပို့ပေးပါ၊ ခုလောလောဆယ်မှာတော့ မြင်းခြံဆေးရုံကို ပို့ပေးဖို့ စီစဉ်ပေးပါတော့ ..."

## အခန်း(၂)

မအေးကြိုင်၏အသုဘအား သူ့မိဘများကသာ စီမံဆောင်ရွက်ပေးလိုက်ကြရသည်။ ခင်ပွန်းဖြစ်သူ ရွှေလွှန်းကား ပေါ်မလာပါလေခဲ့။

ခက်နေသည်က သေဆုံးသူ မအေးကြိုင်၏ခင်ပွန်း ရွှေလွှန်းပြန်မလာခြင်းကပင် အမှုအတွက် အခက်အခဲလိုဖြစ်နေရတော့သည်။ လင်မယားချင်း စကားများပြီးကတည်းက ရွှေလွှန်း ပျောက်ချက်သားကောင်းနေသည်။

"ခက်နေတာက ရွှေလွှန်းနဲ့သာ တွေ့ခဲ့ရရင် တရားခံကို ခြေရာခံဖို့ နီးစပ်နေပြီပဲ ...၊ သို့ပေတဲ့ ရွှေလွှန်းကိုယ်တိုင်လည်း သူ့မိန်းမကိုသတ်ခဲ့မိလို့ ခုလိုပျောက်ချက်သားကောင်းနေသလား၊ ဒါမှမဟုတ် လင်မယားချင်းစကားများပြီး ခရီးဝေးကိုကျွံနေတာလားဆိုတာ တွေးစရာဖြစ်နေတယ်လေ"

အမှုလိုက် ဒုရဲအုပ်အောင်မျိုးခိုင်က ကျေးရွာလူကြီးများနှင့် အမှုနှင့်ပတ်သက်သည့်ကိစ္စအတွက် ဆွေးနွေးကြရာမှ ပြောလိုက်ခြင်းပင်ဖြစ်သည်။

"ဆရာတွေးတဲ့အချက်က ပထမအချက်ကြောင့် ရွှေလွှန်းရွာပြန်မလာတာလို့ပဲ ကျွန်တော်တို့ယူဆထားတာကလား။ သူ့မိန်းမနဲ့စကားများလို့ မြို့ကိုသွားတယ်လို့ အကြောင်းပြပြီး တစ်နေရာမှာ ဝင်ခိုနေမှာ သေချာတယ်၊ သူ့မှာက ဒီဘက်နယ်ကတင်မဟုတ်ဘူး ဟိုဘက်မြို့နယ်ကရွာတွေမှာလည်း အသိမိတ်ဆွေတွေက အများသားလား ဆရာရယ် ...၊ သူ့အိမ်မှာ သူတို့လင်မယားနှစ်ယောက်ထဲရှိကြတာလေ၊ သူ့မိန်းမအပေါ်မကျေနပ်ချက်တွေကြောင့် သူကိုယ်တိုင်လာသတ်တာများ ဖြစ်နေမလားလို့ ထင်နေတာ ..."

ရွာအဖွဲ့ဝင်တစ်ဦး၏ ပြောစကားကြောင့် ဒုရဲအုပ်အောင်မျိုးခိုင် တွေဝေသွားသည်ကတော့ အမှန်။ သူတို့အတွေးကလည်း ဖြစ်နိုင်ချေရှိနေသည်ပဲလေ။ ထို့ကြောင့် ရွှေလွှန်း ရွာပြန်မလာဘဲ ဖြစ်ကောင်းဖြစ်နိုင်ချေရှိနေသည်ကလည်း တွေးတောစရာ၊ အောင်မျိုးခိုင်တွေးနေဆဲမှာပင် ရွာဥက္ကဋ္ဌဆက် ပြောပြန်သည်။



www.burmeseclassic.com

"ဒီကောင်က တစ်ခုတော့သစ္စာ ရှိတယ်ဗျ ...၊ သည်ဘက်နယ်မှာသာ ဘာဥပဒေကိုမှ မဖောက်ဖျက်တာ၊ တစ်ခြားနယ်ဘက်မှာတော့ သူ့အပေါင်းအသင်းတွေနဲ့ နွားခိုးအလုပ်ကို လုပ်နေတာ ..."

"သူ နွားခိုးလုပ်တာနဲ့ သူ့မိန်းမ အသတ်ခံရတာ ဘာဆိုင်လို့လည်း ဥက္ကဋ္ဌကြီးရဲ့ ...၊ ခင်ဗျားဟာကလည်း ပြဒါးတစ်လမ်း သံတစ်လမ်းကြီးဥစ္စာ"

ဥက္ကဋ္ဌပြောသည်ကို တစ်ဦးကဝင်ထောက်ပြောလိုက်သည်။

"ဩော် ... ကျုပ်စကားက မဆုံးသေးပါဘူးဗျ ...၊ သူတို့ နွားခိုးပြဿနာဆိုတာ တစ်ခါတလေ အဆင်ပြေပေမဲ့ တစ်ခါတလေကျ အဝေမတည့်ကြတာတွေ ရှိတတ်တာကလား၊ အဲသလိုအခါမျိုးမှာ ရွှေလွန်းဆီလာပြီး ငွေစကားပြောဖို့လာရာက သူ့မိန်းမ မအေးကြိုင်ကို ရန်သတ္တုပြု လုပ်သွားသလားဆိုတာ စဉ်းစားဖို့ပြောနေတာ"

တစ်ယောက်အထင် တစ်ယောက်အမြင်ကို ပြောကြရင်းက တွေးစရာတွေ၊ စဉ်းစားသုံးသပ်စရာတွေ၊ သံသယဖြစ်စရာတွေဖြင့် ရောပြွန်းနေတော့၏။ အဖြေပေါ်စရာ ထွက်ပေါ်လာမလိုလိုနှင့် ရှုပ်ထွေးစရာတွေက တစ်ထွေးကြီး ဖြစ်လာပြန်တော့။

"အင်း ... တစ်ခုတော့ တစ်ခုခုပဲဗျနော် ..."

ပြောကြဆိုကြရင်း ကျန်တစ်ဦးက အဖြေညှိမရသော ပဟေဠိစကားကို ဆိုလိုက်၏။ သူ့စကားကြောင့် အားလုံးက ရယ်စရာလိုဖြစ်သွားကြတော့သည်။

**ကျွန်တော် ထန်းတက်နေတုန်း မိပြုံးအော်သံ ကြားလိုက်လို့ ထန်းပင်ပေါ်က ဆင်းလာခဲ့ရင်း မိပြုံးကို မေးကြည့်တော့ ...**

"ဟာ ... မင်းဥစ္စာကလည်း တစ်ခုခုမဟုတ်လို့ နှစ်ခုနှစ်ခုဖြစ်ရတော့ မလို ... ငါလည်းရှိမှပဲ ..."

နောက်တစ်ယောက်က ပြော လိုက်သည်နှင့် အားလုံးမှာ ရယ်ပြုံးပြုံ ဖြစ်သွားကြရပြန်သည်လေ။ စကား အား အရှိန်သတ်လိုက်စဉ်တွင် ဒုရဲအုပ် အောင်မျိုးခိုင်က သူ့အမြင်သူ့အတွေး ကို တင်ပြလိုက်ပြန်၏။

"စဉ်းစားစရာတစ်ခုတော့ ရှိ တယ်၊ သူတို့အိမ်မှာ သေတ္တာတွေ၊ ဗျာ တွေ လှန်လောရှာဖွေသွားတဲ့ကိစ္စ၊ နောက်တစ်ခု တွေးစရာဆက်စပ်နေ



www.burmeseclassic.com


တာက ဆေးလိပ်မသောက်တတ်တဲ့ အိမ်မှာ တစ်ခြားမြို့နယ်ထွက်တဲ့ ဆေးလိပ်တိုတစ်ခု ရောက်နေတာက အဆန်းဖြစ်နေတယ်လေ ...''

ဒုရဲအုပ်အောင်မျိုးခိုင်က သူရှာဖွေတွေ့ရှိ သိမ်းဆည်းထားသော ဆေးလိပ်တိုကိစ္စအား တင်ပြလိုက်ပါလေ၏။

''အင်း ... ဟုတ်တယ်၊ အဲဒါလည်း စဉ်းစားစရာပဲ၊ ရွှေလွန်းတို့က သူတို့လည်း ဆေးလိပ်မသောက်ဘူး၊ ညွှန့်သည်ကိုလည်း တယ်ရိုးထုံးစံမရှိဘူး။ ဆေးလိပ်ပတ်ကလည်း ဟိုဘက်မြို့နယ်ကထွက်တဲ့ တံဆိပ်ဖြစ်နေတယ်၊ နောက်ပြီး ရွှေလွန်းက နွားခိုးလုပ်ငန်းတွေလုပ်နေတာကလည်း အဲဒီမြို့နယ်က အဆက်အသွယ်နဲ့လုပ်နေတာ''

''ဟုတ်ပြီ ... ဟုတ်ပြီ၊ ဒါဆိုရင် အေးကြိုင်အသတ်ခံရတဲ့အမှုမှာ ဟိုဘက်နယ်က နွားခိုးတွေနဲ့များ နွယ်နေသလား မဆိုနိုင်ဘူး။ ဟိုဘက်မြို့နယ်ရဲစခန်းနဲ့ ဆက်သွယ်အကူအညီတောင်းရင် ဒီကိစ္စဟာ မုချကေန်တရားခံကိုမိနိုင်တာပဲ မဟုတ်လား''

စုပေါင်းစဉ်းစားခြင်း၏ရလဒ်ကား အမှန်တရားကို ဖော်ထုတ်ပေးနိုင်မည်ကတော့ အမှန်၊ ဒုရဲအုပ်အောင်မျိုးခိုင်က ရှေ့ဆက်လုပ်ရမည့်လမ်းစအား ရှာတွေ့ရှိသွားချေပြီ၊ ''ရဲနှင့်ပြည်သူ လက်တွဲကူ မှုခင်းမှန်သမျှ ဖော်ထုတ်ကြ'' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စုပေါင်းအကောင်အထည်ဖော်ရန်သာ ရှိချေသည်မဟုတ်ပါလား။

အခန်း(၃)

**''လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ''**ဆိုသည့် ရှေးလူကြီးများ ပြောပြစကား ရှိခဲ့သည်ပင် မဟုတ်ပါလား။

ထိုဆိုရိုးစကားများက မြန်မာနိုင်ငံရဲဝန်ထမ်းများအတွက် ထားရှိခဲ့လေသလား မပြောတတ်ပါလေတော့။ ရဲဝန်ထမ်းတစ်ဦး(သို့) ဌာနဆိုင်ရာအားလုံးအတွက် လုပ်ငန်းတာဝန်ထမ်းဆောင်ချိန်တွင် အားလပ်ချိန်မရှိ။ (၂၄)နာရီလုံးလုံး အိမ်မြဲမပြတ် တာဝန်ယူနေရသည်သာ ဖြစ်သည်။ ပြဿနာတစ်ခုဖြေရှင်းပေးရုံဖြင့် အေးအေးဆေးဆေးနေ၍မရ။ နောက်ထပ်ပေါ်ပေါက်လာမည့် မှုခင်းက မဖြစ်မနေပေါ်ပေါက်လာတတ်ချေသည်သာ။ မှုခင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်များက ဒွန်တွဲနေတတ်သည်သာ။

ခုကြည့်လေ။ မအေးကြိုင် အသတ်ခံရမှုက တရားခံမပေါ်သေး။ နောက်ထပ်လူသတ်မှုတစ်ခုက ထပ်မံပေါ်ပေါက်လာပြန်ပကောလား၊ သည်တစ်ခါတော့ ရဲကင်းနှင့် နီးနီးနားနား မဟုတ်။ မြို့နယ်နှစ်ခုကြား မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာ၏ ထန်းတောထဲမှာပင် ဖြစ်ပါလေ၏။ အသတ်ခံရသည်က တစ်နယ်ရွာသား စံမြတဲ့လေ။ မည်သူမည်ဝါဖြစ်စေ တရားခံအား ဖော်ထုတ်ပေးရမည်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်ပင် မဟုတ်ပါလား။ သွားကြည့်တော့ သေသူ၏အလောင်းကို ရွာအပြင်ထန်းတဲရှိ မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် တွေ့မြင်လိုက်ရ၏။ ထန်းတဲပိုင်ရှင်က အခင်းဖြစ်ပွားသည့် နေ့လယ်ပိုင်းလောက်ဝယ် စံမြနှင့်လူနှစ်ယောက်တို့ ထန်းရည်ဝိုင်းဖွဲ့သောက်နေကြသည်ဟုဆိုသည်။ သေဆုံးသူစံမြက တစ်ဖက်နယ်ဘက်တွင် နွားခိုးဂိုဏ်းခေါင်းဆောင်ဟုဆိုသည်။

''ကျွန်တော်လည်း သူတို့ကို ထန်းရည်ခါးနဲ့ လက်ဖက်သုပ်ချပေးပြီး ကျွန်တဲ့ထန်းပင်ကို ဆက်တက်နေခဲ့ပါတယ်၊ တဲထဲမှာတော့ ကျွန်တော့်မိန်းမ မိပြုံးက ထန်းလျက်ချက်နေတယ်၊ ကလေးတွေကလည်း တဲထဲမှာပဲ ဆော့ကစားနေကြတာလေ၊ ကျွန်တော် ထန်းတက်နေတုန်း မိပြုံးအော်သံကြားလိုက်လို့ ထန်းပင်ပေါ်ကဆင်းလာခဲ့ရင်း မိပြုံးကိုမေးကြည့်တော့ တွေ့လိုက်ရတော့တာပါပဲ ဆရာ၊ သူ့လူတွေကတော့ ထွက်ပြေးသွားကြတယ် ထင်ပါရဲ့ တစ်ယောက်မှမတွေ့ရတော့ဘူး ...''

''ကဲ ... ဒါဖြင့်လည်း တဲထဲမှာရှိနေတဲ့ မပြုံးက ခင်ဗျားအမြင်ကို ပြောပြစမ်းပါဦး၊ သူတို့အချင်းချင်း ထန်းရည်သောက်ရင်း အချင်းများပြီး ခိုက်ရန်ဒေါသဖြစ်ခဲ့ကြရင်းက ခုလို စံမြအသတ်ခံလိုက်ရတာလား''

''မဟုတ်ဘူး ... မဟုတ်ဘူး။ သူတို့သုံးယောက်သောက်နေတုန်း လူတစ်ယောက်ဝင်လာပြီး၊ ဟေ့ စံမြ၊ မင်းကိုယ်မင်း ပြေးလို့လွတ်မယ်ထင်နေသလား၊ ခု ငါလိုက်လာပြီလေလို့ ပြောပြောဆိုဆို ကိုစံမြကို ဓားနဲ့ဝင်ခုတ်သွားတော့တာပါပဲရှင် ...''

လူသတ်မှုဆိုတော့လည်း မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသော မပြုံးမှာ နာမည်နဲ့အညီ မျက်လုံးများပင် ပြူးနေရှာသည်လေ။ စဉ်းစားကြည့်လေ


www.burmeseclassic.com

သူ့ခမျာ ကြောက်ရှာပေမပေါ့။

သည်မှာပင် ကျေးရွာလူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်တို့ ခေါင်းခဲသွားကြရတော့၏။ မပြုံးက ဆက်ပြောသည်။

"ကျန်တဲ့လူတွေက အေးအေးဆေးဆေး ထန်းရည်သောက်နေကြတာဆိုတော့ ဘာလက်နက်မှပါမလာကြဘူးလေ ...၊ စံမြကို ဓားနဲ့ခုတ်လိုက်တဲ့သူက သွေးစွန်းနေတဲ့ဓားကြီး တစ်ဝင့်ဝင့်နဲ့ဆိုတော့ ပြန်မခုခံရဲဘဲ ထွက်ပြေးကြတာနေမှာ ...၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သေးလည်း၊ ခင်ဗျားသိတာ ဆက်ပြောစမ်းပါဦးလေ"

"ကျုပ်အထင်တော့ သတ်တဲ့လူကို ထွက်ပြေးသွားတဲ့လူနှစ်ယောက်က သိထားကြပုံပဲ၊ သူတို့ပါးစပ်က ပြောလိုက်တာ ကြားလိုက်ရတယ်၊ မင်း အချင်းချင်းရက်စက်လိုက်တာကွာ၊ ဒီလိုတော့ မလုပ်သင့်ပါဘူးလို့ ပြောသံကိုလည်း ကြားလိုက်ရတယ် ..."

"ဟုတ်ပြီ ... ဒါဆိုရင် နွားခိုးအဖွဲ့ဝင်ထဲကပဲဖြစ်ရမယ်၊ သူတို့အချင်းချင်း ပြဿနာရှိနေကြပုံပေါ်တယ်"

ဒုရဲအုပ် အောင်မျိုးခိုင်က အလောင်းအား သေသေချာချာကြည့်ရှုစစ်ဆေးသည်။ လူတစ်ယောက်၏ အတွင်းခံစားချက်က ပြင်းထန်ပုံပေါ်သည်။ သေဆုံးသူတွင် ဓားဒဏ်ရာနှစ်ချက်သာရှိသည်။ ထိုနှစ်ချက်ကပင် သေဆုံးသူ၏အသက်ဝိညာဉ်ကို အပြီးအပိုင်ခေါ်ထုတ်သွားခြင်းပင် ဖြစ်ပါလိမ့်မည်။ ရန်ညှိုးရန်စွယ် ကြီးလိုက်သည့်ပုံများ။ ဒုရဲအုပ်အောင်မျိုးခိုင် သက်ပြင်းတစ်ချက်အား ချလိုက်မိတော့သည်။ သည့်နောက်တွင် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးကြည့်လိုက်ပြန်သည်။ ထန်းရည်အိုးကလည်း တစ်ဖက်သို့စောင်းလျက် ဖိတ်စင်ကျနေသည်။ လက်ဖက်ခွက်များကလည်း မှောက်လျက်အနေအထား။ ဆက်ကြည့်လိုက်တော့ ဆေးလိပ်တိုနှစ်တိုအား တွေ့လိုက်ရပါလေ၏။ အောင်မျိုးခိုင်က ဆေးလိပ်တိုများအား ကောက်ယူကြည့်လိုက်သည်။

ဆေးလိပ်အပတ်များက တစ်ဖက်မြို့နယ်ထွက် ဆေးလိပ်များ၊ ထို့အပြင် ထိုဆေးလိပ်တိုများ၏ တံဆိပ်အပတ်များက အသတ်ခံရသူ မအေးကြိုင်အိမ်ဝယ် တွေ့ရှိခဲ့ရသော ဆေးလိပ်အမှတ်တံဆိပ်များနှင့် တူမှတူဟုတ်မှဟုတ်ရယ်လေ။ သည်မှာပင် ဒုရဲအုပ် အောင်မျိုးခိုင် အတွေးများ ဖြတ်ခနဲပွင့်ထွက်လာတော့သည်။ ထို့နောက်မှ သေဆုံးသူစံမြအိပ်ထောင်အား ဆွဲထုတ်ကြည့်လိုက်ပါလေ၏။ ငွေစက္ကူ အချို့နှင့် မသောက်ရသေးသည့် ဆေးလိပ်နှစ်လိပ်၊ အားလုံးက သေဆုံးသူမအေးကြိုင်အိမ်ဝယ် တွေ့ခဲ့ရသည့် ဆေးလိပ်အမျိုးအစားနှင့် တထပ်တည်း။

"ကဲ ... မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးရင် အလောင်းကို မြို့နယ်ဆေးရုံကို ပို့ဖို့စီစဉ်ပေးပါ"

ရဲသားတစ်ဦးက ေ ာဆုံးသူအိပ်ကပ်ထဲမှာ ရှာဖွေတွေ့ရှိသော ငွေအချို့နှင့် ဆေးလိပ်များကို ရှာဖွေပုံစံ၌ ရေးသွင်းပြီးနောက် သိမ်းဆည်းထားလိုက်လေ၏။ အောင်မျိုးခိုင်စိတ်ထဲဝယ် မအေးကြိုင်အသတ်ခံရမှုနှင့် ယခုစံမြအသတ်ခံရခြင်းမှာ ဆက်စပ်မှုကွင်းဆက်တစ်ခု ဖြစ်နိုင်သည်လားဟု အတွေးပေါက်လိုက်မိသည်။ စံမြအားလာရောက်သတ်သွားသူသည် မည်သူဖြစ်နိုင်လေသနည်း၊ ပျောက်ဆုံးနေသော မအေးကြိုင်ယောက်ျား ရွှေလွန်းပင် ဖြစ်နေသလား၊ သို့တည်းမဟုတ် သည်လူသတ်မှုနှစ်ခုလုံးကို ရွှေလွန်းကပင် ကျူးလွန်ခဲ့လေသလားဆိုသည့် မေးခွန်းပေါင်းများစွာက အနီဇာတ်ရှုပ်က သရုပ်မပေါ်သေးသမျှ သူ့အတွက် အခက်အခဲဖြင့် အလုပ်ရှုပ်နေဦးမည်သာ။

သို့ဆိုလျှင် ရွှေလွန်းတစ်ယောက် ဘယ်ပျောက်နေဘိသနည်း။ ထိုအဖြေအား ဖော်ထုတ်နိုင်မည်ဆိုပါက ...။

အခန်း(၄)

ရွှေလွန်းအနေဖြင့် အမှန်ကိုဝန်ခံရန် ဦးမလေးပါလေတော့။ ကိစ္စအားလုံးအတွက် ရှင်းလင်းပြီးခဲ့ချေပြီပဲ။ တကယ်တော့ ရွှေလွန်း လူမသတ်ချင်ပါ။ လူသတ်ရန်လည်း ရည်ရွယ်ချက်မရှိပါလေခဲ့။ မိသားစုစားဝတ်နေရေး အခက်အခဲကြောင့်သာ မလုပ်ချင်သော်လည်း မိမိနယ်မြေဒေသ အတွင်းမှာတော့ လုပ်ကိုင်မစားသောက်ချင်၊ သို့အတွက် မြို့နယ်တစ်နယ်သား စံမြတို့နှင့် ပေါင်းမိသွားရခြင်းဖြစ်သည်။ စံမြက သူ့နယ်မြေတွင် နွားခိုးခေါင်းဆောင်၊ သူနှင့်စံမြ တွဲလုပ်ခဲ့သည်မှာ မနည်းမနောပင် ကြာခဲ့ချေပြီပဲ။ စံမြနှင့် လုပ်ကိုင်ခဲ့သည့်ကာလတွင် အဆင်မပြေတာဟူ၍ မရှိပါလေခဲ့။ အားလုံး အဆင်ချောမွေ့နေခဲ့ချည်းသည်သာ။

သို့တမင့်ငြားလည်း သည်တစ်ကြိမ်တော့ အဆင်မပြေဖွယ်ရာမရှိ။

www.burmeseclassic.com



ကတိမတည်ခဲ့သည်က ရွှေလွန်းသာ ဖြစ်သည်။ ပေါ်ပြီးသားအမဲသားဖိုးများကို ငွေတိုးပွားလေမလားဟူသော အတွေးဖြင့် ဂျင်ဝိုင်းသို့သွား၍ ကစားကြည့်ခဲ့မိသည်လေ။ အစ,ပထမတော့ နိုင်တော့မလိုလိုနှင့် နောက်ပိုင်းဝယ် ရှင်းရမည့်အမဲသားဖိုးငွေအားလုံး ဂျင်ဝိုင်းတွင် ပြောင်သလင်းခါခဲ့ရလေတော့၏။ ထိုနေ့ကအဖြစ်ကိုတွေးရင်း ရွှေလွန်း အံကိုတင်းတင်းကြိတ်လိုက်မိသည်။ သည်ကိစ္စနှင့်ပတ်သက်၍ ဖနီးဖြစ်သူအေးကြိုင်အား ပြန်ပြောပြခဲ့သည်။ ထိုအကြောင်းဖြင့် ပတ်သက်လျက် လင်မယားချင်းစကားများခဲ့ကြသည်ပင် မဟုတ်ပါလား။ အမဲသားဖိုးငွေများ ဂျင်ထိုးရင်းရှုံးသွားရသည့်အထဲ သူမက ဆူဆူပူပူလုပ်နေပြန်သဖြင့် ရန်ဖြစ်ခဲ့ကြရသည်သာ အဖတ်တင်သည်။ ငွေရမည့်အကြံဉာဏ်ကောင်းများက ထွက်မလာသဖြင့် မြင်းခြံမြို့သို့ ထွက်လာခဲ့သည်။ သည်မှာပင် ပြဿနာက စတက်လာတော့သည်လေ။

ရွှေလွန်း အမဲသားဖိုးငွေတွေ ဂျင်ဝိုင်းတွင်ရှုံးသွားသည်ကို စံမြက သိထားပြီးဖြစ်သည်။

"ငါ မြို့ပေါ်ခဏသွားမလို့"

"နေဦးလေ ...၊ တို့နောက်ဆုံးပေါ်လိုက်တဲ့ အကောင်အတွက် မင်းငါ့ကို ငွေရှင်းမှမရှင်းရသေးတာပဲ ...၊ အဲဒါ မင်းနဲ့အဲဒီငွေရှင်းဖို့ လာခဲ့တာ"

"အေး ...ငါသိပါတယ်၊ ခုလောလောဆယ်တော့ မရှင်းနိုင်သေးဘူး၊ သဘက်ခါလောက်ဆိုရင်တော့ ငါငွေကိုရှင်းပေးမှာပါ၊ ခုလောလောဆယ်တော့ ငါ့မှာ ကိစ္စတစ်ခုရှိလို့ သွားစရာရှိတယ်"

"ဘာ ...အရေးကြီးတဲ့ကိစ္စ ဟုတ်လား၊ မင်းသွားလို့မဖြစ်သေးဘူး"

ရွှေလွန်းစကားကြောင့် စံမြဒေါပွသွားဟန်တူသည်။ သူ့အသံတွင် မကျေမနပ်လေသံတွေ နှောနေသည်။ သို့စဉ်တိုင် ရွှေလွန်းကတော့ လေသံခပ်အေးအေးဖြင့်ပင် ပြန်ပြောလိုက်ပါလေ၏။

"အေး ...ဟုတ်တယ်၊ ငါ့မှာ အရေးတကြီးသွားစရာရှိတယ်၊ အပြန်မှာ စာရင်းရှင်းကြတာပေါ့ ..."

ထိုခဏမှာပင် ကားတစ်စီးထိုးဆိုက်လာတော့၏။ ကားပေါ်မှ ဘုန်းကြီးတစ်ပါးနှင့် အဘိုးကြီးတစ်ဦး ဆင်းလာသည်။ ရွှေလွန်းက ပြောပြောဆိုဆို ကားပေါ်သို့ အပြေးတက်သည်။ စံမြသူပါ ကားပေါ်တက်လိုက်မည်ပြုပြီးမှ မလိုက်တော့ဘဲရပ်နေရင်း မောင်းထွက်သွားသောကားပေါ်မှ ရွှေလွန်းအား လှမ်းကြည့်ခါ မကျေမနပ်ဖြင့် တောက်တစ်ချက်အား ခပ်ပြင်းပြင်းခေါက်လိုက်ရင်း –

"ဩော် ...မင်းက ဒီအချိုးမျိုး လုပ်သွားတာကိုး ...ငါ့အကြောင်း သိကြသေးတာပေါ့ ရွှေလွန်းရာ ..."

အခန်း(၅)

အမှတ်(၂)ရဲစခန်းရုံးခန်းအတွင်းမှာပင် ဖြစ်ပါလေ၏။ ရွှေလွန်းက သူ့ဆုံးဖြတ်ချက်အတိုင်း လာရောက်ခဲ့ခြင်းပင် ဖြစ်ပါလေ၏။

"ဩော် ...မင်းက ရွှေလွန်းကိုး၊ တို့ကလည်း မင်းကိုတွေ့ချင်လို့ လိုက်ရှာနေတာ၊ ကဲဆို ...မင်းမိန်းမ အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး မင်းသိထားတာကို ပြောပြမှာပဲမဟုတ်လား၊ မင်းသိထားတာအားလုံးကို တို့ရဲစခန်းကိုပြောပြရင် တရားခံကိုဖော်ထုတ်လို့ရမှာ သေချာတယ်လေ ..."

အမှုလိုက်ဒုရဲအုပ်အောင်မျိုးခိုင်စကားကြောင့် ရွှေလွန်းက မသိမသာပြုံးလိုက်မိပါလေ၏။ နောက်ပြီးမှ လေသံပျော့ပျော့ဖြင့် ပြောလိုက်ပါလေသည်။

"အင်း ...ပြောရရင်တော့ ဇာတ်လမ်းက အရှုပ်ကြီးပါဆရာရယ်၊ ဆရာတို့မှာ ပြဿနာဖြစ်နေတဲ့လူသတ်မှုနှစ်မှုလုံးအတွက် ကျွန်တော်လာရောက် အဖမ်းခံတာပါ ..."

"ဟေ ...မင်းက လာအဖမ်းခံတာ ဟုတ်လား ...၊ မအေးကြိုင်ကို စံမြက သတ်ခဲ့လို့ ကလဲ့စားချေတဲ့အနေနဲ့ သွားသတ်ခဲ့တာပဲမဟုတ်လား၊ ဒါမှမဟုတ် အမဲသားဖိုးငွေအတွက် အချင်းများပြီး သတ်ခဲ့တာလားဆိုတာ၊ အေးလေ ...တို့မှာ သက်သေသာဓကတွေ ရှာဖွေတွေ့ထားပြီးသားပါ၊ အဖြစ်အပျက်အားလုံးကို တို့နားလည်အောင် ရှင်းပြစမ်းပါဦး ..."

"ကျွန်တော်က မအေးကြိုင်ကို မသတ်ပါဘူးဆရာ ...၊ ကျွန်တော့်ဇနီးကိုသတ်ခဲ့တဲ့ စံမြကိုသာ လိုက်သတ်ခဲ့တာပါ၊ အေးကြိုင်နဲ့ ကျွန်တော်က လင်မယားချင်းစကားများခဲ့ကြတာသာ ရှိတာပါ၊ လင်မယားချင်းဆိုတော့ စိတ်ဆိုးနေတာနဲ့ စံမြကိုပေးစရာရှိတဲ့ငွေ ရှာမယ်ဆိုပြီး မြင်းခြံမြို့ကို ကားလမ်းအရောက် စံမြနဲ့တွေ့ခဲ့ကြတယ်လေ၊ သူက ငွေလာတောင်းတာပေါ့၊ ကျွန်တော်က သဘက်ခါပေးမယ်ဆို

www.burmeseclassic.com


ပြီး ကားပေါ်တက်လိုက်လာခဲ့တယ်၊ ဆိုပါတော့ဆရာရယ် ...၊ ဒါကို ကိုစံမြက မကျေနပ်လို့ ကျွန်တော့်မိန်းမ အေးကြိုင်ဆီသွား ငွေကိုမရ,မကတောင်းဟန်တူပါတယ်လေ ...၊ အေးကြိုင်ကလည်း ပေးစရာငွေမရှိတော့ ငြင်းဆန်တာကနေ စံမြက ဒေါသဖြစ်ပြီး အေးကြိုင်ကိုသတ်ခဲ့တာကလား၊ ဒီသတင်းကို ကျွန်တော် မြို့ပေါ်ရောက်တာနဲ့ ကြားလိုက်ရတယ်လေ ...၊ ရွာကိုပြန်ရင်လည်း အေးကြိုင်သေတဲ့အကြောင်းနဲ့ ကျွန်တော့်ကိုဆွဲထားကြမှာလေ၊ အေးကြိုင်အသတ်ခံလိုက်ရတယ် ဆိုကတည်းက စံမြလက်ချက်ဆိုတာ သိလိုက်ပါတယ် ဆရာ ...''

ရွှေလွှန်းက သူ့ဖြစ်စဉ်ကို ဝမ်းနည်းကြေကွဲစွာ ပြောပြနေပါတော့သည်။ ပြီးလေမှ ရွှေလွှန်းက ဆက်ပြောခဲ့ပြန်ပါသည်။

''မင်းမိန်းမကို မင်းမသတ်ဘဲနဲ့ ဘာလို့များရှောင်ထွက်နေရတာလဲကွ၊ အဖြစ်အပျက်အမှန်ကို ပြောပြလိုက်ရင်ပြီးနေတာပဲမဟုတ်လား ...''



''မဟုတ်သေးဘူးဆရာ ...၊ အဖြစ်မှန်ကို ဘယ်လိုပဲပြောပြပေမယ့် ကျွန်တော့်မိန်းမကို ဘယ်သူသတ်သလဲဆိုတာ သိနေတဲ့ကျွန်တော်က အဖမ်းမခံနိုင်သေးဘူးလေ၊ ကျွန်တော့်မိန်းမအတွက် ကလဲ့စားချေရဦးမယ် မဟုတ်လား ...၊ ကျွန်တော့်ဘက်က စဉ်းစားကြည့်ပေးပါလား ဆရာရယ် ...''

အောင်မျိုးခိုင်က ရွှေလွှန်းအဖြစ်ကိုကြည့်လျက် သက်ပြင်းတစ်ချက်ချလိုက်မိပါလေ၏။ လူမိုက်တို့၏ အတွေးအခေါ်က တရားဥပဒေစိုးမိုးရေးအတွက် အနှောင့်အယှက်သဖွယ် ဖြစ်နေသည်လေ။ ပည်သို့ပင်ဖြစ်စေ လူသတ်မှုတစ်ခုအတွက် တရားခံကိုယ်တိုင်က လာရောက်အဖမ်းခံသည်နှင့် ကျန်အမှုတစ်ခုအတွက် အဖြေက ပွင့်လင်းမြင်သာ အဖြေရှာခဲ့ချေပြီ မဟုတ်ပါလား ...။

''အေး ...မင်းရဲ့မိန်းမ အေးကြိုင်သေဆုံးသွားတာနဲ့ပတ်သက်လို့ စံမြကို သွားသတ်ခဲ့တယ်ဆိုတာ တို့ စံမြအလောင်းကို သွားကြည့်ပြီးကတည်းက ရိပ်စားမိခဲ့ပါတယ်လေ ...၊ ဘာလို့များ ကလဲ့စားချေတဲ့စိတ်ဓာတ်ကို မွေးခဲ့ရတာလည်းကွာ ...၊ ကလဲ့စားချေတယ်ဆိုတာ မကောင်းတဲ့ဒုစရိုက်တစ်ခုပဲ မဟုတ်လား၊ ခုကြည့်လေ ...မင်းက စံမြကိုသတ်တဲ့အတွက် ရာဇဝတ်ပေးကို ချေးနဲ့ပေးဆပ်ရတော့မယ်၊ မင်းထောင်ထဲကျသွားလို့ ကျန်ရစ်ခဲ့တဲ့သားသမီးတွေမှာလည်း မိမစုံဖဝေး သူတို့လေးတွေရဲ့ အနာဂတ်ကိုတွေးပြီးရင်လေးစရာဖြစ်မနေဘူးလား ...၊ မိုက်လိုက်လေ ရွှေလွှန်းရာ ...''

ဒုရဲအုပ်အောင်မျိုးခိုင် စကားကြောင့် ရွှေလွှန်းမှာ ခေါင်းငိုက်စိုက်ကျသွားခဲ့ရတော့သည်။ ခဏကြာမှ သူက သံဝေဂလေသံမျိုးဖြင့် ပြောလာတော့သည်။

''ဟုတ်ပါတယ်ဆရာ ...ကျွန်တော့်အမှားကို ကျွန်တော် နောင်တရလို့ မဆုံးပါဘူးခင်ဗျာ ...၊ ဒါကြောင့်လည်း လာအဖမ်းခံတာပါ ...''

ရွှေလွှန်းက သူ့စကားအဆုံးဝယ် သူ့မျက်ဝန်းအိမ်မှ မျက်ရည်စများ လိမ့်ဆင်းကျလာတော့သည်။ ဩော် ...အချိန်နောက်ကျမှ ရတတ်သည့်နောင်တ တရား၏ရလဒ်တွင် မျက်ရည်စတွေက ရောယှက်နေပါရောလား။

ဒုရဲအုပ်အောင်မျိုးခိုင်က နောင်တ,အမှားအား ကျူးလွန်ပြီးပါမှ မျက်ရည်စများကို လူတစ်ဦး၏အသက်အားဓားဖြင့်ခုတ်သတ်ခဲ့သောလက်ဖြင့် သုတ်သင်တားဆီးနိုင်သော်ငြား၊ တရားဥပဒေ၏ဒဏ်ခတ်ခြင်းကိုမူ ရွှေလွှန်းမတားဆီးနိုင်ပါချေတကား။ ဒုရဲအုပ်အောင်မျိုးခိုင်က စိတ်ထဲမှ သူမှတ်သားခဲ့ဖူးသော စာပိုဒ်တစ်ပိုဒ်အား ရင်တွင်းမှ ရွတ်ဆိုလိုက်မိပါလေတော့သည်။

**''နောင်တ,မရခင် သိစိတ်ဝင်၊**
**အစဉ်အေးချမ်းမည် ...''**

**''နောင်မှအမှား ပြုမိငြားက၊**
**ဘဝတစ်သက်တာ ပူဆွေးဖြာလိမ့်''**

**သိဏ်းသန်းအောင်(မြင်းခြံ)**

**မှတ်ချက်။** ။ ၁၉၉၈ ခုနှစ်က ဖြစ်စဉ်တစ်ခုအား ဝတ္ထုအသွင် ရေးဖွဲ့တင်ပြထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com






www.burmeseclassic.com

အကျဉ်းချုပ်အားဖြင့် အခါတစ်ပါး၌ နွားပိုင်ရှင်တစ်ဦးသည် ၎င်း၏နွားများအား လွှတ်ကျောင်းထားစဉ် လူမသမာသူတစ်ဦးမှ ခိုးယူမောင်းနှင်သွားမှုကြောင့် နွားပိုင်ရှင်မှ လိုက်လံပြန်လည်တောင်းယူရာ ခိုးသူမှ မိမိ၏နွားများသာဖြစ်သည်ဟု လိမ်ညာပြောဆိုတုန့်ပြန်ရာမှ မဟောသဓ၏အဆုံးအဖြတ်အား ခံယူခဲ့ရာ ခိုးသူအား မိမိနွားများဖြစ်ပါက မည်သို့အစာများကို ကျွေးသနည်းဟုမေးရာ ပဲဖတ်၊ နှမ်းဖတ်များနှင့်အတိပြီးသော ကောက်ရိုးများကို ကျွေးပါသည်ဟု ဖြေကြားသဖြင့် ပရိသတ်အား မှတ်သားစေခဲ့ပြီး၊ နွားပိုင်ရှင်အား မည်သို့သောအစာကို ကျွေးပါသနည်းဟုမေးရာ မြေစာမြက်ကိုသာ ကျွေးရပါသည်ဟု ပြောသဖြင့် နွားများအား ဝမ်းအမြန်သွားစေရန် သျှိသျှားရွက်ကို ရေနှင့်ဖျော်၍တိုက်စေရာ နွားများမှာ တစ်ခဏချင်းပင် မစင်စွန့်ကြရာ၌ စွန့်သောမစင်များတွင် ပဲဖတ်၊ နှမ်းဖတ်၊ ကောက်ရိုးများကို မတွေ့ရဘဲ မြေစာမြက်များကိုသာ တွေ့ရသဖြင့် နွားပိုင်ရှင်အစစ်နှင့် လိမ်လည်ပြောဆိုသူ နွားသူခိုးတို့အား ပရိသတ်ရှေ့၌ ထင်ရှားစွာ ခွဲခြားဖော်ထုတ်ပေးခဲ့ပေသည်။

ဤသည်ကား မဟောသဓဇာတ်တော်လာ နွားတရားစီရင်ခန်းပေတည်း။

+++

လူလိမ်လူကောက်ဟူသည် ကျောက်ခေတ်လူသားကာလကို လွန်မြောက်ပြီးနောက် ပစ္စည်းဥစ္စာ၊ ၇ဏ်မနတို့ကို မက်မောလာတတ်ကြသော ယဉ်ကျေးမှုတို့ စတင်ထွန်းကားလာသည့် အချိန်ကာလမှစတင်၍ လူ့ဝန်းကျင် လူ့အသိုင်းတွင် စီးမျောပါလာကြသည်ဟု မှန်းဆရပေမည်။

အချောင်ရယူလိုခြင်း၊ သက်ကြောမတင်းခြင်း၊ ရောင်ခိုလိုခြင်း၊

ဥစ္စာပစ္စည်းတို့ကို မရိုးမဖြောင့်သော နည်းလမ်းများဖြင့် အသုံးချကာ လက်ဝယ် ရောက်ရှိအောင် ကြံဆောင်ကြခြင်းသည် မိမိကိုယ်တိုင်အား နာမည်ပျက်ယွင်းစေသည် သာမက...

ဗုဒ္ဓရှင်တော်မြတ်စွာဘုရား၏ ဟောကြားတော်မူခဲ့အပ်သော ဇာတ်နိပါတ်တော်ပေါင်းများစွာတို့အထဲတွင် ဇာတ်ကြီးဆယ်ဘွဲ့ဟု လူတိုင်းသိသော ဇာတ်တော်ထဲ၌ (၅)ခုမြောက်ဇာတ်တော်ဖြစ်သော မဟောသဓာဇာတ်တော်ထဲ၌ ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်ကတည်းက အများသူငါတို့ထက် သာလွန်သောထက်မြက်သော ဉာဏ်ပါရမီအဟုန်တို့ကြောင့် ပြဿနာပေါင်းများစွာတို့အား အမှားအမှန် ခွဲခြားဆုံးဖြတ်ပေးခဲ့သော မဟောသဓ ပညာရှိအဖြစ် ထင်ရှားခဲ့သည့် မဟောသဓသေတို့သား စီရင်ဆုံးဖြတ်ခဲ့သော နွားတရားစီရင်ခန်းသည်လည်း မဟောသဓ၏ ဉာဏ်ပညာထက်မြင်ပုံကို အထူးထင်ရှားစေခဲ့သော ပြဿနာတစ်ရပ်ဖြစ်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com



အပိုဝါကြွားလိုခြင်း၊ မိမိရင်ဆိုင်ကြုံတွေ့နေရသော လတ်တစ်လောအကျပ်အတည်းမှ ရုန်းထွက်လွန်မြောက်လို၍ မကြံအပ် မစည်ရာ ကြံစည်ကာ ထွက်ပေါက်ရှာခြင်း စသော မလျော်သော စိတ်ဓာတ်အညံ့ အဖျင်းတို့ကို ရင်ဝယ်ပိုက်ကာ အချိန်နှင့်အမျှ ဆင်ကြံကြံ၍ သူတစ်ပါးတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းတို့ကို မရိုးမဖြောင့်သောနည်းလမ်းများဖြင့် အသုံးချကာ လက်ဝယ်ရောက်ရှိအောင် ကြံဆောင်ကြခြင်းသည် မိမိကိုယ်တိုင်အား နာမည်ပျက်ယွင်းစေသည်သာမက မိမိ၏သား၊ သမီး၊ ဇနီး၊ မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းများအပေါ်သို့ နာမည်ပျက်အရိပ်မည်းကြီးက အစဉ်သဖြင့် အုပ်မိုးလိုက်ပါလာတတ်ကြောင်း သိနားလည်သူများ ရှိသကဲ့သို့ မသိ်ိ၊ နားမလည်နိုင်လောက်အောင် ဉာဏ်စဉ်နည်းသူများလည်း ရှိတတ်ကြပေရာ ရှုပ်ထွေးမွေလီစွာ နေလိုတတ်ကြသော လူလိမ်လူကောက် မရိုးမဖြောင့်သော သဘောရှိသူတို့ကြောင့် ၎င်းတို့ရုပ်သမျှ ဇာတ်များအား အမှန်အတိုင်းဖြစ်ပေါ်စေရန် လူ့ဝန်းကျင် လူ့အသိုင်းအဝိုင်း၌ ခုံသမာဓိလူကြီးမင်းများ၊ တရားသူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ အစရှိသော ဥပဒေဘက်တော်သားတို့သည်လည်း ယဉ်ကျေးသောလူ့အဖွဲ့အစည်း စတင်ထွန်းကားလာချိန်၌ လူလိမ်လူကောက်တို့ထက် အနည်းငယ်နောက်ကျကာ လူမှုအဖွဲ့အစည်းလူ့ဝန်းကျင် လူ့အသိုင်းအဝိုင်း၌ စတင်တည်ဆောက်ခဲ့ကြရခြင်း ဖြစ်ပေမြီမှ မည်တည်း။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် အစာကောက်ထွက်သည့် ကြက်များပမာ ကျွန်တော်တည်းဟူသော သတင်းထောက်သည်လည်း မြို့တွင်းမြို့ပြင် နေရာအနှံ့ ဆိုင်ကယ်တစ်စင်းဖြင့်ပတ်၍ ဆီအကုန်ခံ ငွေအကုန်ခံကာ သတင်းကိစ္စမှန်သမျှအား စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ရပါတော့သည်။

ယခင်က သတင်းစုဆောင်းခြင်းကိစ္စအား ပြိုင်ဘက်မရှိ [illegible] တစ်ကိုယ်တည်း အေးအေးလူလူ သတင်းယူနိုင်ခဲ့ပါသော်လည်း ယနေ့အချိန်တွင် လွတ်လပ်ပွင့်လင်း ကျယ်ပြန့်လာသော မီဒီယာခေတ်သို့ ကူးပြောင်းရောက်ရှိလာချိန်၌ ကျွန်ုပ်တို့မြို့တွင် သတင်းထောက်ပေါက်စနများမှာ ခြတောင်ပို့မှ ပလူများထွက်လာသည့်သဖွယ် ခြေချင်းလိမ်အောင် ရှိနေကြပြီဖြစ်ရာ လက်သစ်တို့ထုံးစံအတိုင်း ကလောင်စွမ်းပြချင်သည့်ဖြစ်၍ မည်းမည်းမြင်သမျှ ဓာတ်ပုံအတင်းဝိုင်းရိုက် [illegible]



www.burmeseclassic.com

www.burmeseclassic.com


ဆုံတွေ့နေရသည့်အလား ကျွန်တော့်မှာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် သက်ပြင်းတွေ အကြိမ်ကြိမ်ချကာ ယခင်လို အေးရာအေးကြောင်း နေ၍ မရတော့ဘဲ သတင်းထောက်ပေါက်စနများတို့ထက် နောက်မကျရလေအောင် ဆိုင်ကယ်တစ်စင်းဖြင့် မြို့လုံးပတ်နေရခြင်းပါပေတည်း။

သတင်း စနည်းနာသည်ဟု ဆိုသော်လည်း သတင်းစုံရာအရပ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သော လက်ဖက်ရည်ဆိုင်များနှင့် သတင်းအရင်းအမြစ်တည်ရာဌာနဖြစ်သော ရဲစခန်းတို့သည်သာ ကျွန်တော်သတင်းစုဆောင်း ရယူသည့် နေရာဌာနများ ဖြစ်ခဲ့ပေသည်။

ထို့ကြောင့် ထုံးစံအတိုင်း တစ်နေ့သောနံနက်ခင်းတစ်ခု၌ CLASSIC လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်သောက်ပြီးအပြန်တွင် အမှတ်(၂)နယ်မြေရဲစခန်းသို့ လှည့်ဝင်ပြီး သတင်းစနည်းနာ လိုက်၏။

"စခန်းမှူးကြီး ... အခုအမှုဖွင့်ဆောင်ရွက်ထားတဲ့ တိရစ္ဆာန်ခိုးမှုဆိုတာ ဘာလဲ ...၊ နွားခိုးတာလား၊ ကျွဲခိုးတာလား ..."

"ကျွဲခိုးတဲ့အမှုဗျ ... သတင်းထောက်ကြီးရ ...၊ အမှုက ကြာပါပြီဗျာ၊ သတင်းရေးလို့မကောင်းပါဘူး၊ အမှုစစ်က ဒုရဲအုပ်လှစိန်စစ်တာ၊ ဒါပေမဲ့ ...၊ အင်း ... ဝတ္ထုရေးရင်တော့ ကောင်းမလားဘဲ ..."

စခန်းမှူး ရဲအုပ်အေးဇော်၏ ပြောစကားကြောင့် ကျွန်တော့်စိတ်ဝိညာဉ်တို့ နိုးကြားလာကြကုန်၏။ သိချင်စိတ်တို့က ပို၍ ဆန္ဒပြင်းပြလာခဲ့သဖြင့် စူးစမ်းလိုက်မိ၏။

"ဇာတ်လမ်းရှိလားဆရာ ...၊ တစ်ဆိတ်လောက် ပြောပြပေးပါလား၊ ဆရာပြောသလို ဝတ္ထုရေးလို့ကောင်းရင်တော့ ပညာပေးဇာတ်လမ်းလှလှလေးတစ်ခု ရသွားတာပေါ့ ..."

"ဟုတ်တာပေါ့ဗျာ ... လူတွေရဲ့ မရိုးမဖြောင့်တဲ့ အတွင်းသဘောစိတ်ကို ပညာပေး ပြုပြင်လို့ရတာပေါ့လေ၊ ဖြစ်ပုံက ဒီလိုဗျ ..."

+++

တောင်ငူမြို့၏အနောက်ဘက် မိုင်ပေါင်း(၂၀)နီးပါးဝေးကွာသော ပဲခူးရိုးမတောင်ပေါ်တောင်တန်းကြီး၏ နယ်မြေတစ်ခု၌တည်ရှိသော "ညာတလူး ညာတလေ"ဟု တစ်ဆက်တစ်စပ်တည်း ခေါ်ဆိုစမြဲပြုကြသည့် ကရင်ရွာကြီးနှစ်ရွာအနက် ညာတလူးရွာနေ 'ဦးစောဒိုးမောင်'၏ နေအိမ်ဝင်းထဲသို့ 'စောတမူး' ကျွဲများမောင်း၍ နေဝင်တရီတရောအချိန်၌ ပြန်ရောက်လာ၏။ စောတမူးမျက်က သိပ်မကောင်း။

"ဖထီး ... ငါ ကျွဲမတစ်ကောင် ပျောက်ကျန်ခဲ့တယ်"

"ဟေ ... ဘယ်လိုပျောက်တာလဲ၊ နင် သေသေချာချာမကျောင်းဘူးလား"

"သေသေချာချာလွှတ်ကျောင်းတာပဲဝေ့ ...၊ ခါတိုင်းလည်း ဒီလိုပဲ စားကျက်ထဲမှာ လွှတ်ထားတာပဲဝေ့၊ တစ်ခါမှ မပျောက်ခဲ့ဘူးကွယ်၊ ခု ဒီကျွဲ

ဒါ ငါ့ကျွဲမှ ငါ့ ကျွဲအစစ်ဝေ့ ၊ ဒါဆို ငါမေးမယ်၊
ဒီကျွဲမက သားပေါက်တဲ့ မိခင်အရွယ်၊
နင့်ကျွဲဆိုရင် ဘယ်မှာလဲ ဒီကျွဲမကမွေးထားတဲ့ကလေး...


www.burmeseclassic.com

www.burmeseclassic.com



က ငါအိပ်ပျော်နေတုန်း ဘယ်ထွက်သွားလဲမသိဘူး၊ ရှာတာလည်းနှံ့နေပြီဝေ့ ...''

စောတမူးမှာ တစ်လ ကျပ်တစ်သောင်းခွဲဖြင့် ကျွဲများအား အငှားလက်ခံ ထိန်းကျောင်းပေးနေသူဖြစ်ပြီး၊ ရွာမှ အနောက်ဘက်(၄)မိုင်ခန့်အကွာ တောင်ပေါ်တောတွင်း စားကျက်မြေများ၌ ကျွဲများအား နေ့စဉ် မနက်ခင်းအချိန်မှ ညနေ နွားရိုင်းသွင်းချိန်အထိ လွှတ်ကျောင်းပေးရ၏။

စောတမူးမှာ နာမည်ပျက်မရှိ၊ ရိုးသားတာကိုလည်း တစ်ရွာလုံးအသိမို့ အပြစ်ဆိုစရာမရှိ။ ပျောက်သွားသည့်ကျွဲက ရှစ်နှစ်သမီး။ ဦးချိုကြက်နင်းနှင့်ကာလပေါက်ဈေး သုံးလေးသိန်းထက် ...နည်း'။ ရွာသူရွာသားတို့အတွက် ဤ...ျလောက်သောပမာဏသည် မနည်း...ပ။ ထို့ကြောင့်လည်း ကျွဲကျောင်းသား...စာတမူးကိုခေါ်ကာ ဦးစောဒိုးမောင်မှာ ...အိမ်နီးချင်းများ ခင်မင်သူရွာသူရွာသား...ျားတို့နှင့်အတူ ရွာနီးချုပ်စပ် ကျွဲစား...ကျက်၊ နွားစားကျက် နေရာလပ်မကျန် ...ွဲပျောက်ရှာပုံတော်ဖွင့်ခဲ့ကြသဖြင့် ဦး...စာဒိုးမောင်၏ ကျွဲပျောက်သတင်းမှာ ...ူဦးရေနည်းပါးသော ညာတလူရွာ...ွင်း၌ ကျွဲသမားအချင်းချင်း တစ်...ယာက်စကား တစ်ယောက်နားဆိုသ...ို့ အချိန်တိုအတွင်း တစ်ရွာလုံးပျံ့နှံ့...ားတော့၏။

ထိုသတင်းအား တစ်ရွာတည်း...ားစောတေတူးမှကြားသိကာ –

"ဖထီး ... ကျွဲပျောက်တယ်ဆို၊ ငါသတင်းကြားလို့လာတာ ...၊ ငါပြန်လာတော့ ခပေါင်းချောင်းကိုဖြတ်ပြီး စက်လှေပေါ်မှာ ကျွဲမတစ်ကောင်တင်မောင်းသွားတာ တွေ့လိုက်တယ်၊ အဲဒါလာပြောတာ ...''

"ဟေ ... နင်တကယ်ပြောတာလား ...''

"ငါညာရမလား ... ငါကိုယ်တိုင်တွေ့ခဲ့တာ''

"ဘယ်သူတင်သွားတာလဲ ...၊ လိုက်သွားကြည့်ရအောင်''

"သွားကြည့်လေ ... ငါလိုက်ပြမယ်၊ ရေသိုးရွာက မောင်နိုင် တင်သွားတာ၊ သိန်းဝင်စက်လှေနဲ့ တင်သွားတာ''

"ဒါဆို သေချာပြီပဲ ... လိုက်သွားပြီး ခုပဲပြန်တောင်းမယ် ... သွားစို့ ...''

စောတေမူး၊ စောတလူး၊ ဦးစောဒိုးမောင်နှင့် ညာတလူးရွာမှ လူအချို့မှာ ရေသိုးရွာမှ ရွာလူကြီးထံ အရင်သွားပြီး အကျိုးအကြောင်းပြောကာ မောင်နိုင်၏တဲသို့ ဝင်လိုက်၏။

"ဟေ့ကောင် မောင်နိုင် ... မင်းညာတလူးက ကျွဲမတစ်ကောင် ခိုးလာတယ်ဆို၊ ဒီမှာ ကျွဲပိုင်ရှင်တွေ လိုက်လာတယ် ပြန်ပေးလိုက်''

"အိုး ... ဘာလို့ပြန်ပေးရမှာလဲ၊ အဲဒါ ကျုပ်ပျောက်ထားတဲ့ကျွဲမဗျ၊ တွေ့လို့ပြန်ဆွဲလာတာ၊ ကိုယ့်ကျွဲကိုယ်ပြန်ဆွဲတာ ဘာလို့ပေးရမှာလဲ ... မပေးနိုင်ဘူး ...''

"ကဲ ... သူ့ကျွဲတဲ့ဗျ ... ဦးစောဒိုးမောင်ရဲ့ ...''

"ဝို့ ... ဒို့က တိုင်းရင်းသားတွေ၊ ဘာလို့ညာပြောရမှာလဲ၊ ဒါ ငါ့ကျွဲမ ငါ့ကျွဲအစစ်ဝေ့ ...၊ ဒါဆို ငါမေးမယ်၊ ဒီကျွဲမက သားပေါက်တဲ့မိခင်အရွယ်၊ နင့်ကျွဲဆိုရင် ဘယ်မှာလဲ ဒီကျွဲမကမွေးထားတဲ့ကလေး၊ ကဲပြ ... အဲဒီကျွဲမရဲ့ ကလေး''

ဦးစောဒိုးမောင်က အချက်ကျကျမေးလိုက်၏။

မောင်နိုင်ကလည်းမခေ။ ပြောင်လိမ်ပြောင်စားမို့ –

"ဟေ့ ... ကရင်ကြီး၊ ငါ့ကျွဲမက "အမြုံမ"၊ ကလေးမမွေးဘူး''

"ကြိုက်တယ်ဝေ့ ... ငါကလည်း ဒီစကားကြားချင်နေတာ၊ ဘုရားသခင်စောင့်ရှောက်တာပဲ ...၊ ဒီမှာ ရွာလူကြီးလည်း ကြားတယ်နော်၊ ဒီစကားသိပ်အရေးကြီးတယ်၊ ရွာလူကြီးတွေကိုရော အခုပါလာတဲ့ ရွာသားတွေကိုရော ငါသက်သေထူမယ်ဝေ့ ...၊

စာမျက်နှာ ၁၂၄ သို့

www.burmeseclassic.com

စာမျက်နှာ ၉၂
မင်းမဟာကျော်ဒေါင်းမှစာဆက်

"မင်း ဘာပြောလိုက်တာလဲ။ ငါ မင်းကို ဘာမှလည်းမပြောရသေးပါလား။ ပြီးတော့ လုပ်သွားတဲ့ကောင်ရဲ့ ပုံစံက ဘယ်လိုပုံစံဆိုတာ မင်းက ကြို ပြီး သိနေသလိုပါလားကွ ဟင်"

ရှိန်းမောင် စကားပြောလောသွားမှန်း သတိထားမိသဖြင့် ပြန်၍ ကိုယ်ရှိန်သတ်သည်။

"အခုလိုပဲ ခဏခဏအစစ်ခံနေရတာ အေးအေးဆေးဆေးနေရတယ်ကိုမရှိဘူးဗျာ။ လူ့အခွင့်အရေးဆုံးရှုံးအောင်လုပ်နေတာနဲ့ မတူဘူးလား။ ခင်ဗျားတို့ အသိတရားလည်း ရကြပါဦး။ ဒီလို မကြာခဏစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာဟာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို စော်ကားနေတာဗျ။ တစ်ခါတလေ ပြစ်မှုကျူးလွန်မိတာနဲ့ပဲ ခင်ဗျားတို့က တစ်သက်လုံး လူဆိုးစာရင်းသွင်းတော့မှာလားဗျာ။ ခေတ်က ပြောင်းနေပြီဗျ။ ကိုလိုနီစရိုက်တွေဖျောက်ဦး"

ရှိန်းမောင်က ဟန်ကိုယ်ဖို့သဘောဖြင့် အပြစ်မရှိသူပမာ ခပ်တည်တည် ခပ်မာမာစကားလုံးအကြီးကြီးတွေပြော၍ သရုပ်ဆောင်နေ၏။ နိုင်မင်းသူ ခံပြင်းသွားသည်။

"မင်း .. အဲဒီစကားမပြောနဲ့ ခေါကြီး၊ ထောင်ကထွက်လာပြီး နောင်တတရားရသွားတဲ့လူတွေ၊ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားနေရင် တို့က ကူညီစရာရှိရင်တောင် ကူညီသေးတယ်။ မင်းဆိုတဲ့ကောင်ကတော့ ချွင်းချက်နဲ့ကွ"

"ကျုပ်က ဘာဖြစ်နေလို့လဲဗျ"

"မင်းနေတာ ထိုင်တာလည်း ပြန်စဉ်းစားကြည့်လေ။ ထောင်ကထွက်လာပြီးကတည်းက တစ်ရက်မှ မမူးတဲ့ရက်မရှိဘူး။ မိန်းမ ငါးစိမ်းသည်လုပ်ကျွေးတာလေးကို မိန့်မိန့်ကြီးထိုင်စားပြီး မသာအိမ်တိုင်းမှာ ဖဲရိုက်တယ်။ ရဲက မသင်္ကာစာရင်းထဲမှာပါလို့ စောင့်ကြည့်နေရတဲ့ ရာဇဝင်လူဆိုးတွေနဲ့လည်း မင်း အတွဲမပျက်ဘူး"

နိုင်မင်းသူက ပြောရင်း မာန်ပါလာ၏။

"မင်းလိုကောင်ကို ငါတို့ ဘယ်လိုစိတ်ချပြီးထားရမလဲကွ။ ခွင်ကောင်းတွေ့တာနဲ့ ပြစ်မှုကျူးလွန်မှာပဲဆိုတာ အသိသာကြီးကွ။ ရပ်ကွက်ထဲက နာရေးတစ်ခုမှာ မင်းမိန်းမ ထဘီတောင် ဖဲပေါင်ရိုက်ပစ်တယ်လို့ ငါတို့ သတင်းရထားပြီးပြီ။ မင်းကို ငါတို့ လုံးဝအယုံအကြည်မရှိဘူး။ ကဲ .. မင်းအိတ်ပေးစမ်း"

နိုင်မင်းသူက ရှိန်းမောင်လွယ်ထားသည့် ကျောပိုးအိတ်ကို ဆွဲယူလိုက်သည်။ ရှိန်းမောင်၏ လက်တစ်ဖက်ကို လက်မောင်းရင်းမှ ဆုပ်ကိုင်၍ တွန်းရင်း ..

"ကဲ .. မင်း အိမ်ပေါ်တက်စမ်း"

ရှိန်းမောင် ဆုပ်ကန်ကန်ဖြင့် ပါလာ၏။ အိမ်ပေါ်ရောက်သောအခါ သက်သေရပ်ကွက်လူကြီးများရှေ့တွင် အိတ်ထဲမှ အဝတ်များကို ထုတ်၍ ရှာသည်။ သို့သော် အဖြတ်ခံရသည့် ဆွဲကြိုးကိုမတွေ့။

"မင်း မိန်းမ ဘယ်သွားလဲကွ"

"ဈေးရောင်းသွားတယ်"

"ကောင်းပြီလေ။ တစ်လက်စထဲ သက်သေလူကြီးတွေရှေ့မှာပဲ မင်းအိမ်ကို တို့ရှာမယ်"

"ခင်ဗျားရှာလည်း အပိုပဲ ဘာမှတွေ့မှာတော့မဟုတ်ဘူး"

"အေးပေါ့ကွာ .. မတွေ့တော့လည်း သံသယရှင်းသွားတာပေါ့"

နိုင်မင်းသူနှင့် ရဲတပ်ဖွဲ့ဝင်များ အိမ်တွင်းအနှံ့ရှာသည်။

ဗီရိုအံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်၏။ အံဆွဲအတွင်းမှ ဆံပင်တု၊ နှုတ်ခမ်းမွေးအတုတစ်ခုနှင့် ကုတ်အင်္ကျီအနက်ကြီးတစ်ထည်တွေ့သဖြင့် ဆွဲထုတ်လိုက်ရင်း နိုင်မင်းသူက ...

"ကဲ .. ခေါကြီး .. ဆွဲကြိုးကို မင်း ဘယ်မှာဝှက်ထားသလဲ"

"ဗျာ .. ကျ .. ကျွန်တော် မသိပါဘူးဗျာ"

နိုင်မင်းသူက မီးထွက်မတတ်မျက်လုံးတွေနှင့် ခေါကြီးရှိန်းမောင်ကို ကြည့်လျက် ..

"မင်း .. မငြင်းနဲ့တော့ ခေါကြီး၊ မင်းကို ဟောဒီ ဆံပင်တု နှုတ်ခမ်း

www.burmeseclassic.com

မွေးအတုနဲ့ ဒီကုတ်အကျႌအနက်ကြီး ဝတ်ပေးလိုက်ရင် ဆွဲကြိုးအဖြတ်ခံရတဲ့ ကာယကံရှင်ကောင်လေးက မင်းကို ချက်ချင်းမှတ်မိသွားမှာပဲ။ အဲဒီတော့ အချိန်ကုန်မခံပါနဲ့ကွာ။ ယောက်ျားပဲ လုပ်ရဲရင် ခံရဲရမှာပေါ့။ ကဲ .. ဆွဲကြိုး ဘယ်မှာဝှက်ထားသလဲ .. ပြော''

ခေါ်ကြီးရှိန်းမောင် အမူအရာ ပျက်စပြုပြီ။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ ချွေးသီးချွေးပေါက်တွေ လိမ့်ထွက်လာ၏။ သို့သော် တင်းခံထားဆဲ။

''ကဲ .. အသားမနာချင်ရင် ပြောနော်။ မင်း ဒီအတိုင်း တင်းခံနေမယ်ဆိုရင်တော့ သံမဏိကြိုးလက် အပ်ရလိမ့်မယ်''

နိုင်မင်းသူက စခန်းမှူး ဒုရဲမှူး ဇော်လှူကို အပ်မည်ပြော၍ သွေးတိုးစမ်းလိုက်ခြင်းဖြစ်၏။ တစ်ခါက ဓားပြတစ်ယောက်ကို လုံးထွေးဖမ်းဆီးရာတွင် ဓားပြက ခြေထောက်နှင့်ကန်၍ ခုခံသဖြင့် ဓားပြခြေသလုံးကို လက်ဝါးစောင်းနှင့် ရိုက်၍ချိုးပစ်လိုက်သဖြင့် ပိုင်းပိုင်းကျိုးသွား၏။ ဆေးရုံတန်းပို့ပေးခဲ့ရသည်ထိပင်။

တစ်ခါကလည်း လူဆိုးတစ်ယောက်ကိုဖမ်းရာတွင် ဓားမြှောင်နှင့်ထိုး၍ ခုခံသဖြင့် လက်လိမ်ချိုးပြီး လက်သီးနှင့်ထိုးလိုက်ရာ လူဆိုး နံရိုးသုံးချောင်းကျိုးဖူးသည်။ သည်ကတည်းက စခန်းမှူးသံမဏိဇော်လှူဟူသောအမည် တွင်သွားခြင်းဖြစ်၏။ လူဆိုးတွေ ဇော်လှူနှင့် ရင်ဆိုင်ရမည်ကို ကြောက်မည်ဆိုလည်း ကြောက်လောက်သည်ထိ ဇော်လှူက လုပ်ပြထားဖူးသည်လေ။

အခု နိုင်မင်းသူက ခေါ်ကြီးရှိန်းမောင်ကို သံမဏိကြိုးလက် အပ်မည်ဟု ခြိမ်းခြောက်သဖြင့် ခေါ်ကြီး ဆက်မငြင်းရဲတော့။ လုံးဝသွေးပျက်သွားခဲ့ပြီ။

''အချိန်မရှိဘူးကွာ။ ကဲ .. ပြော ပစ္စည်းအပ်မလား .. မအပ်ဘူးလား''

''ကျွန်တော် ပစ္စည်းအပ်ပါ့မယ် ဆရာရယ်''

''သံမဏိကြိုးလက်တော့ မအပ်လိုက်ပါနဲ့''

''ဒါဆိုရင်ပြော .. သက်သေခံပစ္စည်း ဘယ်မှာလဲ''

''ဆရာ့ကို မြင်လိုက်လို့ အခြေအနေမကောင်းဘူးဆိုတာ သိပြီး ဆရာမမြင်အောင် ပါးစပ်ထဲထည့်ပြီး မျိုချလိုက်တယ်''

''သေချာတယ်နော်''

''သေချာပါတယ် ဆရာ၊ ကျွန်တော် တကယ် အမှန်ပြောတာပါ''

''ကောင်းပြီလေ၊ မင်း ဗိုက်ထဲက ဆွဲကြိုး အပြင်ပြန်ထွက်အောင် လုပ်တဲ့ကိစ္စက တို့အဖို့ သေးသေးလေးပါ။ ဒီမှာခေါ်ကြီး''

''ဟုတ် .. ဟုတ်ကဲ့ ဆရာ''

''မင်းကိုယ်မင်း ကတုံးကြီးနဲ့ လူမြင်အောင်ပြုပြီး၊ ပြစ်မှုကျူးလွန်တော့မှ ဆံပင်အတု၊ နှုတ်ခမ်းမွေးအတု တပ်လိုက်ရင် ရဲတွေမျက်စိလည်ပြီး ငါ့ကိုထင်တော့မှာမဟုတ်တော့ဘူးလို့ မင်းအပိုင်တွက်လိုက်တယ် မဟုတ်လား''

''ဟုတ် .. ဟုတ်ပါတယ် ဆရာ''

''မရဘူးကွ၊ ရဲဆိုတာ ဒုစရိုက်သမားတွေရဲ့ အထာကို ညက်ပြီးသားပဲ။ ဥပဒေကို လက်တစ်လုံးခြား လှည့်လို့မရသလို ရဲကိုလည်း ကြာကြာလှည့်စားလို့မရဘူးဆိုတာ မင်း သင်ခန်းစာယူလိုက်''

ပြောပြောဆိုဆို နိုင်မင်းသူက ရှိန်းမောင်ကို လက်ထိတ်ခတ်ရန်ဟန်ပြင်လိုက်စဉ် ..

''ဝုန်း''

''အင့်''

ရုတ်တရက် ရှိန်းမောင်က နိုင်မင်းသူ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။ အမှတ်တမဲ့မို့ နိုင်မင်းသူ လန်ကျသွားသည်။ ရှိန်းမောင်က အိမ်ပေါ်မှ ခုန်ချလိုက်သည်။

''ဟာ .. ဟိုကောင်ပြေးပြီ၊ လိုက် .. လိုက်''

ရှိန်းမောင်က ခြံစည်းရိုးကို ခုန်ကျော်သည်။

လမ်းပေါ်သို့ ရောက်သွား၏။

လွတ်ပြီအထင်နှင့် ပြေးရန် ဦးတည်လိုက်စဉ် ..

လူတစ်ယောက် နောက်မှကုပ်ကို ဖမ်းဆွဲခြင်း ခံလိုက်ရ၏။ ခေါ်ကြီး အလန့်တကြား လှည့်ကြည့်သည်။ နှုတ်မှ အလန့်လန့်အဖျတ်ဖျတ် အော်သံထွက်လာ၏။

''ဟာ .. သံမဏိကြီး''

ရှိန်းမောင် ခေါ် ခေါ်ကြီး ကြက်သီးမွေးညင်းထသွားသည်။ သံမဏိဇော်လှူ၏ မျက်နှာကြီးက ခက်ထန်တင်းမာလျက် ...

**မင်းမဟာကျော်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com



## ၇ ရက်သားသမီးများအတွက် ကံကြမ္မာစုံဆောက်

၂၀၁၄ ခု၊ ဇွန်လ

**တနင်္ဂနွေသားသမီးများ**

ဒီလအတွင်းမှာ စိုင်ကော်လို့ ခြံပေါ်ရောက် ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ထီပေါက် မဲပေါက်သလို ကံထူးတတ်ပါတယ်။ မထင်မှတ်တဲ့ ချမ်းသာအောင်မြင်မှုကြီးတွေ ပေါ်ပေါက်လာတတ်ပါတယ်။ အရေးကြီးကိစ္စများ ရှိသောအခါ ကံဇာတာထွန်းပစေဖို့ ...

- မြတ်စွာဘုရားမှာ ဆီထမင်းကပ်လှူပြီး ဆုတောင်းပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။
- အညိုရောင်၊ ခရမ်းရောင် အဝတ်အစား၊ အသုံးအဆောင်တွေ အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။
  စံပယ် ၃ ကုံး ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် နှင်းဆီပွင့်တစ်ပွင့်ပေါ်မှာ (န) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ ကြာသပတေးထောင့်မှာ အခင်းတစ်ခုလှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၃ အစ၊ ၉ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွှက်လှ ၄ ညွှန့်နဲ့ ၁၇ ချက် ရိုက်ပါ။

BURMESE CLASSIC

**တနင်္လာသားသမီးများ**

ဒီလအတွင်းမှာ သွားပါများ ခရီးရောက် ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ရပ်ဝေး၊ ပြည်ပ၊ ခရီး၊ သယ်ပို့၊ အပြောင်းအရွှေ့၊ အစီအစဉ်အသစ်များ အကျိုးပေးချိန်ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် ...

- မြတ်စွာဘုရားမှာ ရှောက်ရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၄၀ ရွတ်သွားပါ။
- အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးဆောင်တွေ အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။
  ရွှက်လှ ၄ ညွှန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (ဩ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့စနေထောင့်မှာ ဖယောင်းတိုင် ၁၀ တိုင်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၄ အစ၊ ၇ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို မေမြို့ပန်း ၅ ပွင့်နဲ့ ၁၉ ချက် ရိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

ဒီလအတွင်းမှာ **စိန်နားကပ်ရောင်နဲ့ ပါးပြောင်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ မိမိမှာ အဆင်မပြေမှုတွေ များနေတတ်ပေမဲ့ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်တို့ရဲ့ သတင်းကောင်းတွေ ကြားရတတ်ပါတယ်။ လူမှုရေး၊ သာရေးနာရေး အလုပ်တွေနဲ့ ရှုပ်ထွေးနေရတတ်ပါတယ်။ တစ်ဖွတ်ထိုးတွေ လုပ်မိပြောမိတတ်တာကို သတိပြုပါ။ အရေးကြီးကိစ္စများ ရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် ...

- မြတ်စွာဘုရားမှာ ထိုးမုန့်ကပ်လှူပြီး ဆုတောင်းပါ။ သတ္တာဒေဝ မနုဿာနံဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။
- ခရမ်းရောင်၊ အပြာရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေ အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။
  ဒါန်းညွန့် ၅ ညွန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် သံဗူးအဟောင်းတစ်ဗူးပေါ်မှာ (င) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ စနေထောင့်မှာ ထီးဖြူ ၁၂ လက်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၅ အစ၊ ၈ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကန်စွန်းညွန့် ၆ ညွန့်နဲ့ ၈ ချက် ရိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

ဒီလအတွင်းမှာ **ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ပြိုင်လိုက်ရင် နိုင်တာ၊ မဲပေါက်တာ၊ လူအရွေးခံရတာ၊ လုပ်ပိုင်ခွင့်ကောင်းတွေပေါ်လာတာ စသည်ဖြင့် ဝမ်းသာစရာတွေ ဆက်တိုက်ကြုံလာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် ..

- မြတ်စွာဘုရားမှာ ခေါက်ဆွဲကြော်ကပ်လှူပြီး ဆုတောင်းပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၂၀ ရွတ်သွားပါ။
- အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ အားပြု ဝတ်ဆင်သုံးစွဲပါ။ ငွေပန်း ၄ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် စာရွက်တစ်ရွက်ပေါ်မှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ စနေထောင့်မှာ ပိတောက် ၁၂ ညွန့်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၂ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဇော်စိမ်း ၆ ညွန့်နဲ့ ၉ ချက် ရိုက်ပါ။

BURMESE CLASSIC

## ကြာသပတေးသားသမီးများ

ဒီလအတွင်းမှာ **ဆီကိုရေချိုး ဆေးရိုးမီးလှို့ စပါးတောင်လိုပုံ** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ထူးခြားတဲ့ ချမ်းသာအောင်မြင်မှုကြီးတွေ ပေါ်ပေါက်လာတတ်ပါတယ်။ ငွေရှင်ပြီး အဖိုးတန်ပစ္စည်းတွေလည်း ဝင်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ပေါက်စီ ၃ လုံးလှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။
- အညိုရောင်၊ ခရမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ အားပြုသုံးစွဲပါ။
  စံပယ် ၃၅ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် နှင်းဆီပွင့်တစ်ပွင့်ပေါ်မှာ (ဝ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ မိတ်ဆွေဆရာသမားတို့ကို မျက်နှာသုတ်ပုဝါ ဒါနလုပ်ပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၃ အစ၊ ၅ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှ ၇ ညွန့်နဲ့ ၁၁ ချက် ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**သောကြာသားသမီးများ**

ဒီလအတွင်းမှာ **ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ တစ်ခုခုကို အပိုင်ဆုံးဖြတ်ပြီး ကြိုးပမ်းသင့်ပါတယ်။ ငွေအားလူအား အကြံဉာဏ်အားတွေသုံးပြီး လုပ်ငန်းတွေကို အကောင်အထည်ဖော်သင့်ပါတယ်။ အရေးကြီးကိစ္စများ ရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် ..

- မြတ်စွာဘုရားမှာ သရက်ယိုကပ်လှူပြီး ဆုတောင်းသွားပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၄၀ ရွတ်သွားပါ။
- အပြာရောင် အဝတ်အစား၊ အသုံးအဆောင်တွေ အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ သစ္စာပန်း ၄ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (မ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ မြတ်စွာဘုရားမှာ မုန့်ဖက်ထုပ်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၄ အစ၊ ၆ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဘဲဥနဲ့ ၁၅ ချက် တို့လိုက်ပါ။

**စနေသားသမီးများ**

ဒီလအတွင်းမှာ **ဆင်စီး မြင်းရံ** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ နိုင်ငံခြားအလုပ်၊ ရာထူးကိစ္စ၊ အိမ်ကိစ္စ၊ နေရာကိစ္စ၊ ကားကိစ္စ စတာတွေမှာ အခွင့်အရေးကောင်းတွေ ပေါ်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့ .. -

- မြတ်စွာဘုရားမှာ နန်းကြီးသုပ်ကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို ၂၇ ခေါက် ရွတ်သွားပါ။
- အဖြူရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြု ဝတ်ဆင်သုံးစွဲပါ။ ကံ့ကော် ၇ ညွန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရေခွက်အဟောင်းတစ်လုံးမှာ (၁၃) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ မိတ်ဆွေများကို ပေါင်မုန့်ထောပတ်သုပ် ဒါနလုပ်ပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၇ အစ၊ ၂ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းရေနဲ့ ဖြန်းတော်က်လိုက်ပါ။

သဗ္ဗေမမှာ
ဇင်ယော်နီ

ဒီလအတွက် ယတြာလက်ဆောင်

**ဆန်ဝယ်ဆန်ရောင်း အောင်စေကြောင်း**

ဆန်ဝယ်ချင်လို့လား ..၊ ဒါမှမဟုတ် ဆန်ရောင်းချင်လို့လား...၊ ဆန်ဝယ်ဖို့ ရောင်းဖို့ စကားပြောခါနီးမှာ အုန်းရည်သောက်ပြီး ဆုတောင်းလိုက်မယ်ဆိုရင် ပိုပြီး အဆင်ပြေ အောင်မြင်စေပါလိမ့်မယ်။

ဆန်မှမဟုတ်ပါဘူး။ ဆီ၊ ဆေး၊ ဆား၊ စက်၊ စာအုပ်၊ စာစောင်၊ ဆိုင်ခန်း .... စတဲ့ အင်္ဂါနံကိစ္စ အားလုံး ရောင်းခါနီး ဝယ်ခါနီးလေးမှာ ဒီနည်းကို အသုံးပြုနိုင်ပါတယ် ...။

သဗ္ဗေမမှာ
ဇင်ယော်နီ



www.burmeseclassic.com